၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com
အတွဲ(၁၀)၊ အမှတ်(၁၉)
၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်
၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက် ၊ ကြာသပတေး၊ (ဇူလိုင် ၂၈ ၊ ၂၀၁၁)


သျှစ်သောင်း၊ ထုက္ကန်သိမ်ဘုရားကြီးရှေ့တွင်ရေများပြည့်လျှံနေပြီး ကယ်ဆယ်ရေးစခန်းသို့သွားရောက်နေသော မိသားစုတစ်စု
ဓာတ်ပုံ - မြင့်ကြည်(ပုံရိပ်လွင်)


သဘာဝဘေးအတွက် အဆင်သင့်ဖြစ်ပြီလား
အထူးဆောင်းပါး-စာ(၂၈-၂၉)သို့

ရေလွှမ်းမိုးမှုကြောင့် လမ်းပန်းဆက်သွယ်ရေးအခက်တွေ့
သတင်း-စာ(၂၇)သို့

မိုးကောင်း၍စပါးခင်းများရေနစ်မြုပ်
သတင်း-စာ(၂၇)သို့

စံချိန်တင်မိုးကြောင့်ဒေသအချို့ရေလွှမ်းမိုး
သတင်း-စာ(၂)သို့


# စပါးစိုက် တောင်သူလယ်သမားများ စိုက်ပျိုးစရိတ် ပိုရလာဖွယ်ရှိ


**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၂၂**

စပါးစိုက်တောင်သူများအနေဖြင့် နိုင်ငံတော်မှ စိုက်ပျိုးစရိတ်ချေးငွေပိုမိုရလာနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

နိုင်ငံတော် သမ္မတက လယ်သမားများအတွက် ချေးငွေကို ကျပ်လေးသောင်းချေးပေးနိုင်ရန် စီစဉ်လုပ်ကိုင်ကြရန် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများသို့ ဇူလိုင် ၂၂ရက်က မှာကြားခဲ့ခြင်းကြောင့် ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှဗဟိုအလုပ်အမှုဆောင်တစ်ဦးက ပြောသည်။

စာ(၁၂)သို့



# နိုင်ငံခြားငွေလဲလှယ်နှုန်းသတ်မှတ်ရန် ဆောင်ရွက်နေဟုဆို

**အားမာန်**

**ရန်ကုန်၊ ဇူလိုင်- ၂၇**

နိုင်ငံခြားငွေကြေးများ ရောင်းဝယ်ရာတွင် နိုင်ငံအတွက်အကျိုးရှိပြီး တည်ငြိမ်သည့် ငွေလဲနှုန်း သတ်မှတ်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားသည်။

"နိုင်ငံ၏ ပြည်ပစီးပွားရေးဆက်ဆံဆောင်ရွက်မှုများ ပိုမို အဆင်ပြေစေရန် နိုင်ငံအတွင်း နိုင်ငံခြားငွေကြေးဈေးကွက်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း ဦးစားပေးစီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုင်ငံခြားငွေကြေးများ လဲလှယ်ရောင်းဝယ်ရာတွင် မိမိနိုင်ငံအတွက် အကျိုးရှိပြီး တည်ငြိမ်သည့် ငွေလဲလှယ်နှုန်း သတ်မှတ်ဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း" ဦးလှထွန်းက ဇူလိုင် ၂၂ရက်နေပြည်တော်၌ကျင်းပသော ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်အဖွဲ့၏ အကြိမ် ၁၃၀ မြောက်အစည်းအဝေး၌ပြောကြားခဲ့ကြောင်း ဇူလိုင် ၂၃ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများတွင်ဖော်ပြထားသည်။

စာ(၁၂)သို့

# အစိုးရသစ်ဝန်ကြီးနှင့် ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးအကြိမ်တွေ့ဆုံ

ငြိမ်းငြိမ်းနိုင်

အစိုးရသစ် တက်လာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့ ဇူလိုင် ၂၅ရက်က တွေ့ဆုံခဲ့သည်။

စာ(၁၂)သို့


**တွေ့ဆုံမှုအပြီး သတင်းထောက်များ၏ မေးမြန်းမှုဖြေကြားစဉ်** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# တက္ကသိုလ်အချို့ ကျောင်းသားလက်ခံမှုအရေအတွက်ပြောင်းလဲ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင် - ၂၃**


တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် သက်ဆိုင်ရာတက္ကသိုလ်များအလိုက်တက္ကသိုလ်ဝင်ခွင့်ကျောင်းသားလက်ခံမှုအရေအတွက် အပြောင်းအလဲများရှိနေကြောင်း တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့မှထုတ်ဝေသည့်တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသော စာရင်းဇယားများအရ သိရသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ နိုင်ငံခြားဘာသာတက္ကသိုလ်များတွင် ကျောင်းသားဦးရေကို သိသိသာသာ တိုးမြှင့်လက်ခံမည်ဖြစ်ပြီး မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင်လည်း ကျောင်းသားလက်ခံမှု အနည်းငယ် မြင့်တက်သွားသည်။

ယခင်နှစ်က ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၌ ကျောင်းသားဦးရေ၄၀၀ လက်ခံခဲ့ရာမှယခုနှစ်တွင်ကျောင်းသားဦးရေ၇၀၀ လက်ခံမည်ဖြစ်ကြောင်း၊ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်၌ ကျောင်းသားဦးရေ ၃၅၀ လက်ခံရာမှ ကျောင်းသားဦးရေ၅၆၀ သို့တိုးမြှင့်လက်ခံသွားမည်ဖြစ်ကြောင်း လမ်းညွှန်စာအုပ်တွင်ဖော်ပြထားသည်။

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)၌ ယခင်နှစ်က အမျိုးသား၁၂၀ဦးနှင့် အမျိုးသမီး ၈၀ဦးလက်ခံခဲ့ရာမှ ယခုနှစ်တွင် အမျိုးသားနှင့် အမျိုးသမီးဦးရေ ၁၂၅ ဦးစီဖြင့် စုစုပေါင်း ၂၅၀ဦး တိုးမြှင့်ခေါ်ယူသွားမည်ဟုသိရသည်။

စာ(၁၂)သို့

7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# စံချိန်တင်မိုးကြောင့် ဒေသအချို့ရေလွှမ်းမိုး

အိဖြူမွန်

ရန်ကုန်၊ ဇူလိုင် - ၂၁

အနောက်တောင် မုတ်သုံလေ အားကောင်းမှုကြောင့် ယခုရက်ပိုင်းအတွင်း ဒေသအချို့၌ မိုးသည်းထန်စွာရွာသွန်းပြီးနောက် ဒေသအချို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။

ဇူလိုင် ၁၉ရက်တွင် ကျောက်တော်မြို့၌ မိုးရေချိန် ၁၀လက်မကျော်ရွာသွန်းခဲ့ပြီး၊ မြောက်ဦးမြို့တွင် ၉ လက်မကျော်ရွာသွန်းကာ တစ်ရက်အတွင်း အများဆုံးရွာသွန်းမှုအဖြစ် စံချိန်တင်ခဲ့သည်။

ဧရာဝတီတိုင်း ဒေသကြီး ဟင်္သာတမြို့တွင်ဇူလိုင်လ ၂၀ရက်က မိုးရေချိန် ၉လက်မကျော်၊ ငါးသိုင်းချောင်းမြို့၌မိုးရေချိန်၉လက်မခန့်ရွာသွန်းပြီး စံချိန်တင်ပြန်သည်။

ဇူလိုင် ၂၁ ရက်တွင် တောင်ကုတ်မြို့၌ နှစ်ပေါင်း ၁၅ နှစ်အတွင်း မိုးရေချိန် ၂၉ ဒသမ ၁၀ လက်မဖြင့် စံချိန်သစ်တင်ပြန်သည်။ ထိုမြို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နေသောကြောင့် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရကြောင်း ဒေသခံများကပြောသည်။ ဇူလိုင် လ ၂၁ ရက်တွင် ကျောက်တော်မြို့၌လည်း မိုးရေချိန်၁၃ဒသမ၃၂လက်မဖြင့် ထပ်မံစံချိန်တင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ယခုရက်ပိုင်းအတွင်း အဆက်မပြတ်ရွာသွန်းမှုများဖြစ်ပေါ်ရခြင်းမှာ မုတ်သုံလေ အားကောင်းသောကြောင့်ဖြစ်ကြောင်း၊ မုတ်သုံလေ အားကောင်းမှုသည် နှစ်ရက်အတွင်း ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ပြီး နှစ်ရက်ကျော်တွင် လျော့နည်းသွားမည်ဟု မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂၁ရက်တွင် ပြောကြားသည်။



ရေပြန်ကျနေသော မြောက်ဦးမြို့မှ ရပ်ကွက်အချို့ကို ဇူလိုင် ၂၅နေ့က တွေ့ရစဉ်

ဓာတ်ပုံ-ဥက္ကာကိုကို

တောင်ကုတ်မြို့တွင်တစ်မြို့လုံးနီးပါး ရေကြီးနေပြီး ယနေ့ နံနက် ၁ နာရီခန့်တွင် ရေတက်လာခဲ့ကြောင်း၊ ကုန်းမြေမြင့်သော နေရာများတွင် ရေသည် အမြင့်သုံးပေအထိ မြင့်ပြီး၊ ယနေ့ ညနေ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းချက်များအရ ရေကျခြင်းမရှိသေးကြောင်း သိရသည်။

"တောင်ကုတ်က ဆေးရုံရပ်ကွက်သစ်၊ ချောင်းပေါက်ရပ်ကွက်၊ မီးစက်ကွက်သစ်ရပ်ကွက်တွေမှာ ရေအရမ်းတက်တယ်။ ရေက မသန့်ဘူး။ နုန်းတွေ အရမ်းများတယ်။ မြို့လယ်ခေါင်တောင် ရေရောက်တယ်။ ၂နှစ်တစ်ကြိမ် ရေကြီးပေမယ့် မြေနိမ့်ပိုင်းရပ်ကွက် တချို့လောက်ပဲ ရေတက်တာ။ ဒီနှစ်က အတော်ဆိုးတယ်။ ကယ်ဆယ်ရေးစခန်းတောင်ဖွင့်ထားရတယ်"ဟု မီးစက်ကွက်သစ်ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ တောင်ကုတ်မြို့တွင်မိုးရေချိန် ၂၉လက်မဖြစ်ရခြင်းမှာ လွန်ခဲ့သော သုံးရက်ခန့်က မိုးတိမ်တောင်များ ထူထပ်စွာရှိခဲ့ပြီး မုတ်သုံလေအားကောင်းမှုကြောင့်ဖြစ်ကြောင်း၊ ထိုမိုးရေချိန်လက်မသည် မုန်တိုင်းဖြစ်ပေါ်စဉ်တွင်သာ ရွာသွန်းလေ့ရှိသော မိုးရေချိန်လက်မဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင် ကပြောသည်။

လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယကုန်းတွင်းပိုင်း၌ ဖြစ်ပေါ်လျက်ရှိပြီး ကမ်းရိုးတန်းတွင် မတွေ့ရကြောင်းလည်း ဦးထွန်းလွင်ကပြောသည်။

မြောက်ဦးမြို့၊ မင်းပြားမြို့၊ ဂွမြို့ ကျေးရွာအချို့တွင်လည်း ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည်။ "မင်းပြားမြို့တစ်မြို့လုံး ရေလျှံနေတယ်။ ရေအနက်ကတော့ ယောကျာ်း ရင်ဘတ်လောက်ရှိတယ်။ မြို့ထဲမှာတော့ လှေနဲ့ပဲ သွားလာနေကြတယ်။ နီးစပ်ရာ ဘုန်းကြီးကျောင်းတွေမှာတော့ အိမ်မြုပ်တဲ့အိမ်တွေက လူတွေ သွားနေကြတယ်။ ရေက ၂၂ ရက်နေ့အထိ နှစ်လက်မ၊ သုံးလက်မ လောက်ပဲကျတယ်"ဟု မင်းပြားမြို့နေ ဒေသခံတစ်ဦးကပြောသည်။

"ဂွနဲ့ ဆယ်မိုင်လောက် ဝေးတဲ့ရွာတွေမှာ ရေတွေအကုန်မြုပ်ကုန်ပြီ။ ဒေါင်းချောင်းရွာ၊ ကျီးပင်ရွာတွေ ကားလမ်းတွေလည်း ပျက်ကုန်ပြီ"ဟု ၁၈ ရက်က ဂွမှ ရန်ကုန်သို့ ရောက်ရှိခဲ့သော ဦးမောင်မောင်သိန်းဖေက ပြောသည်။

ရခိုင်ပြည်နယ်ရှိ မြို့နယ်အချို့ ရေကြီးမှုနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးရှိ ဟင်္သာတ မြို့ တံခွန်တိုင်၊ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်၊ မဒေါက်မြို့များတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်နေသည်။

ဟင်္သာတမြို့တွင် ရေကြီးရေလျှံမှုများကြောင့် မြို့အတွင်း ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားကြောင်းသိရှိရသည်။ ချင်းတွင်းမြစ်နှင့် စစ်တောင်းမြစ်၊ ငဝန်မြစ်၊ သံလွင်မြစ်တွင်လည်း မြစ်ရေကြီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ဇူလိုင်၂၅ရက်တွင်ထပ်မံရရှိသောသတင်းများအရ ရခိုင်ပြည်နယ်ရှိ ဒေသအချို့၌ မိုးရွာသွန်းမှု လျော့နည်းကာ ရေများ စတင်ကျဆင်းနေပြီဖြစ်သည်။ ဟင်္သာတမြို့နှင့် မြို့နယ်အချို့၌လည်း ရေပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။

## ADSL ဈေးရောင်းအစိုးရနှင့်ပုဂ္ဂလိက တစ်ပြေးညီသတ်မှတ်

**ADSL လိုင်းမှာ ယခင်ကျပ်ဆယ်လေးသိန်းဖြင့်ဝယ်ခဲ့ရရာမှ ကျပ်ခုနစ်သိန်းဖြင့် ဝယ်ယူနိုင်ပြီ....**

ယုဇနကိုကို

ရန်ကုန်၊ဇူလိုင် - ၁၈

မြန်နှုန်းမြင့် အင်တာနက်ဆက်သွယ်ရေးလိုင်းဟုဆိုသည့် ADSL လိုင်းများကို ဇူလိုင် ၂၀ရက်မှစ၍ အစိုးရနှင့်ပုဂ္ဂလိက တစ်ပြေးညီဈေးနှုန်းများ သတ်မှတ်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ထိုကဲ့သို့ ADSL လိုင်းများ၏ ဈေးနှုန်းများကို အစိုးရနှင့် တစ်ပြေးညီသတ်မှတ်လိုက်သည့်အတွက် ပုဂ္ဂလိကကုမ္ပဏီများတွင် ယခင်က ငွေကျပ်တစ်ဆယ့်လေးသိန်းဖြင့် လျှောက်ထားနိုင်ခဲ့ရာမှ ယခုအခါတွင် ခုနစ်သိန်းကျပ် (ကနဦးတပ်ဆင်ခခြောက်သိန်းနှင့် မိုဒမ်း+တာမီနယ်ကြေး တစ်သိန်း)ဖြင့် တပ်ဆင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးက 7Day Newsသို့ပြောသည်။

"ဈေးနှုန်းလျှော့ချလိုက်တယ်ဆိုတာထက် ပုဂ္ဂလိကကုမ္ပဏီတွေရောင်းနေတဲ့နှုန်းထားကို အစိုးရနှုန်းနဲ့ ညှိလိုက်တဲ့ သဘောပါပဲ။ အဓိကက ဘယ်မှာလျှောက်လျှောက် ဈေးနှုန်းသက်သက်သာသာနဲ့ သုံးစွဲနိုင်အောင်လို့ပါ" ဟု အထက်ပါတာဝန်ရှိသူက ဆက်လက်ဆိုသည်။

ကနဦးတပ်ဆင်ခငွေကျပ်ခုနစ်သိန်းသို့ ပြောင်းလဲလိုက်သော်လည်း ပုံမှန်ပေးသွင်းရမည့် နှစ်စဉ်ကြေးများမှာမူ ပြောင်းလဲခြင်းမရှိပေ။ ထို့ကြောင့် မည်သည့်ပုဂ္ဂလိကကုမ္ပဏီတွင် လျှောက်ထားစေကာမူ ပြောင်းလဲသတ်မှတ်လိုက်သည့်နှုန်းထားထက် ပိုမိုပေးသွင်းရန်မလိုကြောင်း အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

ADSL အင်တာနက်လိုင်းများကို ယခုကဲ့သို့ တပ်ဆင်ခနှုန်းထားများ လျှော့ကျသွားသည့်နောက်ပိုင်း၌ အများပြည်သူသုံး အင်တာနက်ဆိုင်များ ပိုမိုများပြားလာနိုင်ကြောင်းနှင့် အိမ်တွင်းသီးသန့်တပ်ဆင်အသုံးပြုမှုများလည်း တိုးတက်လာနိုင်ဖွယ်ရှိကြောင်း ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။သို့သော် အဆိုပါလိုင်းများမှာ လွန်ခဲ့သည့် ၂ နှစ်ခန့်မှစတင်၍ အသစ်လျှောက်ထားခွင့် မရခဲ့ကြောင်း ကိုယ်တိုင်အသုံးပြုသူများကပြောသည်။ ယခုလက်ရှိအချိန်တွင် ADSL လိုင်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအပြင် ပုဂ္ဂလိကုမ္ပဏီကိုးခုခန့်ကလည်း ဝန်ဆောင်မှုပေးနေသည်ဟုဆိုသည်။



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.19 · JULY 28, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ုပ်ရှင်နှင့်ဗီဒီယို ိုက်ကူးရာ တရား ုံး၊ ရဲစခန်း၊ အကျဉ်းထောင်တို့၏ အပြင်အဆင်တွင် လိုက်နာရန်ပြင်ဆင်ချက်များ ထုတ်ပြန်

အေးသူစံ

**ရန်ကုန်၊ ဇူလိုင် ၂၂**

ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ရိုက်ကူးရာတွင် တရားရုံး၊ ရဲစခန်း၊ အကျဉ်းထောင်တို့၏ အပြင်အဆင်နှင့်ပတ်သက်၍ လိုက်နာရန် ပြင်ဆင်ချက်များကို ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ဗီဒီယိုဆင်ဆာအဖွဲ့မှ ထုတ်ပြန်ထားသည်။

"ဒီလမ်းညွှန်ချက်တွေကို ထုတ်ပြန်ရတာက ရိုက်ကူးတဲ့အခါ မှန်ကန်စေချင်တာကြောင့်ပါ။ အဲဒီလိုအချက်အလက်မမှန်ကန်လို့ရှိရင် ဆင်ဆာအဖွဲ့ကို သက်ဆိုင်ရာဌာနဆိုင်ရာက ကန့်ကွက်လို့ရှိရင်ပြန်ရိုက်ရတာတွေရှိတယ်လေ။ အဲဒီလို ပြန်မရိုက်ရအောင်၊ မမှားအောင် ထုတ်ပြန်ရတာပေါ့။ နောက်ပြီး ခေတ်စနစ်တွေပြောင်းလဲသွားတာတွေလည်းရှိတာပေါ့။ ဥပမာအားဖြင့် အရင်တုန်းက တရားသူကြီးဝတ်တဲ့အဝတ်အစားနဲ့အခုတရားသူကြီးဝတ်တဲ့အဝတ်အစားက မတူဘူး။ အရင်တုန်းကထားတဲ့တရားရုံးအဆင်အပြင်နဲ့ အခု တရားရုံးအဆင်အပြင် မတူဘူးပေါ့။ အရင်တုန်းက ရဲစခန်းနဲ့ အရင်တုန်းက အချုပ်ခန်းတွေလည်း မတူတော့ဘူး။ ဒီခေတ်မှာရိုက်တဲ့ကားတွေဟာ ဟိုးအရင်ခေတ်ကရိုက်တဲ့ကားတွေလိုပဲရိုက်နေရင်ခေတ်စနစ်နဲ့မညီတော့ဘူး။ အဲဒီအတွက်ဗီဒီယိုဆင်ဆာကနေ သေချာလေးလုပ်ပေးထားတာပါ" ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းလမ်းညွှန်ချက်များတွင် တိုင်းအဆင့်တရားရုံး၊ တိုင်းတရားရုံးအပြင်အဆင်၊ ခရိုင်တရားရုံးအပြင်အဆင်၊ မြို့နယ်တရားရုံးအပြင်အဆင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တိုင်းအဆင့်အစည်းအဝေးခန်းမ၊ ရဲစခန်းမှူးရုံးခန်းအပြင်အဆင်၊

စာ(၁၂)သို့



# ဆိုဒီယမ်ဆိုင်ယာနိုဒ် ရောင်းချမှုများကို စတင်စစ်ဆေး

ကျော်သီဟ

**ရန်ကုန်၊ ဇူလိုင်-၂၃**

ပေါက်ကွဲပျက်စီးစေနိုင်သော ဗုံးများပြုလုပ်နိုင်သော "ဆိုဒီယမ်ဆိုင်ယာနိုဒ်"ဓာတုပစ္စည်းများ ရောင်းချသည့်ရန်ကုန်မြို့တွင်းရှိဆိုင်များကို ဇူလိုင်လကုန်ပိုင်းတွင် စတင်စစ်ဆေးဖမ်းဆီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

"ဆိုဒီယမ်ဆိုင်ယာနိုဒ် ဓာတုပစ္စည်းက အမှုန့်ပါ။ ရွှေကြေးချွတ်တဲ့ဓာတုပစ္စည်းပါ"ဟု ညောင်ပင်လေးဈေးမှ အဆိပ်ဓာတုဗေဒပစ္စည်းရောင်းချသူတစ်ဦးကပြောသည်။

ထိုဓာတုပစ္စည်းကို ပြင်းအားဖြင့် ပေါက်ကွဲပျက်စီးနိုင်သော ဗုံးများပြုလုပ်ရာတွင် အသုံးပြုနိုင်ပြီး အထူးသဖြင့် ရွှေရိုင်းများကြေးချွတ်ရာတွင်အသုံးပြုကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အခုလမှာ ညောင်ပင်လေးဈေးမှာ ဝင်ရောက်စစ်ဆေးခဲ့တယ်"ဟု အထက်ပါတာဝန်ရှိသူတစ်ဦးကပြောသည်။ ယင်းဆိုဒီယမ်ဆိုင်ယာနိုဒ်ရောင်းချသောဆိုင်များအား သက်ဆိုင်ရာမှစစ်ဆေးကာ မရောင်းချရန် အသိပညာပေးခဲ့ပြီး ဆိုင်ရှိပစ္စည်းများကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

"ယခုနောက်ပိုင်းတွင် ထိုပစ္စည်းသည် ချိန်းကိုက်ဗုံးနှင့် ဗုံးများထုတ်လုပ်မှုတွင် ကုန်ကြမ်းသဖွယ်ဖြစ်လာပြီး ကမ္ဘာတစ်ဝန်း၌ ဗုံးပေါက်ကွဲမှုများတွင်လည်း ယင်းဓာတုပစ္စည်းဖြင့်ပြုလုပ်သောဗုံးများ တွေ့ရမှုများလာသည်ဟုသိရသည်။



7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

CRIME CORNER

## ကလေးငယ်အား လိင်အလွဲသုံးစားပြုသူကို ဖမ်းဆီး

ကျော်ဇေယျ

**နေပြည်တော်၊ ဇူလိုင်- ၁၃**

မိန်းကလေးငယ်အား လိင်အလွဲသုံးစားပြုပြီး မုန့်ဖိုး ၅၀ ကျပ်နှင့် အမဲသားဟင်းကျွေးကာ အိမ်ပြန်လွှတ်လိုက်သော ၅၅ နှစ်အရွယ် အမျိုးသားတစ်ဦးအား ဥပဒေအရဖမ်း ဆီးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ယခုလ ၆ ရက် ညနေ ၅ နာရီအချိန်ခန့်တွင် တရားလိုဖြစ်သူ ဦး. . (၃၉)နှစ် သည် အိမ်သို့ပြန်လာစဉ်ယင်း၏ သမီးမ. . မှာ၎င်း၏ကိုယ်အင်္ဂါနာနေကြောင်းပြောလာ၍ ဦး. . (၃၉)နှစ်ကလည်း အပူလောင်နာထင်ပြီးသာမန်မျှသာ နေခဲ့သည်။ ဇူလိုင် ၉ ရက်ညနေ ၄ နာရီခွဲတွင်ဦး. . နှင့်ဆွေမျိုးတော်စပ်သူ၏ ပြောကြားချက်အရ အိမ်နီးနားချင်းဖြစ်သူ ဦးထွန်းကြည် (၅၅)နှစ်က လိင်အလွဲသုံးစားမှုပြုကျင့်ခဲ့၍ ထိုကဲ့သို့ ဒဏ်ရာရနေကြောင်း သိရသည် ဟုဆိုသည်။

ထို့ကြောင့် တရားလိုဦး. . ကသမီးဖြစ်သူ မ. . အား မေးမြန်းရာ အိမ်နီးချင်းဖြစ်သူ ဦးထွန်းကြည် (၅၅)နှစ်က လွန်ခဲ့သော ၃ ရက်ခန့် ဇူလိုင်လ ၅ ရက်ညပိုင်းက လိင်အလွဲသုံး စားမှုပြုခဲ့သည့် ထိုကဲ့သို့ ပြုကျင့်နေစဉ် ဦးထွန်းကြည်က ညီမဖြစ်သူ မ. . အား လူစောင့်အဖြစ် အစောင့်ထားရှိခဲ့ကြောင်း ဦးထွန်းကြည်မှ ပြုကျင့်ပြီးနောက် မ. . အား မုန့်ဖိုး ၅၀ ကျပ်ပေးပြီး အမဲသားတစ်တုံးဖြင့် ထမင်းပါကျွေးခဲ့ကြောင်း ပြန်လည်ပြောကြားခဲ့သည်ဟုဆိုသည်။

သို့ဖြစ်၍ အသက်အရွယ်မပြည့်သေးသောမိန်းကလေးငယ်အားလိင်အလွဲသုံးစားပြုကျင့်သူဟုဆိုသော ဦးထွန်ကြည်အား ဖခင်ဖြစ်သူ၏ တရားလိုပြုလုပ်တိုင်တန်းမှုအရ နေပြည်တော် ပျဉ်းမနားရဲစခန်းတွင်(ပ)၄၂၅/ ၂၀၁၁ ဥပဒေပုဒ်မ ၃၇၆ အရ အမှုဖွင့် အရေးယူထားကြောင်းရဲမှတ်တမ်း များအရသိရသည်။

## အရောင်းစာရေးမအလုပ်ရမည်ဟု လိမ်လည်ခေါ်ဆောင်ကာ အဓမ္မပြုကျင့်မှုဖြစ်

ယဉ်ယဉ်လှ

**မန္တလေး၊ ဇူလိုင်- ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လယ်ဘူးမြို့နယ်၊ . . . ကျေးရွာမှ အမျိုးသမီးငယ်တစ်ဦးအား အရောင်းစာရေးမအလုပ်ရမည်ဆိုပြီး လိမ်လည်ခေါ်ယူကာ သားမယားအဖြစ် အတင်းအဓမ္မပြုကျင့်သူတစ်ဦးအားပင်လည်ဘူးရဲစခန်းမှ ဇွန် ၂၀ ရက်က အမှုဖွင့်ကာ အရေးယူဆောင်ရွက်ထားပြီးဖြစ်ကြောင်းဒေသခံရွာသားတစ်ဦးက 7Day News အားပြောသည်။

အမှုဖြစ်စဉ်မှာကချင်ပြည်နယ်၊ဝိုင်းမော်မြို့နယ်၊ရွှေညောင်ပင်ကျေးရွာနေ စိုးတင့်ဆိုသူက ဖေဖော်ဝါရီလအတွင်းက ပင်လည်ဘူးမြို့နယ် . . . ကျေး ရွာသို့ရောက်ရှိပြီး မ. . (၁၈)နှစ်အား ဝိုင်းမော်မြို့နယ်၊ ရွှေညောင်ပင်ကျေးရွာ၌ စာရေးမအလုပ်ရမည်ဟုပြောပြီး လိမ်ညာခေါ်သွားခဲ့သည်။ ဝိုင်းမော်မြို့မရောက်မီ ရွှေကူမြို့ ×××တည်းခိုခန်းတွင် တည်းခိုစဉ် စိုးတင့်က မ. . အား လက်ထပ်ယူပါမည်ဟုပြောဆိုပြီး အလိုမတူဘဲ အတင်းအဓမ္မပြုကျင့်ခဲ့သည်။ ဝိုင်းမော်မြို့ရောက်သောအခါ ရွှေဆွဲကြိုးတစ်ကုံးဝယ်ပေးပြီး တည်းခိုခန်းတွင် နှစ်ည၊ ရွှေညောင်ပင်ကျေးရွာတွင် ၇ ရက်ခန့်အတူနေပြီး သားမယားအဖြစ် အဓမ္မပြုကျင့်ခဲ့ခြင်းဖြစ်သည်။ အမျိုးသမီးငယ်တစ်ဦးအား အရောင်းစာရေးမရမည်ဟု လိမ်ညာခေါ်ယူပြီး အတင်းအဓမ္မသားမယားအဖြစ်ပြုကျင့်ခဲ့သူ စိုးတင့်အား ပင်လည်ဘူးရဲစခန်းက ရဲအရေးယူမပိုင်မှုပုံစံ(က)(ခ)ဖြင့် မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၅၉ အရ တရားစွဲဆိုအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

## ခိုင်းနွားရှားပါးမှု မဖြစ်စေရန် နွားအကောင်လိုက် ပြည်ပသို့တင်ပို့ခြင်းကို ကန့်သတ်ထား



**အညာဒေသတစ်ခုမှဒေသခံအချို့နှင့် ခိုင်းနွားများကို တွေ့ရစဉ်** ဓာတ်ပုံ - ရွှေဖြိုးမောက်

ထူးသန့်

**နေပြည်တော်၊ ဇူလိုင် - ၂၂**

မြန်မာ့လယ်ယာလုပ်ငန်းခွင်တွင် အဓိက အသုံးပြုနေရသော ခိုင်းနွားများ ရှားပါးမှုမဖြစ်စေရန် နွားအကောင်လိုက် ပြည်ပတင်ပို့ခြင်းကို ကန့်သတ်ထားရခြင်းဖြစ်ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြောကြားသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတွင် ယနေ့ပြုလုပ်ခဲ့သောနို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှု လက်တွေ့အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲတက်ရောက်လာသော မွေးမြူရေးလုပ်ငန်းရှင်များ၊ နို့ထွက်ပစ္စည်းလုပ်ငန်းရှင်များအား အဆိုပါအကြောင်းကိုဝန်ကြီးက ထည့်သွင်းပြောကြားသွားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ နွားများကို အရှေ့အလယ်ပိုင်းဒေသနှင့် အိမ်နီးချင်း နိုင်ငံများသို့တင်ပို့ခဲ့ပြီး ထိုသို့တင်ပို့ရာတွင် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ကိုယ်တိုင်မွေးမြူပြီးတင်ပို့ရန်ထက် ငွေရမြန်ရန် ဈေးကွက်မှ နွားများကိုသာဝယ်ယူတင်ပို့နေခြင်းကြောင့် ရေရှည်တွင် လယ်ယာသုံးခိုင်းနွားများရှားပါးသွားနိုင်ကြောင်းလည်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နေပြည်တော် ဒေသခံနွားပွဲစားတစ်ဦးကလည်း "နွားပွဲဈေးတွေမှာ လယ်ယာလုပ်ငန်းနဲ့ ခိုင်းဖို့ဝယ်ယူသူထက် အမဲဒိုင်တွေက ပိုပြီးခြေသွက်လက်သွက်ရှိတယ်။ အဲဒီအတွက် နွားရဲ့ အသက်အရွယ်၊ အခြေအနေကို ကန့်သတ်ထားတာလည်း မရှိဘူးလေ။ တောင်သူက ဈေးမပေးနိုင်လေ သူတို့က အဆင်ပြေလေပဲ" ဟူ၍ လက်ရှိခိုင်းနွား၊ ခိုင်းကျွဲဈေးကွက်၏အခြေအနေကို ပြောသည်။

၂၀၁၀-၂၀၁၁ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းအရ မြန်မာနိုင်ငံတွင် ကျွဲ ၂ ဒသမ ၉ သန်း၊ နွား ၁၃ ဒသမ ၅ သန်း၊ ဝက် ၉ ဒသမ ၂ သန်း၊ ဆိတ် ၃ ဒသမ ၉ သန်း၊ ကြက် ၁၅ ဒသမ ၃ သန်း၊ ဘဲ ၁၃ ဒသမ ၉ သန်း မွေးမြူထားကြောင်းနှင့် နွားမွေးမြူရေးစာရင်းတွင် နို့စားနွားများလည်း ပါဝင်ကြောင်းသိရှိရသည်။

## အိမ်ခြံမြေအရောင်းအဝယ် စတင်အေးစက်



**ရန်ကုန်မြို့တစ်နေရာ** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပြည်သိမ်း

**ရန်ကုန်၊ ဇူလိုင်- ၂၁**

ပြည်တွင်းအိမ်ခြံမြေဈေးကွက်တွင် ဇူလိုင်လဆန်းပိုင်းမှစ၍ အရောင်းအဝယ်ရပ်တန့်လုနီးပါးဖြစ်နေကြောင်း အိမ်ခြံမြေအကျိုးဆောင်များကပြောသည်။

လက်ရှိကာလသည် စီးပွားရေးလုပ်ငန်းရှင်များက အခွန်စနစ်ကိုစောင့်ကြည့်နေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုကိုစောင့်ကြည့်နေကြခြင်း၊ လေလံပွဲများမှ ငွေလုံးငွေရင်းပေးသွင်းရမည်ဖြစ်ခြင်း၊ မြန်မာငွေမာလာ၍ လုပ်ငန်းရှင်များအကြား ငွေနည်းလာခြင်း စသောအခြေအနေများကြောင့် ပုဂ္ဂလိကအိမ်ခြံမြေမှာ အရောင်းအဝယ်အေးလာခြင်းဖြစ်ကြောင်း မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာဦးသန်းဦးကပြောသည်။

"သကြ်ဳန်နောက်ပိုင်းအရှိန်အဟုန်ကောင်းခဲ့တယ်။ အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုက ဒီလကစပြီး အရှိန်တန့်သလိုဖြစ်လာတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ရန်ကုန်ကဲ့သို့ပင် မန္တလေး အိမ်ခြံမြေဈေးကွက်မှာလည်း နိုင်ငံခြားသား (အထူးသဖြင့်တရုတ်)တို့၏ ရင်းနှီးမြှုပ်နှံမှုကျဆင်းလာသည့်အတွက် ဇူလိုင်လမှစတင်ပြီး အရောင်းအဝယ်အေးလာသည်။ ထိုအခြေအနေကြောင့် အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်ရာတွင် ရောင်းသူက ဝယ်သူအမည်ပေါက်သည်အထိပင်ပြုလုပ်ပေးရမှုများပါရှိကြောင်း မန္တလေးမြို့မှ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။

ယခုကဲ့သို့ အရောင်းအဝယ်အေးလာမှုမှာကာလကြာရှည်မှာ မဖြစ်နိုင်ကြောင်းကိုလည်း မြန်မာ့ရောင်ခြည် အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ အချို့သော စီးပွားရေးလုပ်ငန်းရှင်များသည် အရောင်းအဝယ်အေးသော ကာလကို အခွင့်အရေးတစ်ခုအနေဖြင့် စောင့်ကြည့်ဝယ်ယူမှုများကြောင့်လည်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"အရောင်းအဝယ်အေးပေမယ့် အိမ်ခြံမြေဈေးက တန့်တာပဲရှိတယ်။ ဈေးနှုန်းတွေကတော့ ကျမသွားနိုင်ဘူး"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရန်ကုန်မြို့ရှိ လက်ရှိအိမ်ခြံမြေရောင်းဝယ်နေရမှုသည် ကျပ်သိန်း ၁၀၀၀ အောက်သာအဓိကအရောင်းအဝယ်များပြီး ကျပ်သိန်း ၃၀၀၀၊ ၄၀၀၀ တန်များကမူ အရောင်းအဝယ်အနည်းငယ်သာဖြစ်ကြောင်းသိရသည်။

## ထိုင်းအနိမ့်ဆုံးစပါးဈေးသတ်မှတ်ချက် မြန်မာလုပ်ငန်းရှင်များ စိတ်ဝင်စား

အောင်သူရ

**ရန်ကုန်၊ ဇူလိုင် - ၂၀**


ထိုင်းနိုင်ငံ ရွေးကောက်ပွဲတွင် ဆန်တစ်တန် ဘတ် ၁၅,၀၀၀ (ဒေါ်လာ ၅၀၀ ဝန်းကျင်)ထက် မနည်းသောဈေးဖြင့် ဝယ်ယူပေးမည်ဟု ကတိပြုပေးခဲ့သော ဝန်ကြီးချုပ်ဖြစ်လာမည့် ယင်လပ်ခ်ဦးဆောင်သော ပြူထိုင်းပါတီအနိုင်ရရှိသဖြင့် မြန်မာနိုင်ငံရှိ ဆန်စပါးလုပ်ကိုင်သူများ စိတ်ဝင်တစားစောင့်ကြည့်နေကြကြောင်း သတင်းရရှိသည်။

"ကတိပြုထားတဲ့ အနိမ့်ဆုံးဈေး တစ်တန်ကို ဘတ် ၁၅,၀၀၀ ကို အခုပေါက်တဲ့ငွေဈေးနဲ့ တွက်ရင် တစ်တင်းခွဲတစ်အိတ်ကို ကျပ်နှစ်သောင်းလောက်ဖြစ်နေတယ်။ ထိုင်းနဲ့မြန်မာက နယ်စပ်လေးပဲခြားတာ၊ စိတ်ဝင်စားဖို့သိပ်ကောင်းတယ်"ဟု ဘုရင့်နောင်ရှိ ဆန်ရောင်းဝယ်သူတစ်ဦးက ဆိုသည်။

ယခုလက်ရှိ ထိုင်းဈေးကွက်တွင် ဆန်တစ်တန်လျှင် ဘတ် ၁၀,၀၀၀ ဝန်းကျင်သာရှိပြီး၊ ဘုရင့်နောင်ဈေးကွက်တွင်လည်း ဆန်ကြမ်းတစ်အိတ်လျှင် ကျပ် ၁၃,၀၀၀ ဝန်းကျင်ဈေးသာရှိနေသည်။ ထိုင်းဆန်ဈေးကောင်းပါကပြည်တွင်းဆန်ဈေးကွက်အပေါ် သက်ရောက်မှုရှိလာနိုင်ခြင်းကြောင့် လုပ်ငန်းရှင်များက စိတ်ဝင်စားနေခြင်းဖြစ်သည်။

သို့သော် ယင်လပ်ခ်မှာ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော်လည်း ရွေးကောက်ပွဲကော်မရှင်က တစ်နိုင်ငံလုံး၏ ရွေးကောက်ပွဲရလဒ်ကို စိစစ်နေဆဲဖြစ်၍ ဝန်ကြီးချုပ်အဖြစ် တရားဝင်ဖြစ်မလာသေးပေ။

လက်ရှိ ကမ္ဘာ့ဈေးကွက်တွင် မြန်မာနိုင်ငံမှ တင်ပို့သော ၂၅ မတ်ဆန်တစ်တန်၏ ဈေးနှုန်းမှာ ကန်ဒေါ်လာ ၃၉၀ ဈေးရှိကြောင်း သိရသည်။



# အရက်၊ ဘီယာရောင်းချနိုင်သော ယစ်မျိုးလိုင်စင်အသစ်များ ချမပေးတော့ဟုဆို

ကျော်သီဟ

ရန်ကုန်၊ ဇူလိုင်-၂၃

**ရန်ကုန်တိုင်းဒေသကြီးအတွင်း အရက်ရောင်းချသည့် ယစ်မျိုးလိုင်စင်အသစ်များ ထပ်မံခွင့်ပြုတော့မည်မဟုတ်ကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတင်းရရှိသည်။**

ယခင်က ယစ်မျိုးလိုင်စင် (အရက်ဆိုင်လိုင်စင်) အားပြည်တွင်းအခွန်ဦးစီးဌာနက ၁၉၇၄ မှ ၁၉၈၉ ခုနှစ်ထိ တာဝန်ယူထုတ်ပေးခဲ့သည်။ ၁၉၈၉ နောက်ပိုင်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြောင်းလဲလုပ်ကိုင်ခဲ့သည်။

“လက်ရှိဖွဲ့စည်းပုံအရဆိုရင် ယစ်မျိုးခွန်တွေက တိုင်းဒေသကြီးအစိုးရအဖွဲ့ အခွန်ဘဏ္ဍာထဲဝင်တော့မှာ။ သို့ပေမယ့် လက်ရှိတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ယစ်မျိုးလိုင်စင်အသစ်လုံးဝခွင့်ပြုတော့မှာ မဟုတ်ပါဘူး”ဟု သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ တိုင်းဒေသကြီးအတွင်း၌လည်း မူးယစ်သောက်စားမှုခင်းများ ပိုမိုဖြစ်ပွားနေကြောင်း တွေ့ရှိရသဖြင့် အရက်ရောင်းချသည့် ယစ်မျိုးလိုင်စင်အသစ်များ နောင်တွင် ထပ်မံခွင့်ပြုချထားပေးခြင်း မပြုရန် ကန့်သတ်ထားသည်ဟုဆိုသည်။

ယမကာအရောင်းဆိုင်တစ်ဆိုင်၏ ဆိုင်အတွင်းမြင်ကွင်း

# ပဲခူးမှ ရန်ကုန်သို့ ဝက် ပြန်လည်သယ်ယူခွင့်ပြု

သန်းဌေး

ရန်ကုန်၊ ဇူလိုင်-၂၀

**ပဲခူးတိုင်းဒေသကြီးအတွင်း လွန်ခဲ့သော နှစ်လက ဖြစ်ပွားခဲ့သော ဝက်နားရွက်ပြာရောဂါကို ထိန်းချုပ်လာနိုင်သောကြောင့် ပဲခူးမှ ဝက်များအား ရန်ကုန်သို့ သယ်ယူခွင့်ကို ဇူလိုင် ၁၄ ရက်မှစ၍ ပြန်လည်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၂)ဦးလှိုင်မြင့်ဦးက ပြောသည်။**

“သက်ဆိုင်ရာ မြို့နယ်အလိုက်ပေးတဲ့ ကျန်းမာရေးထောက်ခံချက် ပီစီသရီး ပါရမယ်”ဟု ၎င်းက ပြောသည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ ဝက်မွေးမြူရေးလုပ်ငန်းရှင်များကမူ အခြေအနေကို စောင့်ကြည့်ကာ ၎င်းတို့ခြံတွင်းရှိ ဝက်များအား ရောင်းချခြင်း၊ ထပ်မံဖြည့်တင်းခြင်းနှင့် ဗီးတင်ခြင်းများ လုံးဝမပြုလုပ်ကြသေးကြောင်း ပြောသည်။

“ဝက်နားရွက်ပြာကပ်ကျော်လာနိုင်ပြီလို့ ပြောရမှာပေါ့။ ဒါပေမဲ့ဝက်အသွင်းအထုတ် မလုပ်ရဲသေးဘူး။ ဝက်မတွေ သားမတင်ရလို့ သောင်းကျန်းနေပေမယ့် ဗီးမတင်ရဲသေးဘူး။ ခြေထောက်ကျိုးနေတဲ့ ဝက်တောင် မရောင်းသေးဘူး” ဟု ဝက်အကောင် ၁၀၀ ကျော်မွေးထားသည့် တောင်ငူ-မြို့မှ ကိုမောင်မောင်လေးက ပြောသည်။

ပဲခူးတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ ဝက်တင်သွင်းခွင့်ကို ခွင့်ပြုခဲ့သော်လည်း ဝက်ခြံများမှ ဝက်များအား အသွင်းအထုတ်လုပ်ပါက လူနှင့်အတူပါလာနိုင်သော ရောဂါများ ကူးစက်မည်ကို စိုးရိမ်နေသောကြောင့်ဟု ၎င်းကပြောသည်။

ဝက်နားရွက်ပြာရောဂါဖြစ်နေချိန်တွင် ဝက်အရှင်ကတ္တားချိန်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ၂,၅၀၀ကျပ်သို့ ကျဆင်းနေရာမှ ယခုအခါပုံမှန်ဈေးဖြစ်သည့် တစ်ပိဿာ ၃,၂၀၀ ကျပ်သို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း ဦးလှိုင်မြင့်ဦးကပြောသည်။

“ရန်ကုန်မှာ ဝက်သားစားနှုန်းလည်း ပြန်တက်လာပြီး ဝက်မွေးသူတချို့တွေလည်း ဝက်ပြန်ထည့်လာကြပြီ၊ တစ်နေ့ဝင်နှုန်းကုန်ချိန်လည်း ပြန်တက်လာပါတယ်”ဟု ၎င်းကပြောသည်။

ပဲခူးမှ ဝက်မွေးသူတစ်ဦးက ပြောရာတွင် ဝက်နားရွက်ပြာဖြစ်နေချိန်တွင်ပင် ဝက်သားချက်ရောင်းသော ဈေးဆိုင်များမှ ဝယ်စားမြဲစားခဲ့ပြီး လူသို့ဘာရောဂါမှ ကူးစက်ဖြစ်ပေါ်ခြင်းမရှိခဲ့ကြောင်း ၎င်းကပြောသည်။

ဝက်ခြံများသို့ လာရောက်ဝယ်သူများက ဝက်အရှင်ကို မျက်မှန်းဖြင့် အသားချိန်မည်မျှထွက်နိုင်သည်ကို ခန့်မှန်းပြီး တစ်ပိဿာလျှင် ၄,၀၀၀ ကျပ်နှုန်းဖြင့် တွက်ချက်ဝယ်ယူနေကြောင်း အဆိုပါဝက်ခြံပိုင်ရှင်က ပြောသည်။

အထက်ပါ မွေးမြူရေးဝက်များမှာ ယခင်ရောဂါမကျရောက်မီက ဈေးနှုန်းနှင့်တစ်ပိဿာလျှင် ၅၀၀ ကျပ်ခန့်သာကွာခြားတော့ကြောင့် ၎င်းကပြောသည်။ မွေးမြူရေးဝက်များနည်းတူ ဒေသဝက်များအား လွှတ်ကျောင်းနည်းဖြင့် တစ်နိုင်တစ်ပိုင် ဝက်မွေးမြူသူများမှာလည်း ပြန်လည်မွေးမြူလာကြသည်။ ထို့အတူ ပဲခူးမြို့ဒေသတစ်ဝိုက်တွင် ဝက်သားစားသုံးမှုမှာလည်း ပြန်လည်မြင့်တက်လာကြောင်း ၎င်းကပြောသည်။

ဝက်နားရွက်ပြာရောဂါသည်မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်ဇန်နဝါရီလက ဝက်များ၌ စမ်းသပ်ရာမှစတင်တွေ့ရှိခဲ့သည်။ မန္တလေးတိုင်းဒေသကြီး၌ ဖေဖော်ဝါရီတွင် စတင်ဖြစ်ပွားခဲ့သည်။ ထို့နောက် နေပြည်တော်၊မကွေး၊ပဲခူး၊ရန်ကုန်မြို့များနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ပျံ့နှံ့ခဲ့သည်။ ယခုအခါရောဂါကို ထိန်းချုပ်လာနိုင်ပြီဖြစ်၍ ဝက်မွေးမြူသူများနှင့်စားသုံးသူများ ပြန်လည်ထုတ်လုပ်စားသုံးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

## ၂၀၁၁ခုနှစ်ဇူလိုင်၂၇ရက်မှသြဂုတ်၂ရက်ထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပေါ်နိုင်ခြေမရှိပါ။

**မုတ်သုံလေအခြေအနေ**

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် မုတ်သုံလေအားကောင်းကာ ကပ္ပလီပင်လယ်ပြင်တွင်မုတ်သုံလေအားအသင့်အတင့်ရှိနိုင်ပြီး ကျန်ဒေသတွေမှာ အားအနည်းငယ်သာ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ပြီးခဲ့သည့်ဇူလိုင်လ ဒုတိယဆယ်ရက်ပတ်အတွင်း မိုးကောင်းခဲ့သော်လည်း လာမည့်ရက်သတ္တပတ်အတွင်း ကမ်းရိုးတန်းဒေသများမှလွဲ၍ မိုးအားအနည်းငယ်လျော့နည်းနိုင်ပါတယ်။ အထူးသဖြင့် အလယ်ပိုင်းဒေသများမှာ မိုးဆက်လက်လျော့နည်းနေပါ့မယ်။ မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများနှင့် မြောက်ပိုင်းဒေသများမှာ မိုးအသင့်အတင့်ရွာနိုင်ပြီး ကျန်ဒေသတွေမှာ မိုးလျော့နည်းနေနိုင်ပါတယ်။ မြေလတ်ပိုင်းနဲ့မြစ်ဝကျွန်းပေါ် ဒေသတွေမှာ မွန်းလွဲညနေပိုင်းတွေမှာ မိုးတိမ်တောင်တွေဖြစ်ထွန်းနိုင်ပြီး၊ မိုးထစ်ချုန်း ရွာသွန်းနိုင်ပါတယ်။ မိုးရွာသွန်းမှုအနေနဲ့ကတော့ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နဲ့ မွန်ပြည်နယ်မှာ (၆)ရက်ခန့်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ချင်းပြည်နယ်တွေမှာ(၅)ရက်ခန့်၊ အလယ်ပိုင်းဒေသတွေမှာ (၁)ရက်မှ (၂)ရက်ခန့် မိုးရွာသွန်းနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များ အနေနဲ့ကတော့တစ်ပြည်လုံးမှာနေ့အပူချိန်များ တိုးလာနိုင်ပါတယ်။ အထူးသဖြင့် စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတွေမှာ နေ့အပူချိန်များ အသင့်အတင့် တိုးလာနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝန်းရှိ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်တို့တွင် လက်ရှိရေအမှတ်များအထက် အနည်းငယ်တက်လာနိုင်ပြီး၊ ချင်းတွင်းမြစ်၊ ငဝန်မြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်တို့တွင် စိုးရိမ်ရေအမှတ်များအထက်သို့ ရောက်ရှိနိုင်ပြီး၊ အခြားသော မြစ်များတို့တွင် ရေများ ဆက်လက် တက်လာနိုင်သော်လည်း စိုးရိမ်ရေအမှတ်များကို ရောက်ရှိနိုင်ဖွယ်မရှိပါ။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တိုင်ဖွန်းမုန်တိုင်း Ma-On သည် အရှေ့မြောက်ဘက်သို့ဦးတည်ရွေ့လျားသွားပြီဖြစ်သဖြင့် မြန်မာနိုင်ငံသို့ အကျိုးသက်ရောက်နိုင်ဖွယ်ရာ မရှိတော့ပါ။ MCCW

## အစိုးရဝန်ထမ်း လစာပေးရာတွင် ငွေအကြွေများ ထည့်သွင်းပေးတော့မည်

ကျော်သီဟ

**ရန်ကုန်၊ ဇူလိုင်-၂၃**

နိုင်ငံအစိုးရဝန်ထမ်းများအား ဇူလိုင်ကုန်မှစတင်၍ လစာပေးရာတွင် အကြွေများကို သုံးသောင်းငါးထောင်ကျပ်အထိ ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း အစိုးရဌာနအသီးသီးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဇူလိုင်လကုန်ပိုင်းတွင် စတင်အသိပေးထားကြောင်း သတင်းရရှိသည်။

"ဝန်ထမ်းလစာထဲမှာအကြွေတစ်ရာတန်၊ နှစ်ရာတန်စတာတွေကိုသုံးသောင်းငါးထောင်ကျပ်တိတိအထိ ထည့်သွင်းပြီး လစာထုတ်ပေးသွားမှာ။ အဲဒါကိုဘဏ္ဍာအခွန်ဌာနအစီအစဉ်နဲ့ပါ"ဟု အထွေထွေအုပ်ချုပ်ရေးဌာနမှအရာထမ်းတစ်ဦးကပြောသည်။

ထိုသို့ပြုလုပ်ရခြင်းမှာ ငွေစက္ကူအကြွေရှားပါးမှု၊ ဟောင်းနွမ်းမှု၊ စုတ်ပြဲမှုများ လျော့နည်းကင်းစင်သွားရန်ဖြစ်သည်ဟုဆိုသည်။ ထို့အပြင်သက်ဆိုင်ရာအရောင်းဆိုင်များကိုလည်း ဘဏ်များကငွေအကြွေပုံမှန်လဲလှယ်နေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အဲလိုဝန်ထမ်းလက်ထဲထည့်ပေးလိုက်တာတကယ်အောက်ခြေသုံးမှာ လည်ပတ်သွားစေချင်လို့၊ ဝန်ထမ်းတွေကလည်း သုံးသွားရင်အကြွေရှားပါး၊ စုတ်ပြဲမှု ပပျောက်အောင် ရည်ရွယ်ချက်တစ်ခုဖြစ်တယ်"ဟု အထက်ပါပုဂ္ဂိုလ်က ဆက်ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် အစိုးရဝန်ထမ်းတစ်သိန်းကျော်ရှိနိုင်ကြောင်း အထွေထွေအုပ်ချုပ်ရေးမှူးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## တရုတ်ရေနံကုမ္ပဏီက ကန်ဒေါ်လာခြောက်သန်းလှူဒါန်း

**ရန်ကုန်၊**
**ဇူလိုင် - ၂၃**

မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း လမ်းကြောင်းဖြတ်သန်းရာ ဒေသများတွင်ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ၌ အကူအညီပေးနိုင်ရန် တရုတ်ကုမ္ပဏီ CNPC (China National Petroleum Corporation) မှ အမေရိကန်ဒေါ်လာခြောက်သန်းလှူဒါန်းကြောင်း သတင်းရရှိသည်။

လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ခြောက်သန်းဖြင့် ဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းရာဒေသများဖြစ်သော ရခိုင်ပြည်နယ်၊ မကွေးနှင့်မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် စာသင်ကျောင်း ရှစ်ကျောင်း၊ ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၉ ခုတို့ကို ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၃ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။



**ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရန် သီပေါမြို့နယ်၌ ပြင်ဆင်နေစဉ်**

ထိုအစီအစဉ်ကို ယခုနှစ်မှစတင်အကောင်အထည်ဖော်မည်ဖြစ်ပြီး ပိုက်လိုင်းတစ်လျှောက် ဒေသခံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဟု ဆိုသည်။ ထိုအစီအစဉ်များကို စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား CNPC ဥက္ကဋ္ဌ မစ္စတာဇန်ဂျာလင်းက ဇူလိုင် ၂၂ ရက်မနက်ပိုင်း၌ လာရောက်တွေ့ဆုံစဉ်ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်ကြောင်း ဇူလိုင် ၂၃ ရက်ထုတ်နိုင်ငံပိုင်သ တင်းစာတွင်ဖော်ပြထားသည်။

ထိုဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ပြီးသွားပါက တရုတ်နိုင်ငံသို့ တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန်သန်း ၂၀ ကျော်တင်သွင်းသွားနိုင်မည်ဖြစ်သည်။

## ရွှေတူးဖော်ရေးကုမ္ပဏီများနိုင်ငံတော်သို့ရွှေပေးသွင်းရသောပုံစံပြောင်း

အားမာန်

**ရန်ကုန်၊**
**ဇူလိုင် - ၁၈**

ရွှေတူးဖော်သည့်လုပ်ငန်းများက နိုင်ငံတော်သို့ တစ်လလျှင် လုပ်ကွက်တစ်ကွက်အတွက် ရွှေနှစ်ကျပ်သားနှုန်း ပေးဆောင်ခဲ့ရရာမှ တစ်နှစ်စာအတွက် တစ်ကြိမ်တည်း ၂၄ကျပ်သား ပေးဆောင်ရန် စတင်သတ်မှတ်၍ ပေးရန်နှိုး ဆော်နေပြီဖြစ်ကြောင်း ရွှေတူးဖော်သည့်ကုမ္ပဏီအချို့မှ တာဝန်ရှိသူအချို့ကပြောသည်။

"ကျွန်တော်တို့က တစ်လကိုလုပ်ကွက်တစ်ကွက်အတွက် ရွှေနှစ်ကျပ်သားဆောင်ခဲ့ရတယ်။ အခု တစ်နှစ်စာအတွက် ၂၄ကျပ်သား တစ်ခါတည်းဆောင်ဖို့ လိုက်ပြီးနှိုးဆော်နေပြီ။ ရမည်းသင်းရော မန္တလေးရော အကုန်လုံးအတူတူပဲ။ တစ်နှစ်စာ တစ်ပြေးညီဆောင်ရမှာ။ အရင်က တစ်လ နှစ်ကျပ်သားဆိုတော့ အသက်ရှူချောင်တာပေါ့။ အခုက လုပ်ကွက်များတဲ့သူဆိုရင် တစ်ခါတည်း ဆောင်ရမှာ မနည်းဘူး"ဟု စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေတူးဖော်ရေးလုပ်ငန်းများလုပ်ကိုင်နေသော ကုမ္ပဏီတစ်ခု၏ပိုင်ရှင်ကပြောသည်။

သို့သော် အခွန်ဆောင်ရမည့် နောက်ဆုံးနေ့ကိုမူ တာဝန်ရှိသူများက လောလောဆယ်တွင် ပြောကြားခြင်းမရှိသေးကြောင်း ၎င်းကဆက်ပြောသည်။

ပုံမှန်အားဖြင့် ရွှေလုပ်ကွက်တစ်ကွက်မှာ ဧက ၂၀ ကျယ်ဝန်းသည်။ ရွှေတူးဖော်သည့်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုအနည်း၊ အများပေါ်မူတည်၍ လုပ်ကွက်အနည်း၊ အများ ကွဲပြားလေ့ရှိသည်။ ကုမ္ပဏီများက လုပ်ကွက်များအတွက် သုံးနှစ်လျှင် တစ်ကြိမ် သက်တမ်းတိုးစာချုပ်ရလေ့ရှိသည်။

ထိုသို့ ရွှေတူးဖော်သည့်ကုမ္ပဏီများအား နိုင်ငံတော်အတွက် ရွှေပေးသွင်းသည့်ပုံစံပြောင်း၍ ရွှေလုပ်ကွက်တစ်ကွက်လျှင် လစဉ်နှစ်ကျပ်သားနှုန်း ပေးဆောင်နေခဲ့ကြရာမှ တစ်နှစ်စာအတွက် တစ်ကြိမ်တည်း ၂၄ကျပ်သား ပေးဆောင်ရန် မကြာသေးမီက သတ္တုတွင်းဝန်ကြီးဌာနမှတာဝန်ရှိသူများက လိုက်လံအသိပေးနှိုးဆော်ခဲ့ခြင်းဖြစ်ကြောင်း ရွှေတူးဖော်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

## မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ လွယ်ကူမြန်ဆန်စွာ ပြုလုပ်ပေးနေဟုဆို

**ရန်ကုန်၊ ဇူလိုင် - ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းပြုလုပ်ခြင်းများကို မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း တရားဝင်သတင်းထုတ်ပြန်သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရန် လျှောက်ထားသူ၏ အချက်အလက်ပြည့်စုံပါက ၂၈ရက်အတွင်း အပြီးဆောင်ရွက် ပေးမည်ဖြစ်ပြီး၊ အိမ်ထောင်စုစာရင်းလျှောက်ထားခြင်းကိုလည်း အချက်အလက်ပြည့်စုံပါက နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန လက်အောက်ရှိ မြို့နယ်နှင့် ခရိုင်ရုံးခွဲများတွင် ဇူလိုင်လမှ စတင်၍ တရားဝင်ကြေညာပေးထားသည်ဟုတာဝန်ရှိသူကဆိုသည်။ သို့သော် မှတ်ပုံတင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကြားပွဲစားဖြင့် ဆောင်ရွက်ခြင်းမပြုရန်ကိုလည်း သတိပေးထားသည်။

ထို့အပြင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းလျှောက်ထားရန်အတွက် လိုအပ်သောအချက်အလက်အသေးစိတ်ကိုလည်း ထိုထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အသက် ၁၀ နှစ်ပြည့်နှင့် ၁၈နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားခြင်းအတွက် အချက်အလက်ပြည့်စုံပါက ၂၈ ရက်အတွင်း ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဝန်ဆောင်ခမှာ ခြောက်ကျပ်သာကျသင့်မည်ဟုဆိုသည်။ အသက် ၁၀ နှစ်ပြည့်မှ ၁၈ နှစ်ပြည့် လဲလှယ်ခြင်းအတွက် ဝန်ဆောင်ခသုံးကျပ်နှင့် ကတ်ပြားပျောက်ဆုံး၊ ပျက်စီး၍ မိတ္တူလျှောက်ထားခြင်းအတွက် ဝန်ဆောင်ခတစ်ဆယ်ကျသင့်သည်ဟု ဆိုသည်။

ထို့အပြင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းလျှောက်ထားရာတွင် လိုအပ်သော အချက်အလက်များမှာ ယခင်ကထက်နည်းပါးသွားကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

"နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရာမှာ အရင်က တိုင်းရင်းသားနဲ့ တိုင်းရင်းသားမိဘနှစ်ပါးက မွေးဖွားတဲ့ မွေးရာပါ နိုင်ငံသားတွေရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ခရိုင်မှူးက လက်မှတ်ရေးထိုးရတဲ့အတွက် တစ်ရုံးတည်း တစ်မြို့တည်းမဟုတ်ရင် ကြန့်ကြာမှုများရှိခဲ့ပါတယ်။ အခု တိုင်းရင်းသားများရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ မြို့နယ်မှူးများက လက်မှတ်ရေးထိုးနိုင်ပြီဖြစ်လို့ မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးနိုင်ပြီဖြစ်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။

အိမ်ထောင်စုစာရင်း လျှောက်ထားရာတွင် မည်သည့်အခကြေးငွေမှ ပေးစရာမလိုဘဲ အခမဲ့ ဆောင်ရွက်ပေးနေသည်ဟုဆိုသည်။

မကြာမီက ၁၀နှစ်ပြည့်မှ အသက်၁၈နှစ်ပြည့်မှတ်ပုံတင်လဲလှယ်ခဲ့သူတစ်ဦးက ရက်ပိုင်းအတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးခဲ့သည့်အတွက် သက်ဆိုင်ရာ ဌာန၏ ဝန်ဆောင်မှုကောင်းလာရန် ကြိုးပမ်းလာမှုမှာ ကျေနပ်စရာဖြစ်ကြောင်း သူ၏အမြင်ကို ပြောသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးခင်ရီကလည်း "နိုင်ငံသားစိစစ်ရေးကတ်ပြား ရသင့်သူများအား လွယ်ကူလျင်မြန်စွာ ထုတ်ပေးရန် တာဝန်ရှိသကဲ့သို့ မရသင့်သူများကိုလည်း မှားယွင်းထုတ်ပေးမှု မရှိစေရေးတို့အတွက် စိစစ်ဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ ယခုအခါ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသော်လည်း သွေးနှောနှင့် သံသယရှိသူများအတွက် ဆောင်ရွက်ရာတွင် အဆင့်ဆင့် တင်ပြစိစစ်ရသည့်အတွက် အချိန်ကြန့်ကြာမှုအပေါ် နားလည်ပေးကြစေလိုကြောင်း" ဇူလိုင် ၂၂ ရက်က ပြောကြားခဲ့ကြောင်းနိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# ခရမ်းချဉ်သီးစိုက်တောင်သူများ အရှုံးပေါ်

အောင်သူရ

ရန်ကုန်၊ ဇူလိုင် - ၂၁

**ခရမ်းချဉ်သီးတစ်ပိဿာလျှင် ကျပ် ၅၀ မှ၆၀ကြားသာ ရောင်းချနေရသဖြင့် ခရမ်းချဉ်သီးစိုက်တောင်သူများ လုပ်အားခပင်ပြန်မရကြောင်း ရှမ်းပြည်နယ် ဒေသခံ ခရမ်းချဉ်သီး စိုက်တောင်သူများကပြောသည်။**

"အထွက်များတော့ ဝယ်မယ့်သူမရှိဖြစ်နေတယ်။ ဒါကြောင့် ဈေးကကျသွားတာ"ဟု ညောင် ရွှေဒေသခံ တောင်သူကြီးတစ်ဦးကဆိုသည်။ ပြီးခဲ့သည့်နှစ်က ခရမ်းချဉ် သီးဈေးကောင်းသဖြင့် စိုက်ပျိုးသူများလာခြင်း အပါအဝင် ခရမ်းချဉ်သီးစိုက်ချိန်တွင် မိုးရွာသွန်းမှုများသဖြင့် ခရမ်းချဉ်သီးအထွက်နှုန်းမှာ ယခင်နှစ်ကထက် ပိုမို ထွက်ရှိသောကြောင့် ယခုကဲ့သို့ ဈေးကျလာခြင်းဖြစ်သည်ဟု ဒေသခံများကဆိုသည်။

"ကုန်းမှာ စိုက်တဲ့သူက တစ်ပိဿာကို ကျပ်နှစ်ရာ၊ ရေထဲမှာ စိုက်တဲ့သူက တစ်ပိဿာကို ကျပ်သုံးရာလောက်ရမှ တွက်ခြေကိုက်တာ"ဟု ညောင်ရွှေဒေသခံ တောင်သူကြီးတစ်ဦးကဆိုသည်။ ထို့ကြောင့် ဒေသခံလုပ်ငန်းရှင်များက တောင်သူများ အရင်းပြန်လည်ရရှိနိုင်ရန် ဒေသထွက် ခရမ်းချဉ်သီးအား ပြည်ပနိုင်ငံသို့ တင်ပို့ မည့် ဈေးကွက်ကို ရှာဖွေနေကြောင်းသတင်းရရှိသည်။

# ကုန်တင်ယာဉ်စစ်ဆေးရေးဂိတ်များ ပြန်လည်ရုပ်သိမ်း

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇူလိုင်-၂၃

ကုန်တင်ယာဉ်များအား အာဆီယံယာယီစံသတ်မှတ်ချက်အတိုင်း တင်ဆောင်မှုကို စစ်ဆေးသော ဂိတ်များမှာ ဇူလိုင် ၂၂ ရက်တွင် ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးကိုကိုနိုင်ကပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဘုရင့်နောင်ကားဝင်းအတွင်းရှိ ကုန်တင်ကားများ

အဆိုပါ စစ်ဆေးအရေးယူမှုကို ဇူလိုင် ၁၈ရက်တွင် စတင်ခဲ့ပြီး ငါးရက်အကြာ ဇူလိုင် ၂၂ရက်တွင်ပြန်လည် ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။

၎င်းကိစ္စနှင့်ပတ်သက်၍ အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်းမှ တာဝန်ရှိသူအား မေးမြန်းရာတွင် "စစ်တဲ့ဝန်ထမ်းတွေကို တခြားနေရာမှာ သုံးစရာရှိလို့ မနေ့ကစပြီး ပြန်ခေါ်သွားတာ။ ဝန်ထမ်းမစောင့်တော့တာပဲရှိတယ်။ သတ်မှတ်ချက်ကတော့ ဆက်ရှိနေဦးမယ်"ဟု ၎င်းကပြော သည်။

ထို့ကြောင့် ပြီးခဲ့သည့်ရက်ပိုင်းတွင် အာဆီယံစံ အရေးယူမှုကြောင့်မြင့်တက်သွားသော တန်ဆာခဈေးနှုန်းအချို့လည်း အနည်းငယ်ပြန်လည်ကျဆင်းခဲ့သည်။

ပြီးခဲ့တဲ့ရက်တွင် ရုတ်တရက် အရေးယူမှုလုပ်ခဲ့ရာ ပဲခူး(မတ်စ်တိုးဂိတ်)တွင် ကားစီးရေ၅၀၀ဝန်းကျင်ရှိပြီး လှိုင်သာယာ တိုးဂိတ်နှင့် တိုက်ကြီးတိုးဂိတ်များ အပါအဝင် ကားစီးရေ ၇၀၀ ကျော် ဗိုးတက်လိုင်စင်သိမ်း ၍ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။



## ဆန်ဈေးအနည်းငယ်တက်

ဇာဇာနီ

ရန်ကုန်၊ ဇူလိုင်-၂၀

ရန်ကုန်ဆန်ဈေးကွက်တွင် ဆန်အရောင်းအဝယ်ပါးသော်လည်း ဆန်ဈေးမှာ အနည်းငယ်တက်လာကြောင်း ဘုရင့်နောင်ရှိ ဆန်ပွဲရုံများမှ သတင်းရရှိသည်။

ဆန်ဈေးနှုန်းမှာ ဇူလိုင်လလယ်ပိုင်းမှစ၍ ဆန်တစ်အိတ်လျှင် ပျမ်းမျှကျပ်ငါးရာနှင့် တစ်ထောင်ဝန်းကျင်ခန့် မြင့်တက်လာသည်။

"အာဆီယံစံနှုန်းနဲ့ ကုန်တန်ချိန်တွေ လျှော့လိုက်တော့ တန်ဆာခက တိုးလာတယ်။ အဲဒီအတွက် ဆန်ဈေးအနည်းငယ်မြင့်လာတာပါ။ အရောင်းအဝယ်ကောင်းလို့ ဈေးမြင့်တာမဟုတ်ပါဘူး"ဟု ဘုရင့်နောင်ရှိ ဆန်ပွဲရုံ ပိုင်ရှင်တစ်ဦးက 7 Day News သို့ ပြောသည်။

"အခုကတော့ သဘော်နဲ့ တင်တဲ့ မြောင်းမြ၊ ဖျာပုံ၊ ဘိုကလေးဘက်က ဝင်တဲ့ ဆန်ဈေးနှုန်းက မပြောင်းလဲပေမယ့် ကားလမ်းနဲ့လာရတဲ့ ပုသိမ်၊ ဓနုဖြူ၊ ဟသ်ာတ၊ ရေကြည်၊ ကျောင်းကုန်းကဝင်တဲ့ ဆန်ဈေးနှုန်းက ပြောင်းလဲလာတယ်"ဟု ဆန်ပွဲရုံပိုင်ရှင် တစ်ဦးကလည်းပြောသည်။



7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# မြန်မာ – တရုတ်နယ်စပ်မှဖမ်းဆီးရမိသောငါးမန်းတောင်များကိုလေလံပစ်၍ပြန်ရောင်း

**သန်းဌေး**

**ရန်ကုန်၊ ဇူလိုင် - ၂၁**

မူဆယ်နယ်စပ်ကုန်သွယ်ရေးဂိတ်အနီးတွင် ငါးမန်းတောင် ၆၀ ခန့်ကို ဖမ်းဆီးရရှိမိသောကြောင့် သက်ဆိုင်ရာမှ လေလံပြန်ပစ်ကာ ရောင်းချခဲ့ကြောင်း သတင်းရရှိသည်။

"သက်ဆိုင်ရာက ငါးမန်းတောင် အခု ၆၀ လောက်ကို မူဆယ်ဂိတ်မှာ ဖမ်းမိလို့ လေလံပြန်ပစ်ခဲ့တယ်လို့ကြားခဲ့ရတယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။



**ပြည်ပနိုင်ငံတစ်ခုမှ အခြောက်လှမ်းထားသော ငါးမန်းတောင်များ**

သက်ဆိုင်ရာဆိုရာတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ဌာနခွဲတစ်ခုဖြစ်သော ပြည်ပပို့ကုန်အရည်အသွေးစစ်ဆေးရေးဌာနခွဲမှ ဖြစ်နိုင်ဖွယ်ရှိကြောင်း ၎င်းကဆိုသည်။

မျိုးပြုန်းတီးမှုအန္တရာယ်နှင့်ကြုံတွေ့နေရသော သတ္တဝါနှင့် သစ်ပင်မျိုးစိတ်များကိုရောင်းဝယ်ဖောက်ကားမှုပြုခြင်းနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာညီလာခံ(ဆိုက်တီးစ်)တွင် ငါးမန်းမျိုးစိတ်အား မျိုးပြုန်းသွားနိုင်ခြေရှိသောကြောင့် ထိန်းသိမ်းပြုပြင်နိုင်ခြင်းရှိ၊ မရှိ ဆန်းစစ်ရမည့်အဆင့် -၂စာရင်းတွင် ထည့်သွင်းနိုင်ရေးကြိုးပမ်းခဲ့ကြသည်။

"ဆိုက်တီးစ်မှာ အဆင့်-၂ စာရင်းတော့ မပေးသေးဘူး။ ငါးမန်းမျိုးစိတ်ထိန်းသိမ်းရေးကို ဘင်္ဂလားပင်လယ်အော် ဂေဟဗေဒစနစ်ထိန်းသိမ်းရေးအစည်းအဝေးမှာ တင်သွင်းထားတယ်" ဟု မော်လဒိုက်နိုင်ငံ မာဒင်းမြို့၌ ဇူလိုင်လဆန်းကကျင်းပခဲ့သော အစည်းအဝေးတွင် တက်ရောက်ခဲ့သော ရေလုပ်ငန်းပညာရှင် ဒေါက်တာတိုးနန္ဒာတင်ကပြောသည်။ မြန်မာနိုင်ငံတွင် ငါးမန်းမျိုးစိတ်ပေါင်း ၆၀ ရှိသည်ဟု ပညာရှင်များက ပြောကြားခဲ့ပြီး၊ ၂၀၀၄ ခုနှစ်တွင် လေ့လာတွေ့ရှိချက်အရ မျိုးစိတ် ၂၂ မျိုးသာတွေ့ရှိတော့ကြောင်း ၎င်းတို့ကပြောသည်။

ထို့အပြင် မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဂိတ်တွင် ဇူလိုင် ၂ရက်ကလည်း ရောင်းဝယ်ဖမ်းဆီးခွင့်တားမြစ်ထားသည့် ၁၀၀၀ဂရမ်အောက်အရွယ်မရောက်သေးသောကဏန်း ၁၉ ကီလိုဂရမ်ကို ကဏန်းပုံးခြောက်ပုံးဖြင့် ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

# ရန်ကုန်မြို့ပတ်ရထားလုပ်ငန်း ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇူလိုင်-၂၀**

ရန်ကုန်မြို့အတွင်း ပြေးဆွဲနေသော မြို့ပတ်ရထားလုပ်ငန်းကို ပုဂ္ဂလိကသို့လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုတော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ရန်ကုန်တွင် ပြေးဆွဲနေသော မြို့ပတ်ရထားများအား တွေ့ရစဉ်**

ပုဂ္ဂလိက လုပ်ကိုင်ခွင့်ချထားပေးရေးအတွက် စိတ်ပါဝင်စားသော ပြည်တွင်းရှိ လုပ်ငန်းရှင်များကို ယခု ၂၆ ရက်တွင် နေပြည်တော်ဝန်ကြီးရုံး၌ ခေါ်ယူတွေ့ဆုံမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာမှ ၂၀ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

လုပ်ငန်းရှင်များက လုပ်ငန်းလုပ်ကိုင်ခွင့် တင်ပြထားသော အဆိုပြုလျှောက်လွှာများကို ပမာဏစိစစ်ရေးအဖွဲ့မှ စိစစ်မည်ဖြစ်ကြောင်း သိရှိရသည်။


"ဘယ်နှနှစ်ချထားပေးမလဲဆိုတာအထိတော့ပြောလို့မရသေးဘူး။ အကျိုးအမြတ်အနည်းအများပေါ် မူတည်လိမ့်မယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အစည်းအဝေးလုပ်နေတုန်းပဲ ရှိသေးတယ်။ ဒါပေမဲ့ အဆိုပြုလွှာတွေတော့ လက်ခံပေးနေပြီ"ဟုမြန်မာမီးရထားမှတာဝန်ရှိသူတစ်ဦးကပြောသည်။

စီးပွားရေးလုပ်ငန်းရှင်ကြီးအချို့ကလည်း မြို့ပတ်မီးရထားလုပ်ငန်းကို ပါဝင်လုပ်ကိုင်ခွင့်ရရန် စိတ်ဝင်စားနေပြီး၊ စုံစမ်းမေးမြန်းမှုများပြုလုပ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်တွင်းရှိလုပ်ငန်းရှင်များတွေ့ဆုံမည့် ဆွေးနွေးပွဲတွင် မြန်မာ့မီးရထားမှ ငွေလက်ခံရရှိမှုနှုန်းထားများ၊ လုပ်ရမည့်လုပ်ငန်းစဉ်များ၊ ဘူတာရုံအနေအထားများကို အသေးစိတ်ချပြဆွေးနွေးမည်ဟု သိရသည်။

"ဒုဝန်ကြီးကိုယ်တိုင်က သက်ဆိုင်အကြီးအကဲတွေကို ဒီနေ့ပဲတွေ့တယ်။ မြို့ပတ်ရထားနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ဌာနအလိုက်တင်ပြရမယ်။ အားသာချက်တွေ၊ အားနည်းချက်တင်ပြပေးရမယ်။ ကောက်ခံငွေအနေအထားတွေပါ ချပြရမယ်လို့တော့ပြောတယ်"ဟု မြန်မာ့မီးရထားမြို့တော်စီမံဌာနမှ တာဝန်ရှိသူတစ်ဦးကပြော သည်။

ယခုအချိန်တွင် မြို့ပတ်ရထားကိုနိုင်ငံတော်မှပြေးဆွဲပေးနေပြီး မီးရထားလက်မှတ်နှုန်းထားမှာ ၁၀ ကျပ်ဖြစ်သည်။ မြို့ပတ်မီးရထားကိုမြို့တွင်းရှိ ပြေးဆွဲသော ဘတ်စ်ကားခများ ဈေးတက်လာသည့် နောက်ပိုင်းတွင် စီးနင်းမှုများလာကြသည်။ ရန်ကုန်မြို့ရှိ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများကပါ မြို့ပတ်မီးရထားကိုလပေးကတ်ဝယ်၍ စီးနင်းလာကြကြောင်း သိရှိရသည်။




## ငါးမြစ်ချင်းတွင် ဘီပိုးတွေ့ရသည်ဆိုခြင်းမှာ မဟုတ်

**သန်းဌေး**

**ရန်ကုန်၊ ဇူလိုင်-၂၂**

ငါးမွေးမြူရေးကန်များအတွင်းမှ ငါးမြစ်ချင်းငါးများအား ငါးလုပ်ငန်းဦးစီးဌာနက ဓာတ်ခွဲစစ်ဆေးရာ လူတို့တွင်ဖြစ်ပွားသော အသည်းရောင်အသားဝါဘီပိုးတွေ့ရှိသည်ဆိုသည့် ကောလာဟလမှာ မမှန်ကန်ကြောင်း ငါးရောဂါပညာရှင်နှင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များက ငြင်းဆိုထားကြကြောင်း သတင်းရရှိသည်။

"ပန်းတနော်က ငါးမြစ်ချင်း ငါးကန်က ငါးကိုငါးဦးစီးက စစ်ဆေးတဲ့အခါ အသည်းရောင်အသားဝါဘီပိုးတွေ့တယ်ဆိုတာ မဖြစ်နိုင်ပါဘူး" ဟု ငါးရောဂါပညာရှင် ဒေါက်တာမြင့်ဆွေက 7 Day News သို့ပြောသည်။

ရေနေသတ္တဝါများမှာ သွေး အေးသတ္တဝါဖြစ်သောကြောင့် လူတို့တွင်ဖြစ်ပွားသော ရောဂါပိုးများရှိမနေနိုင်ကြောင်း ၎င်းကရှင်းပြသည်။

"ဘီပိုးက ငါးတွေမှာ နေလို့မရဘူး။ ပြီးတော့ လူမှာဖြစ်တဲ့ရောဂါကို ငါးဦးစီးက စစ်လို့မရဘူး။ ဒါကောလာဟလပါ" ဟု ဒေါက်တာမြင့်ဆွေကပြောသည်။

အဆိုပါ အသည်းရောင်အသားဝါ ဘီပိုးဗိုင်းရပ်စ်သည် လူတို့၏သွေးထဲတွင်သာရှိနေနိုင်ပြီး လူလူချင်းသာ ကူးစက်တတ်သောကြောင့် ယခုကဲ့သို့ရေနေသတ္တဝါများတွင် မရှိနိုင်ကြောင်း မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကလည်းပြောသည်။

"လူ့သွေးထဲမှာပဲ ရှိတဲ့ ဒီ ဗိုင်းရပ်စ်ပိုးတွေ ဘီပိုး၊ စီပိုးတွေက ငါးမှာရှိတယ်ဆိုတာ တစ်ခါမှ မကြားခဲ့ဖူးပါဘူး" ဟု ရောဝတီ ငါးမြစ်ချင်းငါးမျိုးမြှင့်တင်ရေးလုပ်ငန်းရှင်ဦးဝင်းကြိုင်ကပြောသည်။

ထို့ကြောင့် ငါးဦးစီးသို့ စုံစမ်း မေးမြန်းနေပြီး ဘီပိုးမဖြစ်ဘဲ ပဋိဇီဝဆေးနှင့် ဓာတုဓာတ်ကြွင်းများတွေ့ရှိခြင်းသာဖြစ်နိုင်ကြောင်း ဒေါက်တာမြင့်ဆွေကပြောသည်။

ယခင်က ငါးနှင့်ပုစွန်များတွင် တွယ်ကပ်လေ့ရှိသော ရောဂါပိုးများအား သေစေရန် သုံးစွဲခဲ့သော မာလာဆိုက်ဒရင်း၊ ကလိုရိုဖီနီကောနှင့် နိုက်ထရိုဖြူရမ်ဆေးဝါးများကိုသာ ငါးဦးစီးမှ စစ်ဆေးတွေ့ရှိခြင်းဖြစ်နိုင်ကြောင်း ၎င်းကပြောသည်။

အဆိုပါ ဆေးဝါးများမှာလည်း ယခုအခါ သုံးစွဲခွင့်တားမြစ်ခဲ့ပြီးဖြစ်ကြောင်း ဒေါက်တာမြင့်ဆွေက ဆက်လက်ရှင်းလင်း ပြောကြားသည်။

"အဲဒီဆေးတွေ မသုံးဖို့ တားမြစ်ရတာ။ ငါးတွေရဲ့အသားကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေ (အီးယူ) ဆီပို့ဖို့ စစ်ဆေးရင် ဓာတုဓာတ်ကြွင်းတွေ တွေ့ရလို့ပါ" ၎င်းကပြောသည်။

အထက်ပါဆေးဝါးများသုံးစွဲထားသည့်ငါးအသားကိုရေရှည်စားသုံးပါက လူတို့တွင်ကင်ဆာရောဂါဖြစ်ပွားတတ်သည်။ ထို့ကြောင့် ယခုအခါ ကောလာဟလ ပျံ့နှံ့နေသော ငါးမြစ်ချင်းငါးတို့တွင် အသည်းရောင်အသားဝါ ဘီပိုးတွေ့ရှိသည်ကိုသော သတင်းမှာ မှားယွင်းမှုဖြစ်နိုင်ကြောင်း ၎င်းတို့က ငြင်းဆိုပြောကြားကြသည်။

# ဆေးပညာဆိုင်ရာ ဘွဲ့လွန်၊ ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ် ခေတ်နှင့်အညီ ပြောင်းလဲပြုပြင်နိုင်ရန် စီစဉ်နေ

**ဝတ်ရည်**

**ရန်ကုန်၊ ဇူလိုင် - ၂၃**

ယခုလက်ရှိသင်ကြားနေသည့် ဆေးပညာဆိုင်ရာ ဘွဲ့လွန်၊ ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများအား ပြုပြင်သုံးသပ်ခြင်းနှင့် ခေတ်နှင့်အညီပြောင်းလဲပြုပြင်နိုင်ရေးအား ဆောင်ရွက်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

သင်ရိုးညွှန်းတမ်းများ အစဉ်တိုးတက်ပြောင်းလဲနေရမည်ဖြစ်၍ ပြောင်းလဲမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း နေပြည်တော်၌ ပြုလုပ်သည့် နဝမအကြိမ်ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဒေါက်တာဖေသက်ခင်က ပြောကြားခဲ့ကြောင်း ဇူလိုင် ၂၂ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။

နဝမအကြိမ်ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲကို ဘွဲ့လွန်ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ်ရန်နှင့် ဆေးပညာသင်ကြားရေး စီမံခန့်ခွဲရေးကိစ္စရပ်များကို ခေတ်နှင့်အညီ ပြောင်းလဲပြုပြင်နိုင်ရေးအတွက် ကျင်းပရခြင်းဖြစ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားခဲ့သည်။

"အခုအချိန်မှာ သင်တဲ့ဆရာဝန်တွေကလည်း သင်ရိုးညွှန်းတမ်းအပြင် လက်ရှိနိုင်ငံတကာမှာပါ အသုံးပြုနေကျတဲ့ ကုထုံးတွေကို ခေတ်နဲ့အညီသင်ပေးနေကြတာ။ အဲဒါတွေကို သင်ရိုးညွှန်းတမ်းအဖြစ်တရားဝင်လုပ်ပြီး သင်မယ်ဆိုရင်တော့ ပိုကောင်းသွားတာပေါ့" ဟု သားဖွားမီးယပ်ဆိုင်ရာ အထူးကုဆရာဝန်ကြီးတစ်ဦးက ပြောသည်။



# ရန်ကုန်မှာ. . . အိမ်သေးသေးလေးတစ်လုံး

မောင်ကိုကို(အမရပူရ)

**နယူးယောက်ကို မရချင်ပါ။**

ရန်ကုန်မြို့၏ ဆင်ခြေဖုံးမှာ ပေနှစ်ဆယ်၊ ပေခြောက်ဆယ်မြေကွက်လေးထဲ ဆောက်လုပ်ထားသည့် အိမ်သေးသေးလေးတစ်လုံးသာ ကျွန်တော်ပိုင်ဆိုင်လိုပါသည်။

ရန်ကုန်မြို့လယ်က တိုက်တာကြီးများ၊ ဟိုတယ်ကြီးများ၊ ရှော့ပင်းမောလ်ကြီးများသည် ကျွန်တော်တို့ ပလက်ဖောင်းပေါ်မှာ ခပ်မြန်မြန် လမ်းလျှောက်ရင်း ငေးမောဖို့ဆိုတာ ကျွန်တော်တို့ ကိုယ်တိုင် သိနားလည်ပြီးသားဖြစ်ပါသည်။ လောဘမကြီးလို့သာ စာရေးခြင်းဆိုသောအနုပညာ အလုပ်ကို ယုံကြည်မှုဖြင့် ရွေးချယ်ခဲ့ပါသည်။ ရန်ကုန်မြို့မှာ ကျွန်တော်တို့၏ အနုပညာအလုပ်ကို ပျော်ပျော်ရွှင်ရွှင်လုပ်နိုင်ဖို့ ဆင်ခြေဖုံးမှာ အိမ်ကလေးတစ်လုံးနှင့် မြေကြီးကလေးနှင့် သစ်ပင်စိမ်းစိမ်းလေးတစ်ပင်နှင့် နေထိုင်ချင်ပါသည်။ ကျွန်တော်တို့ဘဝတွေမှာ ထိုမျှလောက် ပိုင်ဆိုင်ရလျှင် ကျေနပ်တတ်သူတွေပါ။

ရန်ကုန်မြို့ကို မချစ်တတ်သူက သေဆုံးသွားခဲ့ပြီ။ နယ်မှာ တိုက်အဆောက်အအုံကိုပေါင်၍ ဘဏ်ချေးငွေကလည်း ယူထားမိသည်။ မိတ်ဆွေတစ်ဦးက ကြင်နာမှုဖြင့် ဖေးကူသည်။ ဘဏ်ကို ပြန်ဆပ်လိုက်ရသည်မှာက ၉၂ သိန်းခွဲ။ လွန်ခဲ့သောဆယ်နှစ်က ချေးထားသော ၁၅သိန်းရယ်၊ ခြံဝင်းနှင့် တိုက်အဆောက်အအုံကို မိတ်ဆွေကဝယ်ပေးတော့ လက်ထဲမှာ၆၅သိန်းသာကျန်တော့သည်။

"ပိုက်ဆံတွေ ဒီအတိုင်း ယူမသွားနဲ့၊ အရင်လို ရန်ကုန်မှာ ခါးပိုက်နှိုက်ခံရရင် ဘဝပျက်သွားလိမ့်မယ်"

မှာသူကမှာ၏။ ထို့ကြောင့် ၆၅ သိန်းကို ပုဂ္ဂလိကဘဏ်စာအုပ်ကလေးလုပ်၍ လက်ထဲ ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ရန်ကုန်မြို့သို့ အပြေးလာခဲ့သည်။ အိပ်မက်သည် ရန်ကုန်။ ရန်ကုန်သည် အိပ်မက်။ ကျွန်တော့်အဖို့ကား ရန်ကုန်မြို့သည် ပါရီဖြစ်သည်။

မိုနေးမရှိ။ စေဇန်းမရှိ။ ပီကာဆိုမရှိ။ မိုဒီဂလီယာနီမရှိ။ ဖရီဒါကားလို့စ်မရှိ။ စီလျှံဒီကူးနင်းမရှိ။ အင်ဒီဝါးဟိုးလ်မရှိ။

သို့သော် ခင်မောင်ရင် ရေးဆွဲသော ထူးအိမ်သင်ပန်းချီကားရှိသည်။ ကိုဩရေးဆွဲသော ပအို့ဝ်အမျိုးသမီးပန်းချီကားရှိသည်။ ဇော်ဝင်းဖေရေးဆွဲသော ရှမ်းပြည်ရှုခင်းပန်းချီကားရှိသည်။ အဲဒါ ရန်ကုန်မြို့ဖြစ်သည်။ သင်သည် မင်းဝေအောင်၏ ပန်းချီကားကို ကြည့်လိုလျှင် ရန်ကုန်မြို့သို့လာရသည်။ ကျွန်တော့်အဖို့ 'တို့ဘုရားကိုတို့ဖူးပြီ'ကဗျာလတီစာအုပ်မျိုးကို ထုတ်ပေးမည့် ထုတ်ဝေသူက ရန်ကုန်မြို့မှာရှိသည်။ ဦးမိုးသန်းချစ်ရှိသည်။ သရုပ်ဖော်ပန်းချီရေးပေးမည့် နေမျိုးဆေးက ရန်ကုန်မှာပဲရှိသည်။

ထို့ကြောင့် ၆၅ သိန်းပါဝင်သော ဘဏ်စာအုပ်ကလေးကို အိတ်ထောင်ထဲထည့်၍ ရန်ကုန်မြို့သို့ရောက်လာ၏။ ရန်ကုန်မြို့ထဲလာဖို့ ဘတ်စ်ကားအဆင်ပြေသော နေရာလေးအချို့ကို စိတ်ကရွေးချယ်ထား၏။

မြန်မာတိုင်းမ်မှ ကိုအောင်ကျော်ဦး၏ ကားဖြင့် သန်လျင်တစ်မြို့လုံးပိုက်စိပ်တိုက်၍ ရှာဖွေသည်။ သန်လျင်မှာ ၈၅ သိန်းလောက်မှ ကောင်းကောင်းလေး ရနိုင်ပါသည်။ အောင်ချမ်းသာမှာ ထမလုံမှာ ရှာကြပြန်သည်။ စိတ်ကြိုက်မတွေ့။ စိတ်ကြိုက်တွေ့တော့ ငွေမလိုက်နိုင်။

ရွှေပေါက်ကံကို ပြေးပြန်သည်။ ဦးလွန်းကြွယ်ပန်းချီကားကို သွားကြည့်လို့ရသည်။ ပါရဂူစာကြည့်တိုက်မှာ စာအုပ်ဖတ်နိုင်သည်။ ရွှေပေါက်ကံမှာ လေ့လာရေးလုပ်ပြန်၏။ ခက်တာက ရွှေပေါက်ကံမှာ ဆိုက်ကားမရှိပါ။ ဘတ်စ်ကားပေါ်က ဆင်းပြီး အိမ်ကလေးဆီရောက်ဖို့ ဆိုက်ကားလိုအပ်သည်။

စာ(၁၁)သို့

## အီတလီ925 ဒီဇိုင်းစုံတဲ့ နေရာ

အိဖြူလွင်

ရတနာဆိုရင် တန်ဖိုးအပေါ်မူတည်ပြီး လူတွေက နှစ်သက်ကြပေမယ့် ခေတ်ရဲ့လူငယ်တွေကတော့တန်ဖိုးထက် ဖက်ရှင်ကျမှုကိုပိုပြီး ဦးစားပေးလို့ ရတနာကို အဆင်တန်ဆာအနေနဲ့ ဝတ်ဆင်တတ်ကြတာပါ။

လက်ဝတ်ရတနာဆိုရင် ရွှေနဲ့လုပ်တဲ့ လက်ဝတ်ရတနာက တန်ဖိုးလည်းကြီးသလို ထိန်းသိမ်းရလည်းခက်တဲ့အတွက် ရွှေအစားရွှေလောက်တန်ဖိုးမကြီးပေမယ့် ဖန်စီလက်ဝတ်ရတနာတွေထဲမှာ တန်ဖိုးလည်း အသင့်အတင့်ရှိပြီး စတိုင်ကျအဆင့်မီတဲ့ 925 လို့အများသိကြတဲ့ အဆင်တန်ဆာပစ္စည်းတွေကလည်း လူငယ်တွေကြားမှ ရေပန်းစားနေခဲ့တာပါ။


ဒါ့ကြောင့်လည်း ဒီတစ်ပတ်မှာ Italy 925 နဲ့လုပ်တဲ့ လက်ဝတ်တန်ဆာတွေ ရနိုင်တဲ့ဆိုင်ကို လမ်းညွှန်ပေးလိုက်ပါတယ်။

ပုံစံဆန်းဆန်းလက်စွပ်တွေကိုသူများနဲ့ မတူအောင် ဝတ်ချင်တဲ့သူတွေဆိုရင်တော့ အကြမ်းလည်းခံ ဒီဇိုင်းလည်းမိုက်တဲ့ Italy 925 လက်စွပ်တွေက အသင့်တော်ဆုံးလို့ ပြောနိုင်ပါတယ်။

925 ဆိုပေမယ့် Italy 925 ဆိုတာအဆင့်မီတဲ့ ပစ္စည်းမျိုးဖြစ်ပြီး ဒီဇိုင်းတွေကလည်း စက်ရုံကနေထုတ်တဲ့ ဒီဇိုင်းတွေဖြစ်တာကြောင့် လက်ရာ မသေမသပ်ဖြစ်မှာတော့ စိတ်ပူစရာလုံးဝမရှိပါဘူး။



ဓာတ်ပုံ - ဇေမောင်မောင်(အမရပူရ)



အရောင်မှိန်သွားရင်လည်း ဆိုင်မှာပဲ ပြန်တင်လို့ရသလို အလှထည့်ထားတဲ့ ဖန်စီကျောက်တွေ ပြုတ်သွားရင်လည်း ပြန်တပ်ပေး၊ အသစ်လဲလှယ်လို့ရနိုင်တဲ့ ဒီပစ္စည်းတွေက ပုံစံကို တစ်ခါလောက် မြင်လိုက်တာနဲ့ ပဲလူငယ်တွေရဲ့စိတ်ကိုညှို့ယူဖမ်းစားနိုင်မှာ အသေအချာပါ။

Italy 925 လက်ဝတ်တန်ဆာတွေက ဈေးနှုန်းကို အလေးချိန်နဲ့ ရောင်းတာမဟုတ်ဘဲနဲ့ ပုံစံပေါ်မူတည်ပြီး ရောင်းတာလို့သိရပါတယ်။

လက်စွပ်တွေရဲ့ ဈေးနှုန်းက အနိမ့်ဆုံး နှစ်သောင်းခန့်ကနေ အမြင့်ဆုံး ရှစ်သောင်းဝန်းကျင်အထိ ရှိပါတယ်။

နောက်ဆုံးထွက် ပုံစံတွေထဲမှာယောက်ျားလေး မိန်းကလေး ဝတ်ဆင်တူဝတ်ပုံစံတွေ ရှိသလို ယောက်ျားလေးတွေ အကြိုက် ကျားခေါင်းပုံစံလို ဒီဇိုင်းထူးခြားတဲ့လက်စွပ်ပုံစံတွေ မိန်းကလေးတွေအကြိုက် ဖန်စီကျောက်တွေနဲ့ချစ်စရာ လက်စွပ်ပုံစံတွေလည်း ရှိပါသေးတယ်။

ပစ္စည်းစစ်စစ် လက်ရာသန့်သန့်ကိုခေတ်မီမီ စတိုင်ကျကျဝတ်ချင်သူတွေအားလုံး ဒီတစ်ပတ်မှာ ဈေးဝယ်ထွက်ဖို့ လမ်းညွှန်ချင်တဲ့နေရာ FMI စင်တာတတိယထပ်က Italy 925 တွေ သီးသန့်ရောင်းတဲ့ Nikko ဆိုင်မှာပါလို့။

## ဒီလိုလေး ချက်ကြရအောင်



### ကြက်အူထုံးမဆလာဟင်း

ဝိုက်ဖီ

ဒီတစ်ပတ်တော့ ပရိသတ်ကြီးကို အချိန်ပေးရပြီး လက်ဝင်တဲ့ဟင်းတစ်ခွက်နဲ့ မိတ်ဆက်ပေးချင်ပါတယ်။ အဲဒီဟင်းကတော့ ကြက်အူထုံးမဆလာဟင်းလေးပဲဖြစ်ပါတယ်။

ဒီဟင်းလေးကိုချက်ဖို့ ကြက်အူကိုင်ပြီးသား (၅၀)ကျပ်သားပဲလိုပါတယ်။ ကြက်အူကို ကိုယ်တိုင်ကိုင်လိုသူတွေကတော့ ဈေးထဲကနေ ကြက်အူကို အကြမ်းအတိုင်းဝယ်ပြီးမှ အိမ်မှာကိုင်လို့လည်း ရပါတယ်။ ကြက်အူကိုချက်ဖို့ ထုံးရဦးမှာဆိုတော့ အူကိုပါကိုင်နေရရင် အချိန်တော်တော်ယူရပါလိမ့်မယ်။ ဒါ့ကြောင့် ဝိုက်ဖီကတော့ကိုင်ပြီးသားအူကိုပဲဝယ်ပြီး အိမ်မှာသေသေချာချာသန့်စင်အောင်အထပ်ထပ်ဆေးကြောလိုက်ပါလို့ အကြံပြုပါရစေ။

ကြက်အူကို ချက်ပြုတ်ဖို့အတွက် အရေးကြီးဆုံးက အူကိုဆားနဲ့သေသေချာချာ ပွတ်သပ်ဆေးကြောဖို့ပါပဲ။ ပြီးရင် ရေနဲ့ အထပ်ထပ်ပွတ်သပ်ဆေးကြောပေးပါ။ ရေဆေးပြီးလို့ စိတ်တိုင်းကျပြီဆိုရင် အဆင်သင့်ထောင်းထားတဲ့ ကြက်သွန်ဖြူနဲ့ချင်းကို သန့်စင်ထားတဲ့ အူပေါ် အရည်ညှစ်ချပေးရပါမယ်။ နနွင်းမှုန့်အနည်းငယ်၊ ဆားနဲ့ဟင်းခတ်မှုန့်တို့ကိုထည့်ပြီး ခုနကဆမ်းထားတဲ့ ချင်းရေပါနှံ့သွားအောင် နယ်ပေးပါ။ အားလုံးနယ်လို့နှံ့သွားပြီဆိုရင်တော့ ကြက်အူလေးတွေကို လက်နှစ်ချောင်းမှာ ရစ်ပတ်ပြီး တစ်ပတ်ရစ်အထုံးလေးတွေ ထုံးပေးပါ။ အရှည်အတိုပေါ်မူတည်ပြီး အူတစ်ချောင်းကနေ နှစ်ချောင်းအထိ အနေတော်အထုံးလေးရအောင် ထုံးနိုင်ပါတယ်။

အရသာနယ်ထားပြီဖြစ်တဲ့ ကြက်အူအထုံးလေးတွေရပြီဆိုရင် ကြက်သွန်ဆီသပ်ဖို့ ပထမဆုံး ချင်းနဲ့ကြက်သွန်ဖြူထောင်း အနည်းငယ်ကို ဆီပူထဲကို နနွင်းမှုန့်အနည်းငယ်နဲ့အတူ အရင်ထည့်ပြီးမှ ကြက်သွန်နီထောင်းနဲ့ ငရုတ်သီးမှုန့်ကို ထည့်ပါမယ်။ ဆီသပ်တာ အနေတော်ရပြီဆိုမှ ဟင်းမွှေးမဆလာကို အနေတော်ထည့်ပြီးမွှေပေးပါ။ နောက်ဆုံးမှာတော့ ခုနကြက်အူထုံးလေးတွေကို ထည့်လိုက်လို့ရပါပြီ။ ဆီပူပူထဲမှာ ကြက်အူကို ထည့်ပြီး အူအထုံးလေးတွေ မာလာတဲ့အထိ မွှေပေးရပါမယ်။ ကြက်အူလေးတွေမာပြီး ကြက်သွန်ဆီသပ်နဲ့ သမသွားပြီဆိုမှ ရေထည့်ပါမယ်။

စာ(၁၁)သို့

7DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

## သဘာဝဓာတ်ပုံကိုရှုကြည့်ရင်း ဟိုက်ကုကဗျာစပ်ဆိုနိုင်မည်

**မေဝင်းမွန်**

**ရန်ကုန်၊ ဇူလိုင် ၂၀**

သဘာဝတရားကို ရိုက်ကူးပုံဖော်ထားသည့်ဓာတ်ပုံများကို ကြည့်၍ ဓာတ်ပုံပါအကြောင်းအရာနှင့်လျော်ညီသည့်ဟိုက်ကုကဗျာစပ်ဆိုပြိုင်ပွဲကိုဂျပန်သံရုံးနှင့် ဂျပန်ဖောင်ဒေးရှင်းတို့ကကြီးမှူး၍ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းရှိ Gallery 65 တွင် ကျင်းပလျက်ရှိသည်။

ဂျပန်ဓာတ်ပုံပညာရှင် ရယာဂိခိဂျူလိုရိုက်ကူးထားသည့် ဂျပန်နိုင်ငံအနှံ့အပြားမှအဖြူအမည်း သဘာဝဓာတ်ပုံပေါင်း ၈၅ ပုံကိုစုစည်း၍ သဘာဝ၏နောက်ကွယ်မှဂျပန် (Hidden Japan) အမည်ရှိ ဓာတ်ပုံပြပွဲကို ယခုလ ၂၂ ရက်မှ ဩဂုတ်လ ၁၄ ရက်အတွင်း နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိပြသမည်ဖြစ်သည်။

ဓာတ်ပုံပြပွဲမှ စိတ်ကြိုက်ပုံတစ်ပုံကိုရွေးချယ်ကာ ဟိုက်ကုကဗျာစပ်၍ မြန်မာ၊ ဂျပန်ကြိုက်ရာဘာသာဖြင့် မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်သည်။

ဟိုက်ကူကဗျာစပ်ပြိုင်ပွဲဝင်လိုသူများသည် ဂျပန်သံရုံးနှင့် Gallery 65 တို့တွင် ပြိုင်ပွဲနှင့်ပတ်သက်သော အချက်အလက်များ ရယူနိုင်သည်ဟုသိရသည်။









## စာ - ၉၊ ရန်ကုန်မှာ အိမ်သေးသေးလေးတစ်လုံးမှ

မြောက်ဥက္ကလာပမှာက စာရေးဆရာတွေများသည်။ တနင်္ဂနွေဆိုလျှင် သစ္စာနီတို့၊ ဆရာဇော်ဇော်အောင်တို့၊ ပဉ္စမံဒီရိုင်းတို့၊ ချစ်တိုးနွယ်တို့လို စာပေသမားတွေ အများကြီး စုထိုင်သော လက်ဖက်ရည်ဆိုင်ရှိသည်။ ပျော်စရာကောင်းသည်။ မြောက်ဥက္ကလာပအဝိုင်းကြီးနားက တည်းခိုခန်းမှာ အကျအန အကြာကြီးတည်းခိုပြီး အိမ်သေးသေးလေးရှာသည်။

"မြောက်ဥက္ကလာပဆိုတာ လမ်းသွယ်၊ လမ်းကြားလေးထဲမှာတောင် ရာချီတာ။ ၆၅ သိန်းနဲ့ ဘယ်လိုလုပ်ဖြစ်ပါ့မလဲ"

နီလာလမ်းမှ ပန်းချီမောင်မြင့်အောင်ကပြော၏။ သန္တာလမ်းက ခင်မောင်ရင်ကတော့ ရယ်မောနေ၏။ တောင်ဥက္ကလာပ ၁၀ ရပ်ကွက် ၈ လမ်းထဲက ဆရာမောင်ပေါ်ထွန်းဆီ ပြေး၏။ အကြံဉာဏ်တောင်းရ၏။

"တောင်ဥက္ကလာလည်း ရာဂဏန်းပဲ။ ဒီမှာက မိုးတွင်းဆို ရေဝင်တယ်။ မြောက်ဒဂုံ၊ တောင်ဒဂုံမှာသွားရှာ။ အရင်က ၃၈ သိန်းဆို အိမ်ကလေးတစ်လုံးနဲ့ မီတာလေးနဲ့ ပေနှစ်ဆယ် ပေခြောက်ဆယ် မြေကွက်ကလေးရနိုင်ပါတယ်"ဟု ဆရာမောင်ပေါ်ထွန်းကပြော၏။

မြောက်ဒဂုံ ၁၃ ရပ်ကွက်၊ စိုက်ပျိုးရေးလမ်းသွယ်ထဲက ပန်းချီဘိုစောထံ ခေတ္တနေပြီး မြောက်ဒဂုံမှာ အိမ်ရှာသည်။

"မနှစ်က ၃၂ သိန်းနဲ့ ရထားတာ။ ဒီနှစ်တော့မလွယ်ဘူး။ ဒီလတွေထဲမှာမှ အိမ်ဈေးက မြောက်တက်သွားတာ။ ရင်းနှီးမြှုပ်နှံသူတွေက ဆင်ခြေဖုံးမှာလာပြီး မမြှုပ်နှံပါဘူး။ အဲဒီ့အရှိန်နဲ့ ဒီဘက်ပါလာမြောက်တာ။ အချို့ကလည်း ငလျင်ကြောက်လို့ တိုက်ခန်းနဲ့မနေဘဲ မြေရှာကြတယ်" တစ်ယောက်ကပြောသည်။

၁၃ ထဲမှာရှာသည်။ ၁၂ ရပ်ကွက်ထဲမှာရှာသည်။ သာသနာရေးရပ်ကွက်၊ ပေါ်ဦး ၃ လမ်းသည် နေချင့်စဖွယ်အေးငြိမ်း၏။ ရေလည်းမဝင်။ ဝန်ထမ်းရပ်ကွက်များသည် အေးငြိမ်းလွန်း၏။ ထို့ကြောင့်မြောက်ဒဂုံ ဝန်ထမ်းကွက်မှာရှာဖွေကြသည်။ ဒူးဝါးလမ်းက အိမ်ကလေးသို့ ပွဲစားနှင့်အတူရောက်သွား၏။ စုတ်ပြတ်လွန်းသော အိမ်ကလေးဖြစ်နေ၏။ စရိုက်တွေ့ရှိလျှင် ကျွန်တော်က မနေတတ်ပါ။ ကျွန်တော်ကြိုက်သော ပေါ်ဦး ၃ လမ်းမှာ ရောင်းမည့်သူမရှိပါ။ စိုက်ပျိုးရေးလမ်းသွယ်ထဲမှာလည်း ရောင်းမည့်သူမရှိပါ။ အေးငြိမ်းသော ဝန်ထမ်းရပ်ကွက်ဆို နေချင်သူများသည်။

ပွဲစားအမျိုးသမီးတစ်ဦးနှင့် ၆ ရပ်ကွက်ထဲ ဝင်ကြည့်၏။ ၈၅ သိန်းတဲ့။ ၇ ရပ်ကွက်ထဲဝင်ကြည့်ပြန်၏။ ရေတွေဆင်းပြီး အကြာကြီးဖြတ်သန်းရ၏။ ရေတွေထဲမှာ ရောင်းမည့်အိမ်သေးသေးလေး တစ်လုံးရှိ၏။ ဈေးက မဆိုးပါ။ ၄၈ သိန်းတဲ့။ သို့သော် ထရံပါးပါးလေးနှင့် အဖြစ်သာ ကာရံထား၏။ ကွန်ပျူတာဘယ်လိုထားရဲမလဲ။ ရေတွေထဲမှာ ညမိုးချုပ်မှ ပြန်လာလျှင် တဘိုင်းဘိုင်းလဲကျဦးမည်။ ၁၃ ရပ်ကွက်သည် ည ၆နာရီကျော်က ၃၆ ဘတ်စ်ကားအနီမရှိတော့ပါ။ ကားသုံးဆင့်စီးပြီး ကျွန်တော် ၁၃ ထဲသို့ ပြန်ပြန်လာရ၏။ တောင်ဒဂုံသို့ ကျွန်တော်ပြေးပြန်သည်။ ကြည့်ဇော်ဝင်းကတော့ လှော်ကားလမ်းပေါ်မှာ ဆေးခန်းလည်းဖွင့်၊ စာအုပ်ဆိုင်လည်းဖွင့်ထားသည်။ သူ့နောက်ကျောလမ်းသွယ်လေးတွေထဲမှာ ကျွန်တော် လိုက်ရှာသည်။ သိန်း ၆၀ ပတ်ဝန်းကျင်သာနိုင်သော ကျွန်တော့်ကို တောင်ဒဂုံပွဲစားများက စိတ်မဝင်စားကြပါ။ လှိုင်သာယာသို့ပြေးပြန်၏။ ဝင်းဖေမြင့်က ဗိုလ်ချုပ်လမ်းမှာရှိသည်။ လှိုင်သာယာက စည်ကားလွန်းနေပြီ။ စီးပွားရေးလုပ်စားလို့ကောင်းသည်။ ဈေးလည်းမြောက်ပြီ။ စာသမားနှင့်ဝေးသည်။ အင်းစိန် ပေါက်တောက အောင်ဇေယျအိမ်ရာသို့ပြေး၏။ ဈေးတက်သွားပြီ။ နောက်ဆုံးတော့ ယုဇနကားစီး၍ စစ်တောင်းသို့ပြေး၏။ ကာတွန်းဝင်းအောင်ကို အပူကပ်ရပြန်သည်။ ကာတွန်းဝင်းအောင်တို့ ဇနီးမောင်နှံက ကြက်သားဟင်းချက်၍ ထမင်းကျွေးကာ တိုက်ခန်းရှာပေး၏။


ရန်ကုန်ဆင်ခြေဖုံးမှာ မြေကြီးလေးနှင့်၊ သစ်ပင်စိမ်းစိမ်းလေးနှင့် အိမ်သေးသေးလေးတစ်လုံးနှင့်နေထိုင်ခွင့်မရတော့လည်း ရန်ကုန်ဆင်ခြေဖုံးက တိုက်ခန်းအပေါ်ဆုံးထပ်ဆီသို့ကျွန်တော်တက်ရမှာပေါ့လေ။

အိပ်မက်သည် ရန်ကုန်၊ ရန်ကုန်သည် အိပ်မက်မဟုတ်လား။ မဟုတ်ဘူးလား၊ ယုဇန တိုက်ခန်းပေါ်က ဆရာနှောင်ကျော်ရယ်။

ကျွန်တော်ကတော့ ပဲခူးမြစ်ကမ်း ပိတောက်ပင်တန်းတွေရှိသည့် စစ်တောင်းတိုက်ခန်းအပေါ်ဆုံးအလွှာကိုချိန်ရွယ်၍ ပစ်လွှတ်လိုက်တော့မည်။ အိပ်မက်သည် ရန်ကုန်ဆိုလျှင် အိပ်မက်သည်အမှန်တကယ်ဖြစ်လာသည်ဟုယုံကြည်ထားသူပါ။ ကျွန်တော်တို့၏ မဟာတိုက်ပွဲမှာ ရန်ကုန်မှာ အိမ်သေးသေးလေးတစ်လုံး ပိုင်ဆိုင်ရေးသာဖြစ်ပါသည်။

## စာ - ၉၊ ကြက်အူထုံးမဆလာဟင်းမှ

ရေကို အထုံးလေးတွေမြုပ်ရုံအနည်းငယ်ပဲထည့်ကာ ရေခန်းသွားရင် နောက်တစ်ရေထပ်ထည့်ပြီးမှဆီပြန်အောင်စောင့်ပြီးချလို့ရပါပြီ။ ကြက်အူကချက်လိုက်ရင်ကျုံ့သွားတာကြောင့် မိသားစုများမယ်ဆိုရင်တော့ကြက်အူကို ၅၀ကျပ်သားထက်ပိုချက်ဖို့ အကြံပြုပါရစေ။ အားလပ်ရက်တွေမှာ ချက်ပြုတ်ရင် ပိုအဆင်ပြေတာကြောင့် ဒီတစ်ပတ်အားလပ်ရက်မှာ ကြက်အူထုံးမဆလာဟင်းလေးကိုအရသာရှိရှိသုံးဆောင်ရင်း မိသားစုတွေအတွက် ပျော်စရာရက်သတ္တပတ်ဖြစ်ပါစေ။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## မနက်ဖြန်ဆိုတာ စိတ်မချရဘူး . . .

အသက်ရှင်နေတယ် ကျန်းမာနေသေးတယ်ဆိုတာ ဘယ်တော့မှ မသေရာလမ်းကိုပေါက်အောင်ကျင့်ဖို့ အခွင့်အရေးပေးထားတာ။ အချိန်သိပ်မရှိဘူး။ ကန့်သတ်ချိန် တအားနည်းနေပြီ။ တစ်သက်(တစ်ဘဝ)ဆိုတာ ခဏလေးပါ။ ကြိုးစားရမယ်။ ရှင်တာမမြဲဘူး၊ သေတာကမြဲတယ်။ အခုအချိန်သာ သေရင် အားလုံးထားခဲ့ရမှာ။ တော်ကြာ သေမယ့်သူက တိုက်တွေ၊ ကားတွေ၊ ရွှေတွေရှာဖို့အတွက်ပဲ အချိန်တွေပေးနေတာ ကောင်းလား။ တော်ကြာထားခဲ့ရမှာ။

အိုရမှာကိုလည်းတကယ်ရှက်ရမယ်။ သေရမှာကိုလည်းတကယ်ရှက်ရမယ်။ ကိုယ့်ကိုယ်ကိုယ်သနားရင်ကြိမ်ဖန်များစွာပွားရမယ်။ သေတဲ့အခါ ကိလေသာအပူတွေနဲ့ သေရင်သေချင်းဆိုးနဲ့ သေတယ်လို့ခေါ်တယ်။ ခန္ဓာကိုယ်ကို တကယ်မနှစ်သက်တဲ့စိတ်ပေါ်မှ တဏှာပြတ်မှာ။ ကြိုးပွားရေး၊ ကြိုးပွားရေးနဲ့ အားထုတ်ကြတာ၊ နောက်ဆုံးတော့ မြေကြီးပဲမြင့်မြင့်လာတယ်။ မနက်ဖြန်ဆိုတာ စိတ်မချရဘူး။ ဒီနေ့ပဲ ကြိုးစားအားထုတ်ရမယ်။ မလုပ်ဖြစ်တာကတော့ မကြောက်ကြသေးလို့ပါ။ အကောင်းဆုံး တရားကိုသိရဲ့သားနဲ့မှမကျင့်ရင် ကိုယ့်အပြစ်ပဲ။ သေခါနီးတွေက သေခါဝေးတွေအတွက် ပူမနေနဲ့။ အသက်တမ်းက ခပ်တိုတိုလေးမှာ ခပ် ခိုခိုလုပ်နေမယ်ဆိုရင် အသေစောသွားတဲ့အခါ ကိုယ်ကျိုးနည်းလိမ့်မယ်။

ရည်ညွှန်း - "ဓမ္မသံဝေဂနှင့် ဩဝါဒကထာများ" မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ

# တစ်မိနစ်စာအလွဲများ အစီအစဉ်ကို ဝါသနာရှင်အချို့ ဝေဖန်

ညီညီဇော်

**မန္တလေး၊ ဇူလိုင် - ၂၂**

မြန်မာဘီယာ၏ စူပါစတားသီချင်းဆိုဖိုင်နယ်အဆင့် ပြိုင်ပွဲတွင် ဝါသနာရှင်တို့၏ ပဏာမအသံစစ်ဆေးချိန်မှ တစ်မိနစ်စာ အလွဲများပြသခဲ့ခြင်းကို ပဏာမ အသံစစ်ဆေးခံကာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူများက မနှစ်သက်ကြကြောင်း သတင်းရရှိသည်။ အဆိုပါဖိုင်နယ်အဆင့်ပြိုင်ပွဲ ခေတ္တရပ်နားချိန်တွင်ပထမအဆင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူများ၏ တစ်မိနစ်အတွင်း အသံစစ်ဆေးခံချိန်မှ အလွဲများကို မှတ်တမ်းတင် ရိုက်ကူးထားသော ဗီဒီယိုအား ပြသခဲ့ခြင်းဖြစ်သည်။

အဆိုပါပထမအဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မန္တလေးမြို့မှ အသက် ၂၃ နှစ်အရွယ် အမျိုးသားတစ်ဦးက "အဲဒီအခွေကိုကြည့်တုန်းကဆို ကိုယ့်ရုပ်ကြီးများပါလာမလားဆိုပြီး ရင်တုန်နေရတယ်။ မပါလာလို့တော်သေးတာပေါ့ဗျာ။ တချို့ပြိုင်ပွဲဝင်တဲ့လူတွေရဲ့ ရယ်စရာဖြစ်တဲ့ရုပ်တွေကို မှတ်တမ်းတင်ထားတဲ့ ခွေထဲကနေ တည်းဖြတ်ပြီးပြတာပါ။ ကျွန်တော်သာ အဲလိုအပြခံရရင် နောက်ဘယ်တော့မှ ပြိုင်ပွဲဝင်ရဲမှာမဟုတ်တော့ဘူး" ဟုပြောသည်။

၎င်းပြိုင်ပွဲကို ဝင်ရောက် အသံစစ်ဆေးခံခဲ့သော အသက် ၂၈ အရွယ် အမျိုးသားတစ်ဦးကလည်း "သူတို့လုပ်ပုံက နည်းနည်းတော့လွန်တယ်လို့ ထင်ပါတယ်။ ဘာလို့လဲဆိုတော့ သူတို့ဘက်ကလည်း အချိန်တွေပေးပြီး လာရွေးချယ်ပေးရသလို ဒီဘက်က ဝါသနာရှင်တွေကလည်း ကိုယ့်ဝါသနာတစ်ခုအတွက် အချိန်တွေရင်းပြီး လာပြိုင်ရတာပဲလေ။ အခုဟာက လှောင်စရာတစ်ခုလိုဖြစ်သွားတယ်။ လူတွေကတော့ ရယ်စရာတွေ့ရင်ရယ်မှာပဲလေ။ အပြခံရတဲ့လူတွေကတော့ ဘယ်လိုနေမလဲမသိဘူး။ ကျွန်တော်ကတော့တော်တော်လေး စိတ်မကောင်းဖြစ်မိတယ်ဗျာ" ဟုအဆိုပါပြကွက်နှင့်ပတ်သက်၍ သူ၏ ခံစားမှုကိုပြောသည်။


အသံစစ်ဆေးခံသူများ၏ စာသားမေ့ခြင်း၊ မှားခြင်း၊ သီချင်းအပေါ် ခံစားချက်ထည့်၍ (မုဒ်ထည့်၍) သီဆိုသည့်အခါ ဖြစ်ပေါ်လာသော အမူအရာများ စသည်တို့ကို ရယ်စရာ စာသားများ၊ သရုပ်ဖော်ပုံများ ထည့်သွင်းတည်းဖြတ်ကာပြသခဲ့ခြင်းဖြစ်ကြောင်း ကိုယ်တိုင်ကြည့်ရှုခဲ့သူများက ပြောသည်။

# နှမ်းသိမ်းရာသီ မိုးကောင်း၍ တောင်သူများ စိုးရိမ်

ရွှေဖြိုးမောက်

**နတ်မောက်၊ ဇူလိုင်- ၂၀**

ပြီးခဲ့သည့် ဇွန်လလယ်ခန့်က စိုက်ပျိုးခဲ့သော နှမ်းသီးနှံများအား ယခုဇူလိုင်လလယ်တွင် စတင်နုတ်သိမ်းလျက်ရှိရာ နှမ်းခါရမည့်ရက်များ၌ မိုးများရွာသွန်းခြင်းကြောင့် တောင်သူများ စိုးရိမ်လျက်ရှိကြောင်းသိရသည်။



ရိတ်သိမ်းပြီး နေလှမ်းထားသော နှမ်းဆိုင်းများ

ယခုနှစ်တွင် မြန်မာပြည်အလယ်ပိုင်းဒေသ အများအပြား၌ မိုးဦးကျစော၍ မိုးရွာသွန်းမှုပုံမှန်ရရှိခဲ့ခြင်းကြောင့် ပြီးခဲ့သည့် လေးငါးနှစ်အတွင်း မကြုံဘူးအောင် နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းခဲ့သည်။ ဒေသအသီးသီးမှ နှမ်းစိုက်ခင်းအားလုံးနီးပါး ကောင်းမွန်ခြင်းကြောင့် ယခင်နှစ်များထက် နှမ်းဈေးနှုန်းများ ကျဆင်းလျက်ရှိသည်။ ယခုကဲ့သို့နှမ်းဈေးကျဆင်းသည့်အချိန်တွင် နှမ်းခါချိန်၌ မိုးများရွာသွန်းမှုကြောင့် ရရှိလာမည့်နှမ်းများ အရည်အသွေးကျဆင်းကာ နှမ်းဈေးများ ထပ်မံကျဆင်းလာမည်ကို စိုးရိမ်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အိုင်ပေါက်ကုန်းကျေးရွာမှ နှမ်းစိုက်တောင်သူဦးကိုမင်းကပြောသည်။

နတ်မောက်မြို့ မြို့မရပ်မှ နှမ်းစိုက်တောင်သူ ဒေါ်မြသန်းကြည်ကလည်း "ဒီနှစ် နှမ်းခင်းတွေအားလုံး ကောင်းတယ်။ စိုက်တာရော၊ မှည့်တာရော၊ နုတ်တာရော၊ ပြိုင်တူဖြစ်နေကြတော့ အလုပ်သမားခေါ်ရတာ အခက်အခဲကြုံရတယ်။ ဒီကြားထဲ မိုးကတောက်လျှောက်ရွာနေတော့ အခုနှမ်းခါချိန်မှာ အတော်အဆင်မပြေဖြစ်ရတယ်"ဟု ပြောသည်။

# တရားထိုင်ခြင်းသည် ဦးနှောက်ကြွက်သားများကို တောင့်တင်းခိုင်မာစေ

**လောစ်အိန်ဂျလိစ်၊ ဇူလိုင် - ၁၇**

ဒိုက်ထိုးလေ့ကျင့်ခန်းသည် လူ့ခန္ဓာကိုယ်ကြွက်သားများအား တောင့်တင်းခိုင်မာစေသလို တရားထိုင်ခြင်းသည်လည်း ဦးနှောက်ကြွက်သားများကို တောင့်တင်းခိုင်မာစေပြီး ဦးနှောက်ကျုံ့ခြင်းကို တွန်းလှန်နိုင်ကြောင်း အမေရိကန် သုတေသီများက ပြောကြားသည်။

ကယ်လီဖိုးနီးယား တက္ကသိုလ်မှ ဦးနှောက်ဓာတ်မှန်ရိုက်ဓာတ်ခွဲခန်းဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(ဓာတ်ပုံ)... 

ဓာတ်ခွဲခန်းဌာနမှ လက်ထောက်ညွှဲ့ပါမောက္ခအီလင်လူဒါစ်နှင့်အဖွဲ့သည် ဦးနှောက်အတွင်း ဖွဲ့စည်းတည်ဆောက်ထားပုံနှင့် ဆက်စပ်နေပုံကို ဦးနှောက်ဓာတ်မှန်ရိုက်နည်းအသစ်တစ်မျိုးဖြင့် ဓာတ်မှန်ရိုက်လေ့လာခဲ့ရာ တရားထိုင်သူများသည် ဦးနှောက်အစိတ်အပိုင်းတစ်ခုနှင့်တစ်ခု အကြား ဆက်နွယ်မှုပို၍အားကောင်းကြောင်းတွေ့ရှိခဲ့သည်။ ထို့အတွက် အသက်ကြီးရင့်၍ မေ့လျော့ခြင်းဖြစ်စေသည့် ဦးနှောက်ကျုံ့ခြင်းကို လျော့ပါးစေကြောင်း တွေ့ရှိခဲ့သည်။

ဆက်သွယ်မှု အားကောင်းသောကြောင့် ဦးနှောက်အတွင်း အီလက်ထရွန်နစ် အချက်ပြမှုများကို ထုတ်လွှတ်ရာတွင် ပိုမိုမြန်ဆန်ကြောင်း ယင်းအခြေအနေကို ဦးနှောက်အစိတ်အပိုင်းအားလုံးတွင် တွေ့မြင်ရကြောင်း သုတေသီများက ပြောကြားသည်။ ပျမ်းမျှအသက် ၅၂ နှစ်ရှိ ပုံမှန်တရားထိုင်သူ ၂၇ ဦးနှင့် တရားမထိုင်သူ ၂၇ ဦးကို နှိုင်းယှဉ်လေ့လာခဲ့ရာမှ ယခုအချက်အလက်များကို တွေ့ရှိလာခြင်းဖြစ်သည်။ လေ့လာခဲ့သူများတွင် ငါးနှစ်မှနှစ်ပေါင်း ၄၀ အထိ တရားထိုင်သူများပါဝင်ခဲ့ပြီး ၎င်းတို့သည် ဝိပဿနာနည်း (သို့မဟုတ်) ဇာဇန်နှင့် ရှမန်သာနည်းများဖြင့်တရားထိုင်နေသူများဖြစ်ကြောင်းသုတေသီများက ပြောကြားသည်။

—Ref: UPI

7DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

## မျက်နှာဖုံး-နိုင်ငံခြားငွေလဲလှယ်နှုန်းသတ်မှတ်ရန် ဆောင်ရွက်နေဟုဆို မှ

ထို့အပြင်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက နိုင်ငံအတွင်း ငွေပေးချေမှုစနစ်ခေတ်မီတိုးတက်စေရေးအတွက် ပြည်တွင်း၊ ပြည်ပပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံဘဏ်များအသင်း Payment System Develop -ment Committeeက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်းလည်း ပြောကြားခဲ့သည်။

လက်ရှိအစိုးရကသတ်မှတ်ထားသောမြန်မာကျပ်ငွေနှင့် နိုင်ငံခြားငွေတရားဝင်လဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ခြောက်ကျပ်ကျော်နှုန်းဖြစ်သည်။ ထိုနှုန်းမှာ ၁၉၇၅ ခုနှစ်ဝန်းကျင်ကတည်းက သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ကျပ်ငွေနှင့်နိုင်ငံခြားငွေ လဲလှယ်နှုန်းကို ဈေးကွက်ပေါက်ဈေးများဖြင့် မကွာစေဘဲ သင့်တော်သည့်နှုန်းကိုတရားဝင်သတ်မှတ်ပါက စီးပွားရေးလုပ်ငန်းများ လုပ်ငန်းလည်ပတ်မှု ပိုမိုလွယ်ကူလာနိုင်ကြောင်း စီးပွားရေးနှင့် ဘဏ်လုပ်ပညာရှင်အချို့က ပြောသည်။

"ဆီလျော်တဲ့နှုန်းတစ်ခု သတ်မှတ်လိုက်မယ်ဆိုရင်တော့ ပို့ကုန်သွင်းကုန်သမားတွေအတွက် လုပ်ရကိုင်ရတာ ပိုမိုလွယ်ကူလာမယ်" ဟု စီးပွားရေးပညာရှင်တစ်ဦးဖြစ်သော ပါမောက္ခဒေါ်လှမြင့်က ပြောသည်။

"ငွေလဲလှယ်နှုန်းသတ်မှတ်တဲ့နည်းတွေ အများကြီးရှိတယ်။ အများစုကတော့ ဈေးကွက်ရဲ့ပေါက်ဈေးကို အခြေခံသတ်မှတ်ကြတယ်"ဟု ဘဏ်လုပ်ငန်းဆိုင်ရာ ပညာရှင်တစ်ဦးက နိုင်ငံတကာတွင် ငွေလဲနှုန်းသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ပြောသည်။

ဇူလိုင် ၂၂ရက်က ကျင်းပခဲ့သော အစည်းအဝေးတွင် ဦးလှထွန်းက ခေတ်နှင့်လျော်ညီသည့် အခွန်စီမံခန့်ခွဲရေးစနစ်တစ်ရပ် စတင်နိုင်ရန် စီမံလျက်ရှိကြောင်းလည်းပြောသည်။ ထို့အပြင် ဘဏ်အတိုးနှုန်းနှင့်ပတ်သက်၍ "ဘဏ်တိုးနှုန်းများကို သတ်မှတ်ရာတွင်လည်း နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များနှင့် လက်ရှိအခြေအနေ၊ ငွေကြေးပမာဏ၊ ပြည်တွင်းကုန်ဈေးနှုန်း၊ ပြည်ပကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု စသည်ဖြင့် ဘက်ပေါင်းစုံက စဉ်းစားဆောင်ရွက်ရန်လိုကြောင်း" ပြောကြားခဲ့ကြောင်းဖြင့် ဇူလိုင် ၂၃ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ထိုအစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက Myanmar Payment Union Card ကိစ္စနှင့် ပတ်သက်၍ ပြောကြားခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူများကလည်း အွန်လိုင်းမှ ဖုန်းပြောဆိုခကောက်ခံမည့် အစီအစဉ်များနှင့်ပတ်သက်ဆောင်ရွက်မည့်အခြေအနေနှင့် ဆောင်ရွက်ထားသည့်အခြေအနေများကို ပြောကြားခဲ့သည်ဟု ဆက်လက်ဖော်ပြထားသည်။

## အကောင်းဆုံးအကြံပြုသူများ ဆုချီးမြှင့်ခြင်း

ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ဇွန် ၂၅ရက်မှ ၂၆ရက်အထိ ကျင်းပခဲ့သော မီဒီယာပြပွဲ(၂၀၁၁)တွင် 7Day News ဂျာနယ်နှင့် ပတ်သက်၍ဝေဖန်အကြံပြုသူများထဲမှ အကောင်းဆုံးအကြံပြုနိုင်သူ သုံးဦးကို အယ်ဒီတာအဖွဲ့က ရွေးချယ်လိုက်ပါသည်။ ရွေးချယ်ခံရသူများကို 7Day News ဂျာနယ် တစ်နှစ်စာ(အခမဲ့)အိမ်အရောက်ပို့ပေး၍ ဆုချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

၁။ ကိုသက်ဇော်ဦး – မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
၂။ ကိုဘွေမန်းလျှန် – ဓမ္မာရုံ(၂)လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်။
၃။ ကိုဝေဖြိုးမောင် – ရတနာလမ်းသစ်အိမ်ရာ၊ သာကေတမြို့နယ်။

–ပြင်ဆင်ချက်

7Day News Journal အတွဲ(၁၀)၊ အမှတ်(၁၇)'မော်လမြိုင်ကျွန်းမြို့ရှိဗလီမီးလောင်' ခေါင်းစဉ်ကို 'မော်လမြိုင်ကျွန်းမြို့ရှိ ဗလီပိုင်တန်းလျား မီးလောင်'ဟုလည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့တွင် တစ်ခုတည်းရှိသော စာသားအစား မော်လမြိုင်ကျွန်းမြို့တွင် ဗလီနှစ်ခုရှိသည်ဟု ပြင်ဆင်သိမှတ်ပေးပါရန်၊

အတွဲ(၁၀)၊ အမှတ်(၁၈) 'မြန်မာအိုင်စီတီ ICT Master Plan လွှဲပြောင်းပေးအပ်'သတင်းတွင် 'မြန်မာ-ကိုရီးယားနှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းများ အောင်မြင်စွာပြီးစီးကြောင်း သဘောတူလက်မှတ်ရေးထိုးကြသည်'စာသားအားဖြည့်စွက်ဖတ်ရှုပေးပါရန်၊ ထိုစာသားပြုတ်ကျခဲ့ခြင်းအတွက်စာဖတ်ပရိသတ်များအား တောင်းပန်အပ်ပါသည်။

အယ်ဒီတာ

မျက်နှာဖုံးသတင်း

# အစိုးရသစ်ဝန်ကြီးနှင့် ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးအကြိမ်တွေ့ဆုံ

ရန်ကုန်၊
ဇူလိုင်-၂၅

နိုင်ငံတော်အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ်တွေ့ဆုံမှုအဖြစ်ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရဆက်ဆံရေးဝန်ကြီးတို့ တွေ့ဆုံခဲ့ကာ ယင်းဆွေးနွေးမှုမှ ပြည်သူလူထုကိုယ်စိတ်နှစ်ပါးချမ်းသာစေရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြောင်း တွေ့ဆုံပွဲအပြီး ဖတ်ကြားသော ထုတ်ပြန်ချက်တွင် ဝန်ကြီးက ထည့်သွင်းဖတ်ကြားသည်။

ယနေ့ နေ့လယ် ၁နာရီက ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရဒေါ် အောင်ဆန်းစုကြည်သည် စိမ်းလဲ့ကန်သာအစိုးရဧည့်ဂေဟာတွင် အစိုးရနှင့်ဒေါ် အောင်ဆန်းစုကြည်အကြား ဆက်ဆံရေးဝန်ကြီးအဖြစ် ယခင်အစိုးရလက်ထက်ကပင်ခန့်အပ်ထားခဲ့သည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ၂နာရီကျော်ကြာတွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးမှုတွင် တရားဥပဒေစိုးမိုးရေးကိစ္စ၊ စိတ်ဝမ်းကွဲပြားမှုပပျောက်ရေးကိစ္စနှင့် အများပြည်သူအကျိုးဖြစ်ထွန်းစေရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်ဟုဆိုသည်။

ဦးအောင်ကြည်ကို ဆက်ဆံရေးဝန်ကြီးအဖြစ် ခန့်ထားသည့် ၂၀၀၇ ခုနှစ်မှစ၍ ယနေ့တွေ့ဆုံမှုသည် ၁၀ကြိမ်မြောက်တွေ့ဆုံမှုဖြစ်ပြီး၄င်းအနေဖြင့် ယခုတွေ့ဆုံမှုသည်ယခင်တွေ့ဆုံမှုများထက်ပိုမိုကောင်းမွန်သည့်အကျိုးရလဒ်ထွက်လိမ့်မည်ဟုမျှော်လင့်ကြောင်း ပြောဆိုသည်။

ဒေါ် အောင်ဆန်းစုကြည်က ယနေ့တွေ့ဆုံခြင်းနှင့် ပတ်သက်၍ သတင်းထောက်တစ်ဦး၏မေးမြန်းမှုကို "ကျွန်မတို့ကတော့ ဘာပဲလုပ်လုပ်တိုင်းပြည်နဲ့လူမျိုးအတွက်အကျိုးဖြစ်စေဖို့ပဲရည်ရွယ်ပါတယ်။စကားပဲပြောပြော၊ ဘယ်သူနဲ့ပဲတွေ့တွေ့ နိုင်ငံနဲ့တိုင်းပြည်၊ပြည်သူလူထု အကျိုးပြုဖို့ပါပဲ။ အဲဒါကိုပဲကျွန်မတို့ မျှော်လင့်ပါတယ်"ဟု ပြန်လည်ဖြေကြားခဲ့သည်။

## မျက်နှာဖုံး-စပါးစိုက် တောင်သူလယ်သမားများ စိုက်ပျိုးစရိတ် ပိုရလာဖွယ်ရှိမှ

လက်ရှိတွင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ချေးပေးနေသည်။ လယ်သမားများမှာစပါး ၁၀ဧကအထိသာ ထိုနှုန်းဖြင့်ချေးနိုင်ပြီး ၁၀ဧက ထက်ကျော်လျှင် ကျော်သော စပါးဧကအတွက် ချေးငွေမရပေ။

ယခုတိုးမြှင့်ပေးမည့် အစီအစဉ်အား ယခုနှစ်တွင် ဘတ်ဂျက်ပိတ်သွားပြီဖြစ်သဖြင့် လာမည့်ရာသီမှ ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရကြောင်း ဆန်စပါးလုပ်ငန်းရှင်အသင်းမှ ဗဟိုအလုပ်အမှုဆောင်က ဆက်လက်ပြောကြားသည်။

ထို့အပြင်သမ္မတကလယ်ယာလုပ်ငန်းအတွက် လိုအပ်သော ပြည်တွင်းထုတ် ဓာတ်မြေသြဇာများအား မြန်မာနိုင်ငံဆန်စပါးအသင်းမှ အာမခံပါက အသုံးပြုကုမ္ပဏီတစ်ခုလျှင် တန် ၆၀၀အား ခြောက်လဆိုင်းဖြင့် ရောင်းချပေးမည်ဟု ထုတ်ပြန်ထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်း ဗဟိုအလုပ်အမှုဆောင်တစ်ဦးက ဆိုသည်။



သတင်းနှင့်ဓာတ်ပုံ - အားမာန်၊ အိဖြူမွန်

**အာဇာနည်နေ (ဇူလိုင်၁၉ရက်နေ့)တွင် ရန်ကုန်မြို့ နတ်မောက်လမ်း ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၌ အများပြည်သူ ၇၀၀၀ကျော် လာရောက်ခဲ့သည်။**

**တစ်နှစ်လျှင် အာဇာနည်နေ့တစ်ရက်သာဖွင့်သော ဗိုလ်ချုပ်ပြတိုက်သို့ လာရောက်သူများတွင် လူငယ်များနှင့် မိသားစုလိုက်လာရောက်သူများသည် ပြတိုက်အတွင်းသို့ ကင်မရာနှင့် ဖုန်းယူဆောင်ခွင့်မပြုသဖြင့် ဗိုလ်ချုပ်ပြတိုက်ရောက်ခိုက် ဓာတ်ပုံမှတ်တမ်းတင်လိုသူအချို့ စိတ်ကသိကအောက်ဖြစ်ကြောင်း ပြောဆိုသံအချို့ ကြားခဲ့ရသည်။**

လယ်မြေအနေအထားကိုလိုက်၍ မိုးစပါးစိုက်ပျိုးရာတွင် လယ်တစ်ဧကလျှင် ကုန်ကျစရိတ်မှာ သွင်းအားစုမပါ ကျပ် သုံးသောင်းမှ ရှစ်သောင်းကြားထိ ကုန်ကျကြောင်းလေ့လာသူများက ဆိုသည်။

ထို့ကြောင့် ယခုနှစ်တွင် တောင်သူအများစုမှာ ယမန်နှစ်ကထက်ငွေကြေးလိုအပ်ချက် ပိုများနေခဲ့သည်ဟု တောင်သူများကဆိုသည်။

"ဘယ်ကပဲချေးချေး လယ်သမားအတွက်ကတော့ မင်္ဂလာသတင်းပဲ" ဟုရာသီဥတုဒဏ်အားဆိုးရွားစွာခံနေရသည့် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်မှ တောင်သူကြီးတစ်ဦးကဆိုသည်။

## မျက်နှာဖုံး-တက္ကသိုလ်အချို့ ကျောင်းသားလက်ခံမှုအရေအတွက် ပြောင်းလဲ မှ

သစ်တောတက္ကသိုလ်တွင် ယခင်နှစ်က ကျောင်းသားဦးရေ ၂၀၀ လက်ခံခဲ့ရာမှယခုနှစ်တွင်ကျောင်းသားဦးရေ ၁၀၀သာ လက်ခံတော့မည်ဖြစ်သည်။

နည်းပညာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများတွင်တက်ရောက်ပညာသင်ယူရန် ယခင်နှစ်က ကျောင်းသားဦးရေ ၃၀,၀၀၀ ကိုလက်ခံရန်ကြေညာခဲ့ပြီး၊ ယခုနှစ်တွင် ကျောင်းသားဦးရေ ၂၉,၂၅၀ သာ လက်ခံရန်ကြေညာထားသည်။

ကွန်ပျူတာတက္ကသိုလ်များတွင် ယခင်နှစ်က ကျောင်းသားဦးရေ ၁၀,၀၀၀ လက်ခံရန်ကြေညာထားခဲ့ပြီး ယခုနှစ်တွင် ကျောင်းသားဦးရေ ၇,၀၀၀ သာ လက်ခံမည်ဖြစ်ကြောင်း အထက်ပါလမ်းညွှန်စာအုပ်တွင်ဖော်ပြထားသည်။

သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များအလိုက် ယခင်နှစ်တက္ကသိုလ်ဝင်ခွင့်ကျောင်းသားလက်ခံမှုသည် ယခုနှစ်နှင့် ကွဲပြားချက်အချို့ဖြစ်ပေါ်ခဲ့ပြီး ကွန်ပျူတာတက္ကသိုလ်ပညာသင်နှစ်များကို သုံးနှစ်မှ လေးနှစ်သို့ တိုးမြှင့်သတ်မှတ်လိုက်သည်။

တက္ကသိုလ်ဝင်စာမေးပွဲရလဒ်ကောင်းမွန်ခဲ့သော ကျောင်းသားများ စိတ်ဝင်စားကြသည့် ရန်ကုန်၊ မန္တလေးနှင့် မကွေးမြို့တို့ရှိ ဆေးတက္ကသိုလ်လေးခုတွင်ကျောင်းသားဦးရေ ၂,၄၀၀ လက်ခံမည်ဖြစ်ပြီး ယခင်နှစ်နှင့် အပြောင်းအလဲများ မရှိခဲ့ပေ။

## စာ-၃၊ ပ်ရှင်နှင့်ဗီဒီယို ိုက်ကူးရာ တရား ံ၊ ရဲစခန်း၊ အကျဉ်းထောင်တို့၏ အပြင်အဆင်တွင် လိုက်နာရန်ပြင်ဆင်ချက်များ ထုတ်ပြန် မှ

စခန်းမှူး၊ အမှုလိုက်အရာရှိတို့ တရားခံကိုစစ်ဆေးနေပုံ၊ မူးယစ်သုံးစွဲနေသူတစ်ဦးနေအိမ်သို့ မူးယစ်အရာရှိ၊ စခန်းမှူး ရယကတို့ ပါဝင်သောအဖွဲ့ ဝင်ရောက်ရှာဖွေပုံ၊ တရားခံအား အချုပ်ခန်းမှ အဆင့်ဆင့်ထုတ်နေပုံ၊ လူသေအလောင်းအား စခန်းမှူး၊ အမှုလိုက်အရာရှိ၊ ရယကတို့နှင့် ပူးပေါင်းစစ်ဆေးနေပုံ၊ တိုင်းတရားသူကြီးဝတ်စုံ၊ ခရိုင်တရားသူကြီးဝတ်စုံနှင့် တရားသူကြီးတိုက်ပုံတို့ကိုလည်း လမ်းညွှန်ပြသထားသည်။ အချုပ်ခန်းအပြင်အဆင်တွင် သံတိုင်များကို အဖြူ၊ ကြမ်းခင်းကို လျှာထိုးကြမ်းခင်းဖြင့် ပြသထားပြီး ရိုးရိုးပြစ်ဒဏ်ကျအကျဉ်းသားဝတ်ဆင်သည့်ဝတ်စုံမှာ အင်္ကျီနှင့် ပုဆိုးအပြာရောင်ဖြစ်ရမည်ဖြစ်ပြီး ရိုးရိုးပြစ်ဒဏ်ကျအကျဉ်းသူ ဝတ်စုံကို အင်္ကျီအဖြူနှင့်လုံချည်အညိုသတ်မှတ်ထားသည်။ သေဒဏ်ပြစ်ဒဏ်ကျအကျဉ်းသား၊ အကျဉ်းသူဝတ်စုံကို အထက်အောက်လိမ္မော်ရောင်ဟု သတ်မှတ်ဖော်ပြထားသည်။ ယင်းလမ်းညွှန်ချက်အတိုင်း ရိုက်ကူးခြင်းမရှိသောဇာတ်ကားများကို ပြန်လည်ရိုက်ကူးရန် ညွှန်ကြားထားပြီး အဆိုပါ လမ်းညွှန်ချက်ပါဓာတ်ပုံများကို သက်ဆိုင်ရာ ရုပ်ရှင်၊ဗီဒီယိုထုတ်လုပ်သူတွေများထံသို့ စီဒီများဖြင့် ဝေငှထားကြောင်း သိရသည်။

# Health

7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

## ကလေးငယ်များတွင် အဖြစ်များလာသည့် တုပ်ကွေးနှင့် ဆင်တူသော ဖျားခြင်း

သီဟ

ယခုရက်ပိုင်း တစ်ပတ်နှစ်ပတ်အတွင်း ကလေးငယ်များ ဖျားနာမှုများပိုမိုများပြားလာပြီး ယင်းသို့ဖျားနာရာတွင်လည်း တုပ်ကွေးသီးသန့်မဟုတ်ဘဲ တုပ်ကွေးနှင့်ဆင်တူသည့် အဖျားများဖြစ်လေ့ရှိကြောင်း ကလေးအထူးကုဆရာဝန်ကြီးတစ်ဦးကပြောသည်။

ထိုသို့ဖျားနာရာတွင်လည်း ဖျားသည့်ကလေးများသည် ကိုယ်ပူကြီးခြင်း၊နှာရည်များယိုခြင်း၊ နှာပိတ်ခြင်း၊ နှာချေခြင်း၊ချောင်းဆိုးခြင်းတို့လည်း ဖြစ်ပွားတတ်ကြောင်း သိရသည်။



ကလေးများဖျားနာရာတွင် ယင်းတို့၏ အဖျားဒီဂရီသည် ၁၀၂ ဒီဂရီစင်တီဂရိတ်နှင့် အထက်တွင်ရှိနေလေ့ရှိကြကြောင်း သိရပြီး အသက် ခြောက်လနှင့် ငါးနှစ်ကြား ကလေးများသည် ကိုယ်ပူကြီးခြင်းကြောင့် တက်ခြင်းများဖြစ်ပေါ်နိုင်သည်ဟု ကလေးအထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခဒေါက်တာယုဇနစောမြင့်ကပြောသည်။

ယခုရာသီသည် သွေးလွန်တုပ်ကွေးရာသီဖြစ်သော်လည်း သွေးလွန်တုတ်ကွေးရောဂါ ဖြစ်ပွားမှုနည်းပါးပြီး အထက်ပါအတိုင်း ဖျားနာခြင်းများ အဖြစ်များကြောင်းသိရသည်။

ထိုသို့ဖျားနာခြင်းသည် ယခင်က ရာသီပြောင်းတုပ်ကွေးဖြစ်ပါက ဗိုင်းရပ်စ်ကြောင့်သာဖြစ်ပွားလေ့ရှိသော်လည်း ယခုဖြစ်ပွားခြင်းသည် ဗိုင်းရပ်စ်ကြောင့်အပြင် ဘက်တီးရီးယားကြောင့်ပါဖြစ်ပွားတတ်ကြောင်းသိရသည်။

"အခုဖြစ်နေတာက ဗိုင်းရပ်စ်ကြောင့်ဖြစ်တဲ့ Flu လို့လည်းပြောလို့မရဘူး Flu ဆိုရင် ဗိုင်းရပ်စ်ကြောင့်ဖြစ်တာမိုလို့ သူ့အချိန်နဲ့သူပျောက်သွားမှာ ဒါပေမဲ့ အခုဖြစ်တာက ငါးရက်တစ်ပတ်လောက်လည်းကြာတတ်တယ်။ နောက်ပြီး အသက်ရှုလမ်းကြောင်းမှာလည်း ဘက်တီးရီးယားကြောင့်ဖြစ်တဲ့ လေပြွန်ရောင်တာ၊ အဆုတ်ပွတာတွေလည်း ဖြစ်တာတွေ့ရတယ်" ဟု ဒေါက်တာ ယုဇနစောမြင့်က ပြောသည်။

ယခုရာသီဥတုသည် အစွန်းနှစ်ဘက်တွင်ရှိနေသောရာသီဥတုဖြစ်သဖြင့် ဘက်တီးရီးယားနှင့် ဗိုင်းရပ်စ်များသည်ယင်းကဲ့သို့သောရာသီမျိုးတွင် ပွားများရန် လွယ်ကူတတ်ကြောင်းသိရသည်။ **စာ(၁၄)**

## အရေးပေါ်လူနာတင် လေယာဉ်ဝန်ဆောင်မှု စတင်ပေးရန်စီစဉ်

သီဟ

**ရန်ကုန်၊ဇူလိုင်-၂၁**

စင်ကာပူနိုင်ငံရှိ Parkway Group Healthcare နှင့် မြန်မာနိုင်ငံမှ Keen Cie Health Care Service တို့ ပူးပေါင်း၍ အရေးပေါ်လူနာတင်လေယာဉ်ဝန်ဆောင်မှု Emergency Air Evacuation Service အား မကြာမီစတင်ဝန်ဆောင်မှုပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယခုအချိန်တွင်အဆိုပါဝန်ဆောင်မှုအတွက်မြန်မာနိုင်ငံဘက်မှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းမှုများလုပ်ဆောင်လျက်ရှိနေသေးကြောင်း KC မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီဝန်ဆောင်မှုကို အခုကတည်းက စမယ်ဆိုရင်လည်း စလို့ရနေပါပြီ။ လူနာဘက်က လိုလို့ အကူအညီတောင်းရင် လုပ်ပေးလို့ရနေပါပြီ။ ဒါပေမဲ့ သက်ဆိုင်ရာနဲ့တိတိကျကျမလုပ်ရသေးတဲ့အတွက် ကြာချိန်ကိုတော့ တိတိကျကျမပြောနိုင်သေးပါဘူး"ဟု KC မှ မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာကျော်မင်းက ပြောသည်။ အဆိုပါ အရေးပေါ်လူနာတင်လေယာဉ်ဝန်ဆောင်မှုတွင်မြန်မာနိုင်ငံမှစင်ကာပူသို့သာမက လူနာဘက်မှ တောင်းဆိုပါကလည်း အခြားနိုင်ငံများသို့ပါ ပို့ဆောင်ပေးမည့် ဝန်ဆောင်မှုပါ ပါရှိကြောင်း Parkway Group Healthcare မှတာဝန်ရှိသူတစ်ဦးက ပြောသည်။ ယင်းဝန်ဆောင်မှုအတွက် ခန့်မှန်းကုန်ကျငွေမှာ ကန်ဒေါ်လာသုံးသောင်းခန့် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပြည်ပသို့ အရေးပေါ်လူနာတင် လေယာဉ်ဖြင့်သွားရောက်ဆေးကုသမှုခံယူခြင်းများအား ငွေကြေးကြွယ်ဝသူများက ရံဖန်ရံခါပြုလုပ်လေ့ရှိကြောင်း သိ ရသည်။

## စမတ်ကျကျနဲ့ လှနိုင်ဖို့



**ဝတ်ရည်**

လူ့ခန္ဓာကိုယ်တွင် အကြီးဆုံးအစိတ်အပိုင်းဖြစ်သည့် အရေပြားသည် ခန္ဓာကိုယ်အတွင်းအစိတ်အပိုင်းများအား ထိခိုက်မှုမရှိစေရန် ဖုံးအုပ်ထားသည့်အရာတစ်ခုဖြစ်သည့်အပြင် လူတစ်ဦးအားလှပတင့်တယ်မှုဖော်ညွှန်းပေးသည့် အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။

ယခုကဲ့သို့ ကိုရီးယားဖက်ရှင်မှာ မြန်မာအမျိုးသမီးများကြားတွင်ခေတ်စားလာသည့်အချိန်၌ လူတစ်ဦး၏ အလှအားမြင်သာစေသည့်အပြင်ဘက်ဆုံးတွင်ရှိသည့် အရေပြားကျန်းမာရေးမှာ လူတိုင်းအလေးထားသည့်ကိစ္စတစ်ခုဖြစ်လာပြီး အရေပြားပေါ်တွင် အနာရွက်များ၊ ယားနာများ စသည်ဖြင့်မရှိစေရန် ဂရုပြုအလေးထားသူများများပြားလာသည်။

ထိုကဲ့သို့ပြင်ပမှ ဒဏ်ရာများအား ဂရုပြုကာကွယ်နိုင်သော်လည်း ခန္ဓာကိုယ်အတွင်းမှ ဖြစ်ပွားမှုများကြောင့်ဖြစ်လာသည့် အသားကြောများပြတ်ပြီး အရေပြားတွင် အစင်းကြောင်းများ ဖြစ်ပေါ်သော အကြောပြတ်ခြင်းအား ဂရုပြုကာကွယ်မှု နည်းပါးနေသေးကြောင်း သိရသည်။

ခပ်တိုတို ခပ်မိုက်မိုက် ဒီဇိုင်းနှင့်ဖက်ရှင်ကျနေသော အမျိုးသမီးတစ်ယောက်သည် အရေပြားတွင် ထင်နေသည့်အသားကြောအပြတ်များကြောင့် မိမိကိုယ်မိမိ ယုံကြည်မှုလျော့နည်းခြင်း မရှိစေရန် ကြိုတင်ကာကွယ်ခြင်းကိုလည်း လုပ်ဆောင်သင့်သည်။

ထိုအကြောများ ပြတ်ခြင်းသည် ရုတ်တရက်ဝလာသည့်အခါ အရေပြားအားရုတ်တရက်ဆွဲဆန့်သလိုဖြစ်သွားသည့်အတွက် အရေပြား၏အောက်အလွှာတွင်ရှိသည့် ကိုလာဂျင်(collagen)ဟုခေါ်သော အရေပြားအားတင်းစေသောအမျှင်များပြတ်သည့်အတွက် အစင်းကြောင်းအပြတ်ပြတ်များ အရေပြားပေါ်တွင်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ရန်ကုန်ဆေးရုံကြီးမှ အရေပြားဆိုင်ရာ အထူးကုဆရာဝန် ဒေါက်တာလင်းထက်က ပြောသည်။

"ဝတဲ့သူတွေမှာ အများဆုံးဖြစ်လေ့ရှိကြတယ်။ အများအားဖြင့် လက်မောင်း၊ ဗိုက်၊ ခြေသလုံး၊ ပေါင်၊ တင်ပါး၊ ဒူးနဲ့ ခါးတွေမှာ အဖြစ်များတယ်"ဟု အဆိုပါဆရာဝန်က ပြောသည်။

**စာ(၁၄)သို့**



7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# ရတနာ့မေတ္တာအဖွဲ့က အေအာဗီဆေး အကူအညီတိုးမြှင့်ပေးမည်

မြတ်စုမွန်

ရန်ကုန်၊ ဇူလိုင်-၂၁

**အိတ်ချ်အိုင်ဗီ၊ အေ့စ်ရောဂါကာကွယ်တာဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ရတနာ့မေတ္တာအဖွဲ့က ယခုနှစ်တွင် ပြည်တွင်းပုဂ္ဂလိကအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ARVဆေးဝါးလိုအပ်လျက်ရှိသူ၅၀ ဦးအထိ ဆေးဝါးတိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ယင်းအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောသည်။**

“မနှစ်က ပြည်တွင်းအလှူရှင်တွေရဲ့ အထောက်အပံ့နဲ့ ၃၅ ယောက်အတွက် ARV ပေးခဲ့တယ်။ ဒီနှစ် ၁၅ ယောက်ထပ်တိုးတယ်။ အလှူရှင်ကတော့နည်းနည်းစီထပ်တိုးလာတယ်” ဟု ရတနာ့မေတ္တာအဖွဲ့ ဥက္ကဋ္ဌဦးမြင့်ဆွေက ပြောသည်။

နိုင်ငံတကာလူမှုရေးအဖွဲ့အများနှင့် ချိတ်ဆက်ကာ HIV/AIDS ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ရတနာ့မေတ္တာအဖွဲ့က ပြည်ပအလှူရှင်များထံမှ ဆေးဝါးထောက်ပံ့မှုမရတော့သည့် အခြေအနေမျိုးကြုံတွေ့ရပါက ပြည်တွင်းအလှူရှင်များ၏ ပံ့ပိုးမှုဖြင့် အိတ်ချ်အိုင်ဗီကူးဆက်ခံထားရသူများအား ဆက်လက်ပံ့ပိုးသွားနိုင်ရန် ရည်ရွယ်၍ ယခုအစီအစဉ်ကို ၂၀၀၉ ခုနှစ် ဇွန်လမှစတင်ခဲ့သည်။

ပြည်တွင်းပုဂ္ဂလိကအလှူရှင်များသည်တစ်ဦးချင်းစီလိုက်လည်းကောင်း၊ အစုအဖွဲ့လိုက်လည်းကောင်း ARV ဆေးဝါးလိုအပ်လျက်ရှိသည့် အိတ်ချ်အိုင်ဗီကူးစက်ခံထးရသူများကို ရတနာ့မေတ္တာအဖွဲ့မှတစ်ဆင့် လစဉ်လှူဒါန်းပေးလျက်ရှိကြောင်း ထိုသို့လှူဒါန်းလိုသူများအနေဖြင့်လည်း ရတနာ့မေတ္တာအဖွဲ့သို့ဆက်သွယ်နိုင်ကြကြောင်း သိရသည်။

“ARV လှူဒါန်းတာက ပိုက်ဆံရှိတုန်းမှာ ငွေအပုံလိုက်လှူချင်တယ်ဆိုပြီး လှူပြီးမှ မရှိတော့တဲ့ အချိန်မှာ မလှူတော့လို့ မရဘူး။ ARV ဆိုတာတစ်သက်လုံးသောက်နေရတဲ့ဆေးဖြစ်လို့ လစဉ်ရေရှည်လှူဒါန်းနိုင်မှ ဖြစ်တာမျိုးပါ”ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

ရတနာ့မေတ္တာအဖွဲ့သည် ပြည်ပလူမှုရေးအဖွဲ့အစည်းများ၏ပံ့ပိုးမှုဖြင့်အေအာဆီဆေးဝါးလိုအပ်နေသူ ၄၆၀ ဦးကို ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗီကူးစက်ခံထားရသူ ၂၅၀,၀၀၀ ခန့်ရှိပြီး ၎င်းတို့အနက် ARV ဆေးဝါးလိုအပ်နေသူ ၇၄,၀၀၀ ခန့်ရှိကာ ဆေးဝါးထောက်ပံ့မှုအကူအညီရရှိသူဦးရေမှာ ၂၀,၀၀၀ ခန့်သာရှိသေးကြောင်း ကုလသမဂ္ဂ၏ တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

## စာ - ၁၃၊ စမတ်ကျကျနဲ့ လှနိုင်ဖို့ မှ

ထိုကဲ့သို့ အကြေါများပြတ်ခြင်းသည် အရေပြားဆွဲဆန့်ခံရခြင်းကြောင့်ဖြစ်ပွားသည့်အတွက် ရုတ်တရက်ပိန်နေရာမှဝလာသည့် အခြေအနေတွင်လည်းကောင်း၊ ကိုယ်ဝန်ဆောင်သည့် အချိန်တွင် ဝမ်းဗိုက်အရေပြားများ ဆွဲတင်းလာခြင်းကြောင့်လည်းကောင်း၊ တချို့သူများတွင် ခရီးဝေးသွားသည့်အခါ ဘောင်းဘီအကျပ်များဝတ်ဆင်သည့်အတွက် ထိုင်သည့်အနေအထား၊ ဘောင်းဘီအကျပ်တို့၏ တင်းအားများကြောင့် အရေပြားများဆွဲဆန့်သလိုဖြစ်ပြီး ခရီးမှပြန်လာသည့် အချိန်များတွင်လည်းကောင်း ပေါင်၊ ဒူး၊ ခြေသလုံးနေရာများ၊ ဝမ်းဗိုက်များ၊ တင်ပါးနေ ရာများ၌ အပြတ်များ စတင်ဖြစ်ပေါ်လာလေ့ရှိကြောင်း သိရသည်။အကြောများပြတ်ခြင်းသည် ဝသည့်လူတိုင်းတွင် ဖြစ်ပွားခြင်းတော့ မဟုတ်ဘဲ အချို့ခန္ဓာကိုယ်ပိန်သွယ်သူများတွင်လည်းကောင်း၊ အချို့ ဝသော်လည်း ဖြစ်ပွားခြင်းမရှိသည့်သူများလည်း ရှိကြောင်း ဒေါက်တာလင်းထက်က ပြောသည်။

“ဝတဲ့သူတိုင်းတော့ မဖြစ်ပါဘူး။ တစ်ခါတလေ ပိန်တဲ့သူတွေမှာလည်းဖြစ်တယ်။ ဝပေမယ့် မဖြစ်တဲ့သူတွေလည်းရှိတယ်။ ဖြစ်နိုင်တာကတော့ အရေပြားရဲ့ ဖြစ်နေတဲ့ အခြေအနေတွေနဲ့၊ ဝလာတဲ့ အခြေအနေတွေအပေါ် မူတည်ပြီးတော့ဖြစ်တယ်။ ဝတဲ့လူတွေကတော့ ပိုဖြစ်နိုင်တာပေါ့” ဟု ဒေါက်တာလင်းထက်က ပြောသည်။

အရေပြားခြောက်သွေ့နေသည့်အခါ ပိုမိုပြတ်တောက်နိုင်သည့်အခြေအနေရှိခြင်း၊ ရုတ်တရက် ချက်ချင်းဝလာခြင်းတို့က အကြောပြတ်စေနိုင်သည့် အဓိကအကြောင်းဖြစ်ပြီး အရေပြားနူးညံ့နေစေရန် skin care များ ပုံမှန်အသုံးပြု၍ ကာကွယ်နိုင်သည်။

skin care များ အသုံးပြုသည့်အခါ အဆီဓာတ်ကြောင့် အရေပြားပျော့ပျောင်းလာပြီး အသားအရေ နူးညံ့လာသည့်အပြင် အရေပြား၏ ရေဓာတ်ကိုပါ ထိန်းသိမ်းပေးသည့်အတွက် ဆွဲသည့်ဒဏ်ကိုခံနိုင်ပြီး အကြောများပြတ်ထွက်မှုကို ကာကွယ်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

“ကိုယ်ဝန်ဆောင်တွေဆိုလည်း ဗိုက်ကြောတွေ မပြတ်အောင် သံလွင်ဆီလို အဆီတွေ လိမ်းကြတာကောင်းပါတယ်။ ဒါပေမဲ့ မကြာခဏနဲ့ အကြိမ်များများတော့သုံးသင့်တယ်။ အကြောပြတ်တာက မဖြစ်ခင်ကာကွယ်တာနဲ့ ဖြစ်ခါစမှာ ကုသတာက အကောင်းဆုံးပဲ။ ဖြစ်ခါစဆိုရင်လည်း Treatment တွေ ဆေးဝါးတွေ၊ လေဆာနည်းတွေနဲ့ ကုရင်ပျောက်နိုင်သေးတယ်။ ကြာမှဆိုရင်တော့ မပျောက်နိုင်တော့ဘူး” ဟု ဒေါက်တာလင်းထက်ကပြောသည်။

အရေပြားတွင်ဖြစ်ပွားသည့်အခါဖြစ်ပွားသည့်နေရာတွင် ချိုင့်သွားပြီး အရေပြားပါးသလိုဖြစ်ကာ သွေးကြောများနီရဲလာပြီး ဖြစ်ခါစတွင် နီရဲနေသည့် အခြေအနေအား ဆေးလိမ်းခြင်းနည်းလမ်းများဖြင့်ကုသနိုင်ကြောင်းသိရသည်။

ထိုကဲ့သို့ အရေပြားပါးလာပြီး အကြောများပေါ်လာခြင်းသည် အလှအပအတွက်သာ အမြင်မကောင်းသော်လည်းနောက်ဆက်တွဲကျန်းမာရေး ပြဿနာဖြစ်ပေါ်လာစေသည်အထိတော့ ဖြစ်ပွားလေ့မရှိနိုင်ကြောင်း သိရသည်။

ဆေးရုံ၊ ဆေးခန်းများသို့ ရောက်လာသည့် အကြောပြတ်သည့် လက္ခဏာပေါ်ပေါက်လာသူများတွင် အလှအပအတွက် လာသူများရှိသကဲ့သို့ အရေပြားရောဂါများအတွက် ဆရာဝန်ညွှန်ကြားချက်မဟုတ်ဘဲ မိမိဘာသာမိမိ ဝယ်ယူသုံးသည့် ဆေးဝါးများ၌ စတီးရွိုက်များ ပါဝင်သည့်အတွက် အရေပြားများပါးလာပြီး အကြောများပြတ်မှုများ ဖြစ်ပွား၍ လာရောက်သူများလည်း အများအပြားဖြစ်ကြောင်း ဒေါက်တာလင်းထက်ကပြောသည်။

အကြောပြတ်မှုကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ခရီးသွားသည့်အခါတွင် အရေပြား မလှုပ်နိုင်သည်အထိ ကျပ်နေသည့်အဝတ်အစားများ ရှောင်ကြဉ်ခြင်း၊ ခန္ဓာကိုယ်အလေးချိန် အလွန်အမင်း ရုတ်တရက်မတက်လာစေရန် ဂရုပြုခြင်း၊ စတီးရွိုက်ပါဝင်သည့် ဆေးဝါးများအား ဆရာဝန်ညွှန်ကြားချက် မပါဘဲ အသုံးပြုခြင်းအား ရှောင်ကြဉ်ခြင်း၊ လေအေးပေးထားသောအခန်းအတွင်းကြာရှည်နေထိုင်သူများတွင် ရေဓာတ်ဆုံးရှုံးမှုကြောင့် အရေပြားဆွဲဆန့်မှုဒဏ်အား မခံနိုင်သဖြင့် အကြောများ ပိုမိုပြတ်နိုင်သဖြင့်အရေပြားအားရေဓာတ်ပြည့်ဝပြီး နူးညံ့မှုရှိနေစေရန် skin care များ အသုံးပြုခြင်းဖြင့် ကြိုတင်ကာကွယ်ခြင်းဖြင့် အရေပြားလှပစေနိုင်ကြောင်း သိရသည်။

## စာ-၁၃၊ ကလေးငယ်များတွင် အဖြစ်များလာသည့် တုပ်ကွေးနှင့်ဆင်တူသော ဖျားခြင်း မှ

ကလေးများ ဖျားရာတွင် မိမိတို့၏ဝေဒနာအား ပြန်လည်ပြောပြတတ်သည့် ကလေးဖြစ်ပါက ခြေလက်များ ညောင်းခြင်းကိုက်ခြင်းဖြစ်သည်ဟုပြောလေ့ရှိကြကြောင်း ဒေါက်တာယုဇနစောမြင့်က သူ၏အတွေ့အကြုံကို ပြောသည်။

ထိုသို့ဖျားနာသော ကလေးများဆေးခန်းလာပြပါက “တချို့ကလေးတွေက ဆေးခန်းလာပြတဲ့အချိန်မှာ အရမ်းအပူကြီးတယ်။ ဒါကြောင့်မို့လို့ ဒီမှာပဲ ရေပတ်တိုက်ပေးပြီး စအိုထဲကိုထည့်တဲ့ ပါရာစီတမောထည့်ပေးလိုက်တယ်။ အဲဒီတော့မှ အဖျားနည်းနည်းကျသွားတာတွေတွေ့ရတယ်”ဟုဒေါက်တာယုဇနစောမြင့်က ပြောသည်။

ယခုရာသီတွင် ဖျားနာသည့် ကလေးများသည် စဖျားသည့် ပထမ ၂၄နာရီအတွင်း အဖျားကြီးလေ့ရှိကြပြီး အဆိုပါ ၂၄နာရီအတွင်း၌ပင် တက်ခြင်းများဖြစ်ပွားတတ်ကြကြောင်း သိရသည်။ ထို့ကြောင့် ကလေးများဖျားပါက ရေပတ်ပုံမှန်တိုက်ပေးခြင်း၊ လေဝင်လေထွက်ကောင်းမွန်စေရန်ပြုလုပ်ပေးခြင်း စသည်များလုပ်ပေးရမည်ဖြစ်ပြီး အဲယားကွန်းအခန်းဖြစ်ပါကလည်း အဲယားကွန်းအား ပိတ်ထားခြင်းမျိုးမပြုလုပ်သင့်ဘဲ သင့်တင့်ရုံဖွင့်ထားခြင်းဖြင့် ကလေးအဖျားကျခြင်းကို အထောက်အကူဖြစ်စေနိုင်ကြောင်း သိရသည်။

မိဘများအနေဖြင့်လည်း မိမိတို့ကလေးဖျားနာပါက ကောင်းစွာအနားပေးရန် လိုအပ်ပြီး ဖျားနာချိန်တွင် မည်သို့သောအကြောင်းကြောင့်နှင့်မျှ ကျောင်းမလွှတ်သင့်ကြောင်း သိရသည်။

“ကလေးတွေ ဖျားနေရင် ကျောင်းကို မလွှတ်တာကောင်းတယ်။ ကျောင်းကိုလွှတ်ရင် သူကလည်းရောဂါဖြန့်မှာပဲ တခြားသူဆီကလည်း သူပြန်ကူးစက်လာနိုင်တာပဲ”ဟု ဒေါက်တာယုဇနစောမြင့်ကပြောသည်။


ထို့အပြင် ကလေးများဖျားနာချိန်တွင် ခံတွင်းပျက်ခြင်းလည်းဖြစ်ပွားတတ်ကြကြောင်းသိရသည်။ ခံတွင်းပျက်သဖြင့် ကလေးများစားချင်သောက်ချင်စိတ်ကုန်ခန်းနေသော်လည်း မိဘများအနေဖြင့် ကလေး အားရှိစေမည့် အရည်များ တိုက်ကျွေးခြင်း အစာပျော့ပျော့ ကျွေးခြင်းများပြုလုပ်ပေးသင့်ကြောင်းသိရသည်။

ထို့အပြင်ကလေးများအား ဆရာဝန်နှင့်မပြသမီတွင် ကြိုတင်ဆေးတိုက်မည်ဆိုပါကလည်း ပါရာစီတမောရိုးရိုးသာတိုက်သင့်ပြီး အခြား အကိုက်အခဲပျောက်ဆေးများ ရောနှောပါဝင်သည့် ဆေးများ မတိုက်သင့်ဟုဒေါက်တာယုဇနစောမြင့်ကပြောသည်။

“အကိုက်အခဲပျောက်ဆေးတွေပါတဲ့ဆေးတွေ တိုက်လိုက်ရင်ကလေးက အစာအိမ်သွေးယိုတာတွေဘာတွေဖြစ်တတ်တယ်။ အဲဒီအခါကျရင် သွေးလွန်တုတ်ကွေးနဲ့ မှားတတ်တယ်”ဟုဒေါက်တာယုဇနစောမြင့်ကဆက်လက်ပြောကြားသည်။

ထို့အပြင်လွယ်လွယ်ရသည့် မြန်မာဆေးများလည်း တိုက်ကျွေးခြင်း၊ ဆရာဝန်ညွှန်ကြားခြင်းမရှိသည့် ပိုးသတ်ဆေးများ တိုက်ကျွေးခြင်းများလည်း မပြုလုပ်သင့်ကြောင်းသိရသည်။

ထို့ကြောင့် ယခုအချိန်တွင် မဖျားစေရန်အတွက် ကလေးငယ်များအားဗီတာမင်အေပါဝင်သည့် အစားအစာများ များများစားသုံးစေခြင်း၊ လေထုညစ်ညမ်းမှုမဖြစ်ပွားစေရန်ဂရုပြုစေခြင်း အစရှိသည်များ ပြုလုပ်ပေးရမည်ဖြစ်သည်။ အသက်ရှူလမ်းကြောင်းမှ ကူးစက်သည့်ရောဂါများလည်းကူးစက်မှုမရှိစေရန် လူထူထပ်သည့်နေရာများသို့သွားရောက်ခြင်းမှလည်း ရှောင်ကြဉ်သင့်ကြောင်းဒေါက်တာယုဇနစောမြင့်ကပြောသည်။





Regional

7 DAY NEWS JOURNAL

Vol.10, No.19 · JULY 28, 2011


# အာဇာနည်နေ့တွင် နတ်မောက်ဗိုလ်ချုပ်ပြတိုက် ကြည့်ရှုလေ့လာသူများပြား

**ရွှေဖြိုးမောက်**

**ရန်ကုန်၊ ဇူလိုင်- ၂၀**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးဖွားခဲ့သည့် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်အား ဇူလိုင် ၁၉ရက်(အာဇာနည်နေ့)ကအများပြည်သူများ ကြည့်ရှုလေ့လာရန် ဖွင့်လှစ်ခဲ့ရာ ဒေသခံများသာမက မြန်မာနိုင်ငံအရပ်ရပ်ရှိ မြို့များမှ ပြည်သူအများအပြားလာရောက်ကြည့်ရှုခဲ့ကြသည်။

“ဒီနှစ်ကတော့ တော်တော်လေးထူးထူးခြားခြားပဲ။ အာဇာနည်နေ့မတိုင်မီကတည်းက ဗိုလ်ချုပ်အိမ်ဝင်းတစ်ခုလုံး သေသေချာချာသန့်ရှင်းပေးထားတယ်။ မြက်တွေရှင်း၊ ဆေးတွေသုတ်နဲ့ခါတိုင်းနှစ်နဲ့မတူဘဲ အထူးဂရုစိုက်လုပ်ပေးတာကို တွေ့ရတယ်။ အရင်နှစ်တွေ ဘာမှကို ပြင်ဆင်တာမရှိဘူး။ ဒီနှစ်တော့ မကွေး ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ရှိသူတွေကိုယ်တိုင်လာပြီးလုပ်ပေးကြတာ။ ဗိုလ်ချုပ်အိမ်ကိုလာကြည့်တဲ့သူတွေကလည်း မကွေး၊ပခုက္ကူ၊ မန္တလေးနဲ့ ရန်ကုန်စတဲ့မြို့တွေကပါ။ နာမည်စာရင်းပေးရုံပဲ။ ဝင်ကြေးမပေးရဘူး။ ကင်မရာ၊ ဗီဒီယိုစိတ်တိုင်းကျ ရိုက်ခွင့်ပေးတယ်။ မြို့ခံမဟုတ်တဲ့သူတွေကတော့ဗိုလ်ချုပ်နေအိမ်ပြတိုက်အပြင် ဗိုလ်ချုပ်ကြေးရုပ်၊ ဒီပက်ရာကျောင်းတိုက်၊ ဦးဖာ+ဒေါ်စုတန်ဆောင်း၊ ဘုရားနဲ့ နတ်မောက်မြို့ပေါ်က အထင်ကရနေရာတွေကိုပါလေ့လာခဲ့ကြတယ်”ဟု နတ်မောက်မြို့ပေါ် စာသင်တိုက်တစ်ခုမှ ဆရာတော်တစ်ပါးကမိန့်ကြားသည်။



နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ကို ပိတ်ထားသည့်ရက်ကတွေ့ရစဉ်

ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်အား အာဇာနည်နေ့ နံနက် ၆ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ခဲ့ရာ လာရောက်လေ့လာကြည့်ရှုသူ စုစုပေါင်း ၆၅၀ ကျော်ရှိကြောင်း လာမည့်နှစ်များတွင်လည်း ယခုကဲ့သို့ ပြင်ဆင်မွမ်းမံမှုများပြုလုပ်ကာ နှစ်စဉ်အာဇာနည်နေ့များတွင် ဖွင့်လှစ်သွားရန် အစီအစဉ်ရှိကြောင်း နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်မှူး ဦးဝင်းမောင်ထံမှ စုံစမ်းသိရသည်။

# နယ်စပ်မှ ပြည်ပသကြား ဝင်ရောက်မှုကြောင့် လုပ်ငန်းရှင်များ အခက်တွေ့ဟုဆို

**မင်းဒင်**

**မန္တလေး၊ ဇူလိုင် - ၂၃**

ပြည်ပသကြားများအား နယ်စပ်မြို့များတွင် ဝယ်ယူသုံးစွဲနေကြရာ ပြည်တွင်းသကြားလုပ်ငန်းရှင်များ ဈေးကွက်ဝေစုလျော့နည်းကာ အခက်ခဲများဖြစ်ပေါ်လျက်ရှိကြောင်း သတင်းရရှိသည်။

“အိန္ဒိယနဲ့ ထိုင်းနယ်စပ်မြို့တွေဖြစ်တဲ့ ကလေး၊ တမူး၊ မြိတ်၊ ကော့သောင်းစတဲ့မြို့တွေကသယ်ယူစရိတ်သက်သာတဲ့ ပြည်ပသကြားပဲသုံးကြတယ်။ ပြည်ပနဲ့ပြည်တွင်း သကြားဈေးမကွာတော့ သယ်စရိတ်သက်သာတဲ့ ပြည်ပသကြားအသုံးများသွားတယ်။ ဒီတော့ ပြည်တွင်းသကြားက ဈေးကွက်ဝေစုလျော့ပြီး မကုန်တော့ဘူး။ သကြားစက်အချို့ရပ်တောင်ထားရတယ်”ဟုသကြားနှင့်သကာရည်လုပ်ငန်းရှင်များ ကထိန်တော်အသင်း ဥက္ကဋ္ဌဦးဝင်းဌေးက ပြောကြားသည်။

အိန္ဒိယနှင့် ထိုင်းနယ်စပ်မြို့များတွင်သာ ပြည်ပသကြားသုံးစွဲရသော်လည်း တရုတ်နယ်စပ်မြို့များတွင် ပြည်တွင်းသကြားသာသုံးစွဲကြသည်။ တရုတ်ဘက်တွင် သကြားဈေးမှာ ပြည်တွင်းဈေးထက်များပြီး သကြားပေါ်၌ကောက်ခံသည့်အခွန်နှုန်းထားသည်လည်း မြင့်မား၍ တရုတ်ဘက်သို့ သကြားတင်ပို့မှုလည်းမရှိကြောင်း ၎င်းက ပြောသည်။

ယခုကဲ့သို့ ပြည်ပသကြားများပြည်တွင်းသို့ အကောက်ခွန်မဲ့ဝင်ရောက်လျက်ရှိရာသုံးစွဲသူများအတွက်သက်သာမှုရှိသော်လည်း ပြည်တွင်း သကြားလုပ်ငန်းရှင်များအတွက် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်ဟု ဆိုသည်။

လွန်ခဲ့သည့် ငါးနှစ်ခန့်က မန္တလေးတွင် သကြားစက် အလုံး ၇၀ ခန့်ရှိခဲ့ရာ ယခုအခါလည်ပတ်နိုင်သည့် သကြားစက် ၂၅ လုံးခန့်သာရှိတော့ကြောင်း အသင်းဥက္ကဋ္ဌက ပြောကြားသည်။

အသင်းသားဦးရေမှာလည်း လွန်ခဲ့သည့်ငါးနှစ်ခန့်ကထက် သုံးပုံတစ်ပုံခန့်အထိ ကျဆင်းသွားရာ ယခုအခါ အသင်းသားဦးရေ ၈၀၀ ဝန်းကျင်သာ ကျန်ရှိတော့ကြောင်း သိရသည်။ သကြားနှင့် ပတ်သက်သည့်နယ်စပ်ဖြတ်ကျော်မှုအခွန်များ ပြင်ဆင်မှုမရှိပါက ပြည်တွင်းရှိ အလတ်စားသကြားစက်များ ရပ်တန့်ရသည်အထိ ဖြစ်ပေါ်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

# ဟဲဟိုးအာလူး အရောင်းထိုင်း၍ တောင်သူများအခက်တွေ့

**အောင်ချမ်း(ဟဲဟိုး)**

**ဟဲဟိုး၊ ဇူလိုင်- ၁၅**

ဟဲဟိုးအာလူးစိုက်ပျိုးမှုမှာ ၂၀၁၁ခုနှစ်တွင်စိုက်စရိတ်ဈေးမြင့်ပြီး ဈေးမကောင်းသဖြင့် အာလူးစိုက်တောင်သူအများစုအရှုံးပေါ်နေကြောင်းသိရသည်။ ပိုးသတ်ဆေးနှင့် မြေဩဇာဈေးနှုန်းမှာသိသိသာသာမတက်သော်လည်းသုံးစွဲမှုနှုန်းမှာလျှော့သုံး၍မရသဖြင့် တစ်ဧကစိုက်စရိတ်မှာ ရိတ်သိမ်းပြီးသည်အထိကျပ်သိန်း ၂၀ ဝန်းကျင်ကုန်ကျကြောင်း ဒေသခံများကပြောသည်။ အထွက်နှုန်းမှာတစ်ဧကပိဿာချိန် ၅,၀၀၀ အနည်းဆုံးထွက်၍ ပေါက်ဈေးမှာပျမ်းမျှတစ်ပိဿာ ၄၀၀ ကျပ်နှုန်းဖြင့် ရောင်းရပါကအရင်းရနိုင်သော်လည်းအရောင်းမသွက်သဖြင့် ဈေးကျအရောင်း ထိုင်းနေသောကြောင့် တောင်သူအများစု စိတ်ဓာတ်ကျနေသည်။လာမည့် အာလူးရာသီနှင့် မိုးရာသီစပါးပြန်စိုက်ရန် တောင်သူကြီးများမှအပ တောင်သူငယ်များအခက်တွေ့နေကြောင်း သိရသည်။


# ယာဉ်အလေးချိန်မခံနိုင် တံတားကျိုးပြီး ဆန်အိတ်များ ရေထဲကျ

**လူအောင်**

**အင်းတော်၊ ဇူလိုင်- ၁၃**

ကသာခရိုင် အင်းတော်မြို့နယ် နဘားရွာအနီးစော်မော်ချောင်းကူးတံတားပေါ်တွင် ဆန်အိတ်အပြည့်တင်ဆောင်လာသော ကားတစ်စီးဖြတ်သန်းစဉ် တံတားကြိုးကာ ဆန်အိတ်များချောင်းထဲသို့ ပြုတ်ကျမှုဖြစ်ပွားခဲ့သည်။

အင်းတော်ဘက်မှ မောင်းနှင်လာသောဆန်အိတ်၁၀၀ကျော်တင်ဆောင်လာသည့်ကားနံပါတ်မပါသော ကုန်တင်ကား တစ်စီးသည် ယခုလ ၃ ရက် နံနက် ၁ နာရီအချိန်ခန့်က နဘားရွာအနီး စော်မော် ချောင်းကူးတံတားကို ဖြတ်သန်းစဉ် ကားနှင့် ဆန်၏အလေးချိန်ကို မခံနိုင်တော့ဘဲ တံတားကျိုးကျသွားခြင်းဖြစ်ကြောင်း သိရသည်။



ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့မှာ ထွက်ပြေးလျက်ရှိပြီး ယင်းအမှုပေါ်ပေါက်ရေးအတွက် အင်းတော်မြို့နယ် နဘားရဲစခန်းမှ စခန်းမှူးဒုရဲအုပ်ထွန်းထွန်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ စော်မော်ချောင်းကူး တံတားသည် ဆွေးမြေ့နေပြီး ချောင်းအောက်ကွင်းလမ်းရှိသော်လည်း တံတားပေါ်မှ အချိန်မတော်ဖြတ်သန်းခိုးမောင်းသဖြင့် ယခုကဲ့သို့ အန္တရာယ်နှင့် တွေ့ရခြင်းဖြစ်ကြောင်း နဘားရွာခံတစ်ဦးက ပြောသည်။




7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

## တောင်ပြုံးနှင့် ရတနာ့ဂူပွဲတော်ကာလ ဘုရားဖူးယာဉ်ငှားရမ်းမှု အခက်ကြုံဖွယ်ရှိ

ရန်နိုင်ကျော်

**မုံရွာ၊**
**ဇူလိုင်- ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ထင်ရှားသော ရိုးရာနတ်ပူဇော်ပွဲတော်များဖြစ်သည့် တောင်ပြုံးပွဲတော်နှင့် ရတနာ့ဂူပွဲတော်ကာလများတွင် ဘုရားဖူးခရီးသည်တင် ယာဉ်လိုင်းများငှားရမ်းမှု အခက်ကြုံတွေ့နိုင်ဖွယ်ရှိကြောင်း ဘုရားဖူးခရီးသည်တင် ယာဉ်လိုင်းတာဝန်ရှိသူများက ပြောသည်။



*တောင်ပြုံးပွဲတော်တွင် ညီနောင်မင်းနှစ်ပါးကို ပူဇော်နေကြသူများအား တွေ့ရစဉ်*

"လာမည့်ဝါခေါင်လအတွင်းမှာ တောင်ပြုံးပွဲတော်နဲ့ ရတနာ့ဂူပွဲတော်ကာလမှာ ဘုရားဖူးခရီးစဉ်တွေ အပြိုင်အဆိုင်ပြေးဆွဲခဲ့ရတယ်။ ပြည်တွင်းစက်မှုဇုန်ထုတ် လိုက်ထရပ်ယာဉ်တွေ ထုတ်လုပ်မှုများပြားလာတဲ့ နောက်ပိုင်းမှာ ဘုရားဖူး ခရီးစဉ်တွေအတွက် လိုက်ထရပ်ကားငှားရမ်းမှုမြင့်တက်လာတဲ့အတွက် လိုက်ထရပ်ကားတွေငှားဖို့ သိပ်မလွယ်ဘူး။ ယာဉ်လိုင်းတွေကလည်း အရင်ကလို ခရီးသည်မရလို့ ကားအစီးရေလျှော့ချပြေးဆွဲခဲ့တဲ့အတွက်ဘုရားဖူးအော်ဒါငှားလိုက်ဖို့ မလွယ်တော့ဘူး။ တောင်ပြုံးပွဲတော်နဲ့ ရတနာ့ဂူပွဲတော်ကာလမှာ ခရီးသည်တင်ယာဉ်လိုင်းတွေမှာ ခရီးသည်ပြည့်ကျပ်သွားနိုင်တယ်" ဟု မုံရွာဒေသခံ ဘုရားဖူးဝန်ဆောင်မှုလုပ်ငန်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်ဇွန်လအတွင်းမှစ၍ မုံရွာ-မန္တလေးခရီးစဉ်တွင် တရားမဝင် ပြေးဆွဲသော ခရီးသည်တင် လိုက်ထရပ်ယာဉ်များအား သက်ဆိုင်ရာမှ ရှောင်တခင်စစ်ဆေးအရေးယူဆောင်ရွက်ခဲ့သည့်နောက်ပိုင်း လိုက်ထရပ်ယာဉ်များငှားရမ်းမှု မလွယ်ကူတော့ကြောင်း သိရသည်။

"လိုက်ထရပ်ကားနဲ့ မိသားစုခရီးသွားမယ်ဆိုရင် လူ ၇ ဦးထက်ပိုတင်ဆောင်ခွင့်မရှိဘူး။ လူ ၇ ဦးထက်ပိုတင်တာ၊ ကုန်တင်တာတွေ့ရင် ပထမအကြိမ် ပညာပေးကာလကျပ်သုံးသောင်းဒဏ်ငွေဆောင်ရတယ်။ဒုတိယအကြိမ် ကျပ်ခြောက်သောင်း၊ တတိယအကြိမ် ထောင်ဒဏ်ခြောက်လ အပြစ်ပေးမယ်ဆိုတော့ လိုက်ထရပ်ကားတွေ မုံရွာ-မန္တလေးလမ်းမ ပြေးရဲတော့ဘူး။ လာမယ့်ဝါခေါင်လအတွင်းတောင်ပြုံးပွဲနဲ့ ရတနာ့ဂူပွဲတော်ကာလမှာ ကားအငှားလိုက်မယ့်သူမရှိဘူး။ ကားအငှားလိုက်ရင် ကျပ်ငါးသောင်းဝန်းကျင်ကျန်တယ်ဆိုပေမယ့် တစ်ကြိမ်ယာဉ်မှုစစ်နဲ့တွေ့ရင် ကျပ်သုံးသောင်း ဆောင်ရတယ်။ ကံမကောင်းရင် ယာဉ်မောင်းအဖမ်းခံရနိုင်တယ်ဆိုတော့ ကိုယ်ပိုင်ကားတွေ လိုင်းမပြေးတော့ဘဲ အိမ်မှာထိုးထားတာပိုများတယ်" ဟု မုံရွာဒေသခံလိုက်ထရပ်ယာဉ်ပိုင်ရှင်တစ်ဦးကပြောသည်။

မုံရွာမြို့တွင် ကိုယ်ပိုင်ယာဉ်ဖြင့် ကုန်တင်ခြင်း၊ ခရီးသည်တင်ခြင်းအားသက်ဆိုင်ရာမှ ရှောင်တခင်စစ်ဆေးအရေးယူခဲ့သည့်နောက်ပိုင်း မုံရွာမြို့ပေါ်ရှိ လိုက်ထရပ်ယာဉ်များ၊ သုံးဘီးယာဉ်များသည် ကိုယ်ပိုင်ယာဉ်အဖြစ်မှ လုပ်ငန်းသုံးယာဉ် ယာဉ်နံပါတ်အနီအဖြစ် ပြောင်းလဲပြေးဆွဲသူပိုမိုများပြားလာကြောင်း သိရသည်။

## မနလေးတွင်လည်း လောင်းကစားမှုများကို အရေးယူ

ဦးလွင်

**မန္တလေး၊ ဇူလိုင်- ၂၀**

မန္တလေးမြို့၊ ဆင်ဖြူကန် ဂေါက်သီးလေ့ကျင့်ရေးကွင်းအတွင်း အီလက်ထရွန်နစ်ဂိမ်းစင်တာဖွင့်လှစ်၍ လောင်းကစားကိရိယာဂိမ်းစက်များဖြင့် လောင်းကစားဒိုင်ပြုလုပ်နေသူနှင့် ဝန်ထမ်းအပါအဝင် လောင်းကစားနေသူများကို ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များသည် ရဲကားတစ်စီး၊ အချုပ်ကားတစ်စီးဖြင့်ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

"ဇူလိုင် ၁၂ ရက်ညနေပိုင်း အချိန်မှာ ရဲကားနှစ်စီးနဲ့ လာဖမ်းသွားတာမြင်ရတယ်။ ယောကျ်ားလေးတော်တော်များများနဲ့ မိန်းကလေးခြောက်ယောက်ပါသွားတာ တွေ့ရတယ်။ ဆိုင်ကယ်နဲ့ လောင်းကစားစက်တွေသိမ်းသွားပြီး လောင်းကစားပြုလုပ်တဲ့အခန်းက မှန်ကွဲသံတွေလည်းကြားရပါတယ်" ဟု ဆင်ဖြူကန်ဂေါက်သီးလေ့ကျင့်ရေးကွင်း အနီးနေထိုင်သူတစ်ဦးကပြောသည်။

ဇူလိုင်၁၂ရက်ညနေပိုင်းအချိန်က ဂေါ့ဖ်ကွင်းအတွင်း ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအပါအဝင် အမှတ်(၁၁)ရဲစခန်းမှ တာဝန်ရှိသူများက သတင်းပေးချက်အရဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ လောင်းကစားဒိုင်ပြုလုပ်နေသူနှင့်ဝန်ထမ်းများ၊ လောင်းကစားသူများအပါအဝင် ယောကျ်ားလေး ၂၁ ဦးနှင့် မိန်းကလေး ၆ ဦးအား လောင်းကစားကိရိယာဂိမ်းစက်များ၊ လောင်းကစားငွေကျပ်တစ်ဆယ့်ခြောက်သိန်းငါးရာနှင့်အတူဖမ်းဆီးခဲ့ကြောင်း သိရသည်။

လောင်းကစားဒိုင်ပြုလုပ်နေသူနှင့် ဝန်ထမ်းများ၊ လောင်းကစားပြုလုပ်သူစုစုပေါင်း ၂၇ ဦး အားမန္တလေးမြို့ အမှတ်(၁၁)ရဲစခန်းမှ(ပ) နံပါတ် ၂၃၁/ ၂၀၁၁ဖြင့်အမှုဖွင့်ထားပြီး ချမ်းမြသာစည်မြို့နယ်တရားရုံးသို့ တရားစွဲဆိုထားကြောင်း သိရသည်။

## ကျောက်ပန်းတောင်းမြို့တွင် ဆိုင်ကယ်ခိုးယူခံရမှုများနေ

ရွှေဖြိုးမောင်

**ကျောက်ပန်းတောင်း၊**
**ဇူလိုင်- ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ပေါ်တွင် ယခုနှစ်မေလခန့်မှစကာ မော်တော်ဆိုင်ကယ်ပျောက်ဆုံးမှုများဖြစ်ပေါ်လျက်ရှိကြောင်းသတင်းရရှိသည်။

ပျောက်ဆုံးမှုအများစုမှာ နေ့လယ်ဘက်တွင်ဖြစ်ပြီး လူစည်ကားသည့် ဈေး၊ ကျောင်း၊ ရုံး၊ စားသောက်ဆိုင်နှင့် ဂိမ်းဆိုင်များ၌ အများဆုံးခိုးယူခံကြရသည်။

ယခုအချိန်ထိ ပျောက်ဆုံးသူအများစု ဆိုင်ကယ်ပြန်လည်မရရှိသေးကြောင်း ကျောက်ပန်းတောင်းမြို့စံပြရပ်ကွက်မှ အထက်တန်းပြဆရာမတစ်ဦးကပြောကြားသည်။

ခိုးယူခြင်းခံရသည့်ဆိုင်ကယ်များတွင် လိုင်စင်မဲ့ဆိုင်ကယ်များသာမက လိုင်စင်ရှိဆိုင်ကယ်များလည်းပါဝင်သည်။ ဆိုင်ကယ် ခိုးယူသူများသည်မြို့အပြင်ရောက်လျှင်တစ်စစီဖြုတ်ကာအစဖျောက်ပစ်သောကြောင့် ပြန်လည်ရှာဖွေရရှိရန်မလွယ်ကူကြောင်း ကိုယ်တိုင် ဆိုင်ကယ်ပျောက်ဆုံးခဲ့ရသည့် ရဲဝန်ထမ်းတစ်ဦးက ဆိုသည်။

"တစ်နေ့ကပဲ ဆရာမတစ်ယောက် ပညာရေးမှူးရုံးရှေ့မှာ ရပ်ခဲ့တာ ပြန်ထွက်လာတော့ မရှိတော့ဘူး။ ဇက်သော့ခတ်လည်း မရဘူး။ ဆိုင်ကယ်သော့ တစ်ချောင်းတည်းနဲ့ တခြားဆိုင်ကယ်တွေဖွင့်လို့ရနေတာမျိုးလည်းမကြာခဏ ကြုံရတယ်။ ခုလောလောဆယ်မှာတော့ ကျွန်မတို့မြို့မှာ ဆိုင်ကယ်ပျောက်မှု တော်တော်လေးများနေတယ်။ ပြီးခဲ့တဲ့ လပိုင်းကဆို တစ်ရက်တည်း သုံးစီးပျောက်တာမျိုးတောင်ရှိတယ်" ဟု ဒေသခံ ဆရာမတစ်ဦးက ဆက်လက်ပြောသည်။









7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# နေပြည်တော် ခုတင် ၂၀၀ ဆေးရုံတွင် လူနာက တာဝန်ကျဆရာဝန် အား ရန်ပြုမှု ဖြစ်ပွား

**ကျော်ဇေယျ**

**နေပြည်တော်၊ ဇူလိုင်- ၂၀**

နေပြည်တော် ပျဉ်းမနားရှိ ခုတင် ၂၀၀ ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသနေသော လူနာက ဆရာဝန်အား တာဝန်ကျအခန်းထဲထိ ဝင်ရောက်ကာ ဟောလစ်ပုလင်းနှင့် ပစ်ပေါက်ခဲ့သော ဖြစ်ရပ်တစ်ခုဇူလိုင်၁၉ရက်ကဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ . . နေပြည်တော် ပျဉ်းမနားရှိ နေပြည်တော်ခုတင် ၂၀၀ ဆေးရုံတွင် ဇူလိုင် ၁၉ ရက် နံနက်ရှစ်နာရီအချိန်ခန့်က ဆေးရုံမှဆရာဝန်ဒေါက်တာ . (၂၉နှစ်) သည် တာဝန်ကျတာဝန်ခန်းထဲတွင် ထိုင်နေစဉ် ဆေးရုံ၌ တက်ရောက်ကုသနေသူကိုဇော်(ခ)စိုးထက်အောင်(၃၂)နှစ်၊ပဲနွယ်ကုန်းမြို့နယ်နေသူသည် အခန်းထဲအထိဝင်လာပြီး ၎င်းလက်ထဲတွင် ကိုင်ဆောင်လာသော ဟောလစ်ပုလင်းနှင့် ဒေါက်တာ . . . (၂၉) နှစ် ဆိုသူအား ပစ်ပေါက်သောကြောင့် ဝဲလက်ဖျံနှင့် ကာကွယ်လိုက်စဉ် ဟောလစ်ပုလင်းလည်း ကွဲသွားပြီး ဝဲလက်ဖျံအား ပုလင်းကွဲရှသည့်ဒဏ်ရာနှင့် ဝဲဘက်နားရွက်ရှေ့တွင်လည်း ပုလင်းကွဲရှသည့် ဒဏ်ရာရရှိသွားခဲ့သည်ဟုဆို၏။ အဆိုပါ ဖြစ်စဉ်ကို အနီးရှိ တာဝန်ကျသူနာပြု ဆရာမများက မြင်လိုက်သော်လည်း ရုတ်တရက်မဟန့်တားနိုင်ခဲ့ကြောင်းနှင့် တာဝန်ကျနေစဉ်အကြောင်းမဲ့လာရောက်ရန်ပြုကာ ဒဏ်ရာရရှိစေသူကိုဇော်(ခ)စိုးထက်အောင်အား ဥပဒေအရ အရေးယူပေးပါရန်ဒေါက်တာ . . ဆိုသူကတရားလိုပြုလုပ်တိုင်တန်းမှုကြောင့် နေပြည်တော် ပျဉ်းမနားရဲစခန်း၌ (ပ)၄၄၇/၂၀၁၁ဥပဒေပုဒ်မ၃၃၂ အရ အမှုဖွင့် အရေးယူထားကြောင်း ရဲမှတ်တမ်းများအရသိရသည်။

အကြောင်းမဲ့ ရန်ပြုသူ ကိုဇော်(ခ)စိုးထက်အောင်မှာ အစာအိမ်ရောဂါဖြင့် ဇူလိုင် ၁၇ ရက်ညပိုင်းက နေပြည်တော်ပျဉ်းမနား ခုတင် (၂၀၀) ဆေးရုံသို့ တက်ရောက်ကုသခဲ့သောလူနာတစ်ဦးဖြစ်ကြောင်း သိရသည်။

# တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုအတွက် ဝန်ထမ်းအင်အား တိုးချဲ့မည်

**ထူးသန့်**

**နေပြည်တော်၊ ဇူလိုင် - ၂၂**

နယ်စပ်ဒေသနှင့် ဝေးလံခက်ခဲသည့်ဒေသများရှိ တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဒုတိယ လက်ထောက်တိရစ္ဆာန်ကျန်းမာရေးမှူးရာထူးဖြင့် ဝန်ထမ်းအင်အားသစ်တစ်ရပ် ဖြည့်တင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနမှ သိရသည်။ အဆိုပါ ဝန်ထမ်းအင်အားသစ်များအတွက် လေ့ကျင့်သင်တန်းပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးမင်္ဂလာဒုံမြို့နယ်ရှိ မွေးမြူရေးနည်းပညာသုတေသနနှင့် မျိုးမြှင့်တင်ရေးဌာနမှ ဌာနစိတ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး သင်တန်းတွင် စာတွေ့လက်တွေ့နှင့် သရုပ်ပြသင်ကြားမှုစနစ်များဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သင်တန်းကာလ ၃ လကြာမည်ဖြစ်ပြီး စာမေးပွဲစစ်ဆေးခြင်းနှင့် အကဲဖြတ်အမှတ်ပေးစနစ်များလည်းပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၀-၁၁ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းအရနယ်မြို့များရှိ ကျေးရွာ အုပ်စုများနှင့် မြို့နယ်ခွဲများအလိုက်တာဝန်ထမ်းဆောင်ရသော ဒုတိယဦးစီးမှူးတစ်ဦးသည် ပျမ်းမျှအားဖြင့် တိရစ္ဆာန်ယူနစ် တစ်သောင်းခွဲမှ နှစ်သောင်းအထိ တာဝန်ယူဆောင်ရွက်နေရကြောင်း ယင်းအခြေအနေကြောင့် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ဒုတိယလက်ထောက်တိရစ္ဆာန် ကျန်းမာရေးမှူးများကို အင်အားတစ်ရပ်အဖြစ်ဖြည့်တင်းရန် စီစဉ်ခြင်းဖြစ်ကြောင်းလည်း ထပ်မံသိရှိရသည်။

ယခုလ ၂၅ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း နယ်စပ်ဒေသမှ သင်တန်းသားများအနေဖြင့် မိမိဒေသတွင်လည်းကောင်း အခြားသင်တန်းသားများအနေဖြင့်မိမိဒေသတွင်လည်းကောင်း အခြားသင်တန်းသားများအနေဖြင့်ဝန်ထမ်းအင်အားမလုံလောက်သော ဝေးလံခက်ခဲသည့် မြို့နယ်များတွင်လည်းကောင်းအထက်ပါရာထူးတာဝန်များဖြင့် ပြန်လည်ထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

# ပဲဈေးအနည်းတက်



*မန္တလေးမြို့၏ ပဲ၊ နှမ်းအဓိကရောင်းဝယ်ရာ မန္တလေးကုန်စည်ဒိုင်*

ဓာတ်ပုံ-စိုင်းသာအောင်

**ညီညီဇော်**

**မန္တလေး၊ ဇူလိုင် - ၂၃**

ယခုတစ်ပတ် မန္တလေးမြို့၏ ပဲမျိုးစုံဈေးကွက်တွင် ဈေးကွက်ဝင်ပဲအချို့ဈေးအနည်းငယ် တက်လာကာ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးကုန်စည်ဒိုင်မှ သတင်းရရှိသည်။ ပဲတီစိမ်းမှာ နှစ်ရက်အတွင်း ကျပ် ၂၀၀၀ ခန့် ဈေးတက်လာပြီး ၅၆ ပိဿာ ၂၅ ကျပ်သားပါ တစ်အိတ်လျှင် ကျပ် ၅၈,၀၀၀ ဈေးပေါက်နေကာ တရုတ်ဘက်တွင် ပစ္စည်းပြတ်သဖြင့် အဝယ်လိုက်နေသည်။ ဗီတူး ကုလားပဲမှာ ဇူလိုင်လ ၂၀ ရက်ဝန်းကျင်က ၅၆,၀၀၀ ဈေးပေါက်ခဲ့ပြီး ယနေ့တွင် ၅၇ ပိဿာ ၂၅ သားပါ တစ်အိတ်လျှင် ၅၈,၀၀၀ ဈေးပေါက်နေကာ ရန်ကုန်လိုင်းအဝယ်သွက်နေကြောင်း သိရသည်။ ထိုင်ဝမ်ကုလားပဲမှာ ဇူလိုင် ၂၀ ရက်ဝန်းကျင်က ၄၇,၀၀၀ နှုန်းအထိကျဆင်းခဲ့ပြီး ယနေ့တွင်မူ ကျပ် ၂၀၀၀ ခန့် ဈေးတက်လာကာ ၄၉,၀၀၀ကျပ်နှုန်းပေါက်နေသည်။

ပဲစင်းငုံမှာ အိန္ဒိယဘက်မှ အဝယ်သွက်မှုကြောင့် ယမန်နေ့ကထက် ကျပ် ၁,၀၀၀ ခန့်ဈေးတက်လာပြီး ပိဿာ ၆၀ ပါတစ်အိတ်လျှင် ၃၇,၀၀၀ နှုန်းပေါက်နေသည်။ မြေပဲဆန်နီလုံးဆန် တစ်ပိဿာ ၂,၀၀၀ မှ ၂,၀၅၀ ကျပ်၊ နှုန်းပေါက်နေပြီး တရုတ်အဝယ် မရှိသည်မှာ တစ်ပတ်ခန့်ရှိကြောင်း ပြည်တွင်းဝယ်လက်သာရှိကြောင်း ပဲကုန်သည်တစ်ဦးက ပြောကြားသည်။ ထီးချိုင့်၊ ကသာ၊ ရွှေဘိုနယ်များမှ ထွက်သော ဆီဆန် တစ်ပိဿာ ၁၆၀၀ မှ ၁၇၅၀ ကျပ်၊ ဇန်းမော်ဆီဆန် တစ်ပိဿာ ၁,၄၅၀ မှ ၁,၅၅၀ ကျပ် အတွင်းဈေးပေါက်နေပြီး အရောင်းအဝယ်အေးနေကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။

# လိုင်စင်မဲ့ပြိုင်ကားတစ်စီး ဖမ်းဆီးရမိ

**စိုင်းသာအောင်**

**မန္တလေး၊ ဇူလိုင်-၂၂**

မန္တလေးမြို့တွင် လိုင်စင်မဲ့ကားများကို မန္တလေးယာဉ်ထိန်းတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ဇူလိုင် ၁၁ ရက်အထိ ၂၁ စီးဖမ်း ဆီးရမိပြီး ဇူလိုင် ၁၂ ရက် ညပိုင်းတွင် လိုင်စင်မဲ့ပြိုင်ကားတစ်စီး ထပ်မံဖမ်းဆီးရရှိခဲ့ကြောင်း ယာဉ်ထိန်းတပ်ဖွဲ့နယ်မြေ(၁)နယ်မြေမှူးက 7 Day News သို့ ပြောကြားသည်။

ဖြစ်စဉ်မှာဇူလိုင်၁၂ရက်ည၁၁နာရီခွဲခန့်က ယာဉ်မောင်း×××မောင်းနှင်လာသောနံပါတ်တု၁ခ/×××တပ်ဆင်ထားသည့်လိုင်စင်မဲ့ပြိုင်ကားအနက်ရောင်သည်ကျုံးတောင်ဘက် ၂၆လမ်း၇၁လမ်းထောင့်မှ ၂၆လမ်းအနောက်ဘက်သို့တစ်ဖက်မှလာသောယာဉ်ကြောကိုမစောင့်ဘဲကွေ့လိုက်ရာ ၂၆ လမ်းအတိုင်း အရှေ့မှအနောက်သို့ဦး××× မောင်းလာသော ဆိုင်ကယ် ၁ယ/×××တိုက်မိပြီး ဆိုင်ကယ်စီးသူမှာ လဲကျဒဏ်ရာရရှိသွားသည်။

အဆိုပါ လိုင်စင်မဲ့ကားသည် မောင်းပြေးသဖြင့် နန်းမြို့ကျုံးပတ်လည်တွင် တာဝန်ထမ်းနေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ပိတ်ဆို့ဖမ်းဆီးရာ မင်္ဂလာတံခါးအနီး ၂၆×၇၃ လမ်းဆုံ၌ ဖမ်းဆီးရမိသဖြင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဥပဒေအရ အရေးယူဆောင်ရွက်ထားသည်။

မန္တလေးမြို့တွင် လိုင်စင်မဲ့ ပြိုင်ကားများကို ဆက်လက်ဖော်ထုတ်ဖမ်းဆီးအရေးယူလျက်ရှိသည်။

# မန္တလေးမြို့ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း ကုသိုလ်ဖြစ် အထူးကုဆေးခန်းဖွင့်လှစ်

**စိုင်းသာအောင်**

**မန္တလေး၊ ဇူလိုင်-၂၂**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၂ လမ်း၊ ၃၂×၃၄ လမ်းကြားရှိ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း၊ ကုသိုလ်ဖြစ် အထူးကုဆေးခန်းကို ဇူလိုင် ၁၅ ရက်က ဖွင့်လှစ်ခဲ့ကြောင်း ယင်းအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်က 7 Day News သို့ပြောသည်။

ကုသိုလ်ဖြစ် အထူးကုဆေးခန်းကို မန္တလေးမြို့ ဦးစကြီး+ ဒေါ်တင်မိသားစုက ကျပ်သိန်း ၁၅၀၀ မတည်ဆောက်လုပ်လှူဒါန်းပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း လူနာများအား အခမဲ့ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၎င်းအပြင် ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းအနေဖြင့် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၊ ခုတင် ၃၀၀ သင်ကြားရေးဆေး ရုံ၊ အရိုးအထူးကုဆေးရုံတို့တွင် တက်ရောက်ကုသလျက်ရှိသော ဆင်းရဲနွမ်းပါးသော လူနာများ၏ ဆေးဖိုးနှင့် ကုသစရိတ်များကိုလည်း ကူညီလှူဒါန်းလျက်ရှိသည်။

# ကျောင်းတော်ရာဘုရားဖူးငါးကြီးများ အတွေ့ရနည်းလာ

**စောရန်နိုင်**

**မကွေး၊ ဇူလိုင်- ၂၀**

မကွေးတိုင်းဒေသကြီး လယ်ကိုင်းမြို့အနီးကျောင်းတော်ရာဘုရားတွင် မုန်းချောင်းမှ ဝါတွင်း သုံးလပတ်လုံးဘုရားဖူးလာလေ့ရှိသော ငါးကြီးများ ယခုနှစ်တွင် လာရောက်မှုနည်းခဲ့ပြီး နံနက် ၅ နာရီနှင့် ၆ နာရီကြားတွင်သာ မြင်တွေ့အစာကျွေးနိုင်ကြောင်းသိရသည်။

ငါးကျွေးကုသိုလ်ပြုလိုသူများအဖို့ တစ်ညအိပ်ပြီးမှ နံနက်အရုဏ်တက်ချိန်တွင် ငါးကြီးအားလေးငါးကောင်လောက်သာ မြင်တွေ့ရကာ အစာကျွေးခဲ့ရကြောင်း ဒေသခံအချို့ကပြောကြားသည်။

ယခုနှစ် ဝါဆိုလပြည့်နေ့တွင် ဘုရားဖူးငါးကျွေးလာသူများ ယခင်နှစ်ကထက် များပြားလာသော်လည်း ဘုရားဖူးလာကြသည့် ငါးကြီးများ မမြင်တွေ့ခဲ့ရကြောင်း၊ ငါးကြီးများ အတွေ့အမြင်နည်းလာခြင်းမှာ ဖမ်းဆီးသတ်ဖြတ်မှုထက် ရာသီဥတုအနေအထားနှင့် အခြားသောကာကွယ်တားဆီး၍ မရနိုင်သည့် အချက်များလည်းရှိနိုင်ကြောင်း ဒေသခံများက ပြောကြသည်။

မကွေး-ကျောင်းတော်ရာ ခရီးစဉ်ကို လူတစ်ဦးလျှင် ယာဉ်စီးခ ၁,၂၀၀ ကျပ်နှုန်းဖြင့်နေ့စဉ်ပုံမှန်ပြေးဆွဲနေကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# မုံရွာမြို့ပေါ် အခြေခံပညာအထက်တန်းကျောင်းများတွင် သောက်ရေသန့်စက်များတပ်ဆင်

မျိုးမင်းဦး

**မုံရွာ၊ ဇူလိုင်- ၂၀**

မုံရွာမြို့ပေါ်ရှိအခြေခံပညာအထက်တန်းကျောင်းများတွင်ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးနှင့် ညီညွတ်စေရန် သန့်ရှင်းသောသောက်သုံးရေကန်များကျင့်သုံးခဲ့သည့် စနစ်မှ ယခုနှစ်အတွင်း သောက်ရေသန့်စက်စနစ်ပြောင်းလဲအသုံးပြုခဲ့ကြောင်း သိရသည်။

"အရင်နှစ်တွေတုန်းကသောက်ရေကန်ကတစ်ဆင့် သောက်ရေအိုးနဲ့ ခပ်ယူခဲ့ရတယ်။ ရေသန့်စက်ရုံကကားနဲ့ပို့တဲ့ ရေသန့်ဘူးတစ်ဘူးသုံးရာကျပ်နဲ့ဝယ်ရတယ်။ ကျောင်းမှာလည်း ရေသန့်စက်တပ်တော့မှာဆိုတော့ စက်ရုံကရေသန့်ဘူးဝယ်ယူရတဲ့ ကာလခဏတာကြုံတွေ့ရမှာပါ။ အရင်တုန်းကသောက်ရေကန်တွေမှာကျန်းမာရေးနဲ့ညီညွတ်တဲ့ရေသန့်လို့ဆိုပေမယ့် ရေကန်တွေမှာသစ်ရွက်တွေ၊ အမှုန်တွေကျနိုင်တော့ ရေသန့်စက်ကရေကပိုကောင်းတာပေါ့"ဟုမုံရွာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အငြိမ်းစားဆရာကျောင်းသူတစ်ဦးက ပြောသည်။

"ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သောက်သုံးရေရရှိဖို့ ရေသန့်စက်တွေကို မုံရွာမြို့ပေါ်ကအမှတ်(၂)နဲ့အမှတ်(၃)အထက်တန်းကျောင်းတွေမှာ တပ်ဆင်ပြီးလို့ ကျောင်းသားကျောင်းသူတွေအတွက် လုံလောက်တဲ့သောက်ရေသန့်ကိုလိုသလောက်ခပ်ယူသုံးစွဲလို့ရနေပြီ။ အမှတ်(၁)ကျောင်းမှာ ရေသန့်စက်တပ်ဆင်ဖို့ပြင်ဆင်နေချိန်မှာ ကျောင်းသားကျောင်းသူတွေ သောက်သုံးရေအတွက် ရေသန့်စက်ရုံတွေကကားနဲ့ နေ့တိုင်းပို့ပေးတယ်။ အရင်တုန်းကသောက်ရေအိုးနဲ့ခပ်တဲ့စနစ်မှာ ကျောင်းသားကျောင်းသူအသင်းအဖွဲ့လိုက် တာဝန်ယူစနစ်နဲ့ ကိုယ့်တာဝန်ကိုယ်ထမ်းတဲ့ အလေ့အကျင့်ကောင်းတွေရခဲ့တယ်"ဟု မုံရွာဒေသခံ အထက်တန်းပြကျောင်းဆရာတစ်ဦးကပြောသည်။

မုံရွာမြို့ပေါ်ရှိအခြေခံပညာအထက်တန်းကျောင်းများတွင် သောက်ရေသန့်စက်တပ်ဆင်ရေးအတွက် နှစ်ရှည်စီမံကိန်းများရေးဆွဲခဲ့ပြီး မိဘ၊ ဆရာ၊ ကျောင်းသားဟောင်းများ ပူးပေါင်းလှူဒါန်းမှုဖြင့် ယခုနှစ်အတွင်း သောက်ရေသန့်စက်များတပ်ဆင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မုံရွာမြို့နယ်အတွင်း အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေး အထောက်အကူပြု သောက်သုံးရေကန်များဖြင့် ကျောင်းသား၊ ကျောင်းသူများ သောက်သုံးရန်ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

# ပခုက္ကူခရိုင်တွင် သနပ်ခါးပင် ခိုးသူများသောင်းကျန်း



မြန်မာနိုင်ငံအလယ်ပိုင်းတွင် စီးပွားဖြစ်စိုက်ပျိုးထားသော သနပ်ခါးခင်းများ ဓာတ်ပုံ -မျိုးမင်းဦး

သန်းဌေး

**ရန်ကုန်၊ ဇူလိုင်-၂၃**

ပခုက္ကူခရိုင်အတွင်းသနပ်ခါးခိုးယူသော အဖွဲ့များကြောင့် သနပ်ခါးစိုက်တောင်သူများ ဆုံးရှုံးမှုများကြုံနေရကြောင်း ဒေသခံရှင်မတောင်သနပ်ခါးခြံပိုင်ရှင်အချို့က ပြောသည်။

"ပြီးခဲ့တဲ့ နှစ်တုန်းကလည်း အပင် ၄၀၀ ကျော်ခိုးခံရတော့ သိန်း ၈၀ လောက်ဆုံးရှုံးတယ်။ ဒီနှစ်ထဲမှာလည်း ကိုယ့်ခြံရောဘေးပတ်ဝန်းကျင်ခြံတွေပါ ခိုးခံရတာ"ဟု မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်မှ ရှင်မတောင်သနပ်ခါးစိုက်ဧက ၂၇ ဧကကျော်ပိုင်ဆိုင်သော ဦးမျိုးသန်းထွန်းကပြောသည်။

ခိုးယူသူများသည် ညသန်းခေါင်အလွန် နံနက် ၂ နာရီဝန်းကျင်တွင်ဆိုင်ကယ်များ ကားများဖြင့်လက်နက်များကိုင်ဆောင်လာပြီး သနပ်ခါးအပင်ခြေရင်းတွင် ရေစွတ်ထားသော အဝတ်ပတ်ပြီး အမြစ်နားမှ လွှဖြင့် တိုက်ဖြတ်ယူကြခြင်းဖြစ်သည်ဟု ဦးမျိုးသန်းထွန်းကပြောသည်။

ထို့နောက် ၅၀၀၀ ကျပ် တန်သနပ်ခါး အပင်ဖြစ်ပါက ၂၀၀၀ ကျပ်ဖြင့် ဈေးလျှော့ရောင်းလေ့ရှိကြောင်း သတင်းရရှိသည်။ ဝယ်သူများကလည်း လျှော့ဈေးဖြင့် ဝယ်ကာ လက်လီပြန်ရောင်းကြကြောင်း မုန်ညင်းကျေးရွာမှ သနပ်ခါးခြံ ၁၀ ဧကပိုင်ရှင်ဦးဝင်းအောင်ကလည်း ပြောသည်။

"ပြီးခဲ့တဲ့လတွေရယ် ဒီလထဲမှာရယ်ပဲ သနပ်ခါးသူခိုးဂိုဏ်းတွေက အတင့်ပိုရဲလာတယ်။ မြို့နယ်အုပ်ချုပ်ရေးအတွင်းရေးမှူးခြံပါ ခိုးခံရတယ်"ဟု ၎င်းကပြောသည်။ ထိုသို့ သနပ်ခါးခြံများမှ အတင့်ရဲစွာ ခိုးယူနေသော သူများအားခြံပိုင်ရှင်များကလက်ပူးလက်ကြပ်မဖမ်းဆီးနိုင်၍ သက်ဆိုင်ရာရဲစခန်းတွင် ခိုးမှုဖွင့်မရသေးကြောင်းလည်း အထက်ပါပုဂ္ဂိုလ်များကပြောသည်။

"ကျွန်တော်တို့ခြံတွေက ဥယျာဉ်ခြံမြေ မပေါက်ဘဲ မြေခွန်ပြေစာစည်းကြပ်မခံရတော့တရားမဝင်တဲ့အနေအထားဖြစ်နေတာပေါ့" ဟု ဦးမျိုးသန်းထွန်းကပြောသည်။ ထို့ကြောင့် သနပ်ခါးခြံတောင်သူများအား သက်ဆိုင်ရာက စနစ်တကျစစ်ဆေးပြီး တရားဝင်ပိုင်ဆိုင်ခွင့်ရရှိမှသာ ခြံများ၏ လုံခြုံရေးအဆင့် ရှိလာမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"ကျွန်တော်တို့တစ်တွေ သနပ်ခါးဥယျာဉ်ခြံမြေပိုင်ဆိုင်သူများအသင်းဆိုပြီး သက်ဆိုင်ရာကပါ ဖွဲ့ခွင့်ပြုရင် ပိုကောင်းမယ်"ဟု ၎င်းကဆက်လက်ပြောသည်။

အဆိုပါ ရေစကြိုမြို့နယ်တွင် ရှင်မတောင်သနပ်ခါးစိုက်ပျိုးမှုမှ ၂၀၀၀ပြည့်နှစ်ကျော်တွင် စတင်ဖွံ့ဖြိုးခဲ့ပြီး ယခုအခါ ဧက ၁၀,၀၀၀ ကျော်ရှိကြောင်း သတင်းရရှိသည်။

# ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများ အကျိုးအမြတ်နည်းလာ

လှမြင့်

**မကွေး၊ ဇူလိုင်- ၂၀**

မကွေးတိုင်းဒေသကြီးရှိ ဆီထွက်သီးနှံစိုက်ပျိုးသူများနှင့် သိုလှောင်ကြိတ်ခွဲသော ကုန်သည်၊ ဆီစက်လုပ်ငန်းရှင်များအနေဖြင့်ယခုနှစ်ပိုင်းအတွင်း အကျိုးအမြတ်နည်းလာကြောင်း သတင်းရရှိသည်။

မကွေးတိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ




ရိတ်သိမ်းပြီး နေလှမ်းထားသော နှမ်းဆိုင်းများ ဓာတ်ပုံ -မျိုးမင်းဦး

အသင်းမှ တာဝန်ရှိသူတစ်ဦးက "နိုင်ငံတကာ ဈေးနှုန်းတွေလည်း သုံးနှစ်အတွင်းဆက်တိုက်ဝယ်လက်ကျနေကြောင်း နယ်စပ်ကုန်သွယ်ရေးများရှိပေမယ့် ကွန်ဂို၊ တန်ဇန်နီးယား၊ ဗီယက်နမ်တို့နဲ့ဈေးကွက်ယှဉ်ပြိုင်တဲ့အခါ ကျွန်တော်တို့က အရည်အသွေးနည်းနည်းနိမ့်တာရယ် ပစ္စည်းအရေအတွက်က သူတို့က အထွက်များတာရယ်ကြောင့် ကျွန်တော်တို့က မယှဉ်နိုင်တော့ဘဲ ဈေးနှုန်းဈေးကွက်များလည်း ပျောက်နေပါတယ်။ နိုင်ငံခြားငွေဈေးကလည်းတဖြည်းဖြည်းကျဆင်းလာပြီးကျွန်တော်တို့တွက်မရ၊ ချက်မရဘဲဒါတွေကလည်း အကြောင်းတစ်ခုပါဝင်နေပါတယ်။ စားအုန်းဆီတွေလည်း ဆက်တိုက်သွင်းနေတော့ ပြည်တွင်းဆီသန့်တွေ အရောင်းအဝယ်ထိုင်းနေပါတယ်။ စားအုန်းဆီက ဈေးကွက်ကြီးရဲ့ ၉၀ ရာခိုင်နှုန်းကို စိုးမိုးနေပြီး ပြည်တွင်းဆီသန့်က ၁၀ ရာခိုင်နှုန်းလောက်အတွင်းမှာပဲ လုပ်နေရပါတယ်။ ဆောင်းရာသီစားအုန်းဆီမရောင်းဖြစ်တဲ့ သုံးလလောက် အတွင်းမှာပဲလှုပ်ရှားနေရပြီး ကျန်ကိုးလလောက်က လုပ်ရတစ်ချက်မလုပ်ရတစ်ချက်နဲ့ လူးလွန့်လှုပ်ရှားနေရပါတယ်။ တောင်သူတွေမှာလည်း ကုန်ထုတ်လုပ်မှု စရိတ်အောက်ဈေးကျသွားတဲ့အခါ သူတို့လည်း အရှုံးပေါ်နေပါတယ်"ဟု ပြောကြားသည်။

ယခင်ကသုံးတင်းဝင် နှမ်းတစ်အိတ်သည် ၇,၅၀၀ ကျပ်မှ ၅၅,၀၀၀ ကျပ်ထိ ဈေးကျသွားပြီး ယမန်နှစ် ဇူလိုင်လတွင် နှမ်းဈေး ၇၀,၀၀၀ ကျပ်ရှိခဲ့သည်။ နှမ်းတစ်တင်းပေါ်ခါစ ၂၅,၀၀၀ ကျပ်ရှိပြီး ယနေ့အချိန်မှာ ၁၈,၀၀၀ ကျပ်၊ ၁၇,၅၀၀ ကျပ်သာရှိကာ နှမ်းဖြူ ၃,၃၀၀ ကျပ်မှ ၂,၅၀၀ ကျပ်ထိ ဈေးကျဆင်းသွားပြီး ဆက်ပြီးကျရန် အလားအလာ ရှိနေကြောင်း သိရသည်။ နှမ်းဖတ်မှာတစ်ပိဿာ ၉၀၀ ကျပ်မှ ၅၀၀ ကျပ်အထိ ကျဆင်းသွားပြီး ထပ်မံကျရန်အလားအလာရှိနေသည်ဟု သိရသည်။

"ပဲဆီက၃,၈၀၀ကျပ်၊၄,၀၀၀ ကျပ်၊ ၃,၁၀၀ ကျပ်၊ ၃,၂၀၀ ကျပ်ထိ ကျသွားပါတယ်။ ပဲစင်းငုံဈေးက ပေါ်ခါစက ၂၇,၀၀၀ ကျပ်ဈေးဖြတ်ပေမယ့် အခု ၁၃,၀၀၀ ကျပ် ဝယ်မည့်သူ မရှိပါဘူး။ ကျွန်တော်တို့ကိုင်တဲ့ပစ္စည်းတွေတောက်လျှောက်ကျဆင်းခြင်းဟာ လှောင်ပြီး ကစားနေတာလည်း မဟုတ်ဘူး။ ရောင်းရင်းဝယ်ရင်း ဖြစ်နေတာပါ။ ဈေးနှုန်းတွေကလည်း တဖြည်းဖြည်းကွာ ကွာသွားတော့ အရှုံးနဲ့ရင်ဆိုင်နေရပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။






# အင်ကြင်းကျောက်ကွင်းအား သက်ဆိုင်ရာက ဝင်ရောက်စစ်ဆေးရှာဖွေ

ဌေးဌေးမောင်

**နွားထိုးကြီး၊ ဇူလိုင်- ၂၀**

နွားထိုးကြီးမြို့နယ်ဘုရားကြီးကျေးရွာအနီးရှိ အင်ကြင်းကျောက်တူးဖော်နေသော ကျောက်ကွင်းသို့ ယခုလ ၅ ရက်က နွားထိုးကြီးရဲစခန်းမှ ဝင်ရောက်ရှာဖွေမှုလေးကြိမ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

နွားထိုးကြီးဒေသတွင် အင်ကြင်းကျောက်ကို လူ ၃၀၀၀၊ ၄၀၀၀ ကျော်ဖြင့်ကျောက်ကွင်းအတွင်းပွဲခင်းပမာနေ့စဉ်တူးဖော်နေကြပြီး အရည်အသွေးကောင်း ကျောက်များထွက်ရှိနေကြောင်း သိရသည်။ မကြာမီက မန္တလေးရဲတပ်ဖွဲ့ကနွားထိုးကြီးမှအင်ကြင်းကျောက်တင်ကားနှစ်စီးကိုဖမ်းဆီးထားကာ နွားထိုးကြီးကျောက်ကွင်းကိုရှာဖွေခြင်းဖြစ်သည်ဟု ဒေသခံကျောက်ပွဲစားတို့က ပြော သည်။ အင်ကြင်းကျောက်တစ် ပိဿာ ၃,၄၀၀ကျပ်နှုန်းနှင့် မူဆယ်နယ်စပ်အရောက် ၁၂ ဘီးကား များနှင့် သယ်ယူပို့ဆောင်သော လုပ်ငန်းရှင်သုံးဦးရှိနေပြီး မန္တလေးရဲတပ်ဖွဲ့က ဖမ်းဆီး ခြင်းနှင့်ပတ်သက်၍ အင်ကြင်းကျောက်ပွဲစားများ သိရှိလိုကြကြောင်း သိရသည်။

# ကိုရီးယားအလုပ်လျှောက်လွှာများ လက်ခံ

ပြည်သိမ်း

**ရန်ကုန်၊ ဇူလိုင် - ၂၅**


ကိုရီးယား EPS (Employment Permits System) စာမေးပွဲ အောင်မြင်ထားသူများက လျင်မြန်စွာ အလုပ်အကိုင်ရရှိရန်အတွက် ဆောင်ရွက်နေကြောင်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

လက်ရှိအချိန်၌ စာမေးပွဲ အောင်မြင်ထားသူများကို အလုပ်လျှောက်လွှာများ လက်ခံနေပြီး တစ်ဖက်မှ လုပ်ငန်းရှင်နှင့်ချိတ်ဆက်ဆောင်ရွက်နေသည်ဟုဆိုသည်။

"ကိုရီးယား HRD ဘက်ကတော့လျှောက်လွှာတွေ အလုပ်ရှင်ကို မြန်မြန်ဖြန့်ဝေပေးနေတယ်။ ခေါ်ယူမှုကတော့ အလုပ်ရှင်ရဲ့ ကြိုက်နှစ်သက်မှုအပေါ် မူတည်ပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံသို့ အလုပ်အကိုင်သွားရောက်လုပ်ကိုင်ခွင့် ခွဲတမ်းရရှိထားသည့်နိုင်ငံများထဲတွင်မြန်မာနိုင်ငံသည် ဒုတိယအများဆုံးဖြစ်သည်။ ပထမလူဦးရေအများဆုံး ရရှိထားသည့်နိုင်ငံမှာ ဗီယက်နမ်နိုင်ငံဖြစ်ကြောင်း သိရသည်။ ယခုနှစ်မြန်မာနိုင်ငံအတွက် ခွဲတမ်းရရှိထားမှုမှာ လူဦးရေ ၅,၁၀၀ ကျော်ရှိပြီး၊ ဇွန်လဆန်းက ကျင်းပခဲ့သည့်စာမေးပွဲတွင်လူဦးရေ၄,၁၀၉ အောင်မြင်ထားသည်။ ကျန်ရှိနေသေးသည့် လူ ၁,၀၀၀ ကျော်အတွက် နိုဝင်ဘာလတွင် စာမေးပွဲ ကျင်းပရန်စီစဉ်ထားကြောင်း ၎င်းက ဆက်ပြောသည်။

ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် အလုပ်သမားတစ်ဦးအတွက် ဝန်ဆောင်မှုစရိတ်ကုန်ကျငွေမှာကျပ်ရှစ်သိန်းသတ်မှတ်ထားသည်။ ယင်းဝန်ဆောင်မှုစရိတ်တွင် လေယာဉ်လက်မှတ်ခ၊ ဗီဇာကြေး၊ ယူနီဖောင်းဖိုး၊ ဆေးစစ်ခ၊ သင်တန်းကြေး၊လေဆိပ်ခွန်စသည်တို့ပါဝင်ကြောင်း သိရသည်။



*ကိုရီးယားမှ EPS စနစ်ဖြင့် အလုပ်ခေါ်ယူခံရသူများစာရင်းကို ကြည့်ရှုနေသူတစ်ဦး*

## ထိုင်းသို့ မြန်မာလုပ်သားများ ပိုမိုသွားရောက်နိုင်ဟု လုပ်သားဈေးကွက် ကျွမ်းကျင်သူများ ခန့်မှန်း

အောင်သူရ

**ရန်ကုန်၊ ဇူလိုင် - ၂၅**

ထိုင်းနိုင်ငံတွင် အခြေခံလုပ်သားများ၏ တစ်နေ့လုပ်အားကို ဘတ် ၃၀၀(ဒေါ်လာ ၁၀)သတ်မှတ်ပေးမည့်ယင်လပ်ခ်ဦးဆောင်သောထိုင်းအစိုးရသစ်ပေါ်လစီကြောင့် မြန်မာနိုင်ငံမှ လုပ်သားများ ပိုမိုသွားရောက်နိုင်ကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများက သုံးသပ်နေကြသည်။

"ဘတ် ၃၀၀ ဆိုတာ မလေးမှာ ရတာထက် ပိုများတယ်။ ကုန်ကျစရိတ်က မလေးထက်သက်သာတော့ ထိုင်းကိုပဲ သွားကြမယ့်လူပိုများလာနိုင်တယ်"ဟုကျောက်တံတားမြို့နယ်ရှိပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခင် အစိုးရလက်ထက်တွင် အခြေခံလုပ်သားတစ်ဦး၏ လုပ်အားခမှာ ၁၆၈ ဘတ်(၅ ဒသမ ၆ဒေါ်လာ)ခန့်သာရရှိကြသည်။လက်ရှိ အခြေအနေအရမလေးရှားနိုင်ငံသို့သွားရောက်ပါကကျပ်ဆယ်သိန်းအထိကုန်ကျနိုင်သော်လည်း ထိုင်းနိုင်ငံသို့သွားရောက်ပါကကျပ်သုံးသိန်းကျော်ဖြင့် သွားရောက်နိုင်ကြသည်။ ထို့အပြင် တာချီလိတ်နှင့် ကော့သောင်းမြို့များတွင် နှစ်နိုင်ငံအစိုးရချင်း အလုပ်သမားစေလွှတ်ရေးအစီအစဉ်ဆောင်ရွက်နေပြီး နိုင်ငံကူးလက်မှတ်များကိုလည်း ထုတ်ပေးလျက်ရှိသည်။"လုပ်ခတိုးပေးလို့ပြောလာတဲ့ထိုင်းအလုပ်ရှင်တွေကိုယင်လပ်ခ်က အဆင်ပြေအောင် အခွန်တွေလျှော့ပေးမယ်ပြောလိုက်တော့ အလုပ်ရှင်တွေလည်း ငြိမ်သွားကြတယ်"ဟု ယခုရက်ပိုင်းတွင် ထိုင်းနိုင်ငံမှ ပြန်လာသူလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ဝန်ကြီးချုပ်အဖြစ် သက်ဆင် တာဝန်ယူသောနှစ်များတွင် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများအတွက် အဆင်ပြေကြသဖြင့် အလုပ်သမားများက သက်ဆင်အစိုးရအား နှစ်သက်ခဲ့ကြသည်ဟု ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်နေသူ မြန်မာဝန်ထမ်းတစ်ဦးကပြောသည်။

**Free Classified**

# ဝန်ထမ်းအလိုရှိသည်

**အခမဲ့ကြော်ငြာကဏ္ဍ**

ဝန်ထမ်းအလိုရှိသည်
ကိုရီးယား-မြန်မာ စကားပြန် B.A (Korean) - M(1)
ဂျပန်-မြန်မာ စကားပြန် B.A (Japanese) - M(1)
အထည်ချုပ်လုပ်ငန်း အတွေ့အကြုံရှိရုံးဝန်ထမ်း(ဘွဲ့ရ) - M/F(6)
Warehouse Keeper - M/F(1)
Cutter - M/F(1)
Sewing - M/F(2)
Trimming - M/F(2)
ဖုန်း-၂၅၀၃၈၈(လိုင်းခွဲ-၃၃၅)

---

ဝန်ထမ်းအလိုရှိသည်
Marketing ဝန်ထမ်း - ကျား/မ (၃)ဦး၊ လစာ+ Commission
ဖုန်း-၅၁၁၁၄၉၊ ၇၂၀၉၄၈

---

ဝန်ထမ်းအလိုရှိသည်
၁။ ဆံပင်ညှပ်ကျွမ်းကျင် (ကျား) - ၃ ဦး၊
၂။ ဆံပင်ညှပ်/လျှော် ကျွမ်းကျင် (မ) - ၃ ဦး
ဖုန်း-၃၇၂၆၆၀၊ ၇၂၁၂၀၆

---

ဝန်ထမ်းအလိုရှိသည်
1. Supervisor - ကျား(၂)ဦး
2. Head Waiter - ကျား(၂)ဦး
ဖုန်း- ၀၉-၈၆၁၃၄၀၀
၀၉-၇၃၀၃၇၇၉၉

---

ဝန်ထမ်းအလိုရှိသည်
1. Sales & Marketing Manager - မ(၁)ဦး
2. Accountant - (မ)၁ဦး
3. Sales Supervisor - ကျား/မ (၂)ဦး
4. Salesman - ကျား/မ(၄)ဦး
ဖုန်း-၂၉၈၁၂၁၊ ၂၉၄၀၁၅

---

ဝန်ထမ်းအလိုရှိသည်
Japanese Language Instructor - 1 Post
ဖုန်း-၃၇၀၈၃၆(လိုင်းခွဲ-၅၀၇)

---

ဝန်ထမ်းအလိုရှိသည်
(၁) Sale Promoter - 4 Posts (Female)၊ 2 Posts (Male)
No. 174-182, Pansodan Road (Middle Block), Kyauktada Tsp, Yangon

---

ဝန်ထမ်းအလိုရှိသည်
၁။ စာစီ(ကျွမ်းကျင်) - မ(၁)ဦး
၂။ Photoshop (ကျွမ်းကျင်) - မ(၁)ဦး
ဖုန်း-၂၁၀၉၂၂၊ ၂၁၆၃၅၉

---

ဝန်ထမ်းအလိုရှိသည်
မန်နေဂျာ- ၁ ဦး၊
အိမ်ခြံမြေကျွမ်းကျင် - ကျား/မ ၁၀ ဦး
ဖုန်း-၇၀၀၃၃၁၊၀၉-၇၃၁၉၂၀၂၁

---

ဝန်ထမ်းအလိုရှိသည်
၁။ အရောင်းဝန်ထမ်း - မ (၂)ဦး
၂။ အထွေထွေဝန်ထမ်း - ကျား/မ (၅)ဦး ၃။ ယာဉ်မောင်း - ကျား(၂) ဦး၊ အမှတ်-၆၃၊ မြေညီ၊ ၁၂လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

---

ဝန်ထမ်းအလိုရှိသည်
1. IT Administrator (MCP/MCSE/MCSE)
2. Network Administrator (CCNA/CCNP)
3. Database Administrator (MS SQL/MySQL/Oracle)
ဖုန်း-၅၃၂၀၇၇၊ ၅၃၂၀၇၈

---

ဝန်ထမ်းအလိုရှိသည်
(၁) F & B မန်နေဂျာ - ကျား(၁) ဦး၊
(၂) စားကိုင် - (၂)ဦး
(၃) Computer ကျွမ်းကျင် (Word & Excel) - မ(၁)ဦး
၄။ ယာဉ်မောင်း - (၁)ဦး
၅။ ထမင်းချက် - မ(၁)ဦး
ဖုန်း-၀၉-၈၆၁၃၄၀၀၊
၀၉-၇၃၀၃၇၇၉၉

---

ဝန်ထမ်းအလိုရှိသည်
၁။ Marketing Manager - မ(၁)ဦး
၂။ Assistant Marketing - မ(၁)ဦး
၃။ Computer Designer - မ(၁)ဦး
ဖုန်း-၀၉-၈၀၃၂၅၅၀
ahhmwe@gmail.com

---

ဝန်ထမ်းအလိုရှိသည်
အိမ်သုံးဆေးဝါးဖြန့်ဖြူးရောင်းချရန် Marketing ဝန်ထမ်းအလိုရှိသည်။ အမျိုးသားများဦးစားပေးမည်။ အသက် ၁၈-၃၅ နှစ်။ လစာငွေ-၇၀,၀၀၀ ကျပ်
ဖုန်း-၂၂၄၈၂၀၊ ၂၁၁၈၇၀

---

ဝန်ထမ်းအလိုရှိသည်
(၁) Telephone Operator - ကျား/မ(၁)ဦး
(၂) ယာဉ်မောင်း - ကျား(၁)ဦး
(၃) လုံခြုံရေး - ကျား(၅)ဦး
ဖုန်း-၂၀၁၃၂၆၊ ၂၉၃၃၈၄

---

ဝန်ထမ်းအလိုရှိသည်
1. Manager - M/F (2)Posts
2. Accountant - M/F (3)Posts
3. Sale Promoter - M (2)Posts
4. Sale Promoter - F (4)Posts
အမှတ်-၁၁၄၊(ပ)ထပ်၊ Junction Centre (Maw Tin)၊ အနော်ရထာလမ်းနှင့်လမ်းသစ်လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

---

ဝန်ထမ်းအလိုရှိသည်
(၁) အထွေထွေဝန်ထမ်း - ကျား ၃ ဦး
(၂) ယာဉ်မောင်း - ကျား ၂ ဦး
(၃) ရုံးဝန်ထမ်း - ကျား ၂ ဦး
ဖုန်း-၀၉-၇၃၀၂၇၇၃၃

---

အမြန်အလိုရှိသည်
ယာဉ်မောင်းဝန်ထမ်း-ကျား(၁)ဦး အသက်(၃၅)နှစ်အထက်၊ ကျန်းမာရေးကောင်းမွန်ရမည်။ ရန်ကုန်မြို့တွင်းကျွမ်းကျင်စွာသွားလာနိုင်ရမည်။ ယာဉ်မောင်းကျွမ်းကျင်မှုအပေါ်မူတည်၍လစာညှိနှိုင်းပေးမည်။ ဓာတ်ပုံ တစ်ပုံနှင့် အတူ လျှောက်လွှာတင်ရန်။
လပြည့်ဝန်းပလာဇာ (၁၀)ထပ်၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။

---

ဝန်ထမ်းအလိုရှိသည်
(၁) Chief Accountant - မ(၁)ဦး၊ (၂) Accountant - မ(၂)ဦး၊ (၃) Engineer (Sale & Marketing) - ကျား/မ(၁)ဦး၊ (၄) HR ဝန်ထမ်း - ကျား/မ(၁) ဦး၊ (၅) Auto CAD ကျွမ်းကျင် - ကျား/မ(၁)ဦး၊ (၆) Marketing Supervisor - ကျား/မ(၂)ဦး၊(၇) Marketing Staff - ကျား/မ(၅)ဦး၊ (၈) အရောင်းဝန်ထမ်း -မ(၅)ဦး၊ (၉) ပြင်ထိန်း - ကျား(၂)ဦး၊ (၁၀) ယာဉ်မောင်း - ကျား(၃)ဦး
Silver Tiger Co., Ltd
အမှတ်-G(၄၊၅၊၆)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း။

---

ဝန်ထမ်းအလိုရှိသည်
1.Counter ဝန်ထမ်း (မ)
တက္ကသိုလ်မှ ဘွဲ့တစ်ခုရရှိပြီး၊ ကွန်ပျူတာတတ်ကျွမ်းသူဖြစ်ရမည်။ လျှောက်ထားလိုသူသည် C.V Form အပြည့်အစုံ၊ သက်ဆိုင်ရာစာရွက်စာတမ်းများနှင့်အတူ အမှတ်(၉)၊ အိုးဘိုလမ်း၊ ရွှေဘုန်းပွင့်ဘုရားအနီး၊ ပုဇွန်တောင်မြို့နယ်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။ **CHANNEL Digital Ink-jet Printing & Advertising**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


# Advertisement

7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011







Education
7 DAY NEWS JOURNAL
Vol.10, No.19 · JULY 28, 2011

# ပြည်ပတက္ကသိုလ်၊ ကောလိပ်ကျောင်းဝင်ခွင့်သင်တန်း ဖွင့်လှစ်သူများလာ

နေလင်းထွန်း

ရန်ကုန်၊ ဇူလိုင်-၁၈

**နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ်များတွင် တက်ရောက်ပညာသင်ကြားနိုင်ရန် ပြည်တွင်း၌ ကျောင်းဝင်ခွင့် သင်တန်းများဖွင့်လှစ်သင်ကြားမှုမြင့်တက်လာကြောင်းပညာရေးဝန်ဆောင်မှုလုပ်ငန်းအချို့မှတာဝန်ရှိသူများက ပြောသည်။**

မြန်မာကျောင်းသားများ ပြည်ပကျောင်းဝင်ခွင့်အတွက် ပညာရေးဝန်ဆောင်မှုလုပ်ငန်းအချို့က သင်တန်းများ ဖွင့်လှစ်ပို့ချနေခြင်းဖြစ်ပြီး စင်ကာပူနိုင်ငံရှိ ပိုလီကျောင်းများနှင့် ဘီစီအေကျောင်းတို့၏ ကျောင်းဝင်ခွင့်သင်တန်းများကို အများစုဖွင့်လှစ်သင်ကြားနေကြခြင်းဖြစ်သည်။နယူးဇီလန်နိုင်ငံရှိတက္ကသိုလ်ကျောင်းဝင်ခွင့် အတွက် သင်တန်းစတင်ဖွင့်လှစ်ရန်လည်း ပညာရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုက ကြော်ငြာထားသည်။

"သုံးလတက်ရမယ်။ သင်တန်းကြေးက အမေရိကန်ဒေါ်လာ ၁,၀၀၀ ပါ"ဟု အဆိုပါပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းတစ်ဦးကဆိုသည်။

စင်ကာပူနိုင်ငံရှိ ဘီစီအေကျောင်းဝင်ခွင့် သင်တန်းများသည်ကျပ်တစ်သိန်းခွဲခန့်ပေးသွင်းရလေ့ရှိပြီး ပိုလီကျောင်းဝင်ခွင့် သင်တန်းများသည် ကျပ်ဆယ်သိန်းခန့် ပေးသွင်းရကြောင်း သိရသည်။ ယခုအခါ ကျောင်းသားများ စင်ကာပူ၊ ဗြိတိန်၊ ဩစတြေးလျစသည့်နိုင်ငံအသီးသီးရှိကျောင်းများတွင် ပညာသင်ယူရန် အတွက် ကာလတိုကျောင်းဝင်ခွင့် သင်တန်းများကို ဖွင့်လှစ်လုပ်ကိုင်မှုများပြားလာသည်။

ပြည်ပကျောင်းဝင်ခွင့် အတွက် တက်ရောက်ကြသော ကျောင်းသားများအနေဖြင့် မိမိတက်ရောက်မည့် ကျောင်း၏ အရည်အချင်းတောင်း ဆိုချက်များကို ဂရုပြုရန်လိုအပ်သည်။ သတ်မှတ်အရည်အချင်းပြည့်မီခြင်းမရှိသော ကျောင်းသားများအနေဖြင့် သင်တန်းတက်ရောက်သော်လည်း ကျောင်းဝင်ခွင့် မရရှိနိုင်သည်ကို သတိပြုသင့်ကြောင်း

စာ(၂၂)သို့

## ရေနံတူးဖော်သည့်အင်ဂျင်နီယာဘာသာရပ် မလေးရှားတက္ကသိုလ်မှာပင် တက်ရောက်နိုင်

သီဟ

ရန်ကုန်၊ဇူလိုင်-၂၀

ယခင်က အခြေခံစာသင်နှစ်နှင့် ပထမနှစ်စာသင်နှစ်များကို မလေးရှားနိုင်ငံရှိ Curtin University (Sarawak) တွင်တက်ရောက်ပြီး ကျန်နှစ်များအား Main Campus ဖြစ်သည့် ဩစတေးလျတွင်တက်ရောက်ခဲ့ရသော ရေနံတူးဖော်ရေးအင်ဂျင်နီယာဘာသာရပ်ကို လာမည့် ၂၀၁၂ ဖေဖော်ဝါရီ စာသင်နှစ်မှစ၍ မလေးရှားရှိ Curtin University(Sarawak) တွင်ပင် ကုန်ကျစရိတ်သက်သာစွာဖြင့် တက်ရောက်နိုင်တော့မည်ဖြစ်ကြောင်း ပညာရေးဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖြစ်သည့် MSI မှသိရသည်။

အဆိုပါအင်ဂျင်နီယာဘာသာရပ်အားမြန်မာနိုင်ငံမှကျောင်းသားများတက်ရောက်လိုပါက တက္ကသိုလ်ဝင်တန်းတွင်တစ်ဘာသာလျှင် ပျှမ်းမျှရမှတ် ၆၀ နှင့်အထက်ရရှိရန်လိုအပ်ပြီး ရူပဗေဒ၊ဓါတုဗေဒနှင့်သင်္ချာဘာသာရပ်များအား အဓိကထား စစ်ဆေးလက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် မြန်မာနိုင်ငံရှိ အစိုးရတက္ကသိုလ်များတွင် ဘွဲ့ရရှိပြီးသူများ တက်ရောက်လိုပါကလည်း ဘာသာရပ်ကင်းလွတ်ခွင့်များလျှောက်ထားနိုင်ကြောင်း သိရသည်။ ယင်းဘာသာရပ်အတွက် စာသင်နှစ်မှာ အခြေခံစာသင်နှစ် အပါအဝင် စုစုပေါင်း ၅ နှစ်သင်ကြားရမည်ဖြစ်ပြီး ပျှမ်းမျှကုန်ကျစရိတ်မှာ စာသင်နှစ်တစ်နှစ်လျှင် အမေရိကန်ဒေါ်လာရှစ်ထောင်ကျော်ရှိကြောင်းသိရသည်။

# ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် သင်ကြားမှုစနစ်ပြောင်းလဲရန် စီစဉ်နေ



ဘုန်းတော်ကြီးသင်ပညာကျောင်းတစ်ကျောင်းတွင် ပညာသင်ယူနေကြသော ကျောင်းသား၊ကျောင်းသူများ ဓာတ်ပုံ-နေလင်းထွန်း

နေလင်းထွန်း

ရန်ကုန်၊ ဇူလိုင်-၁၅

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ ပညာရေးမြင့်မားလာစေရန်အတွက် ကျောင်းသားများအား စာသင်ကြားမှုနည်းစနစ်များ ပြုပြင်ပြောင်းလဲရန် ဆောင်ရွက်လျက်ရှိကြောင်း ဘုန်းတော်ကြီးကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးပံ့ပိုးနေသူများက ပြောသည်။

စာသင်ခန်းများအတွင်း ဆရာဗဟိုပြုသင်ကြားမှုနည်းစနစ် (TCA )ဖြင့် သင်ကြားနေရာမှ ကလေးဗဟိုပြုသင်ကြားမှု နည်းစနစ်(CCA)ဖြင့် သင်ကြားနိုင်ရေးအတွက် ဆရာ၊ ဆရာမများအား သင်တန်းများပို့ချခြင်း၊ ကျောင်းလုပ်ငန်းလည်ပတ်မှု အဆင်ပြေနိုင်စေရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများ ပို့ချခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

"သင်တန်း တစ်နှစ်ကိုနှစ်ကြိမ်ပေးတယ်။ ဆရာ၊ ဆရာမဦးရေ ၉၇ ယောက်ပေါ့။ ကလေးဗဟိုပြုသင်ကြားမှုနည်းစနစ်နဲ့ စီမံခန့်ခွဲမှုသင်တန်းတွေပေးပါတယ်။ သင်တန်းအောင်မြင်မှုအတွက် ၅၀ ရာခိုင်နှုန်းပဲမှန်းပေမယ့် ၆၅ ရာခိုင်နှုန်းလောက်အောင်မြင်ပါတယ်" ဟု အထက်ပါ အစီအစဉ်သင်တန်းများမှ တာဝန်ရှိသူတစ်ဦးကသတင်းထောက်များအား ပြောသည်။

ထို့အပြင် ယခုနှစ်မေလမှစတင်၍ သုံးနှစ်သက်တမ်းရှိဘုန်းတော်ကြီးသင်ပညာရေးကျောင်းများဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တစ်ခုကို ဆောင်ရွက်လျက်ရှိပြီး သင်ကြားမှုနည်းစနစ်ဆိုင်ရာ သင်တန်းများအား ဆင့်ပွားပို့ချသွားမည်ဖြစ်ကြောင်း အဖွဲ့အစည်းတစ်ခု၏ တာဝန်ရှိသူကပြောသည်။

ယင်းကဲ့သို့ သင်တန်းများ ပို့ချရာတွင်နေရာဒေသပေါ်မူတည်၍ အားသာမှု၊ အားနည်းမှုရှိနေသော်လည်း သင်ကြားရေးနည်းစနစ်သစ်အား လက်ခံကျင့်သုံးလာမှုများရှိနေကြောင်း ကျောင်းသားများအား ကလေးဗဟိုပြုသင်ကြားမှုနည်းစနစ်ဖြင့် ပို့ချနေသော အဆိုပါပညာရေးနယ်ပယ်တွင် ဝင်ရောက်လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

မူလတန်းပညာ အခမဲ့ မသင်မနေရစနစ်ဖွံ့ဖြိုးလာမှုနှင့်အတူ ဘုန်းတော်ကြီးကျောင်းများတွင် အခြေခံပညာသင်ကြားပို့ချမှုများ မြင့်တက်လာခဲ့ပြီး ကျောင်းသားအင်အားလည်း များပြားလာလျက်ရှိကြောင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအား လေ့လာသုတေသနပြုနေသူများထံမှသိရသည်။

# နိုင်ငံတကာကျောင်းမှ ကျောင်းသားအချို့ မြန်မာစာညံ့လာဟုဆို

ဂျေဂျေ

ရန်ကုန်၊ ဇူလိုင် - ၂၁

ပြည်တွင်း၌ ဖွင့်လှစ်သော နိုင်ငံတကာကျောင်း(International School)များတွင် တက်ရောက်နေသော ကျောင်းသားအများစုမှာ အင်္ဂလိပ်စာ၌ ထူးချွန်ကြသော်လည်း မြန်မာစာဘက်တွင် အလွန်အားနည်းလာကြောင်း ကျောင်းသားမိဘများနှင့် ဝါရင့်ဆရာအချို့ကပြောသည်။

နိုင်ငံတကာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းအများစုမှာ အဓိကဘာသာအဖြစ် အင်္ဂလိပ်စာကိုသတ်မှတ်ထားပြီး အခြားဘာသာအဖြစ် မြန်မာစာနှင့် တရုတ်စာအား ကြိုက်နှစ်သက်ရာ ရွေးချယ်ခွင့်ပြုထားသည်။ အဆိုပါဘာသာများကိုလည်း တစ်ပတ်လျှင် နှစ်ချိန်ခန့်သာ သင်ကြားပေးလျက်ရှိရာ ကျောင်းသား အများစုမှာ အဆိုပါ ဘာသာရပ်များတွင် အားနည်းလာကြောင်း နာမည်ရ နိုင်ငံတကာကျောင်းမှ ဝါရင့်ဆရာတစ်ဦးကပြောသည်။

"အင်တာနေရှင်နယ်ကျောင်းအတော်များများကတော့ ဒီလိုပါပဲ။ အင်္ဂလိပ်စာပဲ ဖိသင်တာများတယ်။ မြန်မာစာကလွဲပြီး သိပ္ပံတို့၊ သင်္ချာတို့ သင်လည်း အင်္ဂလိပ်လိုပဲ။ ဒါပေမဲ့ သင်္ချာတွေ ဘာတွေက အင်္ဂလိပ်လိုဆိုလို့သာ ခက်တယ်ထင်ရတာ၊ အစိုးရကျောင်းက ကလေးတွေက သင်္ချာတွေ ဘာတွေပိုတော်ကြတာများတယ်။ မြန်မာစာက တစ်ပတ်ကို နှစ်ချိန်လောက်ပဲသင်တာ။ တစ်ပတ်ကို နှစ်နာရီလို့လည်းပြောလို့ရတယ်။ မြန်မာစာ အခုမှ သင်တဲ့ကလေးတွေအတွက် အဲဒီနှစ်နာရီက မလုံလောက်ဘူး"ဟု နာမည်ရ နိုင်ငံတကာကျောင်းမှ ဝါရင့် ဆရာတစ်ဦးကပြောသည်။



ပြည်ပနိုင်ငံတွင် ပညာသင်ယူနေကြသော ကျောင်းသူ၊ကျောင်းသားငယ်များ

"ကျွန်မတို့လည်း အရင်တုန်းကတော့ အင်္ဂလိပ်စာက ကိုယ့်ဘာသာစကားမဟုတ်တော့ ကလေးကို ဖိသင်ခဲ့တာ။ အခုမှ ဒုက္ခရောက်တော့တာပဲ။ ကလေးက မြန်မာစာမရတာကိုပဲ ဂုဏ်ယူသလိုလို ဘာလိုလိုလုပ်နေတယ်။ အိမ်မှာ မြန်မာစာကို ကျူရှင်ယူနေရတယ်။ ကျောင်းလခတွေ အများကြီးပေးထားပြီး အခုလို ကျူရှင်ပါထပ်ယူရတာတော့မကောင်းဘူး"ဟု ကျောင်းသားမိဘတစ်ဦးကလည်းပြောသည်။

International School အမည်ခံ ဖွင့်ထားသော ပုဂ္ဂလိကနိုင်ငံတကာကျောင်းအများစုတွင် မြန်မာစာသင်ကြားသောဆရာ၊ ဆရာမအများစုမှာလည်း မြန်မာစာအားလက်ရေးလက်သားမှစ၍ သဒ္ဒါပင် ကောင်းကောင်းမသိဘဲ သာမန်ဘွဲ့ရကာ ဆရာဝင်ရောက်လုပ်ကိုင်သူများသာ များကြောင်း ပုဂ္ဂလိကကျောင်းအသိုင်းအဝိုင်းမှ သိရသည်။

"စာလိုက်သင်တဲ့ ကလေးအတော်များများကို အကုန်ပြန်သင်နေရတာများတယ်။ သဝေထိုးတောင် အပေါ်ကစလား၊ အောက်က စလားမသိကြဘူး။ ကြုံသလိုရေးနေတာ၊ ကလေးတစ်ယောက်ကိုစျမျဉ်းဆွဲ(စျ)ကိုပြတာ ဘာပြောလဲဆိုတော့ 'စလုံးရပင့်'တဲ့။ အဲဒီကလေးက Grade-5 ရောက်ပြီ။ အစိုးရကျောင်းမှာဆို အဲဒီအရွယ်ကလေးတွေက 'ကျွန်ုပ်၏ကျောင်း' တို့၊ 'ကျွန်ုပ်၏ အိမ်'တို့လောက်စာစီစာကုံးတွေတော့ ရေးတတ်နေပြီ။ ဒီပုဂ္ဂလိကကျောင်းတွေမှာ စာတောင် သေချာမဖတ်တတ်သေးဘူး" ဟု နိုင်ငံတကာကျောင်း ကျောင်းသားများအား အိမ်လိုက်၍ မြန်မာစာသင်ကြားသော ဆရာမတစ်ဦးကပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# IELTS ဖြေဆိုသူလျော့နည်းလာ

နေလင်းထွန်း

**ရန်ကုန်၊ ဇူလိုင်-၂၁**

ဗြိတိန်ကျောင်းသား ပြည်ဝင်ခွင့် ခက်ခဲလာခြင်းကြောင့် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲဖြစ်သော IELTS ဖြေဆိုသော ကျောင်းသားအရေအတွက် ကျဆင်းလာခဲ့ကြောင်း သတင်းရရှိသည်။

ယခင်နှစ်တွင် IELTS စာမေးပွဲဖြေဆိုကြသော ကျောင်းသားအရေအတွက်သည် လစဉ် ၃၀၀ ကျော်ရှိနေရာမှ ယခုနှစ်တွင် ဖြေဆိုသူ ၃၀၀ အောက်သို့ ရောက်ရှိသွားခဲ့ကြောင်း စာမေးပွဲကျင်းပရေး တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျောင်းသားတွေက ထပ်ခါထပ်ခါဖြေဆိုနေရာကနေ အမှတ်ကောင်းရလို့ မဖြေတော့တာလည်း ရှိမယ်။ နောက်ယူကေဗီဇာက မလွယ်တော့တာလည်း ဖြေဆိုမှုကိုလျော့ကျစေနိုင်တယ်။ တချို့ကျောင်းတွေကလည်း ဒီမှာ အေးဂျင့်တွေကတစ်ဆင့်(ကျောင်းဝင်ခွင့်အတွက်)အင်္ဂလိပ်စာလာစစ်နေတာလည်း ပါမယ်။ ယူကေဗီဇာကျပ်တဲ့အတွက် အချို့ကျောင်းသားတွေကလုံးဝကို Give up (လက်လျှော့) လိုက်တာရှိတယ်" ဟု ၎င်းက စာမေးပွဲဖြေဆိုသော ကျောင်းသားလျော့ကျနေမှုအပေါ် ၎င်းကသုံးသပ်သည်။

ဗြိတိသျှကောင်စီ(မြန်မာ)မှ စစ်ဆေးလျက်ရှိသော အဆိုပါစာမေးပွဲအားပြည်ပတွင်သွားရောက်ပညာသင်ယူရန် ရည်ရွယ်ချက်ဖြင့် မြန်မာကျောင်းသားအများစုဝင်ရောက်ဖြေဆိုနေလျက်ရှိကြပြီး ရွှေ့ပြောင်းလုပ်သားဗီဇာလိုအပ်ချက်ဖြင့် ဖြေဆိုနေသူများလည်း ရှိကြောင်း သိရသည်။

ယခုနှစ်ပိုင်းတွင် ဗြိတိန်နိုင်ငံ၌ ကျောင်းသားပြည်ဝင်ခွင့်မူဝါဒအပြောင်းအလဲများဖြစ်ပေါ်ခဲ့ပြီးနောက် ၎င်းနိုင်ငံသို့ သွားရောက်ရန် ပြင်ဆင်နေကြသော မြန်မာကျောင်းသားများအပေါ် သက်ရောက်မှုများဖြစ်စေခဲ့သည်။

# LCCI ရွှေ့လျားစာမေးပွဲ ကျင်းပပေးရန် စီစဉ်

နေလင်းထွန်း

**ရန်ကုန်၊ ဇူလိုင် - ၂၁**

LCCI စာရင်းကိုင်ဘာသာရပ်ကို လေ့လာနေသော နယ်မြို့များမှ ကျောင်းသားများအတွက် ရွှေ့လျားစာမေးပွဲ အစီအစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဗြိတိသျှကောင်စီစာမေးပွဲဌာနမှ သတင်းရရှိသည်။

ရန်ကုန်၊ မန္တလေးမြို့များနှင့် အလှမ်းဝေးကွာသော နယ်မြို့များတွင် LCCI စာရင်းကိုင်ဘာသာရပ်ဖြေဆိုမည့် ကျောင်းသားအရေအတွက် ၃၀နှင့်အထက်ရှိပါက ဝန်ထမ်းစေလွှတ်၍ စာမေးပွဲစစ်ဆေးပေးခြင်းဖြစ်ကြောင်း သိရသည်။

"လမ်းပန်းဆက်သွယ်ရေးခက်ခဲတယ်။ ဝေးလံတဲ့နေရာတွေကိုလိုက်ပြီး စစ်ဆေးပေးတယ်။ သင်တန်းကြေး၊စာမေးပွဲကြေးတတ်နိုင်တယ်။ ခရီးစရိတ်မတတ်နိုင်လို့စာမေးပွဲမဖြေလိုက်ရမယ့်ကလေးတွေအတွက် လုပ်ပေးတာပါ။ အဲလိုဒေသက ဆက်သွယ်ရင် လုပ်ပေးဖို့အစီအစဉ်ရှိပါတယ်" ဟု တာဝန်ရှိသူတစ်ဦးကဆိုသည်။ အဆိုပါစာမေးပွဲစနစ်အရ နေရာဒေသအခက်အခဲကြောင့် စာရင်းကိုင်ဘာသာရပ်ကိုလေ့လာနေသော်လည်း စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ခြင်းမရှိသော ကျောင်းသားများ စာမေးပွဲဖြေဆိုလာကြကြောင်း သိရသည်။

ရွှေ့လျားစာမေးပွဲအား ယခင်နှစ်မှစတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြစ်ကြီးနား၊ လားရှိုး၊ ကလေး၊ မော်လမြိုင်၊ တောင်ကြီးနှင့်ကလေးမြို့တို့တွင် စာမေးပွဲများလိုက်လံစစ်ဆေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ပြည်တွင်းရှိ အမျိုးသမီးအများစုသည် အလုပ်အကိုင်အခွင့်အလမ်းရရှိရန် ရည်ရွယ်ချက်ဖြင့် LCCI စာမေးပွဲများကို ဖြေဆိုလျက်ရှိရာ နှစ်စဉ်ကျောင်းသားတစ်သောင်းခွဲခန့်ဖြေဆိုနေကြောင်း သိရသည်။

# အမေရိကန်တက္ကသိုလ်မှ ချီးမြင့်မည့်စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ စင်ကာပူကောလိပ်တွင် တက်ရောက် သင်ယူနိုင်

သီဟ

**ရန်ကုန်၊ ဇူလိုင်-၂၀**

အမေရိကန်နိုင်ငံ Concordia University Wisconsin မှချီးမြှင့်သည့်စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ MBA အား စင်ကာပူနိုင်ငံရှိ Dimensions International College တွင် ၁၅ လဖြင့် တက်ရောက်ရယူနိုင်ကြောင်း သိရသည်။

အဆိုပါသင်တန်းကာလ ၁၅လ အတွင်းတွင် Managerial Economics, Applied Statistical Methods, Management Information System, Corporate Finance အစရှိသည့်ဘာသာရပ်များအပါအဝင် ဘာသာရပ် ၁၃ ခု တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

တက်ရောက်လိုသူများသည် စီးပွားရေးနှင့် ပတ်သက် သည့်ဘွဲ့တစ်ခုခုရရှိထားရမည်ဖြစ်ပြီး အင်္ဂလိပ်စာလိုအပ်ချက်အနေဖြင့် IELTS 6 သို့မဟုတ်ယင်းအမှတ်နှင့်ညီမျှသည့် အရည်အချင်းရှိရန်လိုအပ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ပတ်သက်သည့်ဘွဲ့ရရှိထားသူမဟုတ်သူများသည်ပေါင်းကူးဘာသာရပ်ခြောက်ခု ထပ်မံတက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။



**စာ-၂၁၊ ပြည်ပတက္ကသိုလ်၊ ကောလိပ်ကျောင်းဝင်ခွင့်သင်တန်း ဖွင့်လှစ်သူများလာ မှ**

မိမိတက်ရောက်မည့်ကျောင်း၏ ပညာရေးလမ်းကြောင်းကို လေ့လာသင့်ကြောင်း ပညာရေးဝန် ဆောင်မှုလုပ်ကိုင်နေသူအချို့ကဆိုသည်။ နိုင်ငံတကာကျောင်းများသို့ မြန်မာကျောင်းသားသွားရောက်ပညာသင်ယူမှုမြင့်တက်လာသောကြောင့်ပြည်ပပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကျောင်းဝင်ခွင့်သင်တန်းများနှင့် ဘာသာစကားစာမေးပွဲပြင်ဆင်မှု သင်တန်းများတွင် လုပ်ငန်းဆောင်ရွက်လာမှု မြင့်တက်လျက်ရှိသည်။

TRADEMARK CAUTION
SUBARU BOXER

TRADEMARK CAUTION
DIFENE

TRADEMARK CAUTION
CEFINE

# Technology

7DAY NEWS JOURNAL

Vol.10, No.19 • JULY 28, 2011


## Apple အိုင်ဖုန်းအာမခံသက်တမ်းအတွင်း ပျက်ပါက ပြန်လဲလှယ်နိုင်ဟုဆို

**ရန်ကုန်၊ ဇူလိုင်- ၁၉**



Apple ကုမ္ပဏီ၏ iPhone များကို မည်သည့်နိုင်ငံမှ ဝယ်ယူလာသည်ဖြစ်စေ အာမခံချက်ရှိသည့် ကာလအတွင်း ချို့ယွင်းချက်များ ရှိလာပါက အမေရိကန်နိုင်ငံရှိရင်း တို့စက်ရုံမှ နောက်ထပ်ဖုန်းအသစ် တစ်လုံးကို ပြန်လည် လဲလှယ်ပေးကြောင်း ရန်ကုန်အခြေစိုက် မိုဘိုင်းဖုန်းဝန်ဆောင်မှုကုမ္ပဏီများမှ တာဝန်ရှိသူများက ပြောသည်။

iPhone များကို အမေရိကန်မဟုတ်သည့် အခြားနိုင်ငံများမှ ဝယ်ယူလာပြီးနောက် ဖုန်းအတွင်းပျက်စီးမှု၊ ချို့ယွင်းမှုများဖြစ်ပေါ်လာပါက ဝယ်ယူသည့်နိုင်ငံရှိစက်ရုံသို့ပြန်လည်ပေးပို့ပါက ယင်းစက်ရုံက အမေရိကန်နိုင်ငံရှိ ရုံးချုပ်သို့ပြန်လည်ပေးပို့မည်ဖြစ်သည်။ အမေရိကန်နိုင်ငံရှိ Apple စက်ရုံသို့ ရောက်ရှိသွားသော မည်သည့် iPhone ကိုမဆို စက်ရုံမှ နောက်ထပ်အသစ်တစ်လုံးပြန်လည် လဲလှယ်ပေးသည်ဟု ပြည်တွင်းအခြေစိုက် မိုဘိုင်းဖုန်းဝန်ဆောင်မှုလုပ်ငန်းများမှသိရသည်။

"ထိုင်းကပဲဖြစ်ဖြစ်၊ စင်ကာပူကပဲဖြစ်ဖြစ်၊ ဘယ်နိုင်ငံကပဲဖြစ်ဖြစ် ဝယ်လာတဲ့ဘယ် iPhone မဆို ဝရန်တီ (Warranty) ကာလအတွင်း ပျက်သွားတာရှိခဲ့ရင် သူဝယ်ခဲ့တဲ့နိုင်ငံကစက်ရုံကို ပို့လို့ရပါတယ်။ အဲ့ဒီနိုင်ငံကမှတစ်ဆင့် အမေရိကန်ကစက်ရုံကိုပို့ပေးပါတယ်။ အမေရိကန်စက်ရုံကိုရောက်သွားတာနဲ့ သူတို့က နောက်ထပ်အသစ်တစ်လုံး ချက်ချင်းပြန်လဲပေးမှာဖြစ်တယ်။ သူ တို့မှာက ပျက်တာကိုပြင်ချိန်မရှိဘူး" ဟု Apple အမှတ်တံဆိပ်ပစ္စည်းများကို အဓိကရောင်းချသည့် Apple Store မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

သို့သော် ထိုကဲ့သို့ သုံးစွဲနေစဉ် တစ်စုံတစ်ရာပျက်စီးချို့ယွင်းမှုကြောင့် ပြန်လည်လဲလှယ်လိုပါက အမေရိကန်နိုင်ငံရှိ Apple ကုမ္ပဏီ၏ တရားဝင် Warrenty (အာမခံကတ်)ကိုရရှိထားသည့် ဖုန်းဖြစ်ရမည်ဟု ဆိုသည်။

Apple ၏ iPhone ဖုန်းများသည် ဈေးကွက်အတွင်းရောက်ရှိပြီးချိန်မှ ယခုအချိန်အထိ သုံးစွဲသူအများဆုံးဖြစ်နေပြီး လူကြိုက်များခဲ့သည့် Black Berry ဖုန်းများထက်ပင် အသုံးပြုသူအရေအတွက် ပိုမိုများပြားနေပြီဖြစ်သည်။

ပြည်တွင်းရှိမိုဘိုင်းဖုန်းသုံးစွဲမှုတွင်လည်း ထိုဖုန်းမှာဈေးကွက် ဝယ်လိုအားပိုမိုမြင့်တက်လာနေပြီဖြစ်ကြောင်း ရန်ကုန်အခြေစိုက် မိုဘိုင်းဖုန်းဝန်ဆောင်မှုလုပ်ငန်းများမှသိရသည်။

## တန်ဖိုးသက်သာသော ဂျီအက်စ်အမ်ဖုန်းများ တစ်နှစ်အတွင်း ချပေးမည်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင်- ၁၉**

ကျပ်ငါးသိန်းအောက်ဖြင့် သုံးစွဲနိုင်မည့် တန်ဖိုးနည်းဂျီအက်စ်အမ်ဖုန်းများကို အစိုးရ၏ ပထမနှစ်စီမံကိန်းကာလအတွင်း ချထားပေးတော့မည်ဖြစ်ကြောင်းဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

အဆိုပါမိုဘိုင်းဖုန်းများ၏ ဈေးနှုန်းအတိအကျမှာ ကျပ်သုံးသိန်း (သို့မဟုတ်) ယင်းနှုန်းထား နှင့်အထက်(ကျပ်လေးသိန်းမပြည့်သည့်ပမာဏ)ဖြစ်လာမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ တန်ဖိုးနည်းဂျီအက်စ်အမ်မိုဘိုင်းဖုန်းများချထားပေးမှုအစီအစဉ်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် နိုင်ငံ၏လူမှုရေးနှင့် စီးပွားရေးကဏ္ဍတို့တွင် ပိုမိုတိုးတက်လာစေရေးတို့အတွက် ဆောင်ရွက်တော့မည့် စီမံကိန်းများအနက်မှ တစ်ခုဖြစ်သည်ဟု ဆိုသည်။

"ဒီစီမံကိန်းကြောင့် နိုင်ငံအတွင်းက ပြည်သူတွေအချင်းချင်း အပြန်အလှန်ဆက်သွယ်မှုတွေကို ဈေးနှုန်းသက်သာတဲ့ မိုဘိုင်းဖုန်းတွေနဲ့ လုပ်လာနိုင်အောင်လို့ပါ။ ဈေးနှုန်းတွေကို အတိအကျထုတ်ဖော်မပြောကြားသေးပေမယ့် ဒီနိုင်ငံရဲ့လူတန်းစားအများစုအသုံးပြုနိုင်မယ့် နှုန်းထားနဲ့ပဲချထားပေးမှာပါ" ဟု အထက်ပါလုပ်ငန်းမှ အခြားတာဝန်ရှိသူတစ်ဦးက ပြောသည်။

အစိုးရအနေဖြင့်တန်ဖိုးနည်း မိုဘိုင်းဖုန်းဂျီအက်စ်အမ်အလုံးရေ သန်းသုံးဆယ်အား ငါးနှစ်စီမံကိန်းဖြင့် ချထားပေးသွားမည်ဟု နိုင်ငံပိုင်သတင်းစာများမှ ကြေညာချက်များထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယခုချထားပေးမည်ဟုဆိုသည့် ဈေးနှုန်းသက်သာပြီး နိုင်ငံ၏အခြေခံလူတန်းစားများသုံးစွဲနိုင်မည့် ဂျီအက်စ်အမ်ဖုန်းများကို ငါးနှစ်စီမံကိန်း၏ ပထမစီမံကိန်းအဖြစ်အလုံးရေလေးသန်းဖြင့်စတင် ချထားပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ချထားပေးရာတွင် အဝင်ခေါ်ဆိုခများပေးဆောင်ရခြင်းမရှိနိုင်ကြောင်းလည်း အထက်ပါလုပ်ငန်းမှစုံစမ်းသိရသည်။

ထို့အပြင်ထပ်မံချထားပေးမည့်အဆိုပါ ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများစွာအတွက် ဆက်သွယ်ရေးတာဝါတိုင်များကိုလည်း စိုက်ထူသွားမည်ဖြစ်ကြောင်းသိရသည်။

"အစိုးရက သုံးသိန်းနဲ့သာ ချထားပေးမယ်ဆိုရင်ဒီနိုင်ငံကလူတန်းစားတွေအတွက် တော်တော်လေးအဆင်ပြေလာလိမ့်မယ်။ ဒါပေမဲ့အများကထင်နေကြသလိုအဝင်ခေါ်ဆိုခကိုပါ ကောက်မယ်ဆိုရင်တော့ သုံးစွဲသူတွေအဆင်ပြေမှာမဟုတ်ဘူး။ ဖုန်းတစ်လုံး သုံးသိန်းဆိုရင်တောင် သန်းသုံးဆယ်ပမာဏဆိုအစိုးရအတွက်နိုင်ငံတော်ဝင်ငွေတော်တော်လေးရနေပြီ။ ဒီရက်ပိုင်း ကြားရတာကတော့ အဝင်ခေါ်ဆိုခကို မကောက်တော့ဘူးလို့ပြန်ကြားနေရတယ်" ဟုရန်ကုန်အခြေစိုက်ဖွင့်လှစ်ထားသည့် မိုဘိုင်းဖုန်းဝန်ဆောင်မှုလုပ်ငန်းတစ်ခုမှ လုပ်ငန်းရှင်တစ်ဦးကသုံးသပ်ပြောကြားသည်။

ယခုလတ်တလောတွင် ပြည်တွင်း၏ ဈေးနှုန်းအသက်သာဆုံး မိုဘိုင်းဖုန်းများမှာ ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ နှင့် ၄၅၀ မဂ္ဂါဟဇ်ဖုန်းများနှင့် ဂျီအက်စ်အမ်ဖုန်းများဖြစ်သည်။

## ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်း ခိုးပွားမှုများ ဖြစ်ပွားနေ

**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင်- ၁၉**

ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟဇ်ဖုန်းများကို မူရင်းလျှောက်ထားသည့်ပိုင်ရှင်မသိဘဲ ပွားသုံးနေခြင်းများ ပြီးခဲ့သည့် မေလဝန်းကျင်မှစတင်၍ ယခုအချိန်ထိဆက်တိုက်ဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။

ယခုဖြစ်ပေါ်နေသည့် ဖုန်းပွားသုံးမှုမှာ မိုဘိုင်းဖုန်းပြုပြင်သည့်ဆိုင်များနှင့်ကျွမ်းကျင်သူများထံမှတစ်ဆင့်ဖြစ်ပေါ်နေကြောင်းလည်းသတင်းရရှိသည်။

ဆက်သွယ်ရေးလုပ်ငန်းမှချထားပေးသည့် မူရင်းဆင်းမ်ကတ် (Sim Card) ၏ ကုဒ်နံပါတ်များကို ကွန်ပျူတာဖြင့် စကင်န် (Scan) ဖတ်ပြီး ယင်းနံပါတ်နှင့်ပင် အခြားဖုန်းအိမ်တစ်လုံးနှင့် သီးသန့်အသုံးပြုနေကြခြင်းများဖြစ်ကြောင်း မိုဘိုင်းဖုန်းကျွမ်းကျင်သူများထံမှသိရသည်။

"ဖုန်းဆိုင်မှာ ဖုန်းသွားပြင်ရင် ဆင်းမ်ကတ်က ကုဒ်နံပါတ်ကို စကင်န်ဖတ်ပြီး နောက်ထပ်ဖုန်းအိမ်တွေနဲ့ပွားသုံးလို့ရတယ်။ ပိုက်ဆံကတော့မူရင်းဆင်းမ်ကတ်ကနေဖြတ်တော့ တကယ်လျှောက်ထားတဲ့နံပါတ်ပိုင်ရှင်က သူမပြောဘဲ ပိုက်ဆံတွေကုန်နေတာ" ဟုမိုဘိုင်းဖုန်းဝန်ဆောင်မှု ဆိုင်တစ်ဆိုင်မှ တာဝန်ခံတစ်ဦးက ပြောသည်။

ထိုကဲ့သို့ ဖုန်းနံပါတ်တစ်ခုတည်းကို အခြားဖုန်းအိမ်များဖြင့် မူရင်းပိုင်ရှင်မသိအောင်ပွားသုံးနေ ကြခြင်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဥပဒေများနှင့်အညီအရေးယူနိုင်မည်ဖြစ်ကြောင်း ယင်းလုပ်ငန်း၏ တာဝန်ရှိသူများကဆိုကြသည်။

သို့သော် လက်တွေ့တွင်မူ ထိုကဲ့သို့ ဖုန်းပွားသုံးခြင်းကိစ္စရပ်များဆက်တိုက်ဖြစ်ပေါ် နေသော်လည်း သက်ဆိုင်ရာက ထိရောက်သော အရေးယူစုံစမ်းမှုများ မပြုလုပ်သေးကြောင်းလည်း စုံစမ်းသိရှိရသည်။

စာ(၂၄)သို့

## ဆမ်ဆောင်းက Galaxy Tablet ကွန်ပျူတာသစ်ကို ကိုရီးယားတွင် စတင်ဖြန့်ချိ

**ဆိုးလ်၊ ဇူလိုင် - ၂၀**

တောင်ကိုရီးယား၏ အီလက်ထရွန်နစ်ပစ္စည်း ကုမ္ပဏီဆမ်ဆောင်းသည် Apple ၏ iPad ကွန်ပျူတာကို ယှဉ်ပြိုင်ရန်အတွက် ၎င်း၏ပုံစံသစ် Galaxy Tab ကို ကိုရီးယားပြည် တွင်းဈေးကွက်တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ကမ္ဘာ့ဒုတိယအကြီးဆုံး မိုဘိုင်းဖုန်းထုတ်လုပ်သည့် ကုမ္ပဏီဆမ်ဆောင်းက ၎င်းတို့သည် လာမည့် ဩဂုတ်လတွင် ပုံစံသစ်ဖြင့် အဆင့်မြှင့်တင်ထားသော Galaxy စမတ်ဖုန်းကို အ မေရိကန်ဈေးကွက်သို့ ဖြန့်ချိသွားမည်ဟု ကြေညာထားပြီးဖြစ်သည်။ ကုမ္ပဏီသည် မျက်နှာပြင် အရွယ် ၁၀ ဒသမ ၁ လက်မရှိသော Galaxy Tab ကိုလည်း အမေရိကန်အပါအဝင် နိုင်ငံပေါင်း ငါးနိုင်ငံ၌ဖြန့်ချိထားပြီးဖြစ်သည်။

အဆိုပါ Tablet ကွန်ပျူတာသည် Android Honeycomb 3.1 operating system ကိုအသုံးပြုပြီး ယခင် ၇ လက်မမျက်နှာပြင်တက်ခ်မော်ဒယ်ထက် ပိုကောင်းကာ Touchscreen Display ပါဝင်သည်။ ဆမ်ဆောင်း၏အဆိုပါ Tablet သည်ကမ္ဘာ့အပါးလွှာဆုံး Tablet ကွန်ပျူတာဖြစ်ကာ အထူ ၈ ဒသမ ၆ မီလီမီတာသာရှိ၍ တန်ဖိုးကန်ဒေါ်လာ ၆၃၄ ဖြင့်ပြည်တွင်းဈေးကွက်၌ရောင်းချနေကြောင်း ကုမ္ပဏီက ဆိုသည်။

—*Ref: AP*







## မက်ဝဲလ်အင်တာနက်စနစ်ရောင်းချမှု ရန်ကုန်နှင့် နေပြည်တော်တွင် ခေတ္တရပ်ဆိုင်း

**ယုဇနကိုကို**

**ရန်ကုန်၊ဇူလိုင်-၁၉**

ရွေ့လျားစနစ်ဖြင့် အသုံးပြုနိုင်သည့် မက်ဝဲလ် (Mc WiLL) အင်တာနက်စနစ်များ ရောင်းချခြင်းကို ရန်ကုန်နှင့် နေပြည်တော်တွင် ခေတ္တရပ်ဆိုင်းထားကြောင်း သတင်း ရရှိသည်။

ကနဦးတပ်ဆင်ခကျပ်ငါးသိန်းဖြင့် အသုံးပြုနိုင်သည့် အဆိုပါ မက်ဝဲလ်စနစ်အင်တာနက်လိုင်းများ ရောင်းချနေခြင်းရုတ်တရက်ရပ်တန့်သွားရခြင်းအကြောင်းကို သက်ဆိုင်ရာကုမ္ပဏီများက ပြောကြားခြင်း မရှိသော်လည်း မကြာမီအချိန်အတွင်း ပြန်လည်လျှောက်ထားနိုင်မည်ဖြစ်ကြောင်းကိုသာပြောကြားခဲ့သည်။

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်နှင့် Myanmar Digital Siganature ကုမ္ပဏီနှစ်ခုမှ ပူးပေါင်းဝန်ဆောင်မှုပေးနေသည့် မက်ဝဲလ်အင်တာနက်စနစ်ကို ရန်ကုန်နှင့် နေပြည်တော်တို့တွင် ရပ်ဆိုင်းလိုက်သော်လည်း ကျန်ပြည်နယ်နှင့် တိုင်းများတွင်မူ ဆက်လက်လျှောက်ထားနိုင်သေးကြောင်းအထက်ပါကုမ္ပဏီများမှ သိရသည်။

အဆိုပါအင်တာနက်စနစ်ကို တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် လိုင်းပေါင်းတစ်သောင်းကျော် တပ်ဆင်ပြီးဖြစ်ကြောင်း ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုလက်ရှိအချိန်တွင် မက်ဝဲလ်အင်တာနက်စနစ်ကို အသုံးပြုလျှောက်ထားနိုင်သည့် မြို့များမှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တာချီလိတ်၊ မူဆယ်၊ ကျိုင်းတုံ၊ ခန္တီး၊ ဟုမ္မလင်း၊ ပင်လည်ဘူး၊ ငဖဲ၊ ဖောင်းပြင်၊ မင်းကင်း၊ ဗန်းမော်၊ မြစ်ကြီးနား၊ ကနီ၊ စစ်ကိုင်း၊ ပုသိမ်၊ တောင်ငူ၊ နန်တော၊ ပဲခူး အစရှိသည်တို့ဖြစ်ကြသည်။

တယ်လီဖုန်းလိုင်းနှင့် တွဲဖက်လျှောက်ထားနိုင်သော ယင်းအင်တာနက်စနစ်များ၏ အသုံးပြုနိုင်သည့် အမြန်နှုန်းများမှာ 128 Kbps မှ 1 Mb အထိရှိပြီး ယခုနှစ်ဆန်းပိုင်းမှစတင်လျှောက်ထားနိုင်ခဲ့ခြင်းဖြစ်သည်။

ထိုမက်ဝဲလ်အင်တာနက်လိုင်းများကို လာမည့်ဩဂုတ်လအတွင်း ပြန်လည်လျှောက်ထားနိုင်အောင် သက်ဆိုင်ရာကုမ္ပဏီများကဆောင်ရွက်နေကြောင်း သိရသည်။




## မိုဘိုင်းဖုန်းအခမဲ့ဆော့ဖ်ဝဲများ ရယူနိုင်သော ဝက်ဘ်ဆိုက် လွှင့်တင်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင်- ၁၉**

မိုဘိုင်းဖုန်းများနှင့်ပတ်သက်သည့် ဆော့ဖ်ဝဲများကို တစ်နေရာတည်းတွင်အခမဲ့ရယူနိုင်မည့် ဝက်ဘ်ဆိုက်တစ်ခုကိုမိုဘိုင်းဖုန်း ဝန်ဆောင်မှုကုမ္ပဏီတစ်ခုက ယခုလတတိယပတ်အတွင်း စတင်လွှင့်တင်လိုက်ပြီဖြစ်ကြောင်းသတင်းရရှိသည်။

ပြည်တွင်းသို့ဝင်ရောက်လာသည့် မိုဘိုင်းဖုန်းများ၏ Application များ၊ ဆော့ဖ်ဝဲများ၊ Gadget များနှင့်ပတ်သက်သည့်အချက်အလက်များကိုအချိန်နှင့်တစ်ပြေးညီရယူနိုင်မည့် အဆိုပါဝက်ဘ်ဆိုက်၏လိပ်စာမှာ www.amp-guide.com ဖြစ်သည်။

ထို့အပြင် Second Market ဟူသည့်တစ်ပတ်ရစ်ပစ္စည်းများကိုပါ ပြန်လည်ရောင်းချပေးမည့် စျေးကွက်တစ်ခုကိုလည်း ယင်းဝက်ဘ်ဆိုက်ပေါ်တွင်လေ့လာနိုင်မည်ဟုသိရသည်။

ပြည်တွင်းမှ လွှင့်တင်သည့် နည်းပညာဆိုင်ရာဝက်ဘ်ဆိုက်များတွင် ပထမဆုံးမိုဘိုင်းဖုန်းများနှင့်ပတ်သက်သည့်ဝက်ဘ်ဆိုက်ဖြစ်လာသော အဆိုပါ Mobile Application Online Store တွင် ယခုလက်ရှိ အသုံးများနေသော စီဒီအမ်အေ ၈၀၀နှင့် ၄၅၀ မဂ္ဂါဟဇ်ဖုန်းများ၊ ဂျီအက်စ်အမ်ဖုန်းများနှင့်ပတ်သက်သည့် အခမဲ့ဆော့ဖ်ဝဲများ၊ Gadget များ အစရှိသည့် Application များ ရယူသုံးစွဲနိုင်မည်ဖြစ်သည်။

ထို့အပြင် မိုဘိုင်းဖုန်းများပေါ်တွင် ကစားနိုင်သည့် ဂိမ်းများကိုလည်းရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

Mobile Application Online Store ဟုခေါ်ဆိုသည့် အဆိုပါဝက်ဘ်ဆိုက်ကို Mobile Shop ဝန်ဆောင်မှုနှင့်ကုမ္ပဏီမှလွှင့်တင်ထားခြင်းဖြစ်သည်။

"ဒီမိုဘိုင်းဆိုက်မှာက နည်းပညာပစ္စည်းတွေ၊ ဆော့ဖ်ဝဲတွေအပြင် သတင်းအချက်အလက်တွေကိုလည်း အချိန်နဲ့တစ်ပြေးညီကြည့်လို့ရမယ်။ ပြီးတော့ကိုယ်သုံးတဲ့ဖုန်း၊ ကိုယ်သုံးချင်တဲ့ ဖုန်းစတာတွေရဲ့ တကယ့်အသေးစိတ်အချက်အလက်တွေကိုပါလေ့လာနိုင်မှာပါ" ဟု အထက်ပါကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးကဆိုသည်။

စတင်အသုံးပြုနိုင်ပြီဖြစ်သည့် www.amp-guide.com တွင် မိုဘိုင်းဖုန်းများ၌ ထည့်သွင်းအသုံးပြုနိုင်မည့် ဇော်ဂျီဖောင့်များကို အခမဲ့ရယူနိုင်ရန် မကြာမီအချိန်အတွင်း ထည့်သွင်းပေးသွားမည်ဖြစ်သည်။

## စာ(၂၃) - ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်း ခိုးပွားမှုများ ဖြစ်ပွားနေ မှ

"ကျွန်တော်က ဖုန်းတွေကို အများဆုံးအပေါင်ခံပါတယ်။ ပြီးခဲ့တဲ့လထဲမှာ ကျွန်တော့ဆီလာပေါင်တဲ့ဖုန်းတွေမှာ နံပါတ်တစ်ခုတည်းကို လျှောက်လွှာက သုံးခုလောက်ဖြစ်နေတယ်။ လျှောက်တဲ့သူရဲ့ နာမည်တွေကွဲနေတာပေါ့။ အဲ့ဒါကိုသိသိချင်း သူတို့ကိုအကြောင်းကြားပြီး ပြန်လာရွေးဖို့ပြောရတယ်" ဟုနံပါတ်ပွားထားသည့် ဖုန်းများကို အပေါင်လက်ခံမိခဲ့သည့် ရန်ကုန်မြို့တွင်းနေထိုင်သူ အသက် ၃၀နှစ်အရွယ်ရှိအမျိုးသားတစ်ဦးက ပြောသည်။

ထိုကဲ့သို့ ဖုန်းနံပါတ်တစ်ခုတည်းကို မူရင်းပိုင်ရှင်သိအောင်လည်းကောင်း၊ မသိအောင်လည်းကောင်း ပွားသုံးနေကြခြင်းများသည် စီဒီအမ်အေ ၄၅၀ မဂ္ဂါဟဇ်ဖုန်းများတွင်ပါဖြစ်ပေါ်နေသဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ယင်းပြဿနာကို ဖြေရှင်းပေးရန် လိုအပ်နေပြီဖြစ်ကြောင်း မိုဘိုင်းဖုန်းသုံးစွဲနေသူများက ဆိုကြသည်။

"ဖုန်းပြင်တဲ့ဆိုင်တိုင်းတော့ မလုပ်ပါဘူး။ ဒါပေမဲ့ အဲ့လိုလုပ်တဲ့ဆိုင်အနည်းစုကြောင့်ပဲ ခုလိုပြဿနာတွေကကြီးလာတာ။ မှန်ကန်တဲ့ဆိုင်တွေအတွက် ဒီအကျိုးဆက်က မကောင်းဘူးပေါ့" ဟု မိုဘိုင်းဖုန်းသုံးစွဲသူတစ်ဦးက ဆိုသည်။

ယင်းကဲ့သို့ဖုန်းပွားသုံးခြင်း၏နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် ဖုန်းပြင်လိုသူအများစုသည် မဖြစ်မနေအချိန်မျိုးတွင်မှ မိုဘိုင်းဖုန်းပြုပြင်ဆိုင်များသို့ သွားရောက်ကြပြီး ယင်းသို့ပြုပြင်သည့်အခါတွင်လည်း ၎င်းတို့၏ ဆင်းမ်ကတ်များကို ထုတ်ယူထားခြင်းများကို ပြုလုပ်နေရကြောင်း သိရသည်။

မိုဘိုင်းဖုန်းပြုပြင်ရောင်းဝယ်သည့် ဝန်ဆောင်မှုဆိုင်များမှ ဖြစ်ပေါ်တတ်သည့်ယင်းဖုန်းပွားမှုပြဿနာနှင့်ပတ်သက်ပြီး ရန်ကုန်မြို့တွင်းဖွင့်လှစ်ထားသည့်နာမည်ရမိုဘိုင်းဖုန်းဝန်ဆောင်မှုဆိုင်တစ်ခုမှ တာဝန်ရှိသူတစ်ဦးကမူ "ရှစ်ရာဖုန်းတွေက ပွားလို့မရပါဘူး။ အပြင်မှာလည်း အဲ့ဒီလိုပြဿနာတွေ မကြားမိပါဘူး" ဟု ပြောသည်။

အခြားသော မိုဘိုင်းဖုန်းဆိုင်အများစုမှာလည်းထိုကဲ့သို့ပင် စီဒီအမ်အေဖုန်းများကို ပွားသုံးခြင်းမရနိုင်ဟုပင် ပြောဆိုကြသည်။

ယခုလက်ရှိအချိန်တွင်ထိုကဲ့သို့ ဖုန်းပွားသုံးခြင်းများအား စီဒီအမ်အေ ၄၅၀ မဂ္ဂါဟဇ်ကိုင်ဆောင်သူများလည်းကြုံတွေ့နေရကြောင်းသိရသည်။အချို့မှာမူ၎င်းတို့၏ မိသားစုအချင်းချင်းဆက်သွယ်နိုင်ရန်အတွက် နံပါတ်တစ်ခုတည်းကို ပွားထားပြီးသုံးစွဲနေကြကြောင်း စုံစမ်းသိရှိရသည်။

7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# ခရီးသွားလုပ်ငန်း ပွင့်လန်းစေဖို့

ကောင်းလွန်း



မြန်မာနိုင်ငံ၏အထင်ကရခရီးသွားဒေသတစ်ခုဖြစ်သော အင်းလေးကန်တွင် လည်ပတ်နေသော ကမ္ဘာလှည့်ခရီးသွားများအား တွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြန်မာ့ ခရီးသွားလုပ်ငန်း တိုးတက်စေလိုကြောင်း၊ မြန်မာ့ဟိုတယ်များဝန်ဆောင်မှုကောင်းစေလိုကြောင်းစေတနာကောင်းများစွာကို ယခုနှစ်အတွင်း များစွာဖတ်လာရသည်။ အလွန့်အလွန်ဝမ်းမြောက်လှစွာထောက်ခံပါသည်။ ကောင်းစေလိုသောစိတ်စေတနာဖြင့် တိုက်တွန်းကြသည်ကိုလည်း ကျေးဇူးတင်ရပါသည်။ နိုင်ငံပိုင်သတင်းစာမှ လူသိရှင်ကြား အရေးတယူ ဖော်ပြလာခြင်းဖြစ်သည်။ တိုက်တွန်းသူများက တိုက်တွန်းလာနေကြပါပြီ။ ခုံက လှုပ်လာနေပါပြီ။ မြင်းများလှုပ်ဖို့သာ ကျန်တော့သည်။

တစ်ချိန်တစ်ခါဆီက ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းများ နေးကွေးသွားခဲ့ဖူးသည်။ အကြောင်းခံအမျိုးမျိုးကြောင့်ဖြစ်ပါသည်။ ဟိုတယ်ပိုင်ရှင်များ၊ ခရီးသွား လုပ်ငန်းရှင်များ လေ့ပြေးတုန်း တက်ကျိုးခဲ့ကြရသည်။ "ဆားစ်ရောဂါဖြစ်လို့၊ ကြက်ငှက်တုပ်ကွေးဖြစ်လို့၊ ကမ္ဘာ့စီးပွားရေးနေးကွေးကျဆင်းလို့၊ စီးပွားရေးပိတ်ဆို့ခံရလို့" စသည့် ဝေဒနာပေါင်းများစွာကို ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူများ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ၊ ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများအားလုံး ခံစားခဲ့ကြရပြီး အထိနာခဲ့ကြသည်။

ယခု ပွင့်လင်းရာသီရောက်လာပါပြီ။ အသစ်ဖြစ်ပေါ်လာသောနိုင်ငံတော်သစ်၊ အစိုးရသစ်ကလည်း အားပေးပုံ ရသည်။ တိတိကျကျ တဲ့တိုးမပြောသေးသော်လည်း မူလကထက်စာရင် အခြေအနေ ပိုကောင်းလာမည့် အရိပ်အယောင်များကိုမြင်လာရသည်။ ဟိုတယ်သစ်များလည်း အစီအရီ၊ ခရီးသွားလုပ်ငန်းများလည်း ခတ်ကွင်းတပြင်ပြင်၊ မားကက်တင်းတွေ၊ ပရိုမိုးရှင်းတွေပြန်ကြားလာရသည်။ ထိုအသံများ တိတ်ဆိတ်သွားသည်မှာ အတန်ကြာခဲ့လေပြီ။

ခရီးသွားလုပ်ငန်းတွင် မရှိမဖြစ်လိုအပ်သော မော်တော်ယာဉ်ကြီးများလည်း ရပ်မထားနိုင်သဖြင့် ကမ္ဘာလှည့်ခရီးသည်တင်ဆောင်ခွင့်လိုင်စင်မှ ပြည်တွင်းခရီးသည်တင်ပြေးဆွဲခွင့်လိုင်စင်များ ပြောင်းသွားခဲ့ကြသည်။ အပြာရောင်နံပါတ်ပြားများ တပ်ဆင်၍ မွေးကြိုင်သန့်ရှင်းခဲ့သော ဘတ်စ်ကားကြီးများ နံပါတ်အနီသို့ပြောင်းလဲကာ အလျဉ်းသင့်ရာယာဉ်လိုင်းများတွင် ဝင်၍ပြေးဆွဲကာ ဝမ်းစာရှာကြရသည်။

Tourist Destination ဟု ပြောသော ကမ္ဘာလှည့်ခရီးသည်များ သွားလာ လည်ပတ်ကြည့်ရှုစရာနေရာများ ကျိုးနှင့် ဖုတ်ဖုတ်ဖြစ်ခဲ့ရသည်။ ယခု တစ်ပတ်ပြန်လည်လာပါပြီ။ မြန်မာနိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များကို မည်သူကမျှကူညီပြီးစောင့်ရှောက်မပေးလိုကလည်း ရှိစေ။ မြန်မာတို့သည်ရှေးအစဉ်အဆက်ကတည်းက တရိုတသေ (ပြစားရန်မဟုတ်ဘဲ) ထိန်းသိမ်းခဲ့ကြသည်။ တစ်ခုသာပြောစရာရှိသည်။ ထိန်းသိမ်းစောင့်ရှောက်ရုံသာ လုပ်ခဲ့ကြပြီး အပြလှအောင်၊ သူများ လာလည်ချင်အောင်၊ လာမကြည့်ဘဲ မနေနိုင်အောင် မလုပ်တတ်ခဲ့။ မလုပ်ခဲ့ကြ။ ထို့ကြောင့် ရှေးမြန်မာများ၏အလှအပများ၊ အတွေးအခေါ်များ၊ ယဉ်ကျေးမှုများကို ခေတ်သစ်ကမ္ဘာက သိပ်မသိခဲ့။ မသိကြတော့ပေ။

သမိုင်းဟူသည်ဖျောက်ဖျက်၍မရစကောင်း။ ထို့အတူပြင်ရေး၍လည်း မရကောင်းပေ။ ရှေးမြန်မာတို့၏ အနုပညာ၊ ယဉ်ကျေးမှု၊ တိုက်ရည်ခိုက်ရည်၊ စီရင်အုပ်ချုပ်မှုစွမ်းပကားများ၊ စီးပွားရေးနှင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများ စသည်တို့သည် ယနေ့အထိ ခေတ်မီလျက်ရှိသေးသည်။ ပုဂံကို သေသေချာချာကြည့်လျှင် မြန်မာကိုတွေ့ရမည်။

လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်းဟု ဆိုရိုးရှိခဲ့သည်။ ပုဂံမှာမွေးသည့် ပုဂံသွေး၊ ပုဂံမျိုးဆက်တစ်ယောက်ကိုမေးကြည့်ရာ "ဘယ်ကမှာတုန်း၊ မယုံရင်ဟောဒီ ရှေးဟောင်းမြေမှာ လက်ညှိုးထိုးပြ၊ ကျုပ်တွက်ပြမယ်၊ လေးတောင်မကျော်စေရဘူး။ ဘုရားတစ်ဆူတွေ့ရစေ့မယ်"

ပုဂံသားစစ်စစ်တစ်ယောက်၏ ရင်ထဲမှ စကားဖြစ်ပါသည်။ ထိုခေတ် ထိုအခါက ပုဂံသားတို့ ကြွယ်ဝခဲ့မည်မှာ သေချာပါသည်။ အမိန့်အရ တည်ခဲ့ကြရသော ဘုရားများ ရှိနိုင်သကဲ့သို့ မိမိ၏ ကြည်ညိုစိတ်ဖြင့် သဒ္ဓါပွားကာ ကုသိုလ်ယူခဲ့ကြသူတို့ အများအပြားရှိခဲ့မည်မှာ မလွဲနိုင်ပါ။

ပုဂံသားတို့၏ အနုပညာကို အကဲဖြတ်ကြည့်ပါဦး။ ကျန်စစ်သားမင်း၏ ကုသိုလ်တော်ဖြစ်သော အာနန္ဒာစေတီတွင် ဗမာတို့၏ တီထွင်နိုင်စွမ်းတို့ကို တွေ့နိုင်သည်။

ဗမာသည်ထိုခေတ်ကတည်းက 'သရီးဒီ'အတတ်ကိုတတ်ခဲ့ပြီးဖြစ်သည်။ အာနန္ဒာဘုရား အတွင်းမှ ရုပ်တော်မူကိုယ်တော်ကြီးများက သက်သေပင်။ ရှေ့တည့်တည့်မှ အနီးကပ်ဖူးလျှင် မျက်လွှာချထားသည်ကို တွေ့ရပြီး ခပ်လှမ်းလှမ်းသို့ ခြေလှမ်းဆုတ်ကာ ဖူးလျှင် ပြုံးတော်မူနေသည့် မျက်နှာတော်ကိုတွေ့ရကာ ထိုထက်ပိုသော ခြေလှမ်းများဖြင့် နောက်ဆုတ်ဖူးလျှင် ပြုံးခြင်း၏ အလွန် ရယ်ခြင်း၏အစကို မျက်နှာတော်တွင် တွေ့နိုင်ပါသည်။ ထိုလက်ရာကိုသရီးဒီဟုမခေါ်ဆိုနိုင်ပါသလော။ ပုဂံခေတ်၏ သရီးဒီပညာရှင်များကို အသိအမှတ်မပြုထိုက်ပါသလော။ တစ်ဖန် မနူဟာမင်း၏ ကောင်းမှုဖြစ်သော မနူဟာဘုရားသည်လည်း အကျဉ်းသား၏ ဝေဒနာကို ကောင်းစွာသရုပ်ဖော်နိုင်ခဲ့သည်။ ထိုအနုပညာကို Performance Art ဟု မခေါ်ဆိုနိုင်ပါသလော။ ပြောရရေးရလျှင် ပုဂံခေတ်က ရှိခဲ့သော မြန်မာ့အရည်အချင်းများ ကုန်နိုင်ဖွယ်မရှိ။ ထိုထိုသောအကြောင်းအရာများကိုဖော်ထုတ်ခင်းကျင်းကာ ဆွဲဆောင်နိုင်ခြင်းသည်လည်း အနုပညာ။ ခရီးသွားလုပ်ငန်းပညာရှင်များ တတ်နိုင်ကြလိမ့်မည်ထင်ပါသည်။

ကြီးကြီးမားမား ပြစရာတစ်ခုသာရှိသည့် ကမ္ဘောဒီးယားကို သွားနေကြသော ကမ္ဘာလှည့် ခရီးသည် အရေအတွက်နှင့် ပြစရာ ကြည့်စရာ အမြောက်အမြားရှိသော ကိုယ့်မြေသို့ လာကြသော ကမ္ဘာလှည့် ခရီးသည် အရေအတွက် သည်ပင် ကွာခြားလှပေပြီ။ အခြားသာမေ့ဖွယ်၊ အပန်းဖြေဖွယ်၊ အလိုပြည့်ဖွယ်များ အများအပြားနှင့်ဆွဲဆောင်ကြသော အိမ်နီးချင်းများ တစ်အိမ်ကျော်များ၏ အခြေအနေကိုကား မည်သို့မျှ လိုက်မမီနိုင်သေးပါ။ အမှန်တရားကို လက်ခံဖို့လိုပါသည်။ သို့မှသာ ကြည်ကြည်လင်လင်မြင်နိုင်ပါမည်။ Reality ကို လက်ခံမှ Transparency ဆီသို့ ဦးတည်နိုင်ပါမည်။

ယနေ့ မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းများ ပြန်လည်အားယူနေကြပါပြီ။ ဤလုပ်ငန်းများသည် လူကိုအခြေတည်သောလုပ်ငန်းများဖြစ်ပါသည်။ အခြေခံအဆောက်အအုံများသည် Hardware များဖြစ်ပြီး၊ ဝန်ဆောင်မှု၊ ဧည့်ဝတ်ပြုမှုလုပ်မည့်သူများ (လူများ)မှာ Software များဖြစ်ကြပါသည်။ မြန်မာတို့၏ မူလဗီဇမှာ ဧည့်သည်ကို မျှော်တတ်၊ ချစ်တတ်သူများဖြစ်ကြပါသည်။ ဧည့်ဝတ်ပြု၍ ကုသိုလ်ယူတတ်သူများဖြစ်ကြပါသည်။ သို့သော် ယနေ့ ထိုမူလဗီဇကို ကျင့်သုံးအကောင်အထည်ဖော်ရာ နယ်ပယ်အသီးသီးတွင် ဖော်ရွေမှုနည်းပါးလာနေပါပြီ။ ဖော်ရွေမှုအစား အခြားသောအရာများက နေရာယူလာပါသည်။ ပြုံးရွှင်ချိုသာပျူငှာယဉ်ကျေးသော မြန်မာတို့၏ ပင်ကိုယ်စရိုက်များအစား ရလိုမှုကိုဦးတည်သော ဝန်ဆောင်မှုများကိုသာ နေရာတကာ၌တွေ့လာရပါသည်။ အရင်းစစ်ကြည့်သောအခါ ထိုလူသားချင်း ဧည့်ဝတ်ပြုရသည့် ဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်သူရှားပါးသောကြောင့် ဖြစ်ရသည်ကိုတွေ့ရပါသည်။ ထိုလုပ်ငန်းကို ဘာသာရပ်တစ်ခု၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာတစ်ခုအဖြစ် လိုလိုလားလားသင်ယူသူနည်းပါးလာပါသည်။ လုပ်ငန်းအတတ်သင်ကျောင်းများရှိသော်လည်းအတတ်ပညာကိုဖုတ်ပူမီးတိုက် သင်ပေးလိုက်နိုင်ပြီး စိတ်နေစိတ်ထား(Attitude)နှင့် စိတ်ပါလက်ပါဆိုသည့် (Spirit) ကို ထည့်မပေးနိုင်ကြတော့ပါ။ စားသုတ်သုတ် သွားသုတ်သုတ် ခေတ်ကြီးတွင် ထိုကိစ္စများကို အချိန်ကုန်ခံ လေကုန်ခံ အမုန်းခံ၍ သင်မပေးကြတော့ပါ။ သင်ပေးပြန်လျှင်လည်း မူလကတည်းက ဧည့်ဝတ်ကျေပွန်လိုသောစိတ် (Service Minded) ပါမလာပြန်လျှင် မဖြစ်နိုင်ပြန်ပါ။

ဟိုတယ်အသစ်ကြီးများ များစွာပေါ်လာနေပါပြီ။ ဟိုတယ်ဝန်ထမ်းမလုံလောက်ပါ။ ဟိုတယ်များကို သက်ဆိုင်ရာမှ နိုင်ငံတကာထုံးတမ်းစဉ်လာနှင့်အညီ ကြယ်ပွင့်များဖြင့် အဆင့်အတန်းသတ်မှတ်ပေးတော့မည်ဖြစ်ပါသည်။ မည်သည့်ပေတံများဖြင့် တိုင်းတာမည်ဟုထင်ပါသနည်း။ Hardware များကို ကောင်းသထက်ကောင်းအောင်ဆောက်လုပ်ထည့်သွင်း တပ်ဆင်နိုင်ကြပါသည်။ တတ်နိုင်လျှင် အဆောက်အအုံကို ရွှေချပြီး စိန်စီထားနိုင်ပါသည်။ ကောင်းပေ့ ညွှန့်ပေဆိုသည့် ကြယ်ငါးပွင့်၊ ခြောက်ပွင့်၊ ခုနစ်ပွင့်သုံး အဝတ်အထည်များ၊ ထိပ်တန်းကြွေထည်ပေါ်တွင် ရွှေရေးကွပ်ထားသော ပန်းကန်ခွက်ယောက်များ၊ ရွှေဇွန်း၊ ငွေဇွန်း၊ ရွှေခေါ်ား၊ ငွေခေါ်ား၊ ရွှေခက်ရင်း၊ ငွေခက်ရင်းများဖြင့် တည်ခင်းဧည့်ခံနိုင်ပါသည်။

ယုတ်စွအဆုံး သန့်စင်ခန်းထဲတွင်ပင်လျှင် ပိုးပဝါများထားရှိပေးနိုင်ပါသည်။ သို့သော် ပြုံးတတ်ရယ်တတ် ချိုသာစွာပြောတတ်ဆိုတတ် ဧည့်ဝတ်ပြုတတ်သော အတတ်ပညာနှင့် မွန်ရည်မှုတို့ပေါင်းစပ်ကာ Hospitable ဖြစ်သော Hospitality Service ကို နားလည်ကျေပွန်လိမ္မာသော Software များကို ဘယ်က ရပါမည်နည်း။ ထို Software မကောင်းပါဘဲနှင့် (အလုံးအလောက်လည်းမရှိပါဘဲနှင့်) ဟိုတယ်ကို ကြယ်ပွင့်အဆင့်များ ချီမြှင့်သတ်မှတ်ပေးလိမ့်မည်ဟု ယူဆပါက မှားပေတော့မည်။ ဟိုတယ်၏ ဂုဏ်သရေဖြစ်သော ကြယ်ပွင့်အဆင့်အတန်းရရှိရန် ဟိုတယ်နဖူးစည်းတွင် ကြယ်ပွင့်များ ဝယ်ယူတပ်ဆင်ထားရုံဖြင့် မရနိုင်ပါချေ။ တံမြက်စည်းလှည်းအမှိုက်ကျုံးသူမှအစ ဟိုတယ်မန်နေဂျာချုပ်အထိ အရည်အသွေးပြည့်ဝနေဖို့လိုပါသည်။ ဆာဝင်စတန်ချာချီပြောခဲ့သော စကားတစ်ခွန်းကို သတိရမိပါသည်။ "To create great armies is one thing, to lead them is another" (အင်အားကြီးလှစွာသော စစ်တပ်ကြီးများကို ထူထောင်နိုင်ခြင်းသည် အကြောင်းခြင်းရာတစ်ခုဖြစ်ပြီး ၎င်းတို့ကို ဦးဆောင်ရခြင်းသည် အကြောင်းခြင်းရာတစ်ခုဖြစ်သည်)ဟုပြောခဲ့ပါသည်။


ယခု မိမိတို့သည် မိမိတို့ထံသို့ နိုင်ငံတကာမှ ဧည့်သည်များ ပြန်လည်ရောက်ရှိလာရန် မျှော်လင့်ချက်များ ထားလာကြပြန်ပါပြီ။ တကယ်တမ်း နိုင်ငံတကာ ခရီးသွားများ မိမိတို့ထံသို့ အလုံးအရင်းနှင့် ဝင်လာပြန်လျှင်လည်း နေရာထိုင်ခင်း၊ သွားရေးလာရေးအတွက် အစီအနင်း လုံလုံလောက်လောက်မရှိသေးပါ။ သို့သော် ထိုအခြင်းအရာများသည် ရုပ်ဝတ္ထုများဖြစ်ကြသည်။ အချိန်တိုအတွင်း ဖြည့်ဆည်း၍ ရနိုင်သည်။

စာ(၄၀) သို့

7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# အရင်းရှင်စနစ်ရဲ့ ဟိုမှာဘက်

မောင်ဝံသ




ကျွန်တော်တို့ရဲ့ ခေတ်ပြိုင်မျိုးဆက်ဟာ လက်ဝဲဝါဒ (သို့မဟုတ်) ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒပြန့်ပွားတွင်ကျယ်တဲ့ခေတ်ကြီးတစ်ခေတ်ထဲမှာ မွေးဖွားရှင်သန်ကြီးပြင်းလာခဲ့တာဖြစ်တယ်ဗျ။ အဲဒါရဲ့အကျိုးဆက်အဖြစ် အဲဒီမျိုးဆက်ထဲက ကိုယ့်နိုင်ငံအရေးကို စိတ်ဝင်စားပြီး ကိုယ့်နိုင်ငံကြီးပွားတိုးတက်ရေးကို လိုလားကြသူအများစုဟာ ကမ္ဘာကြီးရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို ကြည့်ရှုရာမှာ အဲဒီ လက်ဝဲဝါဒမှန်ပြောင်းကိုပဲ အသုံးပြုခဲ့ကြတယ်။

သမိုင်းဦး ဘုံမြေခေတ်၊ ကျေးပိုင်ကျွန်ပိုင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်၊ ဆိုရှယ်လစ်ကွန်မြူနစ်ခေတ် ဆိုတဲ့ ခေတ်ကြီးငါးခေတ်အယူအဆ။ “အရင်းရှင်စနစ်ဟာ အသက်ငင်နေပြီ၊ အလုပ်သမားတွေက တပ်ဦးမှာရှိပြီး လယ်သမားတွေအပါအဝင် အဖိနှိပ်ခံလူတန်းစားတွေက ဦးဆောင်တဲ့ ပစ္စည်းမဲ့ အာဏာရှင်စနစ်ဟာ ကမ္ဘာတစ်လွှားမှာမလွဲမသွေထွန်းကားလာတော့မှာဖြစ်တယ်။ လူတန်းစားမဲ့ နိုင်ငံတော် ထိုမှသည် နိုင်ငံတော်မဲ့လူ့အဖွဲ့အစည်းအထိ အဆင့်ဆင့် ပြောင်းလဲတိုးတက်သွားတော့မှာ မြေကြီးလက်ခတ်မလွဲဖြစ်တယ်” စတဲ့ အယူအဆ အတွေးအခေါ်တွေဟာအဲဒီလက်ဝဲဝါဒမှန်ပြောင်းကတစ်ဆင့်(အဲဒီကာလတွေတုန်းက ကိုယ့်ကိုယ်ကိုရော၊ ကိုယ်နဲ့ အယူအဆတူသူတွေကိုပါခေါ်ဝေါ်သုံးနှုန်းခဲ့ကြတဲ့) ‘တိုးတက်တဲ့လူငယ်တွေ’မြင်တွေ့ခဲ့ကြတဲ့ ကမ္ဘာကြီးရဲ့ ပုံရိပ်တွေဖြစ်တယ်ဗျ။

**ချမ်းသာတာ ဂုဏ်ရှိတယ်**

နောက်တော့ အားလုံးသိကြတဲ့အတိုင်း ဘာလင်တံတိုင်းကြီးပြိုလဲမှု၊ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲမှုတို့နဲ့အတူ စစ်အေးတိုက်ပွဲမှာ ကွန်မြူနစ်ဝါဒရှုံးနိမ့်သွား၊ တော်လှန်ရေးသူရဲကောင်း ကတ်စထရိုဦးဆောင်ပြီး ဗဟိုက ချုပ်ကိုင်တဲ့စီမံကိန်းစီးပွားရေးစနစ်ကို ကျင့်သုံးတဲ့ ကွန်မြူနစ်ကျူးဘားနိုင်ငံနဲ့ ကင်အီဆွန်း၊ ကင်ဂျုံအီတို့ရဲ့ မြောက်ကိုရီးယားနိုင်ငံတို့ စီးပွားရေးအရ အလဲလဲအကွဲကွဲဖြစ်နေချိန်မှာ “ချမ်းသာတာ ဂုဏ်ရှိတယ်”၊ “ချမ်းသာတာ ရှက်စရာမဟုတ်”၊“ကြောင်ဖြူဖြူမည်းမည်းကြွက်ခုတ်ဖို့သာ အရေးကြီးတယ်” ဆိုတဲ့ (ဂန္ထဝင်ကွန်မြူနစ်ကြီးတွေက ပြန်လည်ပြင်ဆင်ရေးဝါဒလို့ ရှုမြင်ကြတဲ့)အယူအဆတွေကို ပြောင်းလဲထွေးပွေ့ကာ နိုင်ငံတကာကွန်မြူနစ်ဝါဒ၊ ကွန်မြူနစ်ညီရင်းအစ်ကိုသွေးစည်းချစ်ကြည်မှုစတဲ့ စကားတွေ သိပ်မပြောတော့တဲ့ တရုတ်ပြည်ကြီးက စီးပွားရေးတစ်ဟုန်ထိုး တိုးတက်လာပြီး တရုတ်ပြည်သူတွေရဲ့ လူနေမှုဘဝတွေ ရုတ်ခြည်းမြင့်မားလာတာကို မြင်တွေ့လာကြရတဲ့အခါ ကျွန်တော်တို့မျိုးဆက်ရဲ့ အိပ်မက်တွေဟာလည်း ဆောင်းတွင်း မက်တဲ့ခြောက်အိပ်မက်တွေလိုဂယောက်ဂယက်ဖြစ်သွားခဲ့ကြရတယ်ဗျာ။

**အပြီးသတ်အောင်ပွဲ**

နောက်ပိုင်းမှာ ဟန်တင်တန်ရဲ့ တတိယလှိုင်း၊ ဖရိဒ်မင်းရဲ့ ကမ္ဘာပြားပြီ၊ ဖူကူးယာမရဲ့ သမိုင်းနိဂုံး စတဲ့ လေ့လာဆန်းစစ်ချက်တွေက ကမ္ဘာကြီးရဲ့ အတွေးအခေါ် အယူအဆတိုက်ပွဲဟာ လစ်ဘရယ်ဒီမိုကရေစီဝါဒရဲ့ အောင်ပွဲနဲ့ ပြီးဆုံးသွားခဲ့ပြီ။ စီးပွားရေးစနစ်ချင်းတိုက်ပွဲမှာလည်း လက်ဝဲသမားတွေက အရင်းရှင်စနစ်လို့ အမည်ပေးထားတဲ့ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်က အပြီးသတ်အောင်ပွဲရရှိသွားပြီလို့ ဖော်ညွှန်းခဲ့ကြတယ်ဗျာ။

ဒါပေမဲ့ အဲဒီ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ဟာလည်း သူ့အတွင်းပိုင်းမှာ သူ့ရောဂါ၊ သူ့ဝေဒနာတွေနဲ့ သူရှိနေတယ်ဆိုတာ ဘောဂဗေဒပညာရှင်တွေက ဝန်ခံအသိအမှတ်ပြုထားကြတာဖြစ်တယ်။ ဒါကြောင့်လည်း ဒီစနစ်ရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နဲ့ အားသာချက်၊ အားနည်းချက်တွေကို ပညာရှင်အများအပြားက စူးစူးနက်နက် ဆန်းစစ်လေ့လာ သုံးသပ်တင်ပြခဲ့ကြ တင်ပြနေကြဆဲဖြစ်တယ်။

ဒီဆောင်းပါးမှာ မကြာသေးခင်က အင်တာနက်မှာ ကျွန်တော်ဖတ်ရှုခဲ့ရတဲ့ ပညာရှင်တစ်ယောက်ရဲ့ သုံးသပ်ချက်ကို ကျွန်တော်ဖောက်သည်ချချင်ပါတယ်။

အဲဒီပညာရှင်ကတော့ ဗြိတိသျှအထက်လွှတ်တော်အမတ်တစ်ဦးလည်းဖြစ်၊ ဝါးဝစ်တက္ကသိုလ်က နိုင်ငံရေး ဘောဂဗေဒ ပါမောက္ခတစ်ဦးလည်းဖြစ်တဲ့အပြင် ဘောဂဗေဒပညာရှင် ဂျွန်မေနက်ကိန်းရဲ့ အတ္ထုပ္ပတ္တိစာအုပ်ရေးပြီး ဆုရရှိခဲ့သူလည်းဖြစ်တဲ့ ရောဘတ်စကိုင်ဒယ်လ်စကီးဖြစ်တယ်ဗျာ။

သူက ၁၉၉၅ ခုနှစ်တုန်းက ‘ကွန်မြူနစ်ဝါဒပြီးနောက် ကမ္ဘာကြီး’ဆိုတဲ့ အမည်နဲ့ သူ စာအုပ်တစ်အုပ်ရေးသားထုတ်ဝေခဲ့ဖူးတဲ့အကြောင်း၊ အခုအချိန်မှာတော့ အရင်းရှင်ဝါဒပြီးနောက်ကမ္ဘာကြီးဆိုတာရော ရှိလာဦးမှာလားလို့ တွေးနေမိတဲ့ အကြောင်းနဲ့ သူ့ဆောင်းပါးကိုစဖွင့်ထားတယ်ဗျာ။

သူ့ဆောင်းပါးအစ၊ အဆုံးကို အသေးစိတ်ပြောပြနေရင် ကျမ်းလေးနေမှာစိုးတဲ့အတွက် စိတ်ဝင်စားစရာ အချက်အလက်အချို့ကိုပဲ အနှစ်ချုပ်ပြီး သူ့လေသံအတိုင်း ကျွန်တော် တင်ပြလိုက်ပါရစေ။

**အရင်းရှင်ခေတ်လွန်ကမ္ဘာတစ်ခု ရှိလာဦးမှာလား**

အရင်းရှင်ခေတ်လွန်ကမ္ဘာတစ်ခုရှိလာဦးမှာလား။ ၁၉၃၀ နောက်ပိုင်း အဆိုးဆုံးဖြစ်တဲ့ ကမ္ဘာ့စီးပွားရေး ထိုင်းမှိုင်းကျဆင်းမှုက အဲဒီမေးခွန်းကို မွေးဖွားပေးလိုက်တာမဟုတ်ပါဘူး။ အရင်းရှင်စနစ်အတွင်းမှာကိုက အမြဲတမ်း အကျပ်အတည်းတွေရှိနေခဲ့တယ်။ ရှေ့ဆက်ပြီးတော့လည်း ရှိသွားဦးမှာဖြစ်ပါတယ်။ တကယ်တော့ အဲဒီမေးခွန်းဟာ ဓနဥစ္စာတွေ စုပုံလာစေရေးအတွက် မရှိမဖြစ် လိုအပ်ပေမယ့် အဲဒီ ဓနဥစ္စာတွေ စုပုံလာမှုအပေါ် ကျွန်တော်တို့ရဲ့ နှစ်ခြိုက်ခံစားနိုင်စွမ်းကို အခြေကတူးဖြိုလှိုက်စားနေတဲ့ မက်လုံးစနစ်တစ်ခုနဲ့ ဝန်ပိနေတဲ့ အနောက်တိုင်းယဉ်ကျေးမှုဟာ တစ်နေ့တခြားတိုးတိုးပြီးမကျေနပ်စရာကောင်းလာနေတယ်ဆိုတဲ့ ခံစားချက်ကနေ ထွက်ပေါ်လာတာ ဖြစ်ပါတယ်။

**ပိုပြီးပျော်ရွှင်အောင် လုပ်နိုင်စွမ်း**

အရင်းရှင်စနစ်ဟာ ပိုမိုကောင်းမွန်တဲ့ဘဝတစ်ခုကိုဖန်တီးနိုင်တဲ့အစွမ်းသတ္တိ ကုန်ခန်းလုနီးပါးအခြေအနေကို ရောက်ရှိနေတာဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးမှာ အဲသလို ဟုတ်ချင်မှ ဟုတ်မှာဖြစ်ပေမယ့် အနည်းဆုံးတော့ ချမ်းသာတဲ့နိုင်ငံတွေမှာ အဲသလိုအနေအထားဖြစ်ပေါ်နေတာဖြစ်နိုင်ပါတယ်။ ကျွန်တော်ဆိုလိုတဲ့ ပိုကောင်းတဲ့ ဘဝတစ်ခုဆိုတာက ရုပ်ဝတ္ထုရှုထောင့်က ပြောတာမဟုတ်ပါဘူး။ ကိုယ်ကျင့်သိက္ခာကျင့်ဝတ်ရှုထောင့်က ပြောတာဖြစ်ပါတယ်။ ကမ္ဘာသူ၊ ကမ္ဘာသားတွေမှာ ရုပ်ဝတ္ထုပစ္စည်းတွေ ဆက်လက်ပြီး ပေါပေါများများ ရရှိနေဖွယ်ရှိတယ်။ ဒါပေမဲ့ အဲဒါတွေက လူတွေကို ပိုပြီးပျော်ရွှင်အောင် လုပ်နိုင်စွမ်းမရှိတော့ကြောင်းပြသတဲ့သက်သေခံ အချက်အလက် အထောက်အထားတွေရှိနေပါပြီ။

ကျွန်တော်ဘဝင်မကျတာက မလိုအပ်တဲ့ကုန်စည်တွေထုတ်လုပ်စားသုံးမှုက လူများစုရဲ့အဓိက အလုပ်ဖြစ်လာနေတဲ့လူ့အဖွဲ့အစည်းတစ်ခုရဲ့ အရည်အသွေးနဲ့ပတ်သက်လို့ပါ။

**ဆင်းရဲနွမ်းပါးမှုကို ကျော်လွှားရေး**

အရင်းရှင်စနစ်ဟာ ပြစ်တင်ရှုတ်ချစရာ အရာတစ်ခုမဟုတ်ပါဘူး။ အရင်းရှင်စနစ်ဟာ ဆင်းရဲမွဲတေမှုကို ကျော်လွှားအောင်နိုင်ရေးအတွက် အင်မတန် ကောင်းတဲ့စနစ်တစ်ခုဖြစ်ပါတယ်။ ကုန်ထုတ်လုပ်မှုကိုထိထိရောက်ရောက် ထက်ထက်မြက်မြက်စီမံခန့်ခွဲခြင်း၊ ကုန်ထုတ်လုပ်မှုကို တန်ခိုးဩဇာ အာဏာအရှိန်အဝါအတွက် မဟုတ်ဘဲ လူတွေရဲ့ လူမှုဘဝ သက်သာချောင်ချိရေးအတွက် လမ်းကြောင်းပေးခြင်းဖြင့် အရင်းရှင်စနစ်ဟာ ကမ္ဘာ့လူသား ဧရာမ အများစုကြီးကို ဆင်းရဲတွင်းထဲက တက်လာနိုင်အောင် ကူညီခဲ့ပြီးပါပြီ။ ဒါပေမဲ့ ရှားပါးတဲ့ လူသုံးကုန်ပစ္စည်းတွေ အလျှံပယ်ဖြစ်လာတဲ့အခါ အရင်းရှင်စနစ်ဟာ ဘာဖြစ်သွားတာလဲ။ ဒီစနစ်က ပစ္စည်းအသစ်အဆန်းတွေ၊ စိတ်လှုပ်ရှားမှုအသစ်တွေနဲ့ အီဟုံနေတဲ့ အာသီသတွေကို နှိုးဆွလှုံ့ဆော်နေတဲ့ ထုတ်လုပ်မှုကိုပဲ ဆက်လက်လုပ်ဆောင်နေတော့မှာလား။ ဒါဘယ်လောက်ကြာကြာ ဆက်ဖြစ်နေနိုင်မှာလဲ။ နောက်ရာစုမှာ ကျွန်တော်တို့ အဲဒီ ဘာမှမဟုတ်တဲ့ ပြုတ်စဗျင်းတောင်းတွေထဲမှာပဲ သာယာပြီး အချိန်ဖြုန်းနေကြမှာလား။

ပြီးခဲ့တဲ့ရာစုနှစ်အတွင်းမှာတော့ အရင်းရှင်စနစ်ကိုမကြိုက်ရင် အခြားရွေးချယ်စရာ ဆိုရှယ်လစ်စနစ်ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဆိုရှယ်လစ်စနစ်ရဲ့ ဂန္ထဝင်ပုံစံဟာလည်း သူ့သဘောသူဆောင်ပြီး ကျဆုံးသွားခဲ့ပါတယ်။ လက်ရှိရာစုမှာတော့ အရင်းရှင်စနစ်ကို မနှစ်သက်သူတွေအတွက် အခြားရွေးချယ်စရာ ဘာတစ်ခုမှ လောက်လောက်လားလားမရှိပါဘူး။ အရင်းရှင်စနစ်ဟိုဘက်မှာ အရင်းရှင်စနစ်ပဲရှိနေပုံရပါတယ်။

အလုပ်ခွဲခြားလုပ်ကိုင်ခြင်းဟာ လူတွေဆီက အထူးသင်ယူတတ်မြောက်ထားခြင်းမရှိတဲ့ စွမ်းရည်ကိုလုယူခြင်းဖြင့် သူတို့ကိုပိုပြီး ထုံထုံထိုင်းထိုင်းဖြစ်သွားစေလိမ့်မယ်ဆိုတဲ့အချက်ကို အဒမ်စမစ်က အသိအမှတ်ပြုခဲ့ပါတယ်။ ဒါပေမဲ့ ဈေးကွက်ကျယ်ပြန့်လာမှုက ဓနဥစ္စာကိုတိုးပွားစေခဲ့တဲ့အတွက် အဲဒီလိုဖြစ်ရတာဟာ ထိုက်တန်တဲ့ပေးဆပ်မှုဖြစ်တယ်။ ဒီအတွက် ပညာရေးဟာ အလျော်ပေးရမယ်လို့ သူကတွေးပါတယ်။ အဲဒီအတွေးဟာ သူ့ကို လွတ်လပ်တဲ့ ကုန်သွယ်ရေးစနစ်ဘက်က ရဲရဲညီညီထောက်ခံလိုက်ပါသူဖြစ်လာပါတော့တယ်။

မတင်းတိမ် မရောင့်ရဲနိုင်မှုဟာ လူသားတွေရဲ့ စိတ်သန္တာန်ထဲမှာ နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေတာဖြစ်လို့ အဲဒါကို နုတ်ပယ်ဖယ်ထားလို့မရနိုင်ဘူး။ အကျိုးဆက်အဖြစ် အဲဒီအာသာဆန္ဒနဲ့ ကိုက်ညီတဲ့ အရင်းရှင်စနစ်မှာ နိဂုံးမရှိနိုင်ဘူးလို့ အရင်းရှင်စနစ်ဘက်က ခုခံကာကွယ်သူတွေကပြောကြပါတယ်။

တကယ်တော့ အရင်းရှင်ဝိညာဉ်ဟာ သမိုင်းထဲကို အတော်လေးနောက်ကျမှ ဝင်ရောက်လာတာပါ။ အဲဒီအရင်းက ရောင်းခြင်းနဲ့ဝယ်ခြင်းအတွက် ဈေးကွက်တွေကို ဥပဒေနဲ့ ကိုယ်ကျင့်တရားဆိုင်ရာ အကန့်အသတ်တွေနဲ့ စည်းရိုးကာထားခဲ့တာဖြစ်ပါတယ်။ ငွေနောက် သဲကြီးမဲကြီးလိုက်သူတွေဟာ လူ့အဖွဲ့အစည်းမှာ စံပြပုဂ္ဂိုလ်တွေ မဟုတ်ခဲ့ကြပါဘူး။ ဝိသမလောဘနဲ့ မနာလိုဝန်တိုမှုတို့ဟာ ကြောက်စရာ အကုသိုလ်ကြီးတွေထဲမှာ ပါဝင်ပါတယ်။

**အရင်းရှင်စနစ်ရဲ့ အမွေခံ**

နောက်ဆုံးပြောချင်တာက ဆိုရှယ်လစ်စနစ်ဟာ အရင်းရှင်စနစ်အစား အခြားရွေးချယ်စရာတစ်ခုမဖြစ်ခဲ့တာ ဟုတ်ကောင်းဟုတ်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒါဟာ အရင်းရှင်စနစ်ရဲ့ အမွေခံဖြစ်ပါတယ်။ ဆိုရှယ်လစ်စနစ်က ချမ်းသာသူတွေ သူတို့ရဲ့ ဓနဥစ္စာတွေ လက်လွှတ်ဆုံးရှုံးသွားရအောင် လုပ်ခြင်းဖြင့် ကမ္ဘာကြီး အမွေဆက်ခံမှာမဟုတ်ဘဲ ဓနဥစ္စာတွေ ထပ်ထပ်ပြီး တိုးပွားစုပုံလာမှုနဲ့ ဆက်စပ်ပတ်သက်မှုလုံးဝမရှိတဲ့ အပြုအမူအတွက် စေ့ဆော်မှုနဲ့ မက်လုံးတွေ ပံ့ပိုးခြင်းဖြင့် ဆက်ခံမှာပဲဖြစ်ပါတယ်။

အရင်းရှင်ကမ္ဘာက ပညာရှင်တစ်ဦး အရင်းရှင်ကမ္ဘာ၊ အရင်းရှင်စနစ်နဲ့ပတ်သက်ပြီး ခံစားရှုမြင်ဆင်ခြင်တွေးတောနေပုံတွေကိုစာဖတ်ပရိသတ်တွေဆီမျှဝေလိုက်တာပါ။ ဆက်ပြီး အတွေးပွားကြလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။

*—Ref: Project Syndicate*

7DAY NEWS JOURNAL

Current Affairs

Vol.10, No.19 • JULY 28, 2011

# ရခိုင်ပြည်နယ်တွင် ရေလွှမ်းမိုးမှုကြောင့် လမ်းပန်းဆက်သွယ်ရေးအခက်တွေ့

**မြတ်စုမွန်**

**ရန်ကုန်၊ ဇူလိုင် - ၂၃**

စံချိန်တင် မိုးရွာသွန်းခဲ့မှုများကြောင့် ရခိုင်ပြည်နယ်ရှိ မြို့နယ်အချို့တွင် ရေးဘေးဒုက္ခ ကြုံတွေ့ရလျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေးလည်း ပြတ်တောက်လျက်ရှိကြောင်း ဒေသခံများက ပြောသည်။

ရခိုင်ပြည်နယ်ရှိ မြောက်ဦးမြို့၊ မင်းပြားမြို့၊ အမ်းမြို့၊ သံတွဲမြို့၊ တောင်ကုတ်မြို့နှင့် ဂွမြို့များတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျချောင်းရေများ ကျဆင်းမှုကြောင့်ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ ကျောက်တော်မြို့တွင်လည်း ဇူလိုင် ၂၀ ရက်က နှစ်ပေါင်း ၂၄ နှစ်အတွင်း စံချိန်သစ်တင် မိုးရွာသွန်းခဲ့မှုကြောင့် မဟာမြတ်မုနိဘုရားကြီးအနီးရှိ ကျေးရွာများတွင် ရေအမြင့်ပေ ၈ ပေခန့်အထိ မြင့်တက်ခဲ့ကြောင်း ဒေသခံအချို့ကပြောသည်။

“ဒီမနက် ကျောက်တော်က ဖုန်းလှမ်းဆက်တယ်။ မဟာမြတ်မုနိဘုရားအနားက ကန်စောင်းရွာမှာ ရေ ငါးပေလောက် တက်တယ်။ ရွာမပြင်ရွာမှာ ရှစ်ပေလောက်အထိ တက်ခဲ့တယ်လို့ သတင်းရတယ်” ဟု မြောက်ဦးမြို့မှ ဒေသခံတစ်ဦးက ဇူလိုင် ၂၂ ရက် နေ့လယ်တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။

ထို့ပြင် မြောက်ဦးမြို့တွင်လည်း မြို့၏ ၇၅ ရာခိုင်နှုန်းခန့်မှာ ရေလွှမ်းမိုးလျက်ရှိကာ အချို့မြေနိမ့်ရပ်ကွက်များ၌ ရေမြင့်တက်ခဲ့ပြီး လူသေဆုံးမှုများလည်း ရှိခဲ့ကြောင်း သတင်းရရှိသည်။

“မနေ့ညနေက ရေတအားတက်တော့ သျှစ်သောင်းဘုရားနားမှာ ရေသွားဆော့နေတဲ့ ရှစ်တန်းကျောင်းသူကလေးတစ်ယောက်ရေထဲမျောပါပြီး ဆုံးတယ်လို့ နာရေးရုံးကို အကူအညီလာတောင်းတယ်။ ပြီးတော့ မြောက်ဦးနဲ့ တစ်မိုင်ခွဲလောက်ဝေးတဲ့ ပန်းပဲရက်ရွာမှာ ကိုယ်ဝန်ရှစ်လနဲ့ အမျိုးသမီးတစ်ယောက် အိမ်ပေါ်က အဆင်းမှာ ရေထဲကိုပြုတ်ကျပြီး ဆုံးတယ်” ဟုမြောက်ဦးမြို့ ရတနာပါလနာရေးကူညီမှုအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြောက်ဦးမြို့ပေါ်တွင် ကယ်ဆယ်ရေးစခန်း ခုနစ်ခုနှင့် ဆေးပေးခန်းတစ်ခုကို တာဝန်ရှိသူများက ဖွင့်လှစ်ပေးထားကြောင်းဒေသခံများထံမှသိရသည်။

ထို့ပြင် ရန်ကုန်-စစ်တွေ အဝေးပြေးလမ်းများတွင် ရေလျှံခြင်း၊ အမ်းမြို့နှင့် မြေပုံမြို့ကြားရှိ ဒလက်ချောင်းကူးတံတား ကျိုးပျက်နေခြင်းများကြောင့် လမ်းပန်းဆက်သွယ်ရေးလည်းပြတ်တောက်လျက်ရှိကြောင်း သိရသည်။

“ဒီလောက်မိုးကြီးရင်တော့ လမ်းမှာ တံတားတွေ ရေနောက်ပါမယ်ထင်တယ်။ ကျွန်တော့်မှာ ၁၅ ရက်လောက်ရှိပြီ။ ရန်ကုန်က လာတဲ့ကုန်တွေ ခုထိမရောက်သေးဘူး။ ကုန်ကားမရောက်တော့ လူသုံးကုန်တွေ၊စားသောက်ကုန်တွေ အားလုံး နောက်ကျတာပေါ့။ ကျောက်တော်မှာလည်း ရေကြီးနေတော့စစ်တွေကထွက်လာမယ့် ကားကလည်း ထွက်လာမယ် မထင်ဘူး” ဟုအထက်ပါကုန်သည်က ဆက်လက်ပြောကြားသည်။

“ကျွန်မတို့ကားကတော့ ဒီနေ့မှ စနားတာ။ မနေ့က ရေတွေတက်တယ်။ ဒီနေ့ပိုတက်တယ်။ မြောက်ဦး၊ မင်းပြားနဲ့ အမ်းမှာ ရေကြီးနေတယ်။ လမ်းမှာလည်း တံတားတွေအထိ ရေလျှံနေတော့ ဘယ်လောက်ကြာဦးမလဲဆိုတာ ခုထိ ပြောလို့မရသေးဘူး” ဟု ရန်ကုန်မှ စစ်တွေသို့ကုန်စည်နှင့် ခရီးသည်ပို့ဆောင်လျက်ရှိသည့် တိုးရတနာကားဂိတ်မှ တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂၂ ရက်တွင် ပြောသည်။

ထို့အပြင် ရခိုင်ပြည်နယ်တောင်ပိုင်းသို့ ဆက်သွယ်သွားလာရာ အဓိကလမ်းတစ်ခုဖြစ်သည့် ဂွ-ငါးသိုင်းချောင်း ရိုးလမ်းပေါ်တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်မြေများ ပြိုကျနိမ့်ဆင်းကာ အဝေးပြေးကားလမ်းများ ပိတ်ဆို့လျက်ရှိကြောင်း၊ယခုကဲ့သို့ကားလမ်းများ ပိတ်ဆို့ခြင်းမှာ ဒုတိယအကြိမ်ဖြစ်ကြောင်း၊ပြီးခဲ့သည့် ဇွန်လနောက်ဆုံးပတ်အတွင်းကလည်း တောင်မြေပြိုကျပျက်စီးမှုကြောင့်ပင်ကားပြေးဆွဲမှုများ တစ်ပတ်ခန့်ရပ်နားခဲ့ရကြောင်း ဒေသခံများနှင့် အဝေးပြေးကားဂိတ်များမှ သတင်းရရှိသည်။



“ဒီမနက် တောင်ပေါ်မှာ မြေထပ်ပြိုတယ်။ တောင်တွေက တဖြည်းဖြည်း ပြိုပြိုနေတယ်။ ဂွဘက်က ရွာတွေမှာကလည်း ရေလျှံနေတယ်။ ဒီနေ့ထွက်သွားတဲ့ကားက ခုထိဂွကိုမရောက်သေးဘူးဆိုတော့ တောင်ပေါ်မှာ ဘယ်လောက်ထိ ကြာဦးမယ်ဆိုတာ အတိအကျပြောလို့ မရသေးဘူး” ဟု ရန်ကုန်-ဂွခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးဂိတ်တစ်ခုဖြစ်သည့် ငွေမိုးကားဂိတ်မှ တာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂၀ ရက်တွင် ပြောသည်။

“ဒီဒေသမှာက ဒါက နှစ်တိုင်းဖြစ်နေတဲ့ပြဿနာတစ်ခု။ တာဝန်ရှိတဲ့ လူတွေ အမြန်ဆုံးလာစစ်ဆေးပြီး ဒါကို ဦးစားပေးလုပ်သင့်တယ်” ဟု သံတွဲခရိုင်မှ အမျိုးသားလွှတ်တော်အမတ် ဦးမြင့်လှိုင်က ပြောသည်။

ဂွ-ငါးသိုင်းချောင်းလမ်းမှာ နှစ်စဉ် မိုးရာသီတိုင်း ယခုကဲ့သို့ တောင်မြေပြိုကျမှု၊ လမ်းအပိုင်းများ နိမ့်ဆင်းမှုများကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်လေ့ရှိပြီး လွန်ခဲ့သည့် ၂၀၀၈-၀၉ ခုနှစ်ဝန်းကျင်ကလည်း ယခုကဲ့သို့ တစ်လခွဲခန့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခဲ့ဖူးသည်။ အဆိုပါ လမ်းအပိုင်းရှိ တံတားများမှာ မိုးရာသီတွင်သာမက နွေရာသီတွင်လည်း မကြာခဏကျိုးပျက်လျက်ရှိခြင်းကြောင့် လမ်းလွှဲ များကိုသာ အဓိကအားဖြင့် အသုံးပြုရကြောင်း သိရသည်။

“ဂွလမ်းပိတ်ထားတာ သုံးရက်လောက်ရှိပြီ။ အခုလမ်းပြန်မဖွင့်သေးဘူး။ တောင်ကုတ်လမ်းက သွားနေရတယ်။ တောင်ကုတ်မြို့ပေါ်မှာ ဒီနေ့တော့ ရေကျသွားပြီ။ တောင်ကုတ်ဘက်လမ်းမှာလည်း တံတားတစ်လက်ကျိုးနေလို့ ခရီးသည်တွေ လမ်းဆင်းလျှောက်ပြီး ကားပြောင်းစီးသွားနေရတယ်” ဟုရန်ကုန်-သံတွဲ ပြေးဆွဲလျက်ရှိသည့် ရဲအောင်လံခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးဂိတ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရခိုင်ပြည်နယ်နှင့် ပြည်မ ဆက်သွယ်သွားလာရာတွင် ပြည်-ပန်းတောင်း-တောင်ကုတ်တောင်ကြားလမ်း၊ ဂွ-ငါးသိုင်းချောင်းလမ်းနှင့် မင်းဘူး-ပဒါန်း-အမ်းတောင်ကြားလမ်းဟူသည့် အဝေးပြေးလမ်း သုံးခုကို အသုံးပြုရသည်။ လက်ရှိအခြေအနေတွင် အဆိုပါကားလမ်းများအနက်ရခိုင်ပြည်နယ်တောင်ပိုင်းဒေသများကို သွားသည့် ပြည်-ပန်းတောင်း-တောင်ကုတ်လမ်းတစ်ခုကိုသာ အသုံးပြုလျက်ရှိကြောင်း သိရသည်။

ပြည်-ပန်းတောင်း-တောင်ကုတ်တောင်ကြားလမ်းကို နေလသစ္စာဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူပြုပြင်တည်ဆောက်လျက်ရှိပြီး ဂွ-ငါးသိုင်းချောင်းလမ်းကို ပြည်သူ့ဆောက်လုပ်ရေးက တာဝန်ယူပြုပြင်တည်ဆောက်လျက်ရှိကြောင်းလည်း သတင်းရရှိသည်။

## လေလံအောင်ထားသူများအား လက်ကျန်ငွေပေးနိုင်မည့်နောက်ဆုံးရက် မေးမြန်း

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၁၈**

နောက်ဆုံးပြုလုပ်သော လေလံပွဲတွင် လေလံအောင်ထားသူများအား ပေးသွင်းရန် ကျန်ရှိသောငွေများကို နောက်ဆုံးထားပေးသွင်းနိုင်သည့်ရက်ခေါ်ယူမေးမြန်းခဲ့ကြောင်း လေလံအောင်သူအချို့ကပြောသည်။

လေလံအောင်မြင်ပြီး ၃၀ ရာခိုင်နှုန်းပေးသွင်းပြီးသူများမှာ ဇူလိုင် ၂၉ ရက် နောက်ဆုံးထား၍ ငွေပေးသွင်းရန်နှင့်ထိုရက်အတွင်း မပေးနိုင်ပါက ပေးသွင်းနိုင်မည့်ရက်ကိုသက်ဆိုင်ရာဌာနကဇူလိုင်တတိယပတ်တွင် ခေါ်ယူမေးမြန်းခဲ့ခြင်းဖြစ်သည်။

ထိုလေလံပွဲတွင် မြေအဆောက်အအုံ တိုက်ခန်းပေါင်း ၂၆၈ ခန်းပါဝင်ပြီး ဈေးအများဆုံးရရှိခဲ့သော လေလံဖြစ်ခဲ့သည်။

## မိုးကောင်းလွန်း စပါးခင်းများ ရေနစ်မြုပ်

**သန်းဌေး၊ အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၂၀**

ဇူလိုင် ၁၉ ရက်ညကတည်းက ရွာသွန်းနေသောမိုးကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ဧက ထောင်ချီကာ ရေနစ်မြုပ်သွားကြောင်း ဒေသခံများကပြောသည်။

“မနေ့က ညသန်းခေါင်ယံအချိန်ကတည်းက ရွာနေတဲ့မိုးက အခုထက်ထိမတိတ်သေးလို့ရွာတွေရော၊လယ်တွေရောဧကထောင်ချီရေမြုပ်ကုန်ပြီ။ အခုရက်ပိုင်းလေးကမှ စိုက်ထားတဲ့ ပျိုးပင်တွေသေကုန်ပြီပေါ့” ဟု လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာမှ ကိုဇော်ဝင်းက ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ပြောသည်။

အဆိုပါရွာလယ်လမ်းဆုံရှိကိုယ်ထူကိုယ်ထတည်ဆောက်ထားသော သံကူကွန်ကရစ်တံတားမှာလည်း အောက်ခြေတွင် ရေတိုက်စားခံထားရသည်။ ထို့ကြောင့် ကျေးရွာအတွင်းရှိ လူငယ် ၅၀ ဦးခန့်က တံတားပျက်မသွားစေရန် ဝိုင်းဝန်းလုပ်ဆောင်နေကြကြောင်း ၎င်းကပြောသည်။

ဇူလိုင် ၁၉ ရက် အာဇာနည်နေ့ညကတည်းက အဆက်မပြတ်ရွာသွန်းနေသောမိုးကြောင့် ဟင်္သာတမြို့ထဲနှင့် အိုင်သပြုရွာလယ်တွင် ပေါင်လယ်လောက်အထိ ရေမြုပ်လျက်ရှိနေကြောင်း ၎င်းကပြောသည်။

ထို့ကြောင့် ဟင်္သာတမြို့ပေါ်တွင် ရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်လိုက်ရကြောင်း ဒေသခံတစ်ဦးကပြောသည်။

ဒေသအာဏာပိုင်များကလည်း ဝိုင်းဝန်းကူညီနေရာမှ ကျေးရွာနှင့်မြို့များအား ကာရံထားသော တာရိုးများမှာ ရေအိုပြီး နိမ့်သွားသောကြောင့် သဲအိတ်များဖြင့် ဖို့နေကြရသည်။ မိုးရေချိန်မှာ ၆ ဒသမ ၂၈ လက်မရှိနေပြီး မြစ်ရေမှာလည်း အိုင်သပြုကျေးရွာအထက်သို့ပင်ရောက်ရှိလျက်ရှိကြောင်း ကိုဇော်ဝင်းကပြောသည်။

“ဒီအတိုင်း မိုးဆက်တိုက်ရွာနေရင် မလွယ်တော့ဘူး။ လမ်းပျက်တာကပြန်လုပ်လို့ရပေမယ့်လယ်တွေပြန်စိုက်ဖို့ ခက်မယ်။ အခု ရေမြုပ်တဲ့ပျိုးပင်တွေက ပထမတစ်ခါမြုပ်လို့ အခုရက်ပိုင်းလေးအတွင်းကမှ ပြန်စိုက်ထားရတာ” ဟု ၎င်းကပြောသည်။

ဓနုဖြူမြို့နယ်အတွင်းရှိ ကျေးရွာနှင့်လယ်များလည်း ရေမြုပ်ကုန်သောကြောင့် မိုးစပါးအထွက် ထိခိုက်နိုင်ကြောင်း လယ်သမားများကပြောသည်။

“မိုးဦး၊ မိုးလယ်၊ မိုးနှောင်း မျှတမှ စပါးအထွက်ကောင်းတာ၊ အခု ဒီရာသီမှာ မိုးဦးရော မိုးလယ်ပါကောင်းနေတော့ ထွန်ခက်၊ ပျိုးကြဲခက်၊ ပျိုးစပါးပျက်လို့ စပါးအထွက် ထိခိုက်နိုင်တယ်” ဟု ဓနုဖြူ မြို့နယ် ရေလယ်ကျေးရွာသားတစ်ဦးကပြောသည်။

စပါးခင်းများအပြင် ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးနှစ်ခုအတွင်းရှိ ဒေသအချို့မှ ငါးမွေးမြူရေးကန်များလည်း ရေလွှမ်းခဲ့ကြောင်း ငါးမွေးကန်ပိုင်ရှင်အချို့ကပြောသည်။

သက်ဆိုင်ရာက ရေကြီးသောကျေးရွာနှင့်ပြည်သူများအား ကူညီသကဲ့သို့လယ်ပျက်သွားသော တောင်သူများကိုလည်း သင့်တော်သော စပါးမျိုးများထောက်ပံ့ကူညီသင့်ကြောင်း ကိုဇော်ဝင်းကပြောသည်။

၁၉၉၁ နှင့် ၂၀၀၇ ခုနှစ်ကလည်း ကျေးရွာနှင့် ငဝန်မြစ်ကို ကာရံထားသည့် တာရိုးကျိုးခဲ့၍ ယခုကဲ့သို့ ရေလွှမ်းခံခဲ့ရဖူးကြောင်း သတင်းရရှိသည်။

နောက်ဆုံးရရှိသော သတင်းအရ ဇူလိုင် ၂၃ ရက်မှစ၍ ဟင်္သာတမြို့၌ ရေကျသွားပြီဖြစ်သည်။ ရေမြုပ်သွားသော စပါးများနှင့်ပတ်သက်၍ လုပ်ငန်းရှင်တစ်ဦးကလည်း “ရေမြုပ်သွားတဲ့လယ်သမားတွေအတွက်လိုတာကတော့ အပင်နာသွားတဲ့ လယ်တွေအတွက် ဓာတ်မြေဩဇာ၊ ပြန်စိုက်ရမယ့်လယ်တွေအတွက်ကတော့ မျိုးစပါးလိုလိမ့်မယ်” ဟု ပြောသည်။

“ရေတော့ပုံမှန်ပြန်ဖြစ်သွားပြီ။ လေးပုံ တစ်ပုံလောက်တော့ စပါးခင်းတွေ ရေမြုပ်သွားတယ်။ အနိမ့်ပိုင်းတွေက နှစ်ခါမြုပ်တာဆိုတော့ပြန်စိုက်ရမယ်ထင်တယ်။ အခုတော့ အခြေအနေစောင့်ကြည့်နေတယ်” ဟု အထူးပြုကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူက ပြောသည်။


7DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

“လူတိအသက်မသီကေ ဗီးဗျာယ်။ ပစ္စည်းတိက နောက်ပြန်ရှာလို့ရရေ” (လူတွေအသက်ချမ်းသာရင်ပြီးပြီ၊ ပစ္စည်းတွေက နောက်ပြန်ရှာလို့ရတယ်)ဟု အသက် ၂၉ နှစ် အရွယ်မဦးဝေက ရခိုင်စကားဖြင့်ပြောသည်။ သူမ၏ မျက်လုံးတွေက နေ့စဉ်ညဆက် အိပ်ရေးပျက်ထား၍ နွမ်းလျနေသည်။

# သဘာဝဘေးအတွက် အဆင်သင့်ဖြစ်ပြီလား

ဥက္ကာကိုကိုနှင့် သန်းဌေး မြောက်ဦးမြို့မှ တိုက်ရိုက်ရေးသားပေးပို့သည်။





တေဇာရာမရပ်ကွက် မူလတန်းကျောင်းတွင်ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းကို ဇူလိုင် ၂၅ ရက်က တွေ့ရစဉ်
ဓာတ်ပုံ - ဥက္ကာကိုကို

သူမရောက်နေတာက မူလတန်းစာသင်ကျောင်းတစ်ကျောင်းမှာဖြစ်သည်။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ဆင်ချဆိပ်ကျေးရွာ မူလတန်းကျောင်းလေးဖြစ်သည်။ ထိုကျောင်းမှာ ယခုအခါ ကယ်ဆယ်ရေးစခန်းဖြစ်နေလေသည်။

ကယ်ဆယ်ရေးစခန်းအတွင်းလူအချို့ကနံနက်စာအတွက် လက်ကျန်ဆန်အနည်းငယ်နှင့် လယ်ကွက်များအတွင်းက ဖမ်းထားသောငါးသေး ငါးနုပ်အချို့ကို ဟင်းချက်ရန်ပြင်ဆင်နေကြသည်။ လူစိမ်းတစ်ယောက်ကို လှမ်းမြင်တိုင်း ကယ်ဆယ်ရေးပေလောဟူသည့် မျှော်လင့်ချက်မျက်လုံးများဖြင့် လှမ်းကြည့်ကြသည်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်တွင် ဇူလိုင်လ ၁၈ ရက်ညမှစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး အာဇာနည်နေ့ (ဇူလိုင် ၁၉ ရက်နေ့)တွင် ၉ ဒသမ ၃၇ လက်မဖြင့် စံချိန်တင်မိုးရွာသွန်းခဲ့သည့်အတွက် အနိမ့်ပိုင်းကျေးရွာများ၊ လယ်ကွင်းများနှင့် မြို့ပေါ်တွင်ပါ ရေလွှမ်းခဲ့သည်။

လေးရက်ဆက်တိုက် သည်းထန်စွာ ရွာသွန်းသည့် မိုးကြောင့် တောင်ကျချောင်းရေများ ဒလဟောကျဆင်းလာပြီး လေးမြို့မြစ်ရေမြင့်တက်လာခဲ့သည်။ ထိုရေများပေါင်းစုသွားသည့် အတွက် ရေအနက်မှာအချို့နေရာများတွင် လူတစ်ရပ်စာကျော်အောင်နစ်မြုပ်ခဲ့သည်။

“ပထမ ခါးလောက်ရောက်တယ်။ တဖြည်းဖြည်းနဲ့ အိမ်မြုပ်လာတော့ တစ်ရွာလုံးပြောင်းကြတာ။ လှေတွေက တစ်ရက်ကို ငါးရာတစ်ထောင်ပေးငှားရတယ်။ ပြီးခဲ့တဲ့အပတ်ကပဲ ဒီနေ့နဲ့ဆိုဆယ်ရက်ရှိပြီ။ ပစ္စည်းတွေလည်း ပျောက်တယ်။ ကျွန်တော်တို့ရွာက ဆင်းရဲတယ်။ အရင်းအနှီးမရှိတော့ တောင်ကိုအားကိုးပြီး ထင်းခုတ်စားကြတာ”ဟုတေဇာရာမရပ်ကွက်မူလတန်းကျောင်းကယ်ဆယ်ရေးယာယီစခန်းတွင် နားခိုနေသော ဆင်ချဆိပ်ကျေးရွာမှ ကိုဘတင်က ပြောပြသည်။

“အိမ်တွေရေမြုပ်လာတော့ အိမ်ပေါ်က ပစ္စည်းကိုသယ်၊ မြင့်တဲ့ကားလမ်းမပေါ် ချထား။ ကားလမ်းမကိုရေမြုပ်လာတော့တစ်ခါ ထပ်သယ်ရပြန်။ နောက်တစ်နေရာထပ်ပြောင်းနဲ့မပြီးတော့ဘူး။ လူတွေသနားဖို့ကောင်းတယ်။ အထုပ်တွေ ထမ်းပြီးပြေးနေကြတာ။ ဦးပဥ္စင်းဒီမှာငါးနှစ်ရှိပြီ။ ဒီနှစ်လိုမျိုးကားလမ်းပါမြုပ်တာ တစ်ခါမှမကြုံဖူးဘူး။ ဒီနှစ်တော်တော်လေးကြောက်စရာကောင်းတယ်” ဟု မြောက်ဦးမြို့၊ အလိုတော်ပြည့်ကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဦးတေဇသာရကမိန့်ကြားသည်။

မြောက်ဦးမြို့နယ်တွင် မိုးရာသီတွင် ပုံမှန်ရေနစ်မြုပ်လေ့ရှိသည့် ပင်လယ်အဝပိုင်းကျေးရွာ ၁၁ အုပ်စု၊ ရွာပေါင်း ၂၅ ရွာရှိပြီး ရေတက်လာပါကနီးစပ်ရာတောင်ကုန်းများဆီသို့ ပြေးရှောင်နိုင်ရန်





မြောက်ဦးမြို့တွင် ရေဝင်နေသော ရပ်ကွက်တစ်နေရာကို တွေ့ရစဉ်
ဓာတ်ပုံ - မြင့်ကြည်(ပုံရိပ်လွင်)

မိုးတွင်းကာလ မရောက်မီက တည်းက လေ့ကျင့်ပေးထားသည်ဟု ဒေသအာဏာပိုင်များက ပြောသည်။

မုတ်သုံလေအားကောင်းပြီး ရက်ဆက်မိုးရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်နေသော မြို့နယ်များမှာ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ တောင်ကုတ်၊သံတွဲ၊ ဂွမြို့နယ်များဖြစ်ကြသည်။ ရာသီဥတုဖောက်ပြန်မှုများကြောင့် သဘာဝဘေးကြုံတွေ့ရသည်မှာယနေ့ခေတ်တွင် ကမ္ဘာ၏ နေရာတိုင်းလိုလို၌ ကြုံတွေ့နေရသည်။ ယခင်က သဘာဝဘေးဒဏ်များစွာမခံခဲ့ရသော နိုင်ငံများပင် ကြုံနေရပြီဖြစ်သည်။

မြောက်ဦးမြို့နယ်တွင် ယခုလို ရေလွှမ်းမိုးမှုများမှာ နှစ်စဉ်ကြုံတွေ့နေကျဖြစ်သော်လည်း ယခုနှစ်တွင် အဆိုးဆုံးဖြစ်ကြောင်း ဒေသခံများကတညီတညွတ်တည်း ပြောကြသည်။ ယခုနှစ်တွင်သာမန်ရေလျှံမှုမျိုးမဟုတ်ဘဲ မြို့တွင်းကိုပါ ရေများဝင်ရောက်ကာကားလမ်းများလည်းနစ်မြုပ်ခဲ့သည်။

သို့ရာတွင်မဦးဝေတို့ကိုဘတင်တို့နေထိုင်ရာ ဆင်ချဆိပ်ကျေးရွာမှာပင်လယ်ဝကျေးရွာအုပ်စုများတွင်မပါဝင်ဘဲ မြောက်ဦးမြို့တွင်းရှိ လက်ကောက်ဈေးရပ်ကွက်အတွင်းရှိ ရွာငယ်လေးတစ်ရွာဖြစ်သည်။ ရေတွေက မြောက်ဦးမြို့အတွင်းကိုပါဝင်ရောက်လာသည့် အတွက်မြို့အနိမ့်ပိုင်းရှိ လက်လုပ်လက်စားရွာများမှ လူများအားလုံးမှာ နီးစပ်ရာစာသင်ကျောင်းများဆီသို့လှေများဖြင့် ပြောင်းရွှေ့လာကြရသည်။

ကုန်သည်တန်း၊ ကြက်ဈေး၊ ဆင်ချဆိပ်စသော ရွာငယ်လေးများရှိလူများက မြို့တွင်းကျောင်းများဆီသို့ ခိုလှုံရသလို မြို့တွင်းမှ လူများကလည်း နေအိမ်အပေါ်ထပ်သို့တက်ရောက်နေခဲ့ကြရသည်။

ရပ်ကွက်အလိုက် ယာယီရေဘေးကယ်ဆယ်ရေးစခန်း ၇ ခုကို နီးစပ်ရာ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းများတွင် နေရာ ၉ နေရာခွဲ၍ ဒေသအာဏာပိုင်များက ဖွင့်လှစ်ထားပေးသည်။ ရေဘေးသင့်အိမ်ခြေနှင့် အိမ်ထောင်စုပေါင်း ၅၆၄ စု ၊ လူဦးရေပေါင်း သုံးထောင်ကျော်ရေဘေးသင့်ခဲ့ရကြောင်း မြို့နယ်တာဝန်ရှိသူများထံမှသိရသည်။

“ဒီနေ့ထိ ရွာကိုသွားကြည့်တော့ရေတွေ ရင်ဘတ်လောက်ရှိသေးတယ်။ မနက်ဖြန်လောက်ပြန်ကြရမယ်”ဟု လက်ကောက်ဈေးကျောင်းတိုက် ဘုန်းတော်ကြီးကျောင်းကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသော အသက် ၃၀ အရွယ် ဒေါ်သဇင်မြိုင်က ဇူလိုင် ၂၅ ရက်တွင်ပြောသည်။

“တစ်ယောက်ကိုတစ်နေ့စာစားဖို့ဆန်နို့ဆီဘူးတစ်ဘူးနှုန်းနဲ့ တစ်ရက်တည်းလာပေးဖူးတယ်။ ကျွန်တော်တို့အတွက် အဓိကလိုအပ်တာကတော့စားဖို့အတွက်ဆန်ပဲ”ဟု ဆင်ချဆိပ်ကျေးရွာမှုလတန်းကျောင်းယာယီရေဘေးကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသည့် အသက် ၃၂ နှစ်အရွယ်ကိုဖြိုးဝေက ပြောသည်။

ရတနာပုံရွာမှ အသက် ၁၆ နှစ်အရွယ် အဋ္ဌမတန်းကျောင်းသူလေးတစ်ဦးမှာ ယခုနှစ်မြောက်ဦးမြို့ရေကြီးမှုတွင် မတော်တဆရေနစ်သေဆုံးခဲ့ရသည်။ ထိုမှတစ်ပါး အခြားကြီးမားသောထိခိုက်ဒဏ်ရာရရှိမှုသိပ်မရှိခဲ့ပေ။

ရေဘေးကယ်ဆယ်ရေးစခန်းများသို့ မြောက်ဦးမြို့နယ်ကျန်းမာရေးဌာနမှ ဆရာမများက သွားရောက်ဆေးဝါးကုသပေးနေသည်ကိုလည်းတွေ့ရသည်။

“ဒီလိုရေကြီးတယ်ဆိုရင် ကျွန်မတို့က လာကြည့်လို့ပေါ့။ ဒီလိုသာမလာရင် ဝမ်းပျက်ဝမ်းလျှောနဲ့တခြားရောဂါတွေထပ်ဖြစ်ကုန်မှာစိုးရတယ်”ဟု မြောက်ဦးမြို့နယ်အမျိုးသမီးမိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သူနာပြုဆရာမဒေါ်တင်တင်မြင့်က ပြောသည်။

နှစ်စဉ်မိုးတွင်းကာလရောက်သောအခါရေနစ်မြုပ်လေ့ရှိသည့် ပင်လယ်ဝပိုင်းရှိ ရွာများအပြင် ယခုအခါမြို့တွင်း အနီးတစ်ဝိုက်ရှိ အနိမ့်ပိုင်းကျေးရွာများမှာပါ တဖြည်းဖြည်းရိုက်ခတ်လာသော ရာသီဥတုဒဏ်ကြောင့်အသက်အိုးအိမ်ကိုမျက်လုံးတလှုပ်လှုပ်ဖြစ်နေကြရပြီဖြစ်သည်။

ရပ်ကွက်ကျေးရွာများရေနစ်မြုပ်ရသကဲ့သို့ ရခိုင်ပြည်နယ်တွင် အထွက်နှုန်းအများဆုံးဖြစ်သော ကျောက်တော်၊ မြောက်ဦး၊မင်းပြားရှိ စပါးစိုက်လယ်ကွင်းများမှာ လည်းရေလွှမ်းမိုးမှုကြောင့် စပါးခင်းများနှန်းဖို့ခံလိုက်ရသဖြင့် လယ်သမားများ အခက်တွေ့နေသည်။

မြောက်ဦးမြို့နယ်တစ်မြို့နယ်အတွင်း ရေမြုပ်သွားသော လယ်ဧကမှာ ၂,၇၄၈ ဧက၊ လယ်ကွင်းပေါင်း ၄၆ ကွင်းနှင့် လယ်လုပ်ကိုင်စားသောက်သောတောင်သူဦးရေ ၆၉၉ ဦးရှိကြောင်း တာဝန်ရှိသူအချို့ကပြောသည်။

“ရေမြုပ်တယ်ဆိုတာ ပျက်တယ်လို့ပြောလို့မရဘူး။ ရေမြုပ်တာခံနိုင်တဲ့ စပါးမျိုးလည်းရှိတယ်။ စစ်ဆေးနေတုန်းပဲ” ဟု မြို့နယ်တာဝန်ရှိသူတစ်ဦးက ဆိုသည်။

နောက်လာမည့်နှစ်များတွင်သ ဘာဝဘေးပိုမိုကြုံတွေ့ရမည်ကို ဒေသခံများက ပူပန်နေကြသည်။ ကယ်ဆယ်ရေးဆိုသည်မှာလည်းအခင်းဖြစ်သည်နှင့်ချက်ချင်းမရောက်နိုင်သည့် ဒေသများလည်းဖြစ်နေသဖြင့် တစ်စုံတစ်ခုဖြစ်ပါက ဒေသခံများမှာ စားရေးသောက်ရေးဒုက္ခနှင့်ဦးစွာရင်ဆိုင်ကြရသည်။ ယခုရေကြီးမှုတွင်လည်း ဒေသအာဏာပိုင်၊ နိုင်ငံရေးပါတီအချို့နှင့် စေတနာရှင်အချို့၏ ကူညီပံ့ပိုးမှုများရှိသော်လည်း အကူအညီများ လိုအပ်နေဆဲဖြစ်သည်။

“တစ်နှစ်တစ်ခါလောက်တော့ပြေးရပေမယ့်ဒီနှစ်လောက်တော့မများပါဘူး”ဟု မဦးဝေက ယခုနှစ်ရေကြီး၍ ပြေးလွှားရပုံကို သက်ပြင်းချရင်းပြောသည်။



7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# မြန်မာဘောလုံးနည်းပြချုပ်နှင့် တွေ့ဆုံခြင်း

**ဗိုလ်ဗိုလ်ဝင်း**

ကမ္ဘာ့ဖလား အာရှဇုန်ဒုတိယအဆင့်၊ ဒုတိယပွဲအဖြစ် ရန်ကုန်မြို့တွင် အိုမန်အသင်းနှင့် ယှဉ်ပြိုင်မည့် လက်ရွေးစင်ဘောလုံးအသင်းနည်းပြချုပ် ဦးဆန်းဝင်းနှင့် ဇူလိုင် ၂၅ရက်က တွေ့ဆုံမေးမြန်းထားသည့်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**အိုမန်ကို အဝေးကွင်းမှာ နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ မြန်မာအသင်း အနေအထားကို ဘယ်လိုမြင်ပါသလဲ။**

အိုမန်အသင်းဟာ လက်ရှိအာရှမှာ အဆင့်မြင့်အသင်းပါ။ သူတို့မှာ ပြည်ပထွက်ကစားနေတဲ့ ကစားသမား ခုနစ်ယောက်လောက်ပါတယ်။ အတွေ့အကြုံချင်း ကွာတယ်။ ဥပမာတစ်ဂိုး-ဂိုးမရှိဖြစ်နေချိန် ၇၂မိနစ်မှာ မင်းမင်းသူ ခေါင်းတိုက်ခွင့်အပိုင်ရတယ်။ အဲဒီဘောလုံးဆိုရင် တော်ရုံဂိုးသမား မမိလောက်ဘူးထင်တယ်။ မြန်မာအသင်းလည်း ဂိုးသွင်းခွင့်လေးကြိမ်လောက် ရခဲ့ပါတယ်။ ဒီပွဲမှာ မြန်မာကစားတွေရဲ့ ကြိုးစားမှုနဲ့ပတ်သက်ပြီးတော့ ကျေနပ်တယ်။

**ရန်ကုန်မှာကစားမယ့်ပွဲမှာ ဘယ်လိုပုံစံကစားဖို့စီစဉ်ထားပါသလဲ။**

ပုံစံတော့အများကြီးမပြောင်းဘူး။ လူလည်း အများကြီးမပြောင်းဘူး။ အိုမန်လိုအသင်းကြီးကို ဖွင့်ပြီး တိုက်စစ်ဆင်ရင်တော့ ကိုယ့်ဘက်ကပွင့်သွားလိမ့်မယ်။ တိုက်စစ်ကိုတော့ ဦးစားပေးမယ်။ ဂိုးရအောင်ကြိုးစားမယ်။ ဖွင့်ကစားမှာတော့ မဟုတ်ဘူး။ ကစားကွက်ကိုတော့ ၄း၃း၃ ကစားဖို့ စီစဉ်ထားပါတယ်။

**အိမ်ကွင်းမှာ ဂိုးရဖို့ မဖြစ်မနေလိုအပ်နေချိန်မှာ အဆုံးသတ်ပိုင်း မကောင်းသေးတဲ့ တိုက်စစ်ပိုင်းအတွက် ဘယ်လိုပြင်ဆင်ထားပါသလဲ။**

Timing နဲ့အဆုံးသတ်ပိုင်း(Finishing)ကောင်းဖို့ဆိုတာကတော့ သင်လို့မရပါဘူး။ ကစားသမားရဲ့ ကွာလတီနဲ့ဆိုင်ပါတယ်။ အကောင်းဆုံး သူတို့ကို ပြင်ဆင်ပြီးတော့ ကစားသွားမှာပါ။

**ပထမအကျော့ ရလဒ်ကြောင့် အိမ်ကွင်းပွဲစဉ်က အခွင့်အရေးနည်းသွားပြီလား။**

နှစ်ဂိုး-ဂိုးမရှိဆိုတော့ နည်းနည်းခက်သွားပြီ။ အမှန်ဆို တစ်ဂိုး-ဂိုးမရှိ၊ နှစ်ဂိုး-တစ်ဂိုးလောက်ဖြစ်သင့်တယ်။ ရသင့်တဲ့ဂိုးမရဘူး။ မပေးသင့်တဲ့ဂိုး ပေးခဲ့ရတယ်။ ဆရာ့အနေနဲ့ နောက်တစ်ဆင့်တက်ရမယ်လို့တော့ မပြောနိုင်ပေမယ့် ဒုတိယအကျော့မှာ အနိုင်ရမယ်လို့တော့ မျှော်လင့်ချက်တော့ရှိတယ်။ ကြိုးစားကြတာပေါ့။

**အရပ်မြင့်တဲ့ အိုမန်ကစားသမားတွေကို ဘယ်လိုကျော်ဖြတ်ကစားဖို့ စီစဉ်ထားပါသလဲ။**

အိုမန်မှာကစားတဲ့ ပွဲစဉ်မှာလည်း အပေါ်ဘော နှစ်လုံး၊သုံးလုံးလောက်ပဲရှိပါတယ်။ ရန်ကုန်ပွဲစဉ်မှာလည်း (Short-Pass) အတိုတွေနဲ့ အောက်ကပဲသွားမှာပါ။

**မြန်မာပရိသတ်တွေအတွက်ဘယ်လိုသတင်းစကားပါးချင်ပါသလဲ။**

ပရိသတ်အားပေးမှုက အရေးကြီးပါတယ်။ ပရိသတ်တွေနဲ့ နိုင်ငံအတွက် အကောင်းဆုံးကြိုးစားသွားမယ်လို့ ပြောချင်ပါတယ်။



ဇူလိုင် ၂၃ရက်က ရန်ကုန်–မန္တလေးကားလမ်းနှင့် မြဝတီလမ်းထောင့် လေယာဉ်ကွင်းဟောင်း အနီးတွင် (၁၂)ဘီးကားတစ်စီးလမ်းချော်မှုဖြစ်ပွားပြီး တိရစ္ဆာန်အုပ်အား ဝင်တိုက်ရာ ဆိတ်၊ သိုး အကောင်ရေ (၃၀)ကျော် သေဆုံးသွားသည်ကို တွေ့ရစဉ်။

သတင်းဓာတ်ပုံ - မင်းဒင်

# ICRC မန္တလေးရုံးခွဲ ဖွင့်လှစ်

**စိုင်းသာအောင်**

**မန္တလေး၊ ဇူလိုင်-၂၂**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ (ICRC )မန္တလေးရုံးခွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၃၀၊ ၆၃×၆၄ လမ်းကြား ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အမှတ် ၂၂-ဃတွင် ဇူလိုင် တတိယပတ်အတွင်းက ဖွင့်လှစ်နိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး တိုင်းကြက်ခြေနီဦးစီးမှူး (ပထမတန်း)ဦးဘုန်းကျော်ကပြောသည်။

ICRC မန္တလေးရုံးခွဲတာဝန်ခံမှာ ဂျပန်နိုင်ငံသား Mr.Takammi Hosokawa ဖြစ်ပြီး အုပ်ချုပ်ရေးမှူးအဖြစ် ဦးစောသာအေးဖြစ်ကြောင်း သိရသည်။

# နိုင်ငံခြားငွေတန်ဖိုးများ ကျဈေးဖြင့် ငြိမ်

**အားမာန်**

**ရန်ကုန်၊ ဇူလိုင်-၂၇**

ပြင်ပငွေလဲလှယ်ရေးဈေးကွက်တွင်ကျပ်ငွေတန်ဖိုးမှာဆက်လက်မာနေကြောင်း သတင်းရရှိသည်။

ပြင်ပငွေလဲလှယ်ရေး ဈေးကွက်တွင်ဇူလိုင်၁၇ရက်မှစတင်၍ ဒေါ်လာ၊ပို့ကုန်ရငွေ၊ အက်ဖ်အီးစီ၊ တရုတ်ယွမ်ငွေစသော နိုင်ငံခြားငွေတန်ဖိုးများ ပြုတ်ကျပြီး မြန်မာကျပ်ငွေတန်ဖိုးမာခဲ့သည်။

ဇူလိုင် ၁၇ရက်တွင် ပို့ကုန်ရငွေတစ်ယူနစ်လျှင် ၇၉၀ ကျပ်သို့ ကျဆင်းသွားသည်။ ဇူလိုင် ၁၆ ရက်က တစ်ယူနစ်လျှင် ၇၉၈ ကျပ် ရှိခဲ့သည်။

ဇူလိုင် ၂၇ရက်အထိ ပို့ကုန်ရငွေမှာ တစ်ယူနစ်လျှင် ၇၉၃ ကျပ်မှ ၇၉၅ ကျပ်အတွင်း၌သာ ကျဈေးဖြင့် ငြိမ်နေသည်။

ဒေါ်လာနှင့် အက်ဖ်အီးစီ တန်ဖိုးများလည်း ကျဆင်းခဲ့ပြီး ဒေါ်လာမှာ ဇူလိုင် ၁၆ ရက်တွင် ဒေါ်လာတစ်ယူနစ်လျှင်၇၈၉ကျပ် ရှိရာမှ ဇူလိုင် ၂၇ရက်တွင် ၇၈၅ ကျပ် ဝန်းကျင်သာရှိသည်။ အက်ဖ်အီးစီမှာလည်း တစ်ယူနစ်လျှင် ၇၁၀ ကျပ်မှ ၇၁၅ ကျပ်အတွင်း၌သာ ဇူလိုင် ၁၇ ရက် မှ ၂၇ ရက်အတွင်း ရှိနေသည်။

တရုတ်ယွမ်ငွေတန်ဖိုး လည်းကျဆင်းပြီး တစ်ယွမ်လျှင် ဇူလိုင် ၂၁ ရက်၌ ၁၁၇ ကျပ်သာ ရှိသည်။ ဇူလိုင် ၁၆ ရက်က ၁၂၃ ယွမ်အထိ ရှိခဲ့၍ ငါးရက်အတွင်း ၁၀၀ လျှင် ခြောက်ကျပ်တန်ဖိုး လျော့ကျခဲ့ခြင်း ဖြစ်သည်။

ကျပ်ငွေတန်ဖိုးမာပြီး နိုင်ငံခြားငွေတန်ဖိုးများ ကျဆင်းနေသော ဇူလိုင် နောက်ဆုံးပတ်တွင် ငွေလဲလှယ်ရေးဈေးကွက်၌ အရောင်းနှင့် အဝယ်နှစ်မျိုးစလုံး အေးနေကြောင်း လက်တွေ့ ငွေလဲလှယ်လုပ်ကိုင်နေသူအချို့က ပြောသည်။

# ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ပါတီခေါင်းဆောင်များနှင့် တွေ့မည်

**အိဖြူလွင်**

**ရန်ကုန်၊ ဇူလိုင် - ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဇူလိုင် ၂၇ ရက်တွင် လက်ရှိနိုင်ငံရေးပါတီ ၃၇ ပါတီနှင့်တွေ့ဆုံရန် နိုင်ငံရေးပါတီများသို့အကြောင်းကြားစာများ ပေးပို့ထားကြောင်း သိရသည်။

ရွေးကောက်ပွဲကော်မရှင်က ပါတီများနှစ်တစ်စုတစ်စည်းတည်း တွေ့ဆုံခြင်းသည် ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ပြီး အထွေထွေရွေးကောက်ပွဲအပြီး ပြောင်းလဲခန့်အပ်ထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးတင်အေးက နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခြင်းဖြစ်သည်။နေပြည်တော်တွင် ကျင်းပမည့် အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တက်ရောက်ရန်အကြောင်းကြားစာ ပေးပို့ထားကြောင်းသိရသည်။

ပြီးခဲ့သည့် ရွေးကောက်ပွဲမတိုင်ခင်ကာလ နိုင်ငံရေးပါတီများနှင့်ကော်မရှင်ကြားတွင် မည်သည့်တွေ့ဆုံမှုမျိုးမှ မရှိခဲ့သောကြောင့် ယခုကဲ့သို့တွေ့ဆုံမှုသည်လာမည့်ကြားဖြတ် ရွေးကောက်ပွဲနှင့် နောက်တစ်ကြိမ် ရွေးကောက်ပွဲအတွက်အထောက်အကူ ပြုနိုင်မည်ဟုထင်ကြောင်းနိုင်ငံရေးပါတီများကပြောကြားသည်။










CHICKEN SOUP

# တဒင်္ဂ တန်ဖိုးများ

အိန်ဂျယ်လင်း



ကျွန်တော်ကြားဖူးတဲ့ဆိုရိုးစကားတစ်ခွန်းရှိတယ်။ ဘယ်သူပြောခဲ့မှန်းတော့ မသိဘူး။ 'လူတွေက နေ့စွဲရက်စွဲတွေကို မှတ်မိတာ မဟုတ်ဘူးတဲ့။ လူတွေတကယ်မှတ်မိတာက အခိုက်အတန့်တွေသာဖြစ်တယ်' ဆိုတဲ့စကားတစ်ခွန်းပါပဲ။ ဒါပေမဲ့ ဒီနေ့ခေတ်လို အဖြစ်အပျက်တွေရဲ့ အရှိန်အဟုန်က မြန်ဆန်လွန်းနေတဲ့ကာလမှာတော့ကျွန်တော်တို့တစ်တွေဟာခေတ်ရဲ့တောင်းဆိုမှုတွေကို ဖြည့်စွမ်းဖို့ကြိုးစားရင်း၊ ကျွန်တော်တို့အိပ်မက်တွေရဲ့နောက်ကိုမျက်ခြည်မပြတ်လိုက်ဖို့ကြိုးစားရင်းနဲ့နေ့စဉ်ဘဝမှာကြုံတွေ့ရတတ်တဲ့ အသေးအဖွဲပျော်ရွှင်ချမ်းမြေ့စရာကလေးတွေကိုမေ့မေ့ပျောက်ပျောက်ဖြစ်သွားတတ်ပါတယ်။

တစ်နေ့ထက်တစ်နေ့ပိုကောင်းအောင်၊အကောင်းဆုံးဖြစ်အောင်ကြိုးစားရင်းနဲ့ ကျွန်တော်တို့တစ်တွေဟာဘဝ ရှင်သန်နေထိုင်မှုသက်သက်ရဲ့ တန်ဖိုးကိုမေ့လျော့သွားတတ်ကြပါတယ်။ လူ့ဘဝရဲ့ပျော်ရွှင်ချမ်းမြေ့စရာ အကောင်းဆုံးအဖြစ်အပျက်တွေထဲမှာ အပြစ်ကင်းတဲ့ အသေးအဖွဲ ပျော်ရွှင်ချမ်းမြေ့မှုကလေးတွေကို ခံစားသာယာရတဲ့ အခိုက်အတန့်လေးတွေ ပါဝင်ပါတယ်။ ချမ်းအေးတဲ့ဆောင်းညချမ်းက မီးဖိုကလေးတစ်ခု၊ ဖတ်စရာစာအုပ်ကောင်းတစ်အုပ်၊ ချစ်သူဆီကလာတဲ့ ချစ်သဝဏ်လွှာတစ်စောင်၊ညနေချမ်းနေဝင်ချိန် အလှတရား၊ စားမြိန်တဲ့ ထမင်းတစ်နပ်၊ ကလေးငယ်လေးတစ်ဦးနဲ့ပဲဖြစ်ဖြစ်၊ အချစ်ဆုံးသူငယ်ချင်းနဲ့ပဲဖြစ်ဖြစ် အတူတူဖြတ်သန်းရတဲ့ ပျော်ရွှင်ဖွယ်အချိန် အခိုက်အတန့်ကလေးစတာတွေဟာဘဝရဲ့ပျော်ရွှင်ချမ်းမြေ့မှုအစုအပေါင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ဒီပျော်ရွှင်ချမ်းမြေ့မှုကလေးတွေကို သတိတရနဲ့ခံစားနိုင်လောက်အောင် အချိန်အလုံအလောက် ရှိဖို့ပဲ လိုပါတယ်။ ဒီလိုသာယာချမ်းမြေ့မှုကလေးတွေကသာ ဘဝရဲ့တကယ့်အနှစ်သာရပဲဖြစ်တယ်လို့ ကျွန်တော်ကတော့ ထင်ပါတယ်။

ကျွန်တော့်ရဲ့ ဝါသနာက ငါးမျှားထွက်ခြင်းပါပဲ။ ကျွန်တော်အဖမ်းချင်ဆုံးအကောင်ကြီးတွေကပါးစပ်ပြဲပြဲနဲ့ ဘေ့စ်ငါးကြီးတွေပဲဖြစ်ပါတယ်။ အခါအခွင့်သင့်တိုင်းလည်းကျွန်တော်ငါးမျှားထွက်လေ့ရှိတယ်။ မှတ်မှတ်ရရလွန်ခဲ့တဲ့သုံးနှစ်လောက်တုန်းက မမျှော်လင့်ဘဲငါးမျှားထွက်ခဲ့ရတဲ့ အဖြစ်အပျက်ကို ကျွန်တော်အခုထက်ထိအမှတ်ရနေသေးတယ်။ အဲဒီတုန်းကကျွန်တော်ဟာညဥ့်အတော်နက်နေတဲ့အထိအိမ်မှာတီဗီထိုင်ကြည့်နေရာကနေ ရုတ်တရက် ကျွန်တော်တို့အိမ်အနောက်ဘက်မှာရှိတဲ့ ရေကန်ကြီးမှာ ငါးသွားမျှားကြည့်ဖို့ စိတ်ကူးရခဲ့တယ်။ ကျွန်တော့်မိန်းမက ညကြီးမင်းကြီးစိတ်ရူးပေါက်တဲ့ ကျွန်တော့်ကိုကြည့်ပြီး နားမလည်နိုင်သလိုဖြစ်နေတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အချိန်ကညသန်းခေါင်ကျော်နေပြီလေ။ ဒါပေမဲ့ကျွန်တော်ကမိန်းမကိုကျွန်တော်အရူးထပါရစေလို့ ပွင့်ပွင့်လင်းလင်းပဲခွင့်တောင်းလိုက်တယ်။ ကျွန်တော်အပြင်ကိုထွက်လိုက်တဲ့အခါ နွေးထွေးလှတဲ့နွေရာသီလေညင်းကလေးက ကျွန်တော့်ကို ဆီးကြိုတယ်။ ကျွန်တော့်ရဲ့ခေါင်းပေါ်မှာ ကြယ်တွေစုံတဲ့ကောင်းကင်ကြီးရှိနေပြီး လရောင်ကပတ်ဝန်းကျင်တစ်ခုလုံးကိုချမ်းမြေ့တဲ့အလင်းပျပျနဲ့ ဖြန့်ကြက်ပေးထားခဲ့တယ်။ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ အာရုံငါးပါးစလုံးနဲ့ ပတ်ဝန်းကျင်ကို ခံစားကြည့်မိတယ်။ ဘေးပတ်ဝန်းကျင်က အပင်တွေမှာနွယ်တက်နေတဲ့ ပျားရည်နွယ်ပင်ကလေးတွေရဲ့ အနံ့က လေထုထဲမှာ မွှေးပျံ့လို့နေတယ်။ နောက်ပြီးနွေဦးပေါက်မှာ ပေါ်ထွက်လာတတ်တဲ့ အင်းဆက်အကောင်ကလေးတွေ၊ ဖားကလေးတွေရဲ့အော်မြည်သံပေါင်းစုံကလည်းလှပတဲ့ညချမ်းကို ချစ်စဖွယ်ဂီတနဲ့ ပိုမိုအသက်ဝင် ပီပြင်လာစေခဲ့တယ်။ ကန်ရေပြင်ပေါ်မှာလမင်းကြီးရဲ့အရိပ်က လူးလွန့်ယိမ်းထိုးပြီး ကခုန်နေသလိုထင်မြင်ရတယ်။ ချိုင့်ပြီးပြောရရင်တော့ သူ့ချည်းသက်သက်ပြီး ပြည့်စုံတဲ့ညခင်းတစ်ခုပါပဲ။

ကွင်းကလေးကိုဖြတ်ပြီးလမ်းအတော်လျှောက်ပြီးတဲ့နောက်မှာ ကျွန်တော်ရည်မှန်းထားရာ ရေကန်ငယ်ကလေးကိုရောက်လာခဲ့တယ်။ ရောက်တာနဲ့လက်နှိပ်ဓာတ်မီးကိုထုတ်၊ သုံးရမယ့် ငါးစာကိုရွေးပြီး လုပ်ငန်းစဖို့ပြင်ဆင်ရတော့တယ်။ ကျွန်တော်ပထမဦးဆုံးရတဲ့ဆုလာဘ်က ငါးပေါင်တိတိရှိတဲ့အကောင်ကြီးပဲ။ ကျွန်တော့်ဘဝတစ်လျှောက် ဖမ်းမိတဲ့အကြီးဆုံးငါးကြီးတစ်ကောင်တောင် ဖြစ်နိုင်တယ်။ ဒါပေမဲ့ကျွန်တော်သူ့ကိုချိတ်ကနေဖြုတ်ပြီးရေထဲကိုအသာအယာပဲပြန်လွှတ်ပေးခဲ့တယ်။ ဒီလိုနဲ့ ဟန်ကျလှတဲ့ညကိုဆက်ပြီးကုန်လွန်စေခဲ့တယ်။ နောက်နှစ်နာရီအတွင်းမှာ နောက်ထပ်ဆယ့်ငါးကောင် လောက်ထပ်ဖမ်းမိခဲ့သေးတယ်။ အားလုံးကနှစ်ပေါင်နဲ့ ငါးပေါင်ကြား အလေးချိန်ရှိတဲ့အကောင်ကြီးတွေ ချည်းပဲ။ မနက် လင်းအားကြီး ကျွန်တော်အိမ်ပြန်ရောက်တဲ့အခါမှာ ကျွန်တော့်လက်ထဲမှာ ငါးတစ်ကောင်မှ ပါမလာခဲ့ဘူး။ ဒါပေမဲ့ ကျွန်တော့်ရဲ့ အပျော်တမ်းငါးဖမ်းသက်နှစ်ငါးဆယ်အတွင်းမှာ အမှတ်ရစရာအကောင်းဆုံးညတစ်ညဖြစ်ခဲ့ပါတယ်။

တကယ်တော့ အဲဒီညဟာငါးမျှားတဲ့ကိစ္စအတွက်သက်သက်မဟုတ်ဘဲ လူ့ဘဝတစ်ခုလုံးနဲ့ဆိုင်တဲ့အမှတ်ရစရာ ကိစ္စတစ်ခုလည်းဖြစ်နေပြန်တယ်။ အမြဲတမ်း လည်ပတ်သွားလာနေတဲ့လူ့ဘဝရဲ့အချင်းအရာတွေကို အရှိန်နည်းနည်းလျှော့ချလိုက်တဲ့အခါနဂိုကတည်းကသူ့ဘာသာတည်ရှိနေတဲ့သဘာဝလောကကြီးရဲ့ အလှအပတရားတွေကို ကျွန်တော်တို့တွေ့မြင်ခံစားခွင့်ရလာခဲ့တယ်။ လူ့ဘဝရဲ့အမှတ်ရစရာ အခိုက်အတန့်ကလေးတွေကိုလည်းထိတွေ့ပိုင်ဆိုင်ခွင့်ကြုံလာခဲ့ရတယ်။ ကျွန်တော်အိမ်ပြန်လာတဲ့လမ်းတစ်လျှောက်မှာ ယိမ်းနွဲ့နေတဲ့ မြက်ပင်ရှည်တွေကိုဖြတ်ပြီးပြန်လာခဲ့တယ်။ လရောင်က ငွေရောင်မှာ လိမ္မော်အနည်းငယ်စွက်တဲ့အလင်းနဲ့ဩကာသလောကကြီးကိုဆက်လက်ထွန်းလင်းပေးနေခဲ့တယ်။ ကျွန်တော်အိမ်ထဲကိုပြန်မဝင်ခင်ကောင်းကင်ကြီးကိုတစ်ချက်ပြန်ကြည့်ပြီး တကယ်လို့ဖန်ဆင်းရှင်ကသာဒီလောကကြီးကိုဖန်ဆင်းခဲ့တာဆိုရင် သူ့ကို ကျေးဇူးတင်တဲ့အကြောင်း စိတ်ထဲကနေပြောခဲ့တယ်။

တကယ်တော့ ဒီအခိုက်အတန့်ကလေးဟာ တစ်ခဏတာ အခိုက်အတန့်ကလေးပဲဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအချိန်ကလေးက နောင်နှစ်ပေါင်းများစွာ ကြာအောင်ရင်ထဲမှာ သိမ်းဆည်းထားနိုင်မယ့် ကျွန်တော့်ရဲ့ ပျော်ရွှင်ချမ်းမြေ့မှုကလေးပဲဖြစ်ခဲ့တယ်။ ကဗျာဆရာကြီးဝေါ့ဒ်ဝတ်မင်းပြောခဲ့ဖူးတာတစ်ခုကိုကျွန်တော်သွားပြီးအမှတ် ရခဲ့တယ်။ အဲဒါကတော့'လူ့ဘဝရဲ့နေ့ရက်တိုင်း၊ နာရီတိုင်းဟာအံ့ဩချီးမွမ်းဖွယ် အခိုက်အတန့်ကလေးတွေချည်းပဲဖြစ်တယ်'ဆိုတဲ့စကားတစ်ခွန်းပါပဲ။ ။

*Ref: 'The Dash... Making a Difference with Your Life'*

# ဖေးကူမည့်လက်များ လိုအပ်ချိန်

သူရအောင်ထက်

ရာသီဥတုဖောက်ပြန်မှု ဆက်တိုက်ကြုံတွေ့နေရသော စပါးစိုက်တောင်သူ၁၀၀လျှင်၉၀ဦးမှာ ချေးငွေနှင့်အကူအညီများ လိုအပ်နေပြီဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီးမှ တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် ရာသီဥတု ဖောက်ပြန်မှု ဒဏ်ခံခဲ့ရသဖြင့် လယ်သမားအယောက်၁၀၀တွင်၉၀မှာငွေလိုနေပြီး အထူးပြုကုမ္ပဏီကသာမချေးပေးပါက ၁၀ကျပ်တိုး သံသရာထဲပြန်ရောက်သွား၍ အကြွေးသံသရာထဲကလွတ်မြောက်မှာ မဟုတ်တော့ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၊ လှည်းဆိပ်ကျေးရွာမှလယ် ၁၀ ဧက လုပ်ကိုင်သူတောင်သူကိုအေးသောင်းက ဆိုသည်။ ပိုဆိုးသည်မှာဒေသခံလုပ်ငန်းရှင်များမှာ သီးနှံဈေးနှုန်းများကျဆင်းနေသဖြင့် အရှုံးပေါ်နေကြကာ တောင်သူများအား ၁၀ကျပ်တိုးနှင့်ချေးမည့်သူပင် မရှိသလောက်ဖြစ်နေသည်။

"ကုမ္ပဏီကသာ ငွေမချေးရင်တောင်သူတွေလယ်ယာမြေကို စွန့်လွှတ်သွားရနိုင်တယ်"ဟု သူ့ငွေးကုန်းကျေးရွာမှလယ် ၁၂ဧကလုပ်ကိုင်သူတောင်သူဦးထိန်ဝင်းကလည်း သူ၏အမြင်ကို ပြောသည်။

ဦးထိန်ဝင်းပိုင်သော လယ်ကွင်းမှာ အနိမ့်ပိုင်းအရပ်တွင် ရှိနေသဖြင့် ရာသီဥတုဖောက်ပြန်မှုဒဏ်ကြောင့် မပိုလျှံသော်လည်း သူ့လယ်၏အထက်ပိုင်းရှိရေတော် မိုးတော်လယ်ကွင်းပိုင် တောင်သူများမှာ ၂နှစ်၊ ၃ နှစ်အတွင်း အိမ်များဆောက်နိုင်ပြီး ထွန်စက်များပါဝယ်ယူနိုင်ကာ အဆင်ပြေသွားကြပြီဟု ဦးထိန်ဝင်းက မုဒိတာစကားပြောသည်။ ယခုနှစ်မိုးစပါးစိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းချိန်အထိ ရာသီဥတုဖောက်ပြန်မှုခံခဲ့ရခြင်း၊ ပဲပေါ်ချိန်တွင် မိုးရွာသွန်းခဲ့ခြင်းနှင့် သီးနှံဈေးနှုန်းများ ကျဆင်းနေခြင်းတို့ကြောင့် ယခုနှစ်တွင် တောင်သူများ အခြေအနေဆိုးနေခြင်းဖြစ်သည်။

ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းရှိ တောင်သူများမှာ လယ်ယာမြေကို စွန့်ခွာ၍ ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းလုပ်ကိုင်သူများ ယခုနှစ်တွင် သိသိသာသာများပြားလာခဲ့သည်။

စပါးစိုက်တောင်သူလယ်သမားများအတွက် အစိုးရက စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧကလျှင် တစ်နှစ်ကျပ်နှစ်သောင်းနှုန်း ချေးငွေပေးနေသည်။ ထို့အပြင် လယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၀၉ခုနှစ်မှစ၍ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများအား ဆန်စပါးအထူးပြုကုမ္ပဏီ ၃၉ခု ဖွဲ့စည်းပေး၍ တောင်သူများအား ကူညီပံ့ပိုးရန် သက်ဆိုင်ရာက ညွှန်ကြားခဲ့သည်။ ဆက်လက်၍လည်း ဆန်နှင့်ပဲအထူးပြုကုမ္ပဏီ၉ခု ထပ်တိုးလာသည်။

ဆန်အထူးပြုကုမ္ပဏီများထဲမှ ဥပမာ ကဋ္ဌနကျွန်းသာ အထူးပြုကုမ္ပဏီသည် ဓနုဖြူမြို့နယ်မှ တောင်သူများအား ၂၀၀၉ ခုနှစ် မိုးစပါးစိုက်ဧကသုံးသောင်းအတွက် ကျပ်ငွေသိန်းပေါင်းခြောက်ထောင်ကျော်၊ ၂၀၁၀-၁၁ခုနှစ်မိုးစပါးစိုက်ဧကလေးသောင်းကျော်အတွက်ငွေကျပ်သိန်းပေါင်း နှစ်သောင်းကျော်နှင့်ယခုနှစ် မိုးစပါးစိုက်ဧကခြောက်သောင်းအတွက် ကျပ်သိန်းပေါင်း သုံးသောင်းကျော်အား ပံ့ပိုးပေးခဲ့သည်။

ထို့အပြင်ဧရာဝတီတိုင်းအတွင်းရှိဇလွန်မြို့တွင်ဇလွန်ရောကုမ္ပဏီက တောင်သူများအတွက် ချေးငွေနှင့်သွင်းအားစု ကျပ်သိန်း ၇၃၀၀ကို ထုတ်ချေးခဲ့သည်။ ရေကြည်မြို့တွင် မက်စ်မြန်မာကုမ္ပဏီကလည်းကောင်း၊ ကျောင်းကုန်းမြို့တွင် အေးရှားဝေါလ်ကုမ္ပဏီ စသော ကုမ္ပဏီတို့ကလည်း တောင်သူများကို မိုးစပါးအတွက် ငွေချေးရန် စတင်လုပ်ကိုင်နေပြီဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် ရွှေကဝမြေအထူးပြုကုမ္ပဏီက တောင်သူ၁၀၀၀အားသွင်းအားစု ကျပ်သိန်း၉၀၀ပေးအပ်ခဲ့ပြီး၊ ပြည်မြို့၌ ခေတ္တရာဟသ်ာကုမ္ပဏီကလည်း ဇူလိုင်လကုန်တွင် ချေးငွေပေးအပ်ရန် စီစဉ်နေသည်။ သို့သော် အချို့သော ကုမ္ပဏီများမှာ ချေးငွေပေးရန် မည်သည့်အသံမှ မကြားရသေးပေ။

ရာသီဥတုဖောက်ပြန်မှု ဆက်တိုက်ကြုံတွေ့နေရသော်လည်း စိုက်ပျိုးထားသော သီးနှံများ ဈေးကောင်းမွန်မှုနှင့် အလှမ်းဝေးနေသော ယနေ့မြန်မာတောင်သူလယ်သမားအများစုမှာ လုပ်ငန်းရှင်ကြီးများနှင့် အစိုးရထံမှ အကူအညီများ ပိုမိုလိုအပ်နေသည်။



ဓာတ်ပုံ-စိုင်းသာအောင်


**ဇလွန်ရောအထူးပြုကုမ္ပဏီက ယခုနှစ်မိုးစပါးအတွက် ဇူလိုင်စရက်တွင် တောင်သူများကို ချေးငွေများထုတ်ပေးစဉ်**

ထို့ကြောင့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌဦးချစ်ခိုင်က "ဘယ်လိုအကြောင်းကြောင့်နဲ့ပဲဖြစ်ဖြစ် ဒီနေ့ လယ်သမားကို ပံ့ပိုးဖို့ ဝင်လာတဲ့လူတွေ အားလုံးကို ကြိုဆိုတယ်" ဟု ပြောသည်။ ယခုနှစ် စပါးစိုက်ပျိုးချိန်တွင် မိုးရွာသွန်းမှုများခဲ့သဖြင့် စပါးခင်းအချို့ ရေလွှမ်းကာပျက်စီးမှုများရှိနေသည်။ ထို့ကြောင့် ယခုကာလကဲ့သို့ ရာသီဥတုဖောက်ပြန်ပြီး ဆန်စပါးဈေးမကောင်းသောအချိန်တွင် အရင်းအနှီးမရှိသော တောင်သူများကို ပိုမိုပံ့ပိုးရန် လိုအပ်လာသည်။

"တောင်သူတွေ ဝယ်မသုံးနိုင်ရင် အရောင်းအဝယ်တွေ အကုန်အေးကုန်တာပဲ။ တောင်သူတွေ စီးပွားရေးမကောင်းတာ အားလုံးနဲ့သက်ဆိုင်တယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းမှ ဗဟိုအလုပ်အမှုဆောင်တစ်ဦးကပြောသည်။

*စာ(၃၂) သို့*

7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011



# ယနေ့ခေတ်ရဲ့ တက္ကသိုလ်

ရွှေဖြိုးမောက်

တက္ကသိုလ်တွေရဲ့တည်နေရာ ပုံသဏ္ဍာန်နဲ့ တက္ကသိုလ်တွေရဲ့ အဝန်းအဝိုင်း၊ ပတ်ဝန်းကျင်၊ တက္ကသိုလ်ဆရာ၊ ဆရာမများနဲ့ကျောင်းသား၊ ကျောင်းသူတွေရဲ့ နေထိုင်ပြောဆိုဆက်ဆံမှုတွေ၊ ရည်မှန်းချက်၊ ခံယူချက်နဲ့ အားထုတ်ကြိုးစားမှုတွေဟာလည်း ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာ သိသိသာသာ ပြောင်းလဲလာတာကို တွေ့ရပါတယ်။ ပြောင်းလဲမှုဟာ ကောင်းသောပြောင်းလဲခြင်းလား၊ ဆိုးသော ပြောင်းလဲခြင်းလား၊ အရင်တုန်းကနှင့်စာလျှင် တိုးတက်လာတာလား၊ ယုတ်လျော့သွားတာလားဆိုတာကို တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေရဲ့ အကြောင်းနည်းနည်းလောက် ထဲထဲဝင်ဝင် လေ့လာကြည့်မယ်ဆိုရင်တောင် ကောင်းကောင်း သိနိုင်ပါတယ်။

ဒေသ အသီးသီးမှာရှိတဲ့ တက္ကသိုလ်များကို လာရောက်ပညာသင်ယူနေကြရတဲ့ လူငယ်အများစုဟာ မိဝေးဖဝေးတစ်နယ်တစ်ကျေးကနေ တက္ကသိုလ်တည်ရှိရာ မြို့ကြီးများဆီကို ပုဂ္ဂလိကဘော်ဒါဆောင်များမှာနေပြီး ကျောင်းတက်ကြရပါတယ်။ အသက်အားဖြင့် ဆယ့်ခြောက်နှစ်မှ နှစ်ဆယ်အတွင်း ဖြစ်ကြပါတယ်။ ရိုးသားဖြူစင်ပွင့်လင်းတဲ့ အရွယ်လို့ပြောလို့ရသလိုမိုက်ရူးရဲတစ်ဇွတ်ထိုးအရွယ်လို့ဆိုရင်လည်း ရမှာပါ။ သေချာတာတစ်ခုက မိဘအုပ်ထိန်းမှုအောက်မှကင်းကွာတဲ့ အချိန်မှာ အများစုကလွတ်ထွက်သွားကြပါတယ်။ လွတ်လွတ်လပ်လပ် ပျော်ကြပါးကြတယ်။ အချိန်မဟုတ် အခါမဟုတ် သွားကြလာကြတယ်။ မိဘတွေဆီက ပိုက်ဆံကို လိမ်ညာတောင်းကြပြီး သုံးကြဖြုန်းကြတယ်။ အပေါင်းအသင်းနဲ့ နီးစပ်ရာတွေရဲ့ သွေးဆောင်မှုနောက်ကောက်ကောက်ပါအောင် လိုက်ကြပြီး အပျော်ကျူး အမူးလွန်ကြတယ်။ လမ်းမှားလိုက်ကြတယ်။ ယာဉ်မတော်တဆတွေကြုံတွေ့ကြရတယ်။ ကိုယ်ကျိုးနည်း အရှက်ရမှုတွေ၊ ရောဂါဖြစ်ပွားမှုတွေရင်ဆိုင်ခံစားကြရတယ်။ ဒီလိုနဲ့ မူလရည်ရွယ်ဦးတည်ခဲ့တဲ့ ပညာရေးရည်မှန်းချက်တွေ၊ မျှော်လင့်စိတ်ကူးတွေဟာ ဝေဝေဝါးဝါးနဲ့တဖြည်းဖြည်းပျောက်ကွယ်သွားကြပါတယ်။ အခုခေတ်လူငယ်တွေ လက်တည့်စမ်းချင်စရာစိန်ခေါ်မှုတွေက ဒုနဲ့ဒေးပါပဲ။ ကွမ်းယာဆိုင်ကစလို့ ဂိမ်း၊ ဘီလီယက်၊ အရက်မျိုးစုံရနိုင်တဲ့စားသောက်ဆိုင်၊ ဖြူတီဆလွန်း၊ ကေတီဗီ၊ ရှော့ပင်းစင်တာနဲ့တည်းခိုခန်းကြီးတွေဟာ တက္ကသိုလ်လာတက်တဲ့ ကျောင်းသားကျောင်းသူတွေကို အမိက ပစ်မှတ်ထားကြပါတယ်။ ဒီကြားထဲ သူ့အဆက်အသွယ်နဲ့သူ ရှာဖွေပြီး တရားမဝင်တဲ့စိတ်ကြွဆေးတို့၊ မူးယစ်ဆေးတို့ကို သုံးစွဲကြသူတွေကလည်း ရှိတတ်ပါတယ်။

တက္ကသိုလ်လာတက်ကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ လက်တစ်ကမ်းမှာ ထောင်ချောက်တွေ၊ ကျော့ကွင်းတွေက အများကြီးပဲလို့ ဆိုချင်ပါတယ်။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူလူငယ်တွေထဲမှာ မိမိကိုယ်မိမိ မသိလိုက်ဘဲ ကျော့ကွင်းမိ၊ ထောင်ချောက်အဖမ်းခံလိုက်ရသူများရှိသလို သိသိကြီးနဲ့ ဇွတ်တိုးဝင်ကြသူများလည်း ရှိပါတယ်။

အချို့က ကမ္ဘာကျော်ဘောလုံးသမားနဲ့ ဘောလုံးအသင်း နာမည်တွေကို ဘယ်အချိန်ထမေးမေး အလွတ်ပြောနိုင်ပေမယ့် ကိုယ်သင်ယူရတဲ့ ဘာသာရပ်နာမည်၊ ကိုယ်ရမယ့် ဘွဲ့အမည်စာလုံးပေါင်းကျတော့ မှန်အောင် မပြောတတ်ကြဘူး။ မရေးတတ်ကြဘူး။ အမ်ပီသရီး၊ အမ်ပီဖိုးနဲ့ကွန်ပျူတာအင်တာနက်ဂိမ်းတွေကို ကျွမ်းကျွမ်းကျင်ကျင် နှိပ်နိုင်၊ ဆော့နိုင်ပေမယ့် သင်ခန်းစာအတွက် အချက်အတွက် ဂဏန်းပေါင်းစက်လုပ်တွေကျတော့ မှန်အောင်မနှိပ်တတ်ကြဘူး။ ကျောင်းတက်လာရင်းမိဘအုပ်ထိန်းသူတွေကို အသိပေး၍တစ်မျိုး၊ အသိမပေး၍တစ်ဖုံ၊ ပင်လယ်ကမ်းခြေနဲ့ ဘုရားမျိုးစုံ၊ ဒေသအနှံ့ အပျော်ခရီးထွက်တတ်ကြပေမယ့်ပထဝီဝင်သဘောတရားအရ ဘယ်အရပ်၊ ဘယ်ဒေသ၊ ဘယ်မြို့၊ ဘယ်ပြည်နယ်၊ဘယ်တိုင်းဒေသကြီးမှာတည်ရှိတယ်ဆိုတာကို မေးကြည့်ပြန်တော့ ဘာမှ ရေရေရာရာ မပြောနိုင်။

အချို့ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေကျတော့လည်း ကိုရီးယားရုပ်ရှင်၊ကိုရီးယားဖက်ရှင်၊ အစားအစားတွေနဲ့ ရင်းနှီးတုပ စတိုင်ဖမ်းတတ်ကြပေမယ့် ကိုယ့်ရဲ့ဆရာ၊ ဆရာမတွေနဲ့ ယဉ်ယဉ်ကျေးကျေး ပြေပြေပြစ်ပြစ် ပြောဆိုဆက်ဆံမှု မလုပ်တတ်ကြဘူး။ အများသူငါ အမြင်မရိုင်းအောင် မဝတ်စားတတ်ကြတော့ဘူး။ ကျောင်းသူတချို့ဆိုရင် ပေါင်အပြည့်ပေါ်တဲ့ ဘောင်းဘီတိုနဲ့ဘော်လီကြိုးပေါ်တဲ့ စွပ်ကျယ်တွေဝတ်ပြီး ဆိုင်ကယ်မောင်း တက္ကသိုလ်ကျောင်းသားတွေရဲ့ နောက်ကခွကာခါးကို အားရပါးရဖက်ပြီးလိုက်တတ်ကြတယ်။ နေပူပြီး အိုက်လို့ဆိုပြီး တစ်မျိုး၊ မိုးရွာလို့ပျော်တယ်ဆိုပြီး တစ်ဖုံအကြောင်းပြကာ မြို့တစ်ပတ် လမ်းသလားတတ်ကြတယ်။ မိဘတွေ မမြင်ကွယ်ရာမှာလုပ်ချင်တိုင်းလုပ်ဟုတ်နေကြတယ်။

အချို့ကျောင်းသား၊ကျောင်းသူတွေက ပတ်ဝန်းကျင်နဲ့ တစ်ကိုယ်ရေ သန့်ရှင်းမှုကို လုံးဝနားမလည်စိတ်မဝင်စားပေမယ့် လိင်စိတ်ကိုနှိုးဆွပေးတဲ့ပီကေနဲ့ကော်ဖီမစ်တွေ၊ လမ်းဘေး ကွမ်းယာဆိုင်နဲ့ ဆေးဆိုင်တွေမှာ အလွယ်တကူဝယ်ယူအသုံးပြုနိုင်တဲ့သန္ဓေတားဆေးတွေကျပြန်တော့ နားလည်ထိတွေ့ ကျွမ်းဝင်နေကြပြန်ရော။ ကိုယ့်ကိုယ်ကိုလှပအောင်အရောင်ဆိုးပေါင်းတင်ဆင်ယင်တတ်ကြပေမယ့် နေရာမရွေး၊ အမှိုက်စွန့်ပစ်ဖို့ ဝန်မလေးတဲ့ ကျောင်းသား၊ ကျောင်းသူတွေ၊ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးစေမယ့် အရာတွေ၊ အနာဂတ်ကမ္ဘာကြီးကို ပူးပေါင်းပါဝင် ဝိုင်းဝန်းထိန်းသိမ်းဖို့တာဝန်ရှိတယ်ဆိုတာတွေ လုံးဝမသိ စိတ်မဝင်စားတဲ့ လူငယ်တွေဟာ တက္ကသိုလ်အဆင့်နဲ့ လိုက်လျောညီထွေမှုမရှိဘူးလို့ပဲ ဆိုချင်ပါတယ်။

မိဘတွေရဲ့ မြတ်နိုးယုယကြင်နာတဲ့ ရင်နှစ်သည်းချာ မျှော်လင့်ချက်ရောင်ခြည်လူငယ်လေးတွေဟာ အနာဂတ်လောကကြီးရဲ့ ကောင်းကျိုးအဖြာဖြာကို သယ်ပိုးထမ်းရွက်နိုင်တဲ့ သားကောင်းရတနာလေးတွေ အဖြစ်ကိုပဲ ရောက်စေလိုပါတယ်။ ခေတ်ရေစီးကြောင်းရဲ့ သားကောင်၊ မူးယစ်ဆေးရဲ့ သားကောင်၊ လိင်ရဲ့သားကောင်၊ စီးပွားရေးလုပ်ငန်းအမျိုးမျိုး၏ မက်လုံးပေးဆွဲဆောင်ရာပါသွားတဲ့ သားကောင်တွေ မဖြစ်စေချင်ပါဘူး။ 'သားကောင်တွေနားခိုတဲ့ တက္ကသိုလ်'အဖြစ် လက်မခံဘဲ'သားကောင်းတွေပေါ်ထွန်းမယ့် တက္ကသိုလ်' အဖြစ်ရောက်ရှိအောင်ကိုယ်စီအစပြုကာ ပြုပြင်ကြိုးစားတည်ဆောက်ရန် လိုအပ်ပါကြောင်း စေတနာစကား ဆိုလိုက်ရပါတယ်။ ။

## JOKE

### အော်ဂဲနစ်

မိန်းမက မအားလပ်၍ ယောက်ျားအားဈေးသွားဝယ်ရန် ပြောပြီး အော်ဂဲနစ်ဟင်းသီးဟင်းရွက်များဝယ်ခဲ့ရန် မှာလိုက်သည်။ သို့ဖြင့် ယောက်ျားလည်းဈေးထဲသို့လှည့်ပတ်၍ ဓာတုဆေးမဖျန်းထားသောဟင်းသီးဟင်းရွက်များကိုလိုက်ရှာရာတွင်အဆင်မပြေဖြစ်နေသည်။

နောက်ဆုံးတွင် တောမှတက်၍ လာရောင်းပုံရသော အမျိုးသားကြီးတစ်ဦးနားကပ်၍ အခုလိုမေးလိုက်သည်။ "ဒီဟင်းသီးဟင်းရွက်တွေကို ဓာတုဗေဒဆေးတွေဖျန်းထားသေးလား"ဟူ၍။ ဤတွင်အမျိုးသားကြီးက "အဲဒီဆေးတွေက ကိုယ့်ဟာကိုယ်ဖျန်းရတာလေ" ဟု ပြန်ပြောပါသည်။

### ဒီလိုဆိုရင်ကော

လူနှစ်ယောက်ဘားခန်းတစ်ခုထဲ သို့ဝင်၍ ဘီယာနှစ်လုံးမှာကာ ဘီယာသောက်ရင်း ၎င်းတို့တွင်ပါလာသော အသားညှပ်ပေါင်မုန့်ကို ထုတ်၍စားနေသည်။ ဤတွင် ဝိတ်တာတစ်ယောက် အနားရောက်လာပြီး "ခင်ဗျားရဲ့အသားညှပ်ပေါင်မုန့်ဒီမှာ စားလို့မရဘူး"ဟု ပြောပါလေ၏။

ဤတွင်အပြင်မှလာသူနှစ်ယောက်က ၎င်းတို့၏ အသားညှပ်ပေါင်မုန့်များကိုတစ်ယောက်နှင့်တစ်ယောက်လဲ၍ စားကြပါတော့သည်။

## စာ(၃၁)ဖေးကူမည့်လက်များ လိုအပ်ချိန် မှ



ကဠနကျွန်းသာအထူးပြုကုမ္ပဏီက နေပြည်တော်နယ်ရှိတောင်သူများထံ ၂၀၁၁ခုနှစ် မိုးစပါးအတွက် စိုက်ပျိုးစရိတ်ချေးငွေများပေးအပ်စဉ်

မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းရှိသော လူဦးရေမှာ ကျေးလက်နေတောင်သူများဖြစ်သည်။ စီမံခန့်ခွဲရေးပညာရှင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ပိရမစ်အောက်ခြေလူတန်းစားများ စားသုံးသူများဖြစ်လာမှ တိုင်းပြည်တိုးတက်သည်ဟုဆိုနိုင်သည်ဟုပြောဖူးသည်။ထိုကဲ့သို့အစီအစဉ်များကိုလူဦးရေများသော အိမ်နီးချင်း အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် လက်တွေ့အကောင်အထည်ဖော်ခဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့ကြသည်ဟုဆိုသည်။

ထိုင်းနိုင်ငံတွင် သက်ဆင်ဝန်ကြီးချုပ်ဖြစ်ခဲ့စဉ်က နိုင်ငံဘဏ္ဍာငွေများသုံး၍ ဆင်းရဲသားတောင်သူများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခဲ့သဖြင့် ယခုထက်တိုင် ၎င်းအားချစ်မြတ်နိုးလျက်ရှိပြီး သူ့ကိုယ်ပွားဝင်ရောက်ယှဉ်ပြိုင်သော ညီမဖြစ်သူပင် ယခုရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည် သာဓကများလည်း ရှိပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းဥက္ကဌ ဦးချစ်ခိုင်က "ကျွန်တော်တို့ရဲ့ လုပ်ငန်းရှင်ကြီးတွေ ကျွန်တော်တို့ ကုမ္ပဏီကြီး တွေဟာ ဒီလိုကဏ္ဍမှာ ပိုမိုရင်းနှီးမြှုပ်နှံပြီးတော့ ကျွန်တော်တို့တိုင်းပြည်အတွက် တတ်နိုင်တဲ့ အုတ်တစ်ချပ် သဲတစ်ပွင့်ပါဝင်ပြီးတိုးတက်အောင်ဆောင်ရွက်ဖို့ ကျွန်တော်လည်း ဒီနေရာမှ တိုက်တွန်းလိုပါတယ်"ဟုပိုစတာသုံးခုဖြင့်ပုံဖော်ထားသောစင်မြင့်ထက်မှပြောကြားခဲ့သည်။ ။

Business 7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# တရုတ်နိုင်ငံမှ မွေးမြူရေးကုမ္ပဏီတစ်ခု မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံရန် စီစဉ်

**သန်းငွေး**

**ရန်ကုန်၊ ဇူလိုင်-၂၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကြက်နှင့်ကြက်သားထွက်ပစ္စည်း မွေးမြူထုတ်လုပ်သော ကုမ္ပဏီကြီးတစ်ခုသည် မြန်မာနိုင်ငံတွင် တရားဝင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကာ ကြက်ဥများအား တရုတ်နိုင်ငံသို့ပြန်လည်တင်သွင်းရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (၁)ဦးဝင်းစိန်က မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ဇူလိုင် ၅ ရက်က ပြောသည်။



တရုတ်ကုမ္ပဏီများက မွေးမြူရေးကဏ္ဍတွင်ပါ ဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြတော့မည်ဖြစ်သည် ဓာတ်ပုံ - လမင်းနိုင်

"မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်(အမ်အိုင်စီ)မှာ ခွင့်ပြုချက်လုပ်ပြီးရင် ရောက်လာမှာပါ။ ဒါဆို အသားကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှာပေါ့" ဟု ၎င်းကပြောသည်။

အမဲသား၊ ဆိတ်သားနှင့် နွားအရှင်များအား ပြည်ပသို့ တင်ပို့ခဲ့ရာတွင် ပြည်ပပို့ကုန်ရငွေတန်ဖိုးကျဆင်းခဲ့သောကြောင့် ယခုကဲ့သို့ ကြက်ဥအား တရုတ်နိုင်ငံသို့ ပြန်လည်တင်ပို့ခွင့်ကို သက်ဆိုင်ရာထံ တင်ပြခဲ့ကြောင်း ဦးဝင်းစိန်ကပြောသည်။

"အသားစားကြက်ကိုပြည်ပမတင်ပို့နိုင်သေးတော့ သူတို့အရင် အေးခဲအမဲသားနဲ့ထပ်တိုးမြှင့်ကုန်တွေအပြင် ကြက်ဥကိုပါတင်ပို့နိုင်အောင်တင်ပြခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့် တရုတ်နိုင်ငံမှ ကုမ္ပဏီမှာ နယူးဟုတ်ကုမ္ပဏီဖြစ်ပြီး ထိုင်းနိုင်ငံမှ စီပီလိုက်ဖ်စတော့ပ်ကုမ္ပဏီကဲ့သို့ ကြက်မွေးမြူထုတ်လုပ်မှုနှင့်ပတ်သက်သည့် လုပ်ငန်းပေါင်းစုံလုပ်ကိုင်ဖွယ်ရှိကြောင်း သတင်းရရှိသည်။

"ကြက်ပေါက်ထုတ်တာရောင်းတာ၊ အသားစားကြက်၊ ဥစားကြက်နဲ့ကြက်အစာတွေပါ ထုတ်လုပ်တဲ့ ကုမ္ပဏီကြီးပါ"ဟု မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကလည်း ပြောသည်။

အဆိုပါ နယူးဟုတ်ကုမ္ပဏီသည် လက်ရှိတရုတ်နိုင်ငံတွင် စက်ရုံပေါင်း ၄၀၀ ကျော်ရှိပြီး ၎င်းတို့ နိုင်ငံသားများ၏ ကြက်နှင့် ကြက်ဥလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရေးအတွက် လာရောက်ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ယခုရက်ပိုင်းတွင် ရန်ကုန်မြို့သို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နေ့စဉ်ကြက်ဥအလုံးရေ ၄၅၀,၀၀၀ ခန့်ဖြင့် အပတ်စဉ် ၃,၁၅၀,၀၀၀ ဝန်းကျင်ဝင်ရောက်နေပြီး လက်လီဈေးနှုန်းမှာ တစ်လုံးလျှင် ၁၁၅ ကျပ်ခန့်ရှိသည်။

ထို့အတူ ဘဲဥမှာ တစ်ရက်လျှင် ၆၇၅,၀၀၀ ခန့်ဝင်ရောက်နေပြီး တစ်ပတ်လျှင် ၄,၇၃၀,၀၀၀ ခန့်ဝင်ရောက်နေရာ လက်လီဈေးနှုန်းမှာ ဘဲဥအလုံးကြီး တစ်လုံးလျှင် ၁၅၀ ကျပ်အထိ ရောင်းနေရကြောင်း လက်လီဈေးသည်တစ်ဦးကပြောသည်။

၂၀၁၁နှစ်ဆန်းပိုင်းကလည်း ဘဲဥများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဈေးကွက်သို့ တင်ပို့နိုင်ရေးညှိနှိုင်းဆွေးနွေးခဲ့သည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ဓာတ်ဆီတစ်ပီပါ ကျပ်နှစ်သောင်းခွဲကျော် ဈေးတက်

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၂၁**

ပြင်ပဓာတ်ဆီဈေးကွက်တွင် ယခုရက်ပိုင်းမှစ၍ တစ်ပီပါလျှင်ကျပ် ၂၅,၀၀၀ ကျော်ဈေးတက်သွားကြောင်း ဓာတ်ဆီရောင်းချသူများက ပြောသည်။

စာ(၃၄)သို့

## ပဲဈေး အတက်အကျမြန်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင်-၂၃**

ပဲအရောင်းအဝယ်ဈေးကွက်တွင် ယခုရက်ပိုင်း၌ ဈေးနှုန်းအတက်အကျ မြန်ဆန်စွာပြောင်းလဲနေကြောင်း ကုန်စည်ဒိုင်အရောင်း အဝယ်ဈေးကွက်မှ သတင်းရရှိသည်။

"ပဲဈေးအတက်အကျမြန်တာက နိုင်ငံခြားဝယ်လက်ကပေးတဲ့ဈေးပေါ် မူတည်ပြီး ပြောင်းလဲနေတာ။ ပြည်တွင်းက ကုန်သည်တွေ ဈေးကစားတာတော့မဟုတ်ဘူး" ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းတွင် နိုင်ငံခြားဝယ်လက်လျော့နည်းသွားခြင်းကြောင့် သင်္ဘောတင်ဈေး (FOB )ဈေးမှာလည်း ကျဆင်း၍ ပြည်တွင်းဈေးများမှာလည်း ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းပဲဈေးနှုန်းများမှာ ယခုရက်ပိုင်းတွင် ပဲတစ်တန်လျှင် ကျပ် ၂၅၀၀၀ ဝန်းကျင်ထိ ဈေးနှုန်းအတက်အကျများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း ပဲဈေးနှုန်းများမှာ မတ်ပဲ RC တစ်တန်လျှင် ၅၃၀,၀၀၀ ကျပ်၊ SQRC မတ်ပဲမှာ ၆၀၀,၀၀၀ ကျပ်၊ ပဲစင်းငုံမှာ တစ်တန်လျှင် ၆၁၈,၀၀၀ ကျပ်နှင့် ပဲတီစိမ်းမှာ အချိန် ၆၀ ဝင် တစ်အိတ်လျှင် ၆၄,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ၎င်းဈေးနှုန်းများသည် ယခုလဆန်း ဈေးနှုန်းဖြင့် ယှဉ်လျှင် ကျပ် ၂၅,၀၀၀ ဝန်းကျင်ကျဆင်းနေသော ဈေးနှုန်းများဖြစ်သည်။

စာ(၃၄)သို့

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၇၉၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၁၅ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၅၀ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၆ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၂၀ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၈၀၇ | ကျပ် |

၂၀၁၁ ဇူလိုင် ၂၃ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၃၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၆၉၆၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၅၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၄၄၆၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၃၄ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၀၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၅၀. ၂၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၂. ၉၇၃၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၇၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၂၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၅၇၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၄၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၁. ၁၅၇၁ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ဒေါ်လာ | ၀. ၉၂၁၅ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ဒေါ်လာ | ၂၇. ၇၆၈ | ရူဘယ် | (ရုရှား) |
| ၁ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၆၀၁. ၅၀၀ |
| ရေနံစိမ်း | စည် | ၁၁၈. ၆၇၀ |
| ငွေ | ၁ အောင်စ | ၄၀. ၁၂၂ |
| ကြေးနီ | ပေါင် | ၄၁၁. ၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၃၉၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဇူလိုင် ၂၃ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ရွှေဈေးတက်ဈေးဖြင့် ငြိမ် အရောင်းအဝယ်အေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင်-၂၀**

ရွှေဈေးကွက်တွင် ဈေးနှုန်းအတက်ဖြင့်ငြိမ်နေပြီး အရောင်းအဝယ်မှာ အေးနေကြောင်း ရွှေလုပ်ငန်းလုပ်ကိုင်သူများကပြောသည်။

ရွှေအရောင်းအဝယ် ဈေးကွက်တွင် အပိုင်းသီးသန့်သာပြုလုပ်သော ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်း၌ အရောင်းအဝယ်အေးနေပြီး ရွှေဆိုင်များ၏ အရောင်းအဝယ်မှာလည်း ပြီးခဲ့သည့်တစ်ပတ်တွင်းနှင့်ယှဉ်လျှင်ကျဆင်းလာခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

"အသင်းရုံးရဲ့ လက်ရှိအနေအထားကတော့ ခပ်အေးအေးပဲ။ ရွှေရှိရင်ရောင်း၊ ငွေရှိရင်ဝယ် ဈေးကွက်ဖြစ်နေတယ်။ လေပတ်ကားမဖြစ်အောင်အသင်းက လူကြီးတွေကလည်း တအားကြပ်နေတယ်။ လေပတ်ကားမရှိတော့အရောင်းအဝယ်ကအေးနေတယ်"ဟု အသင်းရုံးတွင် အရောင်းအဝယ်ပြုလုပ်သော ရွှေကုန်သည်တစ်ဦး ကပြောသည်။

ထို့အတူ ရွှေဆိုင်များတွင်ပြုလုပ်သော ရွှေအရောင်းအဝယ်တွင် အပိုင်းဈေးကွက်ဝယ်ယူမှုရှိသေးသည်ဟုဆိုသော်လည်း အပိုင်းနှင့်အထည်ဈေးကွက် နှစ်မျိုးလုံး၌ အရောင်းအဝယ်အေးနေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

စာ(၃၄)သို့

## စာ(၃၃) - ပဲဈေး အတက်အကျမြန် မှ

သို့သော် ယခုဇူလိုင် ၂၃ ရက်တွင် ဈေးနှုန်းမှာ တစ်တန်လျှင် ကျပ် ၁၀,၀၀၀ ကျော်ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ပဲဈေးမြင့်တက်ရခြင်းမှာ နိုင်ငံခြားဝယ်လက်ဘက်မှ ပဲအဝယ်ပြန်လိုက်လာ၍ ဈေးနှုန်းများလည်း ပြန်ပေးလာခြင်းကြောင့်ဖြစ်သည်ဟု ပဲကုန်သည်များကပြောသည်။

ပဲဈေးနှုန်းများ အတက်အကျလျင်မြန်စွာပြောင်းလဲနေသော်လည်း ပြည်တွင်းဈေးကွက် အရောင်းအဝယ်မှာ ကောင်းနေခဲ့ကြောင်း သိရသည်။

ယခုဇူလိုင် ၂၃ ရက် ပဲဈေးနှုန်းသည် မတ်ပဲ RC မှာ တစ်တန် ၅၄၅၀၀၀ ကျပ်၊ SQRC မတ်ပဲမှာ တစ်တန်လျှင် ၆၁၀၀၀၀ ကျပ်၊ ပဲစင်းငုံနီ RC တစ်တန်လျှင် ၆၄၃၀၀၀ ကျပ်ထိ ပြန်လည်မြင့်တက်ခဲ့သည်။

## ကုန်တင်ဆောင်ခြင်းနှင့်ပတ်သက် အသိပေးစာများဖြန့်ဝေ

**မေဝင်းမွန်**

**ရန်ကုန်၊ ဇူလိုင်-၂၀**

ကုန်တင်ကားများတွင် တင်ဆောင်ရမည့် သတ်မှတ်ကုန်ချိန်များကို သိရှိစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ကုန်တင်မော်တင်ယာဉ်ကြီးကြပ်မှုကော်မတီမှ ဇူလိုင် ၁၉ ရက်မှစတင်ကာ အသိပေးစာများဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

တန်ပိုတင်ဆောင်မှုနှင့်ပတ်သက်၍ ကုန်တင်ယာဉ်များ သတ်မှတ်ကုန်တန်ချိန်များ မှားယွင်းမတင်ဆောင်မိစေရန်နှင့် အလေးချိန်မှန်ကန်စွာ တင်ဆောင်နိုင်ရန် တန်ပိုကြောင့်အရေးယူခံရနိုင်သည့်ဥပဒေများကို ကုန်တင်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီကအသိပေးဆောင်ရွက်ခြင်းဖြစ်သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းတံတားစစ်ဆေးရေးအဖွဲ့(၁၇)ရန်ကုန်တိုင်းဒေသကြီး၏ တန်ပိုတင်ဆောင်သည့်မော်တော်ယာဉ်များ ထိန်းသိမ်းကြပ်မတ်ခြင်းလုပ်ငန်းစီမံချက်အရလက်ရှိတွင် ဝန်ရိုး ၆ ခု ၂၂ ဘီးယာဉ်သည် ယာဉ်/ကုန် ၅၅ တန်၊ ဝန်ရိုး ၅ ခု ၁၈ ဘီးယာဉ်သည် ယာဉ်/ကုန် ၄၆ တန်၊ ဝန်ရိုး၄ ခု ၁၄ဘီးယာဉ်သည် ယာဉ်/ကုန် ၃၄ တန်၊ ဝန်ရိုး ၃ ခု၁၀ ဘီးယာဉ်သည်ယာဉ်/ကုန်မူလ ၂၅ တန်မှထပ်ဆောင်း ၅ တန်၊ ဝန်ရိုး ၂ခု ၆ ဘီးယာဉ်သည် ယာဉ်/ကုန်မူလ ၁၆ တန်မှ ထပ်ဆောင်း၂ တန်၊ ဝန်ရိုး ၂ ခု၆ ဘီးယာဉ်သည် ယာဉ်/ကုန်မူလ ၁၃ တန်မှ ထပ်ဆောင်း ၂ တန် တင်ဆောင်ခွင့်ပြုထားသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်းတံတားစစ်ဆေးရေးအဖွဲ့များမှ ယခုလ ၁၈ ရက်မှစတင်ကာပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိတန်ပိုစစ်ဆေးရေးဂိတ်များတွင် စစ်ဆေးလျက်ရှိကာ ပိုမိုတင်ဆောင်ပါက ယာဉ်သက်သေခံလက်မှတ် (ဗွီးတက်စ်) နှင့် ယာဉ်မောင်းလိုင်စင်တို့အား သိမ်းဆည်းကာ တန်ပိုစစ်ဆေးသည့်မြို့နယ်တရားရုံးတွင် အမှုဖွင့်စစ်ဆေးအရေးယူခံရမည်ဖြစ်ကြောင်းသိရသည်။

ကုန်တင်ဆောင်မှုတန်ချိန်များကို ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှကန်ထရိုက်ပေးထားသည့် တန်ပိုစစ်ဆေးရေးဂိတ်များတွင် ဝန်ထမ်းများတာဝန်ချကာ စိစစ်အရေးယူဆောင်ရွက်နေပြီဖြစ်သည်ဟုသိရသည်။

## စာ(၃၃) - ရွှေဈေးတက်ဈေးဖြင့် ငြိမ်၊ အရောင်းအဝယ်အေး မှ

စံချိန်တင်မြင့်တက်နေသော ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် ၁၀ ဒေါ်လာဝန်းကျင်ထိ ဈေးနှုန်းအတက်အကျဖြစ်နေသည်။ သို့သော် ပြည်တွင်းရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၂၀၀၀ သာ အတက်အကျဖြစ်နေသည်။

"ကမ္ဘာ့ရွှေဈေးက အတက်အကျ ပြောင်းလဲတာမြန်တယ်။ ပြည်တွင်းဈေးက နဂိုကလည်း အများကြီးမတက်ထားတော့ ဈေးနှုန်းသိပ်မပြောင်းဘူး။ ဈေးငြိမ်တယ် ပြောရမယ်။ ဒါကြောင့် အရောင်းအဝယ်က စောင့်ကြည့်နေကြတဲ့သဘောပဲ" ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁,၅၉၂ ဒေါ်လာနှင့် ၁,၅၈၄ ဒေါ်လာကြား အတက်အကျဖြစ်နေပြီး ပြည်တွင်းရွှေဈေးနှုန်းမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၆၀,၅၀၀ ကျပ်မှ ၆၆၃,၀၀၀ ကျပ်ကြား ဈေးနှုန်းအတက်အကျဖြစ်နေသည်။ ၁၅ ပဲရည်မှာ တစ်ကျပ်သားလျှင် ၆၂၃,၀၀၀ ကျပ်ဝန်းကျင်ဖြင့် အရောင်းအဝယ်ပြုလုပ်နေကြောင်း သိရသည်။

## စာ(၃၃) - ဓာတ်ဆီတစ်ပီပါ ကျပ်နှစ်သောင်းခွဲကျော် ဈေးတက် မှ

ဇူလိုင်လ ဒုတိယပတ်ထိ ဓာတ်ဆီတစ်ပီပါလျှင် ၁၈၀,၀၀၀ ကျပ်ဝန်းကျင်သာ ရှိခဲ့သော်လည်း ဇူလိုင်လ ၁၉ ရက်မှစ၍ တစ်ပီပါ ၂၂၅,၀၀၀ ကျပ် ဝယ်ယူရကြောင်း သတင်းရရှိသည်။

ထို့ကြောင့် ရန်ကုန်မြို့ရှိ ဓာတ်ဆီဝယ်ယူသောဆိုင်များတွင် ဓာတ်ဆီတစ်ဂါလန် ၃,၇၀၀ ကျပ်ပေး၍ ဝယ်ယူလာကြသည်။

ထိုကဲ့သို့ ဈေးတက်လာသဖြင့် လက်လီဈေးကွက်တွင် ဓာတ်ဆီတစ်ဂါလန် ၄၅၀၀ ကျပ်ဖြင့် ရောင်းချနေကြကြောင်း ဈေးကွက်အတွင်းမှ သတင်းရရှိသည်။

ယခုကဲ့သို့ ဓာတ်ဆီဈေးတက်လာခဲ့သော်လည်း ဒီဇယ်ဈေးမှာယူ ဈေးအပြောင်းအလဲမရှိဘဲ တစ်ပီပါလျှင် ၁၆၀,၀၀၀ ကျပ်ဝန်းကျင်သာ ဈေးရှိကြောင်း ဈေးကွက်မှ သတင်းရရှိသည်။










## 7DAY BOOK REVIEW

# သမိုင်းနိဂုံးနှင့် နောက်ဆုံးလူသား

နိုင်ဦး



လွန်ခဲ့သော ဆယ်စုနှစ်တစ်ခု ကျော်ကစ၍ မြန်မာစာရေးဆရာ အချို့က ကမ္ဘာတွင်ကျယ်ပြန့်စွာ ခေတ်စားနေသော နိုင်ငံရေးအိုင်ဒီအိုလိုဂျီများနှင့် ပတ်သက်၍ မြန်မာစာဖတ်ပရိသတ်များအား စတင်မိတ်ဆက်ပေးခဲ့ရာ ကမ္ဘာကျော်ဂျာနယ်လစ်စာရေးဆရာများဖြစ်ကြသည့် သောမတ်ဖရီးမင်းနှင့် ဖရန်စစ်ဖူကူယားမားဆိုသော ပုဂ္ဂိုလ်တို့၏ စာများကို အတန်အသင့်ရင်းနှီးခွင့်ရခဲ့ပြီးဖြစ်သည်။ ဝတ္ထုမဟုတ်သော စာပေ (Non-Fiction) သည် ကမ္ဘာနှင့်တစ်ဝန်း စိတ်ဝင်စားမှု ပိုမိုကြီးထွားလာပြီး မြန်မာ စာဖတ်ပရိသတ်များသည်လည်း ထိုသို့သော စာမျိုးကို တခုတ်တရ ဖတ်ရှုသူများပြားလာသည်။ ကမ္ဘာတွင် Non-Fiction အရေးကောင်းသူများမှာ ဩဇာကြီးသော သတင်းစာကြီးများ၌ ပုံမှန်ကော်လံစားဂျာနယ်လစ်စာရေးဆရာများဖြစ်လာကြသည်။ အထူးသဖြင့် တက္ကသိုလ်ပါမောက္ခများ၊ နိုင်ငံရေးသုတေသီများ၊ စီးပွားရေးပညာရှင်များသည် ထို Non-Fiction ကို အရေးကောင်းလေ့ရှိပါသည်။ ထိုအထဲတွင် သောမတ်ဖရီးမင်း၏ The World is Flat နှင့် ဖရန်စစ်ဖူကူယားမား၏ The end of History and the Last man စာအုပ်တို့သည် အထူးထင်ရှားခဲ့ပြီး စာရေးဆရာကျော်ဝင်းက သောမတ်ဖရီးမင်း စာအုပ်ကို 'ကမ္ဘာပြားပြီ'ဟုဘာသာပြန်ဆိုကာ သုံးအုပ် ခွဲ၍ ပုံနှိပ်ထုတ်ဝေခဲ့ရာ အမျိုးသားစာပေ(ဘာသာပြန်)ဆုကိုရခဲ့ပြီး ဖြစ်သည်။ ယခုအခါ ကျန်ရှိနေသေးသော ဖူကူယားမား၏ စာအုပ်ကို စာရေးသူနိုင်ဦး (တင်ဦးခက်)က 'သမိုင်းနိဂုံးနှင့် နောက်ဆုံးလူသား'ဟူ၍ လုံးစေ့ပတ်စေ့ ဘာသာပြန်ဆိုကာ စာအုပ်အဖြစ် ပေါ်ထွက်လာပြီဖြစ်သည်။ ဂျပန်-အမေရိကန်ကပြားလူမျိုး ဖရန်စစ်ဖူကူယားမားသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်လည်းဖြစ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် လက်ရှိနေထိုင်နေသော ပုဂ္ဂိုလ်ဖြစ်သည်။ ၎င်း ရေးသားခဲ့သော ယခုစာအုပ်သည် ၉/၁၁ ဟုဆိုသည့် အမေရိကန်ပြည်ထောင်စုရှိ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံတိုက်ခိုက်မှု မခံရမီပေါ်ထွက်ခဲ့ပြီး လစ်ဘရယ်ဒီမိုကရေစီဝါဒကို ဆန်းစစ်တင်ပြထားသည့် စာအုပ်ဖြစ်ပေရာ နောက်ပိုင်းတွင် အခြားသော သမိုင်းဆရာတို့က 'သမိုင်းနိဂုံး မချုပ်သေး'ဟူ၍ ရေးသားခဲ့ရာအကြောင်းအရာကို မသိသေးသူများကြား ပိုမိုထင်ရှားခဲ့သော စာအုပ်လည်းဖြစ်သည်။ ထိုသို့သော စာအုပ်မျိုးကို စာရေးသူနိုင်ဦးက အပတ်တကုတ်ဘာသာပြန်ဆိုကာ ဘာသာပြန်စာပေဘဏ်တိုက်ထဲ ထည့်သွင်းပေးလိုက်ပြီ ဖြစ်သည်။ The Key စာအုပ်တိုက်မှ ဆယ်ချိုးဆိုဒ်၊ စာမျက်နှာငါးရာကျော်၊ တန်ဖိုး ၆,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

# ရိုးရှင်းသလောက် အရေးပါသည့် သဘာဝ၏ ဟင်းလျာ

အာဟာရလည်းပြည့်ဝသည့်အပြင် ဘက်စုံအသုံးပြုနိုင်သည့် သဘာဝတရား၏အကောင်းဆုံးလက်ဆောင်ချက်ပြုတ်စရာဟင်းလျာမှာ ဥများပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင်ချက်ပြုတ်စားသုံးမှုအများဆုံးမှာ ကြက်ဥဖြစ်ပြီး အာရှတွင်မူ ဘဲဥမှာလည်းလူကြိုက်များကာ ဆားငန်အောင်ပြုလုပ်စားသုံးခြင်းကို ပို၍နှစ်သက်ကြသည်။ ကြက်ဥများသည် ထူးခြားသောဝိသေသလက္ခဏာရပ်တစ်ခုအဖြစ် အာရှတွင်ရပ်တည်နေပြီး ထိုင်းလူမျိုးများက အဆုံးမဲ့ချစ်ခြင်းကို ရည်ညွှန်း၍ မင်္ဂလာပွဲများတွင် ချက်ပြုတ်ကျွေးမွေးရာ၌လည်းကောင်း၊ မလေးမင်္ဂလာပွဲများတွင်လည်း ကျက်အောင်ပြုတ်ထားသည့်ကြက်ဥများကိုသေချာစွာထုတ်ပိုး၍ မိသားစုပွားများတိုးတက်စေသည့်သဘောဖြင့် ပေးအပ်လေ့ရှိကြပြီး တရုတ်လူမျိုးများသည်လည်း အကျက်လွန်အောင်ပြုတ်ထားသည့် ကြက်ဥ၊ ခေါက်ဆွဲ၊ ဟင်းချိုများနှင့် မွေးနေ့တွင်စားသုံးလေ့ရှိကြသည်။ ခရစ်ယာန်ဘာသာဝင်များသည် ခရစ်တော်ပြန်လည်ထမြောက်တော်မူခြင်းအထိမ်းအမှတ် အီစတာပွဲတော်များတွင်ကြက်ဥကို အရောင်အသွေးစုံ၊ ဆေးရောင်လှလှများခြယ်သကာအသုံးပြုလေ့ရှိကြသည်။

ကြက်ဥသည် အခြေခံစားသောက်ကုန်တစ်မျိုးဖြစ်ပြီး ကြော်၊ ပြုတ်၊ မကျက်တကျက်ပြုတ်၊ မွှေကြော်၊ မီးဖုတ်၊ မုန့်လုပ်စသဖြင့် မည်သို့ချက်ပြုတ်ရမည်ကို လူတိုင်းသိရှိကြသည်။ ကြက်ဥတစ်လုံးစားသုံးခြင်းသည် အဆီနည်းသောအသား၊ ငါး(သို့မဟုတ်)ပင်လယ်စာ ၁ အောင်စစားသုံးခြင်းနှင့်ညီမျှပြီး ပရိုတိန်းပါဝင်မှုအများဆုံး စားသောက်ကုန်ဖြစ်သည်။ ဥတကာဥထဲတွင် အကြီးမားဆုံးဥများကို မြောက်အမေရိကငှက်ကုလားအုတ်များက ဥကြပြီး၊ အသေးဆုံးဥများကို ဂျာမေကာကျွန်းမှငှက်ပိတုန်းများကဥသည်ဟုသိရသည်။

*—Source:Reader's Digest*

# တစ်ပတ်တာကံကြမ္မာ

ဇူလိုင် ၂၇ ရက် မှ ဩဂုတ် ၂ ရက် အထိ

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

တာဝန်ယူခြင်းကြားမှ အာမခံဆောင်ရွက်ပေးရခြင်း ကြုံမည်။ ရဲရဲတာဝန်ယူပြီး ရှေ့တိုးဆောင်ရွက်ပါ။ စနစ်တကျထိုးဖောက်၍ တိုးတက်မှုကို ဖန်တီးရယူရမည်။ ပေါ်ပေါက်လာသော အခြေအနေကောင်းများဖြစ်စေ၊ အခက်အခဲများကိုဖြစ်စေ လတ်တလောပေါ်လာသော ကိစ္စနှင့်ယှဉ်၍ ဆောင်ရွက်ဖြေရှင်းရမည်။ ခရီးကိစ္စဆောင်ရွက်နိုင်မည်။ သူတစ်ပါးအပေါ် ဦးဆောင်မှုပေးနိုင်မည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အရာရာသတိရှိပါ။ အညှို့ကြုံမည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းနိုင်မည်။ စက်ပစ္စည်း အပျက်အစီးများမည်။ ငွေကြေးလက်လွန်မှုဖြစ်တတ်သည်။ သူများပြဿနာ၊ ကိုယ့်ပြဿနာဖြစ်တတ်သည်။ လူပေါင်း မှား၊ ဆုံးဖြတ်ချက်မှားတတ်သည်။ လမ်းကြောင်းအမှန်၊ အမှားကို ကိုယ်တိုင်ခွဲခြားနိုင်လျက် အမှားကို ထပ်တလဲလဲဆောင်ရွက်နေတတ်သည်။ လုပ်ငန်းခွင်၌ မတော်တဆထိခိုက်မှု အန္တရာယ်ရှိသည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ရန်အနှောင့်အယှက်၊ အခက်အခဲကြားမှ ဘဝတိုးတက်မည်။ ဆောင်ရွက်လိုက်သည့်ကိစ္စမှန်သမျှ အဆင်ပြေမည်။ တနင်္ဂနွေနံ၊ ဗုဒ္ဓဟူးနံပစ္စည်းများ အဝင်မတော်။ ရွှေပျောက်တတ်သည်။ အိမ်သို့လူဝင်လူထွက် သတိထားပါ။ ငွေကြေးကိစ္စများတွင် ကြားဝင်တာဝန်ယူ အာမခံခြင်း ရှောင်ပါ။ မိသားစုလုပ်ငန်းစီးပွားများ အထူးကောင်းသည်။ ပညာရေးကိစ္စဆောင်ရွက်သူများ အထူးကောင်းသောကာလဖြစ်သည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ငွေကြေး၊ လုပ်ငန်းကိစ္စများ စကားပြော၍ အောင်မြင်ကိန်းကြုံမည်။ ခက်ခဲသောပြဿနာများ ဖြေရှင်းနိုင်မည်။ မိမိအပေါ် ဒုက္ခပေးသူများ ဝန်းရံနေသည်။ အရာရာသတိနှင့်ဆောင်ရွက်ပါ။ ဥစ္စာငွေကြေးတိုးပွားခြင်း၊ အခက်အခဲများ ကျော်လွှားနိုင်မည်။ ဉာဏ်ပညာမြင့်မားပြီး ဖန်တီးနိုင်သော စွမ်းအားတိုးတက်အောင် ဆောင်ရွက်နိုင်မည့် အခြေအနေကောင်းရှိမည်။ သူတစ်ပါးအပေါ် ဩဇာလွှမ်းမိုးမည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

လုပ်နေသော လုပ်ငန်းများ နှောင့်နှေးတတ်သည်။ ရုတ်တရက်ရပ်တန့်ရတတ်သည်။ ကျန်းမာရေး အညှော်ရှိမည်။ မနာလိုသောသူများနှင့် ထိပ်တိုက်တွေ့မည်။ အလွယ်တကူလုပ်၍ မရ။ ဦးတည်လိုက်တိုင်း အနှောင့်အယှက်ဖြစ်တတ်သည်။ မိသားစု၊ ဆွေမျိုးအကြီးအကဲများကို အကြောင်းပြုပြီး ဆေးရုံ၊ ဆေးခန်းရောက်တတ်သည်။ ပစ္စည်းများ အလောတကြီးဝယ်ယူရန် မသင့်၊ ရောင်းဝယ်မှားတတ်သည် သတိပြုပါ။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အကြံအစည်များ လက်တွေ့အကောင်အထည်ဖော်နိုင်သည်။ တစ်ပိုင်းတစ်စ ရပ်တန့်ထားသော လုပ်ငန်းရေးရာ အဖြာဖြာကိုပြီးမြောက်အောင်မြင်စေရန် ဆောင်ရွက်နိုင်မည်။ ဘဝလမ်းကြောင်း အပြောင်းအလဲအတွက်ဆောင်ရွက်ရန် အခါသင့်သည်။ ကာလရှည်ကြာ လက်တွဲသူများနှင့် လမ်းခွဲ၍ လူသစ်များနှင့် ဆက်ဆံရမည်။ နေရာအပြောင်းအလဲရှိမည်။ ခရီးနှင့်ပတ်သက်သော ကံကောင်းသည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

သူတစ်ပါးအပေါ် ဆောင်ရွက်ပေးလိုက်သည့်ကိစ္စမှ အကျိုးဆက်များရရှိမည်။ ငွေကြေးနှင့်ပတ်သက်သော ကံကောင်းမည်။ ရုတ်တရက် စိတ်ကူးပြီးဆောင်ရွက်လိုက်သော ကိစ္စများမှ ကောင်းသော အကျိုးဆက်ကို ရရှိမည်။ ပျို့ရွယ်သူများ မေတ္တာရေး စန်းကောင်းသည်။ အိမ်ထောင်သည်များ အလုပ်ကိစ္စ၊ စီးပွားရေးကိစ္စများ တိုးချဲ့၍ အဆင်ပြေလင့်ကစား ဘေးစကား၊ သွေး သားများကို အကြောင်းပြု စကားများရတတ်ပါသည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အဆင်ပြေခြင်း၊ တိုးတက်ခြင်းများ ရှိမည်။ ကြန့်ကြာနေသည်များအားလုံး အဆင်ပြေသွားမည်။ ရန်အားလုံးကို ကျော်လွှားနိုင်မည်။ ရည်မှန်းချက်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ လုပ်ငန်းသစ်များအား လက်ခံပါ။ တစ်ပါးသူအား လွှဲပြောင်းမပေးသင့်။ ငွေကြေးလုပ်ငန်းပိုင်းတွင် အတိုက်အခံကြုံပြီး အဆုံးတွင် အောင်မြင်မည်။ လုပ်ငန်းမရှိသူ လုပ်ငန်းရခြင်းလုပ်ငန်းရှိသူ တိုး တက်ခြင်းရှိမည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

လုပ်သမျှ တလွဲတချော်ဖြစ်မည်။ အခက်အခဲများနှင့် တွေ့ရမည်။ သူတစ်ပါးကြောင့် ပြဿနာဖြစ်ရခြင်း ကြုံမည်။ လုပ်ချင်သည်နှင့် လက်တွေ့လုပ်ကိုင်ရမှု နည်းမည်။ အခြေအနေပေးသည့်အပေါ် မှေးထိန်းလုပ် ရမည်။ မိသားစုအတွက် အချိန်ပေးရမည်။ အလိုက်မသိသော ဧည့်သည်များ အိမ်သို့လာတတ်သည်။ အချိန်ကုန်၊ ငွေကုန်ဖြစ်တတ်သည်။ နှောင့်နှေးခြင်းကြောင့် လက်လွှတ်ဆုံးရှုံးတတ်သည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ငွေကြေးကံကောင်းမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ရည်မှန်းချက်သစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်သည်။ ဘဝတိုးတက်မှု အထူးကောင်းသည်။ အနှောင့်အယှက် အားလုံးကို ကျော်လွှားနိုင်မည်။ အပြောင်းအလဲနှင့် ခရီးကိစ္စများကြုံမည်။ သစ္စာမရှိသော၊ ကတိမတည်သောသူများနှင့်တွေ့ရတတ်သည်။ မိမိအမည်ကို အသုံးပြုပြီး ဒုက္ခပေးသော သူ မိမိကိုအသုံးချပြီး တက်လမ်းရှာသောသူများနှင့် တွေ့ကြုံမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အခွင့်အလမ်းကောင်းများ ပေါ်မည်။ အရေးပါသောဆုံးဖြတ်ချက်များ ချမှတ်ရမည်။ မျှော်လင့်မထား သည့် ကောင်းကျိုးများရရှိမည်။ မိမိကိုယ်မိမိ ယုံကြည်မှုနည်းနေမည်။ လုပ်စရာရှိသည့်ကိစ္စ အလုံးစုံကိုပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီး ရှေ့တိုးပါ။ အသစ်တစ်ခု စတင်ရန် ဝန်မလေးပါနှင့် ဆုံးဖြတ်ချက်ချထားသည်ကို ပြန်မပြင်ပါနှင့် ရှေ့တိုး၍သာ ဆောင်ရွက်ပါ။ အမှုအခင်းများ ရင်ဆိုင်ဖြေရှင်းရမည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စိတ်ချမ်းမြေ့မှုများ ဖြစ်ပေါ်မည်။ စနစ်တကျလုပ်၍ တိုးတက်နိုင်သော အနေအထားရှိသည်။ ဆောင်ရွက်နေသည့်ကိစ္စ မှန်သမျှ အောင်မြင်မှုရမည်။ အခက်အခဲအားလုံး ကိုကျော်လွှားနိုင်မည်။ ပျို့ရွယ်သူများအဖို့မေတ္တာရေးကံကောင်းသည်။ အဟောင်းများကို အသစ်သဖွယ် တွေ့ဆုံဖြေရှင်းနိုင်မည်။ လုပ်ကိုင်ထားပြီး မပြီးပြတ်သေးသော ကိစ္စများကို ပြီးပြတ်အောင် ဆောင်ရွက်နိုင်မည်။ မိတ်ဆွေကောင်းတွေ့မည်။

7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011



# အာဖရိက ဦးချိုဒေသမှ ဒုဗ္ဘိက္ခန္တရကပ်

**ကြည်နေဝင်းမင်း**

ဆိုမာလီယာနိုင်ငံတွင် နှစ်ပေါင်း ၅၀ ကျော်အတွင်း အဆိုးဝါးဆုံး မိုးခေါင်ရေရှားမှုနှင့်ကြုံတွေ့နေရရာကုလသမဂ္ဂက ၎င်းဒေသတွင် ငတ်မွတ်ခေါင်းပါးမှု ဒုဗ္ဘိက္ခန္တရကပ်ကြုံတွေ့နေရကြောင်း ကြေညာရန်ပြင်ဆင်နေသည်။ အထောက်အပံ့ပေးရန်ကြိုးပမ်းမှုများ ရှိနေသော်ငြား၎င်းနိုင်ငံအတွင်း လူသားမျိုးနွယ်များ၏အခြေအနေမှာ အလျင်အမြန်ပျက်စီးလာကြောင်း ကုလသမဂ္ဂကပြောပါသည်။ ဤသည်မှာ ၁၉ နှစ်အတွင်း ငတ်မွတ်ခေါင်းပါးမှု အခြေအနေ တစ်ဖန်ပြန်လည်ကြေညာရခြင်းဖြစ်သည်။

ဆိုမာလီယာနိုင်ငံသည် အုပ်ချုပ်မှုပြိုကွဲပျက်စီးနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ လက်ရှိကြုံတွေ့နေရသော ကပ်ဘေး၏ ပြင်းထန်မှုကို မည်သူမျှ မေးခွန်းထုတ်မနေသော်လည်း အခြေအနေမည်မျှဆိုးဝါးသည်ကို တိုင်းတာရသည်မှာ အနေအထားတစ်မျိုးဖြစ်သည်။ ဆိုမာလီယာတွင် ကျယ်ကျယ်ပြန့်ပြန့်နှင့် တိကျသော သတင်းအချက်အလက်များ ရရှိရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်မှာ နှစ်ပေါင်း ၂၀ ရှိလာခဲ့ပါပြီ။ ၁၉၉၁ ခုနှစ်တွင် သမ္မတ မိုဟာမက်ဆာအစ်ဘာရေး ဖြုတ်ချခံရပြီးနောက်ပိုင်း နိုင်ငံတွင် အမျိုးသားအစိုးရတစ်ရပ် မရှိတော့ပေ။

ယခုနောက်ဆုံးဖြစ်ပေါ်လာသည့် မိုးခေါင်ရေရှားမှုက အာဖရိကဦးချိုဒေသအားမတည် မငြိမ်ဇရုတ်သုတ်ခအခြေအနေများဆီသို့ တွန်းပို့ခဲ့ပြီး အိမ်နီးချင်း ကင်ညာနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံများဆီသို့လည်း အငတ်ဘေးတွေ့နေသော ဆိုမာလီယာနိုင်ငံသားများ မဖိတ်ခေါ်ဘဲ ရောက်လာခဲ့ကြသည်။ နှစ်ပေါင်း ၆၀ အတွင်း အရှေ့မြောက်အာဖရိကတွင် အဆိုးဝါးဆုံး မိုးခေါင်ရေရှားမှုဟု ရည်ညွှန်းပြောဆို နေကြပါသည်။

ရာသီဥတုပြောင်းလဲမှုကြောင့်လည်း ၎င်းဒေသတွင် မိုးခေါင်ရေရှားမှုများ ပိုမိုကြုံတွေ့လာရခြင်းဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က ပြောပါသည်။ ပုံမှန်မိုးရွာသွန်းမှုရှိသော နှစ်များရှိခဲ့ပြီးမှ တစ်ခါတစ်ရံမိုးခေါင်ရေရှားမှုကြုံတွေ့ရသောဒေသမှာ ယခုအခါတွင် ရေမလုံလောက်မှုကြောင့် အမြဲလိုလိုပင်စားနပ်ရိက္ခာဖူလုံမှု ကင်းမဲ့သောအခြေအနေနှင့် ရင်ဆိုင်နေရကြောင်း WFP အကြီးအကဲ ဂျိုးဆက်ရှိရန်က ပြောပါသည်။

သို့သော် မကြာခဏဆိုသလိုပင် ဒေသတွင်း ပဋိပက္ခများကြောင့်လည်း အခက်အခဲများ ပိုမိုကြုံတွေ့ခဲ့ရသည်။ ၁၉၇၃ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သည့် ငတ်မွတ်ခေါင်းပါးမှုမှာ ဘုရင်ဟေလီဆီလက်စီအပေါ် အာဏာသိမ်းရန်ကြိုးပမ်းနေစဉ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ အလားတူပင် ၁၉၈၄ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သည့် အငတ်ဘေးမှာဗိုလ်မှူးကြီး မန်ဂစ်ဆု၏ တပ်ဖွဲ့များနှင့် တီဂရာရန်သူပုန်များအကြားဖြစ်ပေါ်ခဲ့သည့် စစ်ပွဲများကြောင့်ပိုမိုဆိုးဝါးခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် ဆိုမာလီယာ စားနပ်ရိက္ခာအကျပ်အတည်းမှာလည်း နိုင်ငံမှာမင်းမဲ့စရိုက်အတွင်းသက်ဆင်းနေချိန် ကြုံတွေ့ရခြင်းဖြစ်သည်။ ယခုနှစ် ဆိုမာလီယာမှာပင်ကြုံတွေ့နေရသည့် စားနပ်ရိက္ခာမလုံလောက်မှုမှာ စားနပ်ရိက္ခာဈေးနှုန်းများ ရုတ်တရက်မြင့်တက်လာမှုကြောင့် သာမကဒေသအများအပြားသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ လက်လှမ်းမမီနိုင်ခြင်းကြောင့် ပိုဆိုးခဲ့ရသည်။

သို့သော်စားနပ်ရိက္ခာ အထောက်အပံ့လိုအပ်သည့် လူဦးရေမှာ ၁၉၉၂ ခုနှစ် အရေအတွက်သို့မရောက်ရှိသေးပေ။ ကုလသမဂ္ဂကမူ လောလောဆယ်တွင်လူ ၁၀ သန်းအစာရေစာပြတ်လပ်မှုနှင့်ကြုံတွေ့နေရသည်ဟုဆိုပါသည်။ ၁၉၉၂ ခုနှစ် ဆိုမာလီယာတွင် အမေရိကန်ဦးဆောင်၍ ကယ်တင်ချိန်တွင်မူ အကူအညီလိုအပ်သည့် လူဦးရေမှာ ၂၃ သန်းကျော်ရှိနေခဲ့ပြီဖြစ်သည်။ မည်သို့ပင်ဆိုစေ အကူအညီပေးရေးလုပ်သားများက ယင်းသို့နှိုင်းယှဉ်ပြောဆိုမှုများကို စဉ်းစားမနေတော့ဘဲ ၎င်းတို့တတ်နိုင်သလောက်အကောင်းဆုံး တုံ့ပြန်နေကြသည်။

ကင်ညာနှင့် အီသီယိုးပီးယားနိုင်ငံရှိ ဒုက္ခသည်စခန်းများကိုထိန်းသိမ်းနိုင်ရန် ကုလသမဂ္ဂနှင့်နိုင်ငံတကာ အကူအညီပေးရေးအေဂျင်စီများသည် ဆိုမာလီယာနိုင်ငံရှိ ဒေသများသို့ ဝင်ရောက်အကူအညီပေးရန် လိုအပ်နေသည်။သို့သော်ဆိုမာလီယာနိုင်ငံအတွင်းပိုင်းဒေသများမှာ လုံခြုံမှုကင်းမဲ့ပြီး အစ္စလာမ်မစ် စစ်သွေးကြွအုပ်စု အယ်လ်ရှာဘတ်တို့ကြီးစိုးရာနယ်မြေများဖြစ်သည်။

ကုလသမဂ္ဂ ဝန်ထမ်းများ၏ အသက်အန္တရာယ်ကိုခြိမ်းခြောက်မှုများရှိခဲ့၍ ၂၀၁၀ပြည့်နှစ်စောစောပိုင်းတွင် ဆိုမာလီယာတောင်ပိုင်း အယ်လ်ရှာဘတ်တို့ထိန်းချုပ်ထားရာဒေသမှဝန်ထမ်းများကိုရုပ်သိမ်းခဲ့ရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ကပြောပါသည်။ ထို့အပြင် ထိုအချိန်တွင် အယ်လ်ရှာဘတ်တို့က လုပ်ငန်းလည်ပတ်မှုအတွက် မဖြစ်နိုင်လောက်သည့် သတ်မှတ်ချက်များလည်းချမှတ်ခဲ့သည်။ WFP ရုံးများတွင် အမျိုးသမီးဝန်ထမ်းများ မထားရဆိုခြင်းမှသည် ပုံမှန်မဟုတ်သော အခွန်ကောက်ခံမှုများအထိရှိခဲ့သည်။



သို့သော်ယခုအခါတွင် ယင်းအဖွဲ့အစည်းများကပင် အယ်လ်ရှာဘတ်အဖွဲ့က ထိန်းချုပ်ထားသောဆိုမာလီယာတောင်ပိုင်း နယ်မြေများသို့ ပြန်လည်သွားရောက်ရေးပြင်ဆင်နေကြသည်။ အယ်လ်ရှာဘတ်သူပုန်များကလည်း မိုးခေါင်ရေရှားမှု ဒဏ်ခံစားနေရသူများကို အကူအညီပေးရေး နိုင်ငံတကာအေဂျင်စီများကိုပြန်လည်ဝင်ရောက်ခွင့်ပြုမည်ဟု ပြောကြားကြသည်။ မည်မျှအထိ ခွင့်ပြုမည်ဆိုခြင်းကိုမူ မစမ်းသပ်ရသေးပေ။ ဒေသတွင်းလေ့လာသုံးသပ်သူတစ်ဦးကမူ အယ်လ်ရှာဘတ်အဖွဲ့သည် အချို့နေရာများတွင် နောက်ဆုတ်ပေးနေခြင်းဖြစ်နိုင်ကြောင်း ပြောပါသည်။

ကင်ညာနိုင်ငံသို့ ထွက်ပြေးလာသည့် ဆိုမာလီယာနိုင်ငံသားများကမူ စစ်သွေးကြွများက စစ်ဆေးရေးစခန်းများမှနေ၍ ၎င်းတို့ဒေသမှလူများ ပြင်ပမထွက်ခွာရန် တားဆီးနေကြောင်း ပြောကြားကြသည်။ သို့သော် အငတ်ဘေးရင်ဆိုင်နေရသူများက သဲကန္တာရများကိုဖြတ်၍ ထွက်ပြေးကြသည်သာဖြစ်သည်။ အာဖရိကဦးချိုဒေသအာဏာလုပွဲများတွင် ဝင်ရောက်ပတ်သက်နေသူ အီသီယိုးပီးယားနိုင်ငံ၏ ရှုမြင်မှုမှာကား အယ်လ်ရှာဘတ်အဖွဲ့သည် မိုးခေါင်ရေရှားမှုကိုအသုံးချ၍ ၎င်းတို့အဖွဲ့အား ဒေသခံများအကြား လူကြိုက်များမှုနှင့် ယုံကြည်မှုပြန်လည်ရရှိရန် စိတ်အားထက်သန်နေသည်ဟုဆိုပါသည်။ အမေရိကန်နှင့်ဗြိတိန်တို့ကလည်း အယ်လ်ကိုင်ဒါအဖွဲ့နှင့်ချိတ်ဆက်မှုရှိသော အယ်လ်ရှာဘတ်အုပ်စုအား အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားကြသည်။

အယ်လ်ရှာဘတ်အဖွဲ့သည် ဆိုမာလီယာတောင်ပိုင်း ဒေသအများစုကို ထိန်းချုပ်ထားပြီး မြို့တော်မိုဂါဒစ်ရှူး တောင်ပိုင်းဒေသများအထိ ကျေးလက်ဒေသများကိုပါ ထိန်းချုပ်ထားသည်ဟု ယူဆရသည်။ ဂျူဘားနှင့်ရှက်ဘက်လ်မြစ်နှစ်စင်းကြား စိုက်ပျိုးရေးဒေသတွင်လည်း အယ်လ်ရှာဘတ် အင်အားကောင်းသည်။ အခြားကျေးလက်ဒေသများကိုဒေသခံမျိုးနွယ်စုများက ချုပ်ကိုင်ထားကာ ကင်ညာနိုင်ငံနှင့် နယ်စပ်တွင် အစိုးရ၏ဩဇာသက်ရောက်သည်ဟု ဆိုသည်။

မိုးခေါင်ရေရှားမှုကြောင့် အစားအစာ ပြတ်လပ်လာသောအခါတွင်မူ ဒေသတွင်းအရပ်မျက်နှာအားလုံးသို့ အစုလိုက်အပြုံလိုက် လူရွှေ့ပြောင်းမှုများ ဖြစ်ပေါ်လာခဲ့သည်။ စစ်ကြောင့် မိုဂါဒစ်ရှူးမြို့မှတိမ်းရှောင်နေသူများပျက်စီးနေသောမြို့တော်သို့ ပြန်လည်ဦးတည်နေကြသည်။ အချို့လူများကမြောက်ပိုင်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပန်တလန်နယ်သို့ ဦးတည်ကြသည်။ အချို့က ထုံးစံအတိုင်းပင်ကင်ညာနှင့် အီသီယိုးပီးယားနိုင်ငံများသို့ ဦးတည်ကြသည်။ ခြောက်သွေ့သောဒေသများကို ဖြတ်သန်း၍လေးရက်၊ ငါးရက်ခရီးနှင်ကြရာတွင် လမ်း၌သေကျေပျက်စီးသူများလည်း မနည်းမနောပင်။

ဦးတည်ရာ ခရီးဆုံးဒေသများသို့ ရောက်ရှိလာချိန်တွင်လည်းအကူအညီများ အဆင်သင့်ရှိမနေပါ။ ကင်ညာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသမှာ နိုင်ရိုဘီရှိအစိုးရက သမိုင်းအစဉ်အဆက်ကပင်လျစ်လျူရှုထားခဲ့သော ဆင်းဆင်းရဲရဲ ဒေသဖြစ်သည်။ အီသီယိုးပီးယားနိုင်ငံ ဆိုမာလီဒေသတွင်လည်း ထိုနည်းနှင်နှင်ပင်ဖြစ်သည်။ တတိယရွေးချယ်စရာဖြစ်သည့်ဆိုမာလီယာနိုင်ငံတွင်းမှာပင် ရွှေ့ပြောင်းနေထိုင်ခြင်းမှာလည်း ပို၍ပင် အခြေအနေဆိုးနိုင်သေးရာ အာဖရိကဦးချိုဒေသမှ ဒုဗ္ဘိက္ခန္တရကပ်မည်သို့ အဆုံးသတ်မည်နည်းဆိုသည်မှာ . . . ။

*—Ref: BBC, Internet*


Palmolive
Naturals
သဘာဝအတိုင်း နူးညံ့စေမယ့်
ဆံကေသာအတွက်
Palmolive Shampoo
"Intensive Moisture"
နို့မှ ထုတ်လုပ်ထားသော ပရိုတင်းနှင့် အုန်းသီး အဆီအနှစ်တို့ကို ခရင်(မ်)ပုံစံ ပြုလုပ်ထားသောကြောင့် ဆံသားဆီအစိုဓာတ်ကို အမြန်ဆုံးပြန်လည်ဖြည့်ဆည်းကာ ပျော့ပျောင်း တောက်ပြောင်စေပါသည်။
Palmolive

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.19 · JULY 28, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) (775)Processor | 55,545 |
| Intel P4 Core 2 Duo 2.93 GHz (E7500) (775)Processor | 91,770 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 96,600 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 153,755 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 245,525 |
| **Motherboard** | |
| MSI G4 1M-P33/P23 (775) Motherboard | 49,105 |
| MSI H55M-E32 (1156) Motherboard | 76,475 |
| MSI P67A-GD55 (B3) (1155) Motherboard | 122,360 |
| ASUS P5G41T-MLX (775) Motherboard | 49,910 |
| ASUS P7H55-MLX (1156) Motherboard | 72,450 |
| ASUS P7H55M/USB3 (775) Motherboard | 96,600 |
| Gigabyte G41MT-S2P (775) Motherboard | 49,910 |
| Gigabyte H55M-S2V (1156) Motherboard | 80,500 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 37,835 |
| 1 GB DDR2 (800) Kingston Memory | 14,490 |
| 2 GB DDR2 (800) Kingston Memory | 23,345 |
| 4 GB DDR3 (1333) Kingston Memory | 29,785 |
| **Harddisk** | |
| 500 GB Seagate SATA | 37,835 |
| 1.5 TB Seagate SATA | 64,400 |
| 2 TB Seagate SATA | 78,085 |
| **PCI Express Card** | |
| MSI N210 1GB DDR3 PCI Express Card | 45,080 |
| MSI NX 8400GS 512MB PCI Express Card | 35,420 |
| MSI R5450 1GB DDR3 PCI Express Card | 44,275 |
| ASUS EAH 5750 Formula 1GB PCI Express Card | 115,115 |
| ASUS EN 430 1GB DDR3 PCI Express Card | 70,840 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 43,470 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,055 |
| **Memory Stick** | |
| Memory Stick Toshiba 4 GB | 9,500 |
| Memory Stick Adata 4 GB (C802) | 9,000 |
| Memory Stick Kingston 4 GB | 9,000 |
| Memory Stick HP 4 GB | 9,000 |
| Memory Stick Apacer 4 GB(C903) | 9,500 |
| Memory Stick Adata 8 GB (C003) | 14,000 |
| Memory Stick Adata 8 GB (S101) | 16,000 |
| Memory Stick HP 8 GB (V165W) | 14,000 |
| Memory Stick Imation 16 GB | 22,000 |
| **UPS** | |
| Power Pro (650 VA) | 33,000 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 27,000 |
| Allways (1.2 KVA) | 59,000 |
| Star (650 VA) | 28,980 |
| LNYX (600 VA) | 22,000 |
| Numeric (600 VA) | 30,590 |
| Numeric (1KVA) | 64,400 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 24,300 |
| ASUS DVD Writer (SATA) | 24,955 |
| HP DVD Writer (SATA) | 24,955 |
| **အိတ်ဆောင်တီဗီငွေကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဇူလိုင် (၂၃) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1″ | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇူလိုင် (၂၁) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား ကျောက်ဆူး) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၅ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၂၈၀ |
| Posco ကြွယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| Posco ကြွယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြွယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) အထူ | ၁ ပေနှုန်း | ၃၆၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၂၁) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၄,၀၀၀-၅,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဉနီ | ၁ ပိဿာ | ၁,၀၀၀- ၁,၃၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇူလိုင် (၂၃) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁၉၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၂၀-၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁၈၀၀-၂၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဉ/ဘဲဉ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၆,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀-၂,၄၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၄,၅၀၀-၃၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀-၃,၃၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၇၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၈၀၀-၅,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၆၀၀-၄,၂၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၄,၀၀၀-၂၆,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |

ဇူလိုင်(၂၃)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။


## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၆၀ |
| စူရူကီး ဝက်ဂွန် R+ | - | ၁၈/၂၈ | ၂၇၀ |
| တောင်းအေ့ ပစ်ကပ် (ပဇင်းခေါင်း) | ၂၀၀၀ | ၈စ/၈၈ | ၂၂၀ |
| စူရူကီး R- (2Way) | - | ၂၈ | ၁၅၅ |
| တိုယိုတာ (လီမိတက်) | ၈၈ | လ/သ | ၂၃၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂ | ၉က | ၄၀၀ |
| မတ်ခ်တူး(ခါတ်ဆီ) | ၉၉ | ၄၈ | ၇၇၅ |
| ဆပ် | ၉၇ | ၄၈/၅၈ | ၁၃၀၀ |
| ပါဂျဲရို | ၉၇ | ၅၈ | ၁,၀၂၀ |

ဇူလိုင် (၂၃) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | July (16) | July (17) | July (18) | July (19) | July (20) | July (21) | July (22) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |




# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ PH: 557448 Ext (856), 09-8034582, 09-73037776

**သင်တန်း**

Computer Basic, Design, Internet- Email & Web developing, Basic Software Engineering, Advanced Software Engineering, Web & Software Pretical Project.

PH: 09-73012469

**ကြော်ငြာဒီဇိုင်းဆွဲပေးသည်**

အများနဲ့မတူ ထူးခြားဆန်းသစ်ပြီး ရိုးရှင်းသော ဒီဇိုင်းများဖြင့် လူကြီးမင်းတို့ကုမ္ပဏီ၏ အကျိုးစီးပွားကိုကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ဒီဇိုင်နာများလိုအပ်ပါကလည်း ဆက်သွယ်နိုင်သည်။ ဖုန်း- ၀၉-၄၃၀၉၅၁၄၂

**ရောင်းမည်**

၁ နှစ် အသုံးပြုပြီး 21" (Flat TV)နှင့် PS2 ဂိမ်းစက် (၂)စုံ+ စင် ၂ စုံရောင်းမည်။ ၂၈၀,၀၀၀ ကျပ်။

ဖုန်း- ၀၉-၇၃၁၂၇၇၂၀ (သန်းထိုက်)

**Hnin Wai Wai Fashion Tailor**

မင်္ဂလာဝတ်စုံ၊ ထိုင်မသိမ်းနှင့်ပွဲထိုင်ဝတ်စုံအမျိုးမျိုး၊ ကုမ္ပဏီဝတ်စုံအမျိုးမျိုးတို့ကို စိတ်တိုင်းကျ သေသပ်လှပစွာ စီစဉ်ချုပ်လုပ်ပေးနေပါသည်။

ဖုန်း- ၀၉-၅၀၆၀၄၉၇

**ကွန်ပျူတာဖြင့် ရေးဆွဲပေးသည်**

သင့်လုပ်ငန်းအတွက် အသုံးပြုနိုင်သည့် ကွန်ပျူတာစနစ်များကိုတိကျစွာ ရေးဆွဲပေးသည်။

ဖုန်း- ၀၉-၇၃၀၄၁၇၁၂

**Computer Maintenance**

ကွန်ပျူတာများကို Error မတက်အောင် Hardware ပိုင်း/ OS ပိုင်းကို မိမိအိမ်မှာပဲသင်ချင်သူများအတွက် ရုံး၊ အိမ်လိုက်သင်ပေးသည်။

ဖုန်း- ၀၉-၄၉၂၂၇၃၆၅

**အင်္ဂလိပ်စကားပြောသင်တန်း**

Victor အင်္ဂလိပ်စကားပြော (သီးသန့်) အခြေခံအားနည်းသူအကြီးပိုင်းများအတွက် သာ။ အိမ်ဝိုင်းသင်သည်။ တစ်လ- ၁၀,၀၀၀ ကျပ်။

ဖုန်း- ၀၁- ၅၄၀၁၄၈

**Daw Su Mon Aung**

န၀မတန်း Physic, Maths, Chemistry အထူးသီးသန့်သင်ကြားပေးသည်။ ၉ တန်း၊ ၁၀ တန်း ဘာသာစုံ Guide လုပ်ပေးသည်။ ဖုန်း- ၀၉-၅၁၂၈၅၁၈

**မေတို့အိမ် မုန့်သင်တန်း**

(အမျိုးသမီးသီးသန့်)

မြန်မာဟင်း၊ ဆန္ဒွင်းမကင်းစုံ၊ ကျောက်ကျောစုံ၊ စာဖွယ်စုံ၊ လက်ရာကောင်းချက်တတ်ရန်သင်ပေးသည်။ အော်ဒါလက်ခံသည်။ ဖုန်း- ၀၉-၇၃၀၆၈၆၁၃

**ရောင်းမည်**

လက်ရှိလည်ပတ်နေသော Internet & Game Shop ဆိုင်လုံးပြတ်ရောင်းမည်။ (ညောင်နှိုင်းဈေး)

ဖုန်း-၀၉-၇၃၁၇၃၇၀၅

**စာပေဖြန့်ချိရေး**

ညွှန်းစာပေမှ Business Management, Business & Advertising, Accounting, Briefcase Serie, Interview skills, English Language စသည့် စာအုပ်များကို အင်း၀၊ အရုဏ်သစ်၊ နဂါး(မန္တလေး)ဆိုင်များတွင် ဝယ်နိုင်ပါသည်။ ဖုန်း- ၀၁-၃၈၆၆၉၃

**နေရာကောင်း(ရောင်း/ငှား)**

အနော်ရထာလမ်းပေါ်၊ မြေညီ၊ ဒေါင့်ခန်း၊ HK ၂လွှာ(ရောင်း)၊ ပ ထပ်၊ HK ၂ လွှာ၊ 2AC ဖုန်းပါ(ရောင်းငှား)

ဖုန်း- ၀၉-၇၃၁၀၃၁၀၉

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

Presto ပစ်ကပ် ၈၁/၅ ထောင်ကျော်၊ ၅ ချိတ် Flat cushion, ပတ်ကားအမိုး၊ ဆေးဘော်ဒီအသစ် အိမ်စီးကားသန့်။ ၅၅ သိန်း။ ဖုန်း- ၀၉-၇၃၁၉၆၄၂၄

**ဝန်ဆောင်မှု**

စေတနာ ဥပဒေအတိုင်ပင်ခံစာချုပ်စာတမ်းနှင့်ကုန်အမှတ်တံဆိပ်အေးဂျင့်။

ဖုန်း- ၀၉-၅၀၁၀၈၃၀

**ငှားသည်**

ခရီးစဉ်အမျိုးမျိုးအတွက် Hiace ၇ ယောက်စီးနှင့် အငှားလိုက်သည်။

ဖုန်း- ၀၉-၅၁၇၃၄၇၈၊ ၅၄၉၉၄၃

**Guide လုပ်ပေးသည်**

M.Sc, M.Res, Dip:in English ဘွဲ့ရ ဆရာမဒေါ် အေးမြတ်သူမှ International School ကျောင်းသား/သူများ အတွက် ဖုန်း- ၀၉-၄၃၀၂၉၂၉၉

**ဦးရာလူရမည်**

သီရိမင်္ဂလာလမ်းသွယ်(၁၆)၊ အင်းစိန်ရွာမရှေ့၊ မြေ(၉၅×၁၆၀)ပေ၊ ထစ်ထပ်တိုက်၊ ပျဉ်ထောင်၊ ရေမီးစုံ၊ သိန်း-(၁,၅၀၀)ကျပ်။ ဖုန်း- ၀၉ ၇၃၁၂၈၁၈၆

**OHN MAR WIN**

B.Com, CPA (Part I), DA (UK), LCCI Guide for Level I, II & III, Special Class & F.O.C Class.

PH: 09-73005135

**ပြုံး စက်ချုပ်သင်တန်း**

အမျိုးသမီးဝတ်စုံ၊ သင်တန်းကြေး ၅၅,၀၀၀ ကျပ်၊ ပြုံးသီတာ၊ ၈၃/B ၁၆၄ လမ်း။ ဖုန်း- ၅၄၄၁၉၆

**ပန်းလေသင်း**

အချိန်ပိုင်း စာရင်းဆွဲသည်။ စာရင်းစစ်သည်။ ဖုန်း- ၀၉-၇၃၀၆၃၀၉၃

**အိမ်အရောက်သင်သည်**

၂၀၁၁-၁၂ ပညာသင်နှစ်အတွက် ၉ တန်း၊ ၁၀ တန်း International School (တန်းများ) အင်္ဂလိပ်စာသီးသန့်။

ဖုန်း- ၀၉-၇၃၀၆၃၀၉၃ (ဦးခင်အောင်)

**တရုတ်စကားပြောအခြေခံသင်တန်း**

တရုတ်စကားကို ရေးစရာမလိုအပြောသက်သက်ဖြင့် ၁ လပြတ်သင်ကြားပေးသည်။ သင်တန်းကြေး- ၂၂,၀၀၀ ကျပ်

ဖုန်း- ၀၉-၇၃၀၅၇၂၁၀

**ရောင်းမည်**

၁၅× ၅၀ ပေ၊ GF+ 1F (HK) ကမ်းနားလမ်း၊ သရက်တောတောင်ရပ်ကွက်၊ ကြည့်မြင်တိုင်။ သိန်း - ၁,၅၀၀

ဖုန်း- ၀၉-၅၁၁၆၈၄၃

**Professional Accountant**

To Contact for Professional Accountant. PH: 09-73037251

**ဇ၀န ကလေးသူငယ်နာအုပ်ဆေး**

ပင်ရင်း- ရွှေဥဩဆေးတိုက်၊ အမှတ်(၁၃)၊ အရှေ့မြို့ပတ်လမ်း၊ ဆရာစံမြောက်၊အရှေ့ရပ်ကွက်၊ ဗဟန်း။

ဖုန်း- ၀၉-၄၉၂၉၇၁၇၃

**တိုက်ခန်းရောင်းမည်**

အမှတ်(၃၆)၊ ၄လွှာ(အေ)၊ ၁၆၇လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်။ သိန်း-၂၃၀(ညှိနှိုင်းဈေးဖြင့်)

ဖုန်း-၀၁ ၅၄၀၀၉၀

**ကားရောင်းမည်**

87 SE Limited (၃၀/. . . )အလုံးသစ်၊ အခွန်ကျေ/ အမည်ပေါက်။

ဖုန်း- ၀၉-၅၀၅၇၄၂၆

**ရောင်းသည်**

Road Roller (လမ်းကြိတ်စက်) ရောင်းသည်။ ၈/၁၀ တန်၊ CIF (Yangon)/ DDP စနစ်များဖြင့် ရောင်းပေးသည်။

ဖုန်း- ၀၉-၅၁၇၈၀၇၅

**ရေယိုစိမ့်မှုကာကွယ်ခြင်းလုပ်ငန်း**

ကွန်ကရစ်နံရံများ၊ အမိုးများ၊ ရေကန်များ၊ တံခါးဘောင်များ၊သစ်သားတံခါးဘောင်များမှ ရေယိုစိမ့်မှုကိုဆောင်ရွက်ပေးသည်။ ဖုန်း- ၀၉-၈၀၃၄၈၂၀

**Future Gold (ကြည့်မြင်တိုင်)**

၁၀ တန်းသီးသန့်၊ စာသင်၊ စာကျက် ၊ စာဖြေပိုင်းပြင်ပဖြေတန်းခွဲများ လက်ခံနေပါပြီ။ ဖုန်း- ၀၁-၅၂၅၈၉၄

**မိဘများ ရင်အေးစရာ**

အာမခံဈေးနှုန်းသက်သာ ဘော်ဒါနှင့် နေ့တက်အထူး။ တက္ကသိုလ်ဝင်တန်းများအတွက်၊ ဖုန်း- ၀၉-၇၃၀၀၅၉၄၆

**CNG Taxi ငှားလိုသည်**

CNG Taxi သင့်လျော်သော စပေါ် ငွေဖြင့် လပေးငှားမောင်းလိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပေးပါ။

ဖုန်း- ၅၈၁၃၀၈၊ ၅၃၀၀၂၅

**မြေရောင်းမည်**

ပေ၆၀×၁၆၅မြေ(၂ကွက်ပူး)အင်းစိန်။

ဖုန်း- ၀၉-၇၃၀၉၄၉၅၆

**ဂိုဒေါင်ငှားမည်**

ပေ ၅၀× ၁၀၀၊ B/N ဂိုဒေါင်၊ ရေမီးစုံ အင်းစိန် (ပေါက်တောဝမီးပွိုင့်အနီး)

ဖုန်း- ၀၉-၅၄၀၈၀၃၄

**ငှားမည်**

ရန်ကုန်မြို့တွင်းရှိ တိုက်ခန်းများ ငှားလိုပါသည်။ ပိုင်ရှင်များအမြန်ဆက်သွယ်ပါ။ ဖုန်း- ၅၂၇၉၆၆၊ ၅၀၃၁၇၆

**အမြန်ရောင်းမည်**

၂၀×၆၀ ပေ၊ လုံးချင်း၊ အသင့်နေနိုင်၊ ရေမီးအပြည့်စုံ၊ Capital အနီး၊ (၄၅၉) အနော်မာ (၁၁)လမ်း၊ သာကေတ။

ဖုန်း- ၀၉-၇၃၀၁၆၀၉၂

**အမြန်ရောင်းမည်**

အအေးဆိုင်၊ ကော်ဖီဆိုင်သုံးရန် သင့်လျော်သော အအေးခန်းကောင်တာနှင့် ရေခဲသေတ္တာရောင်းရန်ရှိသည်။

ဖုန်း- ၅၆၅၅၉၃

**အိမ်အရောက်သင်ပေးသည်**

မူလတန်း၊ အလယ်တန်း (ဘာသာစုံ) ၉ တန်း၊ ၁၀ တန်း (ကျက်စာသီးသန့်)

ဖုန်း- ၀၉-၄၃၀၈၅၅၀၇

**Study Guide**

၈၊ ၉၊ ၁၀ တန်းကျောင်းသား/သူ များ အတွက် ဘာသာစုံ၊ တစ်ဘာသာချင်း Study Guide လုပ်ပေးသည်။ သင်္ချာသီးသန့်သင်ကြားပေးသည်။

ဖုန်း- ၀၉-၅၁၈၈၄၆၈

**ဝယ်လိုသည်**

Publica/ Sunny ကားတစ်စီး ဝယ်လိုသည်။ (ပွဲစားမလို)

ဖုန်း-၀၉-၇၃၀၀၉၉၆၃

7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

## ဆိုင်ကယ်ဖြင့် လမ်းကြုံလိုက်ရင်း ခိုးယူပေါင်းသင်းခံရ

ကျော်ဇေယျ

**နေပြည်တော်၊ ဇူလိုင်- ၁၃**

မိဘအုပ်ထိန်းမှုမှ မလွတ်သေးသော မိန်းကလေးငယ်အား ကျောင်းမှအပြန် ဆိုင်ကယ်ပေါ် ခေါ်တင်ကာ ခိုးပြေးခဲ့၍ အမှုဖွင့်တိုင်တန်းခဲ့သောဖြစ်ရပ်တစ်ခု နေပြည်တော်ပျဉ်းမနား၌ ယခုလ ၆ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယခုလ ၄ ရက်က နေပြည်တော်ပျဉ်းမနား. . ရပ်ကွက်နေဒေါ်. . . (၃၄)နှစ်သည် သမီးဖြစ်သူ မ. . နေအိမ်သို့ ပြန်လာရာလမ်းတွင် ပျောက်ဆုံးနေ၍ လိုက်လံစုံစမ်းရှာဖွေခဲ့သည်။ မ. . . အား မတွေ့ရဘဲ တစ်ချိန်တည်းမှာပင်တစ်ရပ်ကွက်တည်းနေဇင်မျိုး (၁၇)နှစ်နှင့် အောင်သူရ (၁၉)နှစ်တို့မှာလည်း ပျောက်ဆုံးနေကြောင်း သိရသည်။

အောင်သူရ၏ အဒေါ်များရှိရာ ကျေးရွာများသို့ ဒေါ်. . . (၃၄)နှစ်က ဇူလိုင် ၅ ရက်ညပိုင်းတွင် သွားရောက်ရှာဖွေရာ အောင်သူရနှင့် ဇင်မျိုးတို့နှစ်ဦးအားတွေ့ရပြီး သမီးဖြစ်သူ မ. . အားအိမ်အပေါ် ထပ်တွင်တွေ့ရ၍ အိမ်သို့ပြန်ခေါ်လာသည်ဟု ဆို၏။ ဒေါ်. . . (၃၄)နှစ်က သမီးဖြစ်သူအား အကျိုးအကြောင်းမေးရာ မ. . သည် ဇူလိုင် ၄ ရက် ညနေပိုင်း ကျောင်းဆင်းရာတွင် စက်ဘီးဖြင့် အိမ်ပြန်လာစဉ် ဘီးပေါက်သွားကြောင်း၊ မ. . က သူငယ်ချင်းဖြစ်သူထံ စက်ဘီးဝင်ထားစဉ် ဇင်မျိုးနှင့် အောင်သူရတို့နှစ်ဦး ဆိုင်ကယ်ဖြင့်ရောက်လာပြီး နေအိမ်သို့ပြန်ပို့ပေးမည်ပြောဆိုကာ ဆိုင်ကယ်ပေါ် ခေါ်တင်ပြီး အိမ်တစ်အိမ်သို့ ခေါ်ဆောင်သွားကာ ဇင်မျိုးက သားမယားအဖြစ် ခိုးယူပေါင်းသင်းကြောင်း မ. . ကမိခင်အားပြန်လည်၍ ပြောကြားခဲ့သည်ဟုဆိုသည်။

မိဘအုပ်ထိန်းမှုမှမလွတ်ကင်းသော သမီးဖြစ်သူအား ခိုးယူပေါင်းသင်းသူဇင်မျိုးနှင့် အောင် သူရအား ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားလာ၍ နေပြည်တော် ပျဉ်းမနားရဲစခန်းက (ပ)၄၁၈/၂၀၁၁ ဥပဒေပုဒ်မ ၃၆၃ အရ အမှုဖွင့်အရေးယူထားကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

## သြဂဲနစ်စိုက်ပျိုးရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပမည်

သန်းဌေး

**ရန်ကုန်၊ ဇူလိုင်-၂၂**

သြဂဲနစ်စိုက်ပျိုးရေးဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် သြဂဲနစ်သီးနှံထွက်ကုန် အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)တွင် ဇူလိုင် ၂၉ ရက်(သောကြာ)နေ့လယ် ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"မြန်မာနိုင်ငံမှာ သြဂဲနစ်သီးနှံစိုက်ပျိုးရေးဆိုင်ရာနဲ့ သြဂဲနစ်ထုတ်ကုန်တွေ ထွက်ရှိနိုင်မှု ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်တွင်းစားသုံးမှုရော ပြည်ပဈေးကွက်ရော ကျယ်ပြန့်လာဖို့ ရည်ရွယ်ပါတယ်" ဟု မြန်မာ့သြဂဲနစ်စိုက်ပျိုးရေးအစုအဖွဲ့ ဥက္ကဋ္ဌ ဦးနှင်းဦးကပြောသည်။ စာတမ်းဖတ်ပွဲတွင် စိုက်ပျိုးရေးပညာရှင်များနှင့် UMFCCI မှ လုပ်ငန်းရှင်များက စာတမ်း ငါးစောင်တင်သွင်းပြီး မည်သူမဆို တက်ရောက်နိုင်ပြီး တက်ရောက်သူများမှ သိလိုသမျှကို မေးမြန်းဆွေးနွေးနိုင်ကြောင်း သိရှိရသည်။ ယခုအချိန်အထိ သြဂဲနစ်အသိအမှတ်ပြုလက်မှတ်ကို ကုမ္ပဏီသုံးခုမှ အမျိုးအစားခြောက်မျိုးအတွက် လက်ခံရရှိပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါကုမ္ပဏီများမှာ ရှမ်းမောမြေ၊ တိုင်းအို ဆူပရင်းနှင့် ဖိန်း ဆေးဝါးထုတ်လုပ်ရေးတို့ဖြစ်ကြောင်း သိရှိရသည်။

## ရခိုင်ပြည်နယ်ရှိ ကျေးရွာ ၁၀၀ကျော်တွင် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး စီမံချက် ၂၀၁၂ ဇွန်လအထိ ဆောင်ရွက်မည်

မြတ်စုမွန်

**ရန်ကုန်၊ ဇူလိုင်-၂၁**

ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရွာပေါင်း ၁၄၃ ရွာတွင် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထု အခြေပြုငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးစီမံချက်အား လာမည့် ၂၀၁၂ ဇွန် ၃၀ ရက်အထိ ကာလထပ်မံတိုးမြှင့်သွားမည်ဖြစ်ပြီး လူနှစ်ဦးလျှင် ခြင်ထောင်တစ်လုံးစီ သုံးစွဲနိုင်စေရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ စီမံချက်မန်နေဂျာက ပြောသည်။



**ရခိုင်ပြည်နယ်ရှိ ကျေးလက်ဒေသတစ်ခုအား တွေ့ရစဉ်** ဓာတ်ပုံ-မောင်ကံ

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကျောက်တော်မြို့နယ်အတွင်းရှိ အပြင်းထန်ဆုံးငှက်ဖျားရောဂါဖြစ်ပွားရာဒေသများအဖြစ် ရွေးချယ်ထားသည့် ကျေးရွာပေါင်း ၁၄၃ ရွာတွင် ရောဂါသုံးမျိုးရန်ပုံငွေအဖွဲ့၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းက သုံးနှစ်စီမံကိန်းအဖြစ် အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါ စီမံချက်ကာလအတွင်း ပြည်သူလူထု၏ အမူအကျင့်ပြောင်းလဲမှု စစ်တမ်းကောက်ယူရာ ရာနှုန်းပြည့်ပြောင်းလဲလာခြင်း မရှိသေးကြောင်း စီမံချက်မန်နေဂျာက ပြောသည်။

"ဒီစီမံချက်မဝင်ခင်တုန်းကဆိုရင် ငှက်ဖျားရောဂါနဲ့ပတ်သက်လို့ ကျန်းမာရေးအသိပညာရှိမှုက တစ်ဆယ်ရာခိုင်နှုန်းတောင် မရှိဘူး။ ငွေကြေးချို့တဲ့မှုလည်း ပါတယ်။ ငှက်ဖျားရောဂါဆိုတာ ခြင်ကိုက်လို့ ဖြစ်တယ်ဆိုတာကို သိတဲ့လူက တစ်ဆယ်ရာခိုင်နှုန်းပဲရှိခဲ့တယ်။ ကျန်တဲ့ ကိုးဆယ်ရာခိုင်နှုန်းက ငှက်ပျောသီးစားလို့၊ စမ်းရေသောက်လို့ဆိုတဲ့ အသိတွေရှိခဲ့ကြတယ်။ အခုနောက်ပိုင်းမှာ ရှစ်ဆယ်ရာခိုင်နှုန်းလောက်ကပြောင်းလဲလာတယ်။ နှစ်ဆယ်ရာခိုင်နှုန်းလောက်က ကျန်နေသေးတယ်" ဟု ပြည်သူလူထု အခြေပြု ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးစီမံချက်မန်နေဂျာ ဦးတင်လှိုင်က ပြောသည်။

အဆိုပါစီမံချက်ကိုငှက်ဖျားရောဂါဖြစ်ပွား၊ သေဆုံးမှုနှုန်း ကျဆင်းရေး၊ပြည်သူလူထုကျန်းမာရေး အသိပညာဖွံ့ဖြိုးရေး၊ ခြင်ထောင်သုံးစွဲမှု အမူအကျင့်ရှိလာရေး၊ ဖျားနာသူများအား ၂၄ နာရီအတွင်းရောဂါရှာဖွေစစ်ဆေးအတည်ပြုကာ ဆေးတိုက်ကျွေးရန်နှင့် ခြင်ပေါက်ဖွားမှုနှုန်းနည်းပါးစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

"ရခိုင်မှာတော့ ဆေးယဉ်ပါးမှုပြဿနာကလောလောဆယ် မတွေ့သေးပါဘူး" ဟု ဦးတင်လှိုင်ကပြောသည်။ မြန်မာနိုင်ငံတွင် ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ်နှင့် တနင်္သာရီတိုင်းရှိတစ်ဆယ်မြို့နယ်၊ မွန်ပြည်နယ်ရှိ တစ်ဆယ်မြို့နယ်များသည်ငှက်ဖျားဆေးယဉ်ပါးမှုဖြစ်နိုင်ချေ အများဆုံးရှိသော မြို့နယ်များဖြစ်ကြောင်း သတင်းရရှိသည်။

## မြန်မာ့ယဉ်ကျေးမှုအရလည်းကောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအရလည်းကောင်း သင့်လျော်မှုမရှိသည့် ကြော်ငြာများကို ပုံနှိပ်ဖော်ပြခြင်းမပြုရန် တားမြစ်

သောက်ရေသန့် (PH7) တံဆိပ်ဖြင့် ပီအမ်ဂျီကုမ္ပဏီမှ ထုတ်လုပ်သော Majesty ကြော်ငြာသည် ကြော်ငြာပါမော်ဒယ်အမျိုးသမီးနှစ်ဦး၏ ဝတ်စားဆင်ယင်မှုနှင့် ကိုယ်နေဟန်ထားတို့အရလည်းကောင်း၊ PH7 ဟု ဖော်ပြထားသော်လည်း ကြော်ငြာတွင်ပါဝင်သည့် Refined Taste of Smoothness စာတန်းအရလည်းကောင်း၊ ပြင်ပတွင် ၎င်းတံဆိပ်နှင့် ရောင်းချနေသည့် အရက်ကြော်ငြာသဖွယ်ဖြစ်နေသဖြင့် ပုံနှိပ်ဖော်ပြခွင့်မပြုကြောင်း သတင်းရရှိသည်။

"တကယ်တော့ အားကစားဂျာနယ်တွေဆိုတာ လူမှုရေးဦးတည်ချက်ထဲမှာပါဝင်တဲ့ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အဓိကအထောက်အကူဖြစ်တဲ့ စာစောင်တွေပါ။ ဒီလိုစာစောင်တွေမှာ ကျန်းမာရေးကို ထိခိုက်စေတဲ့၊ ကြံ့ခိုင်ရေးကိုပျက်ယွင်းစေတဲ့ အဖျော်ယမကာနဲ့ တံဆိပ်တူသောက်ရေသန့်ကို ခုတုံးလုပ်ပြီး မြန်မာ့ယဉ်ကျေးမှုနဲ့ကြည့်ရင် ဘယ်လိုမှ မသင့်လျော်တဲ့ ဝတ်စားဆင်ယင်မှု၊ ကိုယ်နေဟန်ထားတွေနဲ့ အမျိုးသမီးတွေကို ဇန်းပြပြီး ယမကာ ကြော်ငြာတွေမှာ ထည့်သွင်းလေ့ရှိတဲ့ စာသားတွေ ထည့်ဖော်ပြပြီး ကြော်ငြာတာမျိုးကို ခွင့်မပြုပါဘူး။ ဖော်ပြလာရင်လည်း လိုအပ်သလို အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသွားသည်။

အဆိုပါ ပုဂ္ဂိုလ်က "အရက်၊ ဘီယာ၊ ဆေးလိပ်ကြော်ငြာတွေကို လုံးဝဖော်ပြခွင့်မပြုတော့တာ ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁ ရက်ကတည်းက ဖြစ်ပါတယ်။ အဲဒီတုန်းကလည်း စာအုပ်၊ စာစောင်တွေ ပြင်ဆင်ချိန်ရအောင် ၂၀၀၉ ခုနှစ်၊ သြဂုတ် ၂၅ ရက်မှတစ်ကြိမ်၊ အောက်တိုဘာ ၂၃ ရက်မှာတစ်ကြိမ် ကြိုတင်အသိပေးကြေညာပြီးမှ ဆောင်ရွက်ခဲ့တာပါ" ဟု ဆိုသည်။

၂၀၁၁ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၌ ကျင်းပပြုလုပ်ခဲ့သော စိစစ်သုံးသပ်တင်ပြရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးတွင်လည်း မြန်မာ့ယဉ်ကျေးမှုရှုထောင့်အရလည်းကောင်း၊ တစ်မျိုးသားလုံးစိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေးအတွက်လည်းကောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက်လည်းကောင်း၊ ပုံနှိပ်ဖော်ပြရန် မသင့်လျော်သည့် ကြော်ငြာများနှင့်ပတ်သက်၍ အကျယ်တဝင့်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

"အရက်၊ ဘီယာတွေထုတ်လုပ်တဲ့ ကုမ္ပဏီက အခြားလူသုံးကုန်ပစ္စည်းတွေ ကြော်ငြာတဲ့အခါ ကြော်ငြာတဲ့ကုန်ပစ္စည်းနဲ့ မသက်ဆိုင်တဲ့ အမျိုးသမီးပုံတွေ ဇန်းပြကြော်ငြာတာမျိုး၊ အရက်၊ ဘီယာနဲ့ပတ်သက်ဆက်နွယ်မှုရှိစေနိုင်တဲ့ပုံ၊ စာသားတွေ ထည့်ကြော်ငြာတာမျိုးနဲ့ ပရိသတ်ကို မလှည့်စားသင့်ပါဘူး။ ဒါတွေကို ပုံနှိပ်မီဒီယာမှတင် တားမြစ်ရမှာ မဟုတ်ဘဲ နေရာအနှံ့မှာ ရှိနေတဲ့ Bill Board တွေ၊ Vnyl Sign Board တွေမှာလည်း ထိန်းချုပ်တားမြစ်ပေးသင့်ပါတယ်။ ဒီလိုကုမ္ပဏီတွေပါဝင်ဖွဲ့စည်းထားတဲ့ UMFCCI လို အသင်းကြီးကပါ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များ၊ လုပ်ထုံးလုပ်နည်းများကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးမြှင့်တင်မှု လုပ်ပေးမယ်ဆိုရင်တော့ ပိုပြီးထိရောက်အောင်မြင်မှာ အမှန်ပဲ" ဟု စိစစ်သုံးသပ်တင်ပြရေး အဖွဲ့ညှိနှိုင်းအစည်းအဝေးကို တက်ရောက်ခဲ့သူတစ်ဦးကပြောသည်။

"အရင်တုန်းက လက်ဖက်ရည်ဆိုင်တွေ များသလောက် အခုအရက်ဆိုင်တွေ၊ ဘီယာဆိုင်တွေများလာပြီး လူတွေရဲ့ကျန်းမာရေးကို ထိခိုက်ရုံမကဘဲ စာရိတ္တပါချို့ယွင်းလာကြတာ ဒီကြော်ငြာတွေရဲ့ သက်ရောက်မှုက ဘယ်လောက်တောင်ရှိသလဲဆိုတာ တွေးကြည့်စရာတောင် မလိုပါဘူး" ဟု ၎င်းကဆိုသည်။

အဆိုပါ ကြော်ငြာပုံနှိပ်ဖော်ပြခဲ့သည့် ဂျာနယ်နှစ်စောင်ကိုလည်း နောက်ဆုံးအကြိမ် ပြင်းထန်စွာ သတိပေးခဲ့ပြီး အသိပေးကြေညာချက်အား စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနက ဇူလိုင် ၁၈ ရက်စွဲဖြင့် ထုတ်ပြန်ထားကြောင်းနှင့် ချိုးဖောက်ပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## စာ(၂၅) ခရီးသွားလုပ်ငန်း ပွင့်လန်းစေဖို့မှ

အချိန်တိုအတွင်း ဖြည့်ဆည်းရန်ခက်ခဲသည်က ကျင့်သားပြည့်ဝ၊ စိတ်ထားလှသော လူ့စွမ်းအားများသာဖြစ်ချေသည်။ လူ့စွမ်းအားအရင်းအမြစ်ကို (တူတူတန်တန်) ဖြည့်ဆည်းရေးမှာ လွယ်ကူသည်မဟုတ်ပေ။ တန်ဖိုးအသီးသီးရှိသော လူ့စွမ်းအားများအတွက် ထိုက်တန်သောတန်ဖိုးသတ်မှတ်မှုရှိရမည်ဖြစ်သည်။

ထိုက်တန်သော တန်ဖိုးရမှုလည်း အကျင့်ပျက်ခြင်း၊ ခြစားခြင်း၊ ဘေးပေါက်ရှာခြင်း၊ ခိုးဝှက်ခြင်းကင်းပြီး အလုပ်အပေါ် ချစ်မြတ်နိုးစိတ်သစ္စာရှိစိတ်ပေါ်လာမည်ဖြစ်သည်။ မိမိတို့၏ လုပ်ငန်းရှင်များသည် သစ္စာရှိသော လူယုံမွေးခြင်းအလုပ်ကို နှစ်သက်မြတ်နိုးစွာ ကျင့်ကြံလေ့ရှိကြသည်။ အမှန်တကယ်လိုအပ်သည်မှာ အလုပ်ရှင်အပေါ် သစ္စာရှိရေးထက် မိမိလုပ်ရသော အလုပ်အပေါ် သစ္စာရှိရေးသာ ဖြစ်ပါသည်။ မိမိအလုပ်အပေါ် သစ္စာရှိမှသာ မိမိအလုပ်တည်မြဲလုံခြုံမှု (Job Security) ကိုရမည် ဖြစ်သည်။ အထူးသဖြင့် ညှော်ဝတ် ပြုရသော နယ်ပယ်တွင် မိမိအလုပ်ကို ချစ်မြတ်နိုးစွာ လုပ်တတ်ကိုင်တတ်သူများ မွေးထုတ်ပေးရေးသည် အရေးတကြီး လိုအပ်ချက်ဖြစ်လာနေပါသည်။ ဝန်ဆောင်ညှော်ပြုမှုများ တစ်ပြေးညီဖြစ်နိုင်ရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်များကလည်း လုပ်ငန်းရှင်များအပေါ် လိုက်နာရမည့် ပူးပေါင်းဆောင်ရွက်ဖွယ်ရာများ သတ်မှတ်လာနိုင်ပါသည်။

ဥပမာ- ဝန်ဆောင်မှု အရည်အသွေးကောင်းရေးအတွက် မည်သည့်သင်တန်းမျိုး သင်ကြားပေးရမည်၊ မည်သို့သော သင်တန်းတက်ထားသူများကိုသာ အလုပ်ခန့်ထားခွင့်ရှိသည် စသည့် သတ်မှတ်ချက်များ ပညတ်ချက်များ ပြဋ္ဌာန်းကျင့်သုံးလာနိုင်ပေသည်။ သို့မှသာ မိမိနိုင်ငံ၏ မူလဗီဇ အရည်အသွေး တစ်ခုဖြစ်ပြီး နိုင်ငံတကာ ဧည့်သည်များ နှုတ်ဖျားတွင် ရေပန်းစားခဲ့ဖူးသော "အပြုံးများဖြင့် လန်းဆန်းချိုသာစွာ ဧည့်ဝတ်ပြုတတ်သောနိုင်ငံ" ဟူသည့် တစ်မျိုးသားလုံး ဂုဏ်တက်စေမည့် အသိအမှတ်ပြုမှုကို ပြန်လည်ရရှိနိုင်မည် ဖြစ်သည်။ ။

Environment

7 DAY NEWS JOURNAL

Vol.10, No.19 • JULY 28, 2011

# မှတ်တမ်းမတင်ရသေးသောဇီဝမျိုးစုံမျိုးကွဲ ၂၉ မျိုး လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တွင်တွေ့


**အေးမြကျော်**

**ရန်ကုန်- ဇူလိုင်၁၆**

မြန်မာနိုင်ငံ၏အာဆီယံအမွေအနှစ်စာရင်းဝင် ဥယျာဉ်တစ်ခုဖြစ်သော တနင်္သာရီကမ်းရိုးတန်းရှိ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တွင်မြန်မာနိုင်ငံ၌ မှတ်တမ်းမတင်ရသေးသောဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်သစ်ပေါင်း ၂၉မျိုးတွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်းသုတေသနလုပ်ငန်းများပြုလုပ်ခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးအသင်းမှ ဦးတင့်ထွန်းက ပြောကြားသည်။

မှတ်တမ်းအသစ်အဖြစ်တွေ့ရှိခဲ့ရသောဇီဝမျိုးစုံမျိုးကွဲများတွင် ပင်လယ်မြက်နှစ်မျိုး၊ အပင်မျှောလေးတစ်မျိုး၊ အကောင်မျှောလေးခုနစ်မျိုး၊ ဒီရေတောမျိုးစိတ်တစ်မျိုး၊ ငါးမျိုးစိတ်ခုနစ်မျိုး၊ ကုန်းနေရေနေသတ္တဝါမျိုးစိတ်သုံးမျိုး၊ ငှက်မျိုးစိတ်ရှစ်မျိုး စုစုပေါင်း ၂၉ မျိုးတွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း ဦးတင့်ထွန်းကပြောကြားသည်။

၂၀၁၀ပြည့်နှစ်အတွင်းလန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တွင် ဇီဝမျိုးစုံမျိုးကွဲများကို လေ့လာစစ်တမ်းကောက်ယူခဲ့ရာ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသေးသောနေရာတစ်ခုအဖြစ် တွေ့ရှိခဲ့ရကြောင်းလည်း သုတေသနပြုလုပ်ခဲ့သူတစ်ဦးက မှတ်ချက်ပြုပြောကြားသည်။



လန်ပိအဏ္ဏဝါအမျိုးသား ဥယျာဉ်အတွင်းတွင်တွေ့ရသော ဒီရေတော

ဓာတ်ပုံ - BANCA

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်အတွင်းတည်ရှိပြီး မြန်မာနိုင်ငံရှိ အာဆီယံ အမွေအနှစ်ဒေသခြောက်ခုအနက်မှတစ်ခုဖြစ်သည်။

၁၉၉၆ ခုနှစ်တွင် အဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ပြီး အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် ၂၀၀၃ခုနှစ်တွင်သတ်မှတ်ခြင်းခံခဲ့ရသည်။

ထိုဥယျာဉ်တွင်သန္တာကျောက်တန်းများနှင့် ရှားပါးမျိုးစိတ်တစ်ခုဖြစ်သော ချေလှောင်တို့ကို အဓိက ကာကွယ်ထိန်းသိမ်းထားပြီး မြန်မာနိုင်ငံတွင် တစ်နေရာတည်း၌သာ တွေ့ရှိနိုင်သော ဆလုံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုနှင့်လူမှုဘဝများကို ထိန်းသိမ်းထားသောနေရာတစ်ခုဖြစ်သည်။

# ချင်းတွင်းမြစ်ရေ အချို့နေရာများတွင် ပိုညစ်ညမ်းလာ

**အိဖြူမွန်**

**ရန်ကုန်၊ ဇူလိုင်-၂၀**

ချင်းတွင်းမြစ်ရေ အရည်အသွေးကို တစ်နှစ်တစ်ကြိမ်တိုင်းတာခဲ့ရာ ယခုနှစ် တိုင်းတာချက်များအရ ယခင်နှစ်များကထက် မြစ်ရေမှာ နောက်ကျိမှုနှင့် အချို့နေရာများ၏ ညစ်ညမ်းမှုပိုများလာကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတင်းရရှိသည်။

ရေအရည်အသွေးကို အချက်ပေါင်းကိုးချက်ဖြင့် တိုင်းတာရာ မြစ်ကမ်းနံဘေးစက်ရုံအလုပ်ရုံရှိသော နေရာများ၌ နမိုးနီးယား ဓာတ်များတွေ့ရှိရပြီး မြစ်ညာပိုင်းတွင် နောက်ကျိမှုများတွေ့ရှိရကြောင်း သိရသည်။ ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ရေတွင်ပါဝင်သော ဓာတ်ပစ္စည်းမျိုးစုံပါဝင်မှုမှာ အနည်းငယ်စီ တက်လာကြောင်း၊ သို့သော် မြစ်တစ်ခုလုံးနှင့် နှိုင်းယှဉ်ပါက သောက်သုံး၍မရသည့်အဆင့်သို့ မရောက်ရှိသေးကြောင်း ယင်းဌာနမှ သုတေသနပညာရှင်က ပြောသည်။

မြစ်ရေကိုတိုင်းတာရာတွင် ရေအရည်အသွေး PH Level၊ ရေတွင်ရှိသော အပူချိန်၊ သံဓာတ်၊ ကလိုရိုက်၊ ရေစေး၊ ရေသွက်၊ (တာပိုနတီ) ရေ၏နောက်ကျိမှု၊ နိုက်ထရိုက်၊ အယ်ကာလီ၊ နိုက်ထရက်ဓာတ်များကိုတိုင်းတာသည်။ ရေတွင်ရေနေသတ္တဝါတို့ ရှင်သန်နိုင်ရန်လိုအပ်သည့် ရေတွင်ပါဝင်သော အောက်ဆီဂျင်ကိုလည်း တိုင်းတာသည်။

ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်သော ဥရုမြစ်တွင်းရှိ အချို့နေရာများတွင် ရေ၌ပါဝင်သော အောက်ဆီဂျင်ဓာတ်များ လုံးဝမတွေ့ရှိရတော့ကြောင်း၊ ထို့ကြောင့် ဥရုမြစ်၏နေရာဒေသအချို့တွင် ရေနေသတ္တဝါငါးများ မတွေ့ရကြောင်း သိရှိရသည်။

# သဲထုတ်ယူသုံးစွဲမှုများကြောင့် စစ်တွေပွိုင့်ကမ်းခြေ အလှပျက်စီးလာ

**မောင်သန်းဝင်း**

**စစ်တွေ၊ ဇူလိုင်- ၂၀**

ရခိုင်ပြည်နယ်၏ အထင်ကရဖြစ်သောသံတွဲငပလီကမ်းခြေပြီးလျှင် အလှပဆုံး ကမ်းခြေတစ်ခုဖြစ်သည့် စစ်တွေမြို့ပွိုင့်ကမ်းခြေမှ မဆင်မခြင် သဲထုတ်လုပ်ငန်းများကြောင့် ကမ်းခြေသဲသောင်ပြင် သဘာဝအလှတရားများ တစ်ဖြည်းဖြည်း နိမ့်ကျတိမ်ကောပျက်စီးလာကြောင်း မြို့ခံလေ့လာသူများကပြောသည်။

စစ်တွေမြို့အဆောက်အအုံ၊ လမ်း၊ တံတားစီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သော သဲများကို နှစ်ပေါင်းများစွာကပင် ပွိုင့်ကမ်းခြေတစ်ခုတည်းမှ မဆင်မခြင်အလုံးအရင်းဖြင့်ထုတ်ယူသုံးစွဲလာကြရာကမ်းခြေတစ်လျှောက်အချို့ နေရာများ၌ အင်းခွက်များ၊ ချိုင့်ခွက်များ စစ်တွေရေနက်ဆိပ်ကမ်းတည်ဆောက်မှုစီမံကိန်းတွင်လည်း ထုတ်ယူသုံးစွဲမှုရှိသဖြင့် ထုတ်ယူသုံးစွဲမှုပမာဏနှင့် ဒီရေတက်ရောက်ချိန်ပင်လယ်မှသဘာဝအလျောက် သဲများပြန်လည်ဖို့ချ ဖြည့်ဆည်းမှုနည်းပါးသည့်အတွက် ကမ်းခြေမှာ တဖြည်းဖြည်း နိမ့်ကျတိမ်ကောမှု မြန်ဆန်လာခြင်းဖြစ်သည်။

ယခုအခါ သက်ဆိုင်ရာက ထိန်းသိမ်းကာကွယ်ထားပြီး တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကိုအောင်ဒိုင်၊ ကျားမသောက်၊ ငပြိုတက်၊ ဆင်တက်မော်ဘက်သို့ ရွှေ့ပြောင်းထုတ်လုပ်ရန်အမိန့်ထုတ်ထားမြစ်ထားကြောင်း သိရသည်။

# ဧရာဝတီနှင့် ချင်းတွင်းမြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများအတွက် စီမံချက်များပြန်လည်ရေးဆွဲ

**အိဖြူမွန်**

**ရန်ကုန်၊ ဇူလိုင်-၂၀**

ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်း ထိန်းသိမ်းရေးအတွက် လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော်က ရေးဆွဲခဲ့သော စီမံချက်ကို ယခုနှစ်တွင် အသစ်ပြန်လည်ရေးဆွဲနေကြောင်း ရေအရင်းမြစ်နှင့် မြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အသစ်ပြန်လည်ရေးဆွဲသောစီမံချက်တွင်ခေတ်နှင့်ကိုက်ညီသော မြစ်ကြောင်းအချက်အလက်များ၊ ထိန်းသိမ်းရေးများကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြမည်ဟုသိရသည်။






မြန်မာနိုင်ငံ၏ အသက်သွေးကြောတစ်ခုဖြစ်သော ဧရာဝတီမြစ်

"အရင်တုန်းက master plan က အခုခေတ်နဲ့ မကိုက်ညီဘူး။ အဲဒါတွေကို ပြန်လည်ဆန်းစစ်ပြီး အသစ်ပြန်ဆွဲတာပါ။ အခုလက်ရှိ မြစ်ကြောင်းထိန်းသိမ်းရေးကို master plan အတိုင်းလုပ်နေတာပါ။ မြစ်က အရင်အခြေအနေနဲ့ အခုအခြေအနေက မတူတော့ဘူးလေ" ဟု အထက်ပါပုဂ္ဂိုလ်ကထပ်မံပြောသည်။

မြစ်ကြီးနှစ်စင်းအတွက် စီမံချက် (master plan)ကို ကမ္ဘာ့ဘဏ်အကူအညီဖြင့် ပူးပေါင်း၍ ၁၉၈၆-၁၉၈၇တွင်ရေးဆွဲခဲ့သည်။ မြစ်ကြီးနှစ်စင်းထိန်းသိမ်းရေးအတွက် စီမံချက် စာအုပ်ခုနစ်အုပ်ထွက်ရှိခဲ့သည်။ ယင်းစီမံချက် ခုနစ်အုပ်တွင်ပါဝင်သော မြစ်ကြောင်းထိန်းသိမ်းရေးများကိုယခုလုပ်ဆောင်လျက်ရှိကြသည်။ ယခင် စီမံချက်တွင် မြစ်ကြောင်းထိန်းသိမ်းရေးပတ်သက်သော အသေးစိတ်အချက်အလက်များပါဝင်သည်။ ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်သည်ရေဝေရေလဲဒေသတွင် အလွန်အကျွံတွင်းထွက်တူးဖော်ခြင်းနှင့် သစ်တောများ ပြုန်းတီးလာခြင်းတို့ကြောင့် သဲသောင်ဖြစ်ထွန်းမှုများလာကြောင်း သိရသည်။

Environment Cartoon






Tourism
7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# ပြည်တွင်းလေယာဉ်လက်မှတ်ခများ ဈေးတက်ရန်စီစဉ်နေ

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၂၀**

လာမည့်ခရီးသွားရာသီတွင် ကမ္ဘာလှည့်ခရီးသွားများအတွက် ပြည်တွင်းလေယာဉ်လက်မှတ်ဈေးနှုန်းများ တိုးမြှင့်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့တင်ပြထားကြောင်း ပြည်တွင်းလေကြောင်းလိုင်းအချို့မှ တာဝန်ရှိသူအချို့ကပြောသည်။

"ခရီးစဉ်တစ်ခုကို ပျမ်းမျှ ၁၀ ဒေါ်လာလောက်တိုးမြှင့်ဖို့တင်ပြထားတယ်"ဟု ပြည်တွင်းရှိ လေကြောင်းလိုင်းတစ်ခုမှ အထွေထွေမန်နေဂျာတစ်ဦးကပြောသည်။

ဒေါ်လာဈေးကျဆင်းသဖြင့် လက်ရှိပြည်တွင်းခရီးသွားများအတွက် သတ်မှတ်ထားသောဈေးနှုန်းမှာ ပြည်ပခရီးသွားများအတွက် သတ်မှတ်ထားသော ဈေးနှုန်းထက်များနေသဖြင့် ပြည်ပခရီးသွားများ၏ ဈေးနှုန်းအား တိုးမြှင့်ရန်စီစဉ်ရခြင်းဖြစ်ကြောင်း လေကြောင်းလိုင်းတစ်ခုမှ တာဝန်ရှိသူကပြောသည်။

"မန္တလေးကို ပြည်တွင်းခရီးသွားတွေအတွက်က ကျပ်ခြောက်သောင်းခွဲ၊ နိုင်ငံခြားသားက ဒေါ်လာ (သို့မဟုတ်) အက်ဖ်အီးစီ ၈၀၊ ဒါကို အခုလက်ရှိ ပေါက်ဈေးနဲ့ တွက်ရင် ပြည်တွင်းခရီးသွားတွေ လက်မှတ်ခက များနေတယ်"ဟု လေကြောင်းလိုင်းမှ ဈေးကွက်မန်နေဂျာတစ်ဦးကရှင်းပြသည်။

ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သော အသုံးအဆောင်ပစ္စည်းများအား ဈေးနှုန်းသက်မှတ်ရာတွင် ပြည်ပခရီးသွားများအတွက် ဈေးနှုန်းမှာ ပြည်တွင်းခရီးသွားများထက် ပိုလေ့ရှိကြသည်။

ထိုကဲ့သို့ ပြည်တွင်း လေယာဉ်ခရီးစဉ်များအတွက် လေယာဉ်လက်မှတ်ဈေးနှုန်းများ ဈေးတက်လာမည်ကို ခရီးသွားကုမ္ပဏီများကစိုးရိမ်နေကြကြောင်း ခရီးသွားလုပ်ငန်းရှင်များကပြောသည်။

"လေဆိပ်ခွန်ဆိုပြီး ကျပ်တစ်ထောင်ကောက်တာက ခရီးစဉ်ငါးခုလောက်ဆို ခုနစ်ဒေါ်လာလောက်ကျတယ်။ ဒီနှစ်မှာကိုကားခရော၊ ဟိုတယ်ခရော ဈေးတွေတက်ထားတော့ ခရီးစဉ်ဈေးနှုန်းတွေ အရမ်းဈေးကြီးနေတယ်။ အဲဒီလို ဈေးကြီးနေရင် လက်မှတ်မဝယ်ကြမှာ စိတ်ပူရတယ်" ဟု ကျောက်တံတားမြို့နယ်ရှိ ခရီးသွားကုမ္ပဏီတစ်ခုမှ ဒါရိုက်တာတစ်ဦးကဆိုသည်။

ပြည်တွင်းလေယာဉ်လက်မှတ်များအား သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ပေးသော ဈေးနှုန်းအတိုင်း အားလုံးတူညီစွာရောင်းချကြရသည်။ လက်ရှိတွင်ပုဂ္ဂလိကလေကြောင်းလိုင်းလေးခုက ပြည်တွင်းခရီးစဉ်များပျံသန်းပေးလျက်ရှိသည်။

# ကမ္ဘောဇလေကြောင်းလိုင်း မြို့သုံးမြို့သို့ ခရီးစဉ်တိုးချဲ့ပျံသန်းမည်




*အဲကမ္ဘောဇလေကြောင်းလိုင်းမှ လေယာဉ်တစ်စီး*

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၂၀**

ကမ္ဘောဇလေကြောင်းလိုင်းက ဇူလိုင်လ ၂၆ရက်မှစ၍ မြို့ကြီးသုံးမြို့သို့ တိုးချဲ့ပျံသန်းတော့မည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်း အထွေထွေမန်နေဂျာ ဦးမြတ်သူကပြောသည်။

"မြစ်ကြီးနားကို တစ်ပတ်နှစ်ရက်၊ ကလေးကို တစ်ပတ်တစ်ရက်နဲ့ ကော့သောင်းကို တစ်ပတ်ခြောက်ရက်ပျံသန်းမှာပါ"ဟု ဦးမြတ်သူကပြောသည်။

မြစ်ကြီးနားမြို့သို့ အပတ်စဉ် အင်္ဂါနှင့်ကြာသပတေးနေ့များတွင် ပျံသန်းမည်ဖြစ်ပြီး ကလေးမြို့သို့ ကြာသပတေးနှင့် ကော့သောင်းမြို့သို့ တနင်္ဂနွေနေ့မှလွဲ၍ နေ့စဉ်ပျံသန်းမည်ဖြစ်သည်။

လက်ရှိကာလတွင် အသစ်ဝယ်ယူထားသော ATR-72 လေယာဉ်နှစ်စင်းဖြင့် အဓိကမြို့ကြီးများသို့ ပျံသန်းလျက်ရှိပြီး ထပ်မံဝယ်ယူထားသော လေယာဉ်နှစ်စင်းရောက်ရှိလာပါက သံတွဲအပါအဝင် အခြားသောမြို့များသို့ပါ ပျံသန်းရန်အစီအစဉ်ရှိကြောင်းသိရသည်။ ထပ်မံ ဝယ်ယူထားသော လေယာဉ်အသစ်နှစ်စင်းမှာ လာမည့် ခရီးသွားရာသီအမီ ရောက်ရှိမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှသိရှိရသည်။

## ရန်ကုန်မြို့လယ်တွင်ဆေးလိပ်သောက်ခွင့် မပြုသော ဟိုတယ်သစ် ဖွင့်လှစ်

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၁၈**

ရန်ကုန်မြို့ ဆူးလေစေတီတော်အနီး ကုန်သည်ကြီးများဟိုတယ်နှင့်မျက်နှာချင်းဆိုင်တွင် ဆေးလိပ်သောက်ခွင့်မပြုသောဟိုတယ်သစ်ကိုဖွင့်လှစ်ထားကြောင်း အဆိုပါဟိုတယ်မှ တာဝန်ရှိသူကပြောသည်။

"Delex ခန်း ၄၅ ခန်းနဲ့ Stero Apartment အခန်းသုံးခန်းရှိတယ်။ အခန်းထဲမှာရော စားသောက်ဆိုင်ထဲမှာရော ဘယ်နေရာမှာမှ ဆေးလိပ်သောက်လို့မရပါဘူး" ဟု အဆိုပါတာဝန်ရှိသူကပြောသည်။ East Hotel Dinning Art and Craft ဟု အမည်ပေးထားသော ဟိုတယ်တွင် အနိမ့်ဆုံး Delex ခန်း ဈေးနှုန်းမှာကန်ဒေါ်လာ ၈၀ခန့်ရှိပြီး အွန်လိုင်းမှကြိုတင်မှာယူသောဈေးနှုန်းမှာကန်ဒေါ်လာ ၅၀ ဖြစ်သည်ဟုဈေးနှုန်းဖော်ပြထားသည်။ အဆိုပါဟိုတယ်မှာဦးဂျော်နီခင်ဦးဆောင်သောAsiaHospility Service ကုမ္ပဏီမှ ဖွင့်လှစ်လုပ်ကိုင်သောဟိုတယ်ဖြစ်သည်။

## ပြည်တွင်းရေကြောင်းသင်္ဘောများ ပုဂလိကသို့ လွှဲပြောင်းပြီးနောက် လက်မှတ်ခများ ခုန်တက်သွား

**မောင်ကံ**

**စစ်တွေ၊ ဇူလိုင်- ၁၄**

ရခိုင်ပြည်နယ်အတွင်း ပြေးဆွဲနေသည့်ပြည်တွင်းရေကြောင်းသင်္ဘောများကိုပုဂ္ဂလိကသို့ဇူလိုင်လ ၁၂ရက်မှစတင်လုပ်ကိုင်ခွင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုခဲ့သည့်နေ့မှစ၍ သင်္ဘောလက်မှတ်ခများမှာ ယခင်ကထက် အဆများစွာဈေးမြင့်သွားကြောင်း ခရီးသည်တစ်ဦးကပြောသည်။


"စစ်တွေနဲ့ဘူးသီးတောင်ကို အရင်တုန်းက လက်မှတ်တစ်စောင်ငါးရာကျပ်ပါ။ အခုတော့တစ်စောင်ကို သုံးထောင်ကျပ်ဖြစ်သွားပါပြီ။ ပြီးတော့ သင်္ဘောထွက်ချိန်လည်း စောသွားပါတယ်။ အရင်စစ်တွေဆိပ်ကမ်းကပဲဖြစ်ဖြစ် ဘူးသီးတောင်ဆိပ်ကမ်းက နံနက်ရှစ်နာရီမှာထွက်ခွာပါတယ်။ အခုတော့ ခုနစ်နာရီက စထွက်ပါတယ်"ဟု အထက်ပါ ခရီးသည်က ပြောကြားသည်။ ပြည်တွင်းရေကြောင်း သင်္ဘောများ ပုဂ္ဂလိကသို့ လွှဲပြောင်းပြေးဆွဲခွင့်ရလာသည့်အလျောက် လက်မှတ်ခများမှာလည်း ခြောက်ဆထိ ဈေးမြင့်နေသဖြင့် ယခင်သင်္ဘောဆိုက်ချိန် ထက်စော၍ ဆိုက်ကပ်ပေးနိုင်ရေးဒေသခံအများစုက မျှော်လင့်နေကြသည်။



7DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011



















7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

## တောင်တရုတ်ပင်လယ်ကျွန်းစုများအရေး ပူးပေါင်းဖြေရှင်းရန် တရုတ်နှင့် အာဆီယံ သဘောတူ



**နူဆာဒူအာ၊ ဇူလိုင် - ၁၉**

အရှေ့တောင် အာရှနိုင်ငံများ အသင်း အာဆီယံနှင့် တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်း နိုင်ငံများအငြင်းပွားနေသော ကျွန်းစုများအရေးနှင့်ပတ်သက်၍ ပူးပေါင်းဖြေရှင်းသွားရန် သဘောတူညီခဲ့ကြောင်း သိရသည်။ အဆိုပါသဘောတူညီချက်ကို ပြီးခဲ့သည့် ဇူလိုင် ၁၄ ရက်ကအင်ဒိုနီးရှားရှိ ဘာလီကျွန်း၌ အာဆီယံ အစည်းအဝေးတွင် နှစ်ဖက်စလုံးမှ ဝန်ကြီးများက သဘောတူညီခဲ့ခြင်း ဖြစ်သည်။ သဘောတူညီချက်အရ အငြင်းပွားမှုဖြေရှင်းရန် ယေဘုယျစည်းမျဉ်းများ ချမှတ်ရန် ရှိသည်။

ဗီယက်နမ်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အကြီးတန်းအရာရှိ ဖန်ကွမ်ဗင်းကလည်း "အပြုသဘောဆောင်ပြီး ပြည့်စုံတဲ့ ဆွေးနွေးညှိနှိုင်းမှုတွေက တစ်ဆင့်ကျွန်တော်တို့ဟာ ယေဘုယျစည်းမျဉ်းတွေအကြမ်းချမှတ်ဖို့ သဘောတူခဲ့ပါပြီ။ ဒါဟာဒေသတွင်း ယုံကြည်မှုနဲ့ တည်ငြိမ်မှုရှိဖို့ အတူတကွလုပ်ဆောင်ရေးအတွက် ကောင်းသောစတင်မှု ဖြစ်ပါတယ်" ဟုပြောသည်။ ယခု ယေဘုယျစည်းမျဉ်းများ ချမှတ်ခဲ့သော တရုတ်နှင့် အာဆီယံတို့၏ ရည်မှန်းချက်မှာ ဗီယက်နမ်၊ ဖိလစ်ပိုင် စသောအာဆီယံနိုင်ငံများနှင့် တရုတ်တို့အကြား တောင်တရုတ်ပင်လယ်ကျွန်းစုများ ပိုင်ဆိုင်မှုအငြင်းပွားနေခြင်းကို ဥပဒေရေးအရ ဒေသတွင်းဖြေရှင်းနိုင်ရန် ထိုဒေသအတွင်းအုပ်ချုပ်ပိုင်ခွင့်ကို နိုင်ငံများအကြားခွဲဝေဖြေရှင်းပေးရန်ဖြစ်သည်။

*—Ref: AFP*

## ဖိလစ်ပိုင်ပါလီမန် အမတ်များ အငြင်းပွားကျွန်းစုများသို့ လည်ပတ်

**မနီလာ၊ ဇူလိုင် - ၂၀**

ဖိလစ်ပိုင် ပါလီမန်အမတ်ငါးဦးသည်အငြင်းပွားနေသော စပရက်တလီကျွန်းများသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။ တရုတ်နိုင်ငံကမူ ယင်းသို့သွားရောက်လည်ပတ်မည့် အစီအစဉ်မှာ နှစ်နိုင်ငံဆက်ဆံရေးကို ပျက်ပြားစေနိုင်ကြောင်း ပြောကြားသည်။

တရုတ်နှင့်ဖိလစ်ပိုင်နိုင်ငံတို့မှာ ၎င်းကျွန်းများအား သူပိုင်ကိုယ်ပိုင်အငြင်းပွားနေသည့် နိုင်ငံ ၆ နိုင်ငံတွင် ပါဝင်သည်။ အစောပိုင်းတွင် အင်ဒိုနီးရှား သမ္မတ ယူဒိုယူနိုက အငြင်းပွားနေသော နိုင်ငံများသည် တောင်တရုတ်ပင်လယ်၌ လိုက်နာရမည့် အချက်များအပေါ် သဘောတူညီမှုပြုသင့်ကြောင်း ဘာလီကျွန်းတွင် ပြုလုပ်နေသည့် ထိပ်သီးဆွေးနွေးပွဲ၌ပြောကြားသည်။

စပရက်တလီကျွန်းများသည် တောင်တရုတ်ပင်လယ်၏အလယ်ဗဟိုတွင်တည်ရှိပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပေါကြွယ်ဝသည်ဟု ယုံကြည်ရသည်။ ယင်းဒေသသည်သင်္ဘောများဖြတ်သန်းသွားလာရေးအရေးပါသည့်နေရာလည်း ဖြစ်သည်။

ဖိလစ်ပိုင်ပါလီမန် အမတ်တစ်ဦးဖြစ်သူ ဝယ်လ်ဒန်ဘယ်လိုကယင်းပုဂ္ဂလိကခရီးစဉ်မှာဒေသခံများနှင့် ၎င်းဒေသတွင် စခန်းချထားသည့် စစ်သားများကို သွားရောက်တွေ့ဆုံရန်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ၏ နယ်မြေတောင်းဆိုမှုကိုထောက်ခံရန်ဖြစ်သည်ဟု ဆိုသည်။

သို့သော် ဖိလစ်ပိုင်နိုင်ငံရှိ တရုတ်သံရုံးကမူ ယင်းခရီးစဉ်မှာ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ထိခိုက်နိုင်ပြီး တရုတ်-ဖိလစ်ပိုင်ဆက်ဆံရေးကိုပျက်ပြားစေနိုင်ကြောင်း ပြောသည်။

*—Ref: BBC*

## စင်ကာပူတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု အခြေအနေဆိုးလာ

**စင်ကာပူ၊ ဇူလိုင် - ၂၀**

စင်ကာပူနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေသည် ကူးစက်ရောဂါအသွင် ပိုမိုဆိုးဝါးလာကြောင်း သိရသည်။ ရောဂါဖြစ်ပွားမှုမှာ ကူးစက်ရောဂါအဆင့်ကို ကျော်လွန်လာသည်မှာနှစ်ပတ်ဆက်တိုက်ရှိလာပြီဖြစ်သည်။

ရက်သတ္တပတ် တစ်ပတ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ၁၉၁ ကြိမ်ရှိပါက ကူးစက်ရောဂါအဆင့်ဟု သတ်မှတ်ထားရာတွင် ဇူလိုင်လ ပထမပတ်အတွင်းရောဂါဖြစ်ပွားမှု ၂၀၉ ကြိမ်ရှိခဲ့ပြီး ဒုတိယပတ်အတွင်း ၂၁၅ ကြိမ်ရှိခဲ့သည်။

ပါယာလီဘာ အထက်လမ်းတိုက်ကင်းဂါဒင်းဒေသမှာရောဂါဖြစ်ပွားမှု အများဆုံးနေရာဖြစ်ပြီး ၎င်းနေရာတစ်နေရာတည်းတွင် ၆၅ ကြိမ်ဖြစ်ပေါ်ခဲ့သည်။

အဖွဲ့ဝင်ကုမ္ပဏီပေါင်း ၈၀ ကျော်ပါဝင်သော စင်ကာပူပိုးမွှားထိန်းချုပ်ရေးအဖွဲ့ (SPMA) ကလည်း ရောဂါဖြစ်ပွားမှု အခြေအနေကို တပ်လှန့်နှိုးဆော်ထားပြီးခြင်ပေါက်ဖွားရာ နေရာများကို ဖော်ထုတ်သွားရန်အဖွဲ့ဝင်ကုမ္ပဏီများအား ညွှန်ကြားထားသည်။

တိုက်ကင်းဂါးဒင်းဒေသတွင် နေထိုင်သူများကလည်း ၎င်းတို့ကိုယ်တိုင်ကြိုတင်ကာကွယ်မှုများ ပြုလုပ်နေကြောင်း သိရသည်။

*—Ref: CNA*

## ထိုင်းနှင့် နယ်စပ်အရေးဆွေးနွေးပွဲများပြုလုပ်ရန် ကြိုဆိုကြောင်း ကမောဒီးယားပြောကြား

**ဖနွမ်းပင်၊ ဇူလိုင် - ၂၀**


ကမ္ဘောဒီးယားနိုင်ငံသည်နှစ်နိုင်ငံအငြင်းပွားနေသော ပရီယာဗီဟီရာဘုရားကျောင်းဒေသအနီးမှ တပ်ဖွဲ့ဝင်များ ပြန်လည်ဆုတ်ခွာရေးအတွက် ထိုင်းနိုင်ငံနှင့် ဆွေးနွေးပွဲများ ပြုလုပ်ရန် ကြိုဆိုလိုက်ကြောင်း သိရသည်။ ကမ္ဘောဒီးယားလက်ထောက်ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဟောင်နမ်ဟောင်ကလည်း "ကမ္ဘောဒီးယားဟာတပ်ဖွဲ့ဝင်တွေရုပ်သိမ်းရေးအတွက် ထိုင်းနဲ့ နယ်စပ်ပူးတွဲကော်မတီအစည်းအဝေး ဒါမှမဟုတ် အထွေထွေနယ်စပ် ကော်မတီအစည်းအဝေးတစ်ခုခုကို ဖျက်သိမ်းမှာမဟုတ်ပါဘူး" ဟုဖနွမ်းပင်မြို့တွင်သတင်းထောက်များအား ပြောသည်။ ၎င်းသည် နယ်သာလန်ရှိ နိုင်ငံတကာတရားရုံးမှ အပြန်လေဆိပ်တွင် ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဝန်ကြီးက "ထိုင်းအစိုးရသစ်ဟာမကြာမီရာထူးယူတော့မှာပါ။ ဒါ့ကြောင့် အဘီဆစ်ကြားဖြတ်အစိုးရဟာ နယ်စပ်ကိစ္စနဲ့ ပတ်သက်လို့ ဆွေးနွေးစရာ အချိန်မရှိတော့ပါဘူး" ဟုပြောသည်။ ၎င်းကထိုင်းအစိုးရသစ်တက်လာပါက နယ်စပ်ပြဿနာကိုညှိနှိုင်းနိုင်မည်ဟုကမ္ဘောဒီးယားကမျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ ကုလသမဂ္ဂ၏ နိုင်ငံတကာ တရားရုံးသည် ကမ္ဘောဒီးယားနှင့် ထိုင်းတပ်ဖွဲ့များအား အသစ်သတ်မှတ်ထားသော စစ်မဖြစ်ရဇုန်အနီးထိ ပြန်ဆုတ်ပေးရန် အမိန့်ချထားပြီးဖြစ်သည်။

သို့သော် မည်သည့်နေ့တွင် နောက်ဆုံးထားဆုတ်ခွာရန်ကိုမူ သတ်မှတ်ပေးခြင်း မရှိသေးပေ။ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည်ဖေဖော်ဝါရီလက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင်သတ်မှတ်ခဲ့သော နယ်စပ်အပစ်အခတ်ရပ်စဲရေး၊ သက်ဆိုင်ရာ နေရာများသို့ တပ်များရုပ်သိမ်းရေးတို့ကို သဘောတူခဲ့ပြီဖြစ်သည်။ သို့သော် ထိုင်းဘက်က ကမ္ဘောဒီးယားတပ်ဖွဲ့များ ဘုရားကျောင်းအနီးမှဦးစွာ ဆုတ်ခွာပေးရန်တောင်းဆိုခဲ့ပြီး နှစ်ဖက်တပ်များ ဆုတ်ခွာရေးမှာ နှောင့်နှေးနေသည်။

*—Ref: UPI*







7 DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# တောင်ကိုရီးယားတွင် ကလေးများအပေါ် လိင်မှုကျူးလွန်သူများကို ဓာတုဗေဒနည်းဖြင့် အပြစ်ပေးမည်

ဆိုးလ်၊ ဇူလိုင် - ၂၅

ကလေးများအပေါ် လိင်မှုကျူးလွန်သည်ဟုပြစ်မှုထင်ရှားသူများကို ဓာတုဗေဒနည်းဖြင့် မျိုးပွားအင်္ဂါဖြတ်တောက်ခြင်း (Chemical Castration)နည်းဖြင့် အပြစ်ပေးရန် တောင်ကိုရီးယားနိုင်ငံက ဥပဒေတစ်ရပ်ပြဋ္ဌာန်းလိုက်ကြောင်းသိရသည်။ တောင်ကိုရီးယားသည် ယင်းနည်းဖြင့်အပြစ်ပေးသည့် ပထမဦးဆုံးသော အာရှနိုင်ငံဖြစ်လာသည်။

ဥပဒေအရ အသက် ၁၆ နှစ်အောက်ကလေးများကို လိင်မှုကိစ္စပြစ်မှုကျူးလွန်သူများအား ဆေးပညာဆိုင်ရာအစီအမံတစ်ရပ် ခံယူစေရေးအတွက် တရားသူကြီး များကို အခွင့်အာဏာအပ်နှင်းထားသည်။ ယင်းဆေးပညာအစီအမံမှာ ၁၅ နှစ်အထိကြာမြင့်နိုင်ကြောင်းသိရသည်။

"ဒီနေ့ကစပြီးဥပဒေသက်ရောက်ပါပြီ"ဟုတောင်ကိုရီးယားတရားရေးဝန်ကြီးဌာနမှ အရာရှိကြီးတစ်ဦးကပြောကြားသည်။ ယခုနှစ်အတွင်းမှာပင် ပြစ်မှုကျူးလွန်သူအများအပြားအပေါ် ယင်းပြစ်ဒဏ်ကိုချမှတ်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အဆိုပါဥပဒေကြောင့် လူ့အခွင့်အရေးအုပ်စုများထံမှ ကန့်ကွက်မှုများထွက်ပေါ်ခဲ့သည်။ —Ref: Reuters

## နောက်ကျောဖုံး - အမေရိကန်ငွေကြေးများ တာလီဘန်များလက်ထဲ ရောက်ရှိသွား မှ

အမိက ကန်ထရိုက်တာရှစ်ဦးတွင် လေးဦးမှာ ရန်သူအားထောက်ခံနေသည် (သို့မဟုတ်) ရာဇဝတ်မှုလုပ်ငန်းများတွင်ပါဝင်ပတ်သက်နေကြောင်း စာရွက်စာတမ်းအထောက်အထားများရှိနေသည်ကို စုံစမ်းစစ်ဆေးမှုအရ တွေ့ရှိခဲ့ကြောင်းသိရသည်။

ကုမ္ပဏီရှစ်ခုအနက်မှ ကုမ္ပဏီတစ်ခုအားပေးအပ်လိုက်သည့် ကန်ဒေါ်လာ ၇ ဒသမ ၄ သန်းကို စုံစမ်းစစ်ဆေးသူများက ခြေရာခံခဲ့ကြောင်း၊ ယင်းကုမ္ပဏီက ဆပ်ကန်ထရိုက်တစ်ဦးအား ငွေများ လွှဲပေးခဲ့ကြောင်း၊ ယင်း ဆပ်ကန်ထရိုက်က အခြား ဆပ်ကန်ထရိုက်တစ်ဦးအား ကုန်တင်ကားများ ပံ့ပိုးပေးရန် ထပ်မံငှားရမ်းကြောင်း၊ ယင်းကုန်တင်ကား ဆပ်ကန်ထရိုက်တာက ကားများဘေးကင်းလုံခြုံစွာဖြင့် ဖြတ်သန်းနိုင်ရန် အာဖဂန်အမျိုးသားရဲချုပ်၏ဘဏ်စာရင်းအတွင်းသို့ငွေများထည့်သွင်းပေးခဲ့ကြောင်း တွေ့ရှိခဲ့သည်။

ရဲချုပ်၏ ငွေစာရင်းမှ ထုတ်ယူသည့် ကန်ဒေါ်လာ ၃ ဒသမ ၃ သန်းအား ထပ်မံ၍ ခြေရာခံရာတွင် သူပုန်(တာလီဘန်)များအတွက် လက်နက်များ၊ ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူ၍ လွှဲပြောင်းပေးအပ်ထားသည်ကိုတွေ့ရှိရကြောင်းဖြင့် ဝါရှင်တန်ပို့စ်သတင်းတွင်ဖော်ပြသည်။

"ကျွန်တော်တို့ ဘယ်လိုမှ နားမလည်နိုင်ပါဘူး"ဟု အောက်လွှတ်တော်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌတစ်ဦးဖြစ်သူ ဂျွန်တီယာနီအားကိုးကား၍ သတင်းစာတွင်ဖော်ပြသည်။ —Ref: AFP

## နောက်ကျောဖုံး - တရုတ်ကျည်ဆန်ရထားတိုက်မှု ၃၅ ဦး သေဆုံးခဲ့ခြင်းအတွက် ဝန်ကြီးဌာနတောင်းပန် မှ

တရုတ်နိုင်ငံသည် ငွေအမြောက်အမြားအကုန်အကျခံ၍ ရထားကွန်ရက်များတည်ဆောက်ခဲ့ရာ ၂၀၁၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် မိုင်ပေါင်း ၅,၂၀၀ အထိ တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်။ သို့သော်ယင်းသို့အလျင်အမြန်တည်ဆောက်မှုများက ဘေးကင်းလုံခြုံရေးတွင် ထိခိုက်မှုများရှိနိုင်ကြောင်း စိုးရိမ်မှုများရှိခဲ့သည်။

ယင်းသို့ မတော်တဆမှုဖြစ်ပေါ် ခဲ့သော်လည်း တရုတ်နိုင်ငံ၏ မြန်နှုန်းမြင့်ရထားစနစ်အပေါ်တွင် ယုံကြည်မှုရှိကြောင်း တရုတ်မီးရထားဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်ကပြောကြားသည်။

"တရုတ်နိုင်ငံရဲ့ မြန်နှုန်းမြင့်ရထားစနစ်ဟာ အဆင့်မြင့်ပြီး အရည်အသွေးမီပါတယ်။ ဒီရထားစနစ်ကို ကျွန်တော်တို့ယုံကြည်မှုရှိပါတယ်"ဟု ပြောခွင့်ရပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။ သို့သော် ဘေးကင်းလုံခြုံမှုကို ထိပ်တန်းဦးစားပေးအဖြစ် သတ်မှတ်ရမည်ဟုလည်း၎င်းကပြောသည်။ —Ref: Xinhua/AFP

## Leader's Profile



# ကွန်ပျူတာဗိုင်းရပ်စ် ကာကွယ်ရေး Kaspersky Lab ကုမ္ပဏီအကြီးအကဲ ယူဂျင်းကက်စ်ပါစကီး

ရဲမင်း

ယူဂျင်းကက်စ်ပါစကီးသည် သတင်းအချက်အလက် လုံခြုံရေးနည်းပညာကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ ကွန်ပျူတာဗိုင်းရပ်စ်ပညာရပ်နှင့်ပတ်သက်၍ဆောင်းပါးများစွာရေးသားခဲ့ပြီးကွန်ပျူတာလုံခြုံရေးဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများတွင် ပုံမှန်စကားပြောကြားသူတစ်ဦး ဖြစ်သည်။ ဗိုင်းရပ်စ်ကာကွယ်ရေးနှင့် ကွန်ပျူတာလုံခြုံရေး နည်းပညာပစ္စည်းများကို ၁၉၇၇ ခုနှစ်ကပင် စတင်ထုတ်လုပ်ခဲ့ပြီး ပုဂ္ဂလိကပိုင် နိုင်ငံတကာနည်းပညာ ကုမ္ပဏီ Kaspersky Lab ကိုပူးတွဲတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သည်။

ကတ်စ်ပါစကီးသည် ငယ်စဉ်ကပင် သင်္ချာပညာရပ်ကို များစွာစိတ်ဝင်စားခဲ့ပြီး အထက်တန်းကျောင်းတက်နေစဉ်မှာပင် သင်္ချာဂျာနယ်များတွင် ပါဝင်သည့် အမေးပုစ္ဆာများ ဖြေရှင်းရသည်ကိုဝါသနာထုံခဲ့သည်။ အထက်တန်းကျောင်းသားဘဝမှာပင် မော်စကိုရူပဗေဒနှင့် နည်းပညာအင်စတီကျူးဒ်တွင် ရူပဗေဒနှင့် သင်္ချာဘာသာရပ်များကို သီးသန့်ထပ်မံသင်ယူခဲ့သည်။ မော်စကိုပြည်နယ်တက္ကသိုလ်တွင်လည်း ထူးချွန်သောကျောင်းသားများအတွက် ဖွင့်လှစ်သည့် ရူပဗေဒနှင့်သင်္ချာဘာသာရပ်သင်တန်းများကိုတက်ရောက်ခဲ့သည်။

၁၉၈၇ ခုနှစ်တွင် ရုရှားထောက်လှမ်းရေး KGB နှင့် ရုရှားကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် ကွန်ပျူတာသိပ္ပံ၊ ဆက်သွယ်ရေးနှင့် လျှို့ဝှက်ကုတ်ရေးခြင်းပညာအင်စတီကျူးဒ်မှနေ၍ အင်ဂျင်နီယာသင်္ချာဘာသာရပ် အထူးပြုဖြင့် ဘွဲ့ရရှိခဲ့သည်။ ယင်းနောက် ကက်ပါစကီးသည်ဘာသာရပ်ပေါင်းစုံသိပ္ပံပညာသုတေသနအင်စတီကျူးဒ်တစ်ခုတွင်ဝင်ရောက် အလုပ်လုပ်ကိုင်ခဲ့သည်။ ၎င်းအင်စတီကျူးဒ်တွင်အလုပ်လုပ်နေစဉ် ၁၉၈၉ ခုနှစ် အောက်တိုဘာလ၌ ၎င်း၏ကွန်ပျူတာတွင် Cascade ဗိုင်းရပ်စ်ဝင်ရောက်နေကြောင်း တွေ့ရှိခဲ့ရာယင်းဗိုင်းရပ်စ်အားသတ်နိုင်သည့်ဆော့ဖ်ဝဲကို စတင်ဖော်ထုတ်ခဲ့သည်။ ယင်းမှနေ၍ ကက်စ်ပါစကီးသည် သတင်းအချက်အလက်လုံခြုံရေးနည်းပညာတွင် စိတ်ဝင်စားလာပြီး ကွန်ပျူတာဗိုင်းရပ်စ်နယ်ပယ်ကိုတစ်စိုက်မတ်မတ်လေ့လာခဲ့သည်။

ကက်စ်ပါစကီးသည် ၁၉၉၁ ခုနှစ်တွင် KAMI သတင်းအချက်အလက်နည်းပညာစင်တာတွင် ဝင်ရောက်အလုပ်လုပ်ခဲ့ပြီး၎င်း၏လုပ်ဖော်ကိုင်ဖက်များနှင့် အတူ AVP တန်ပြန်ဗိုင်းရပ်စ်ပရောဂျက်ကိုစတင်ခဲ့သည်။ ယင်းမှာ Kaspersky Anti-Virus ၏ရှေ့ပြေးနမူနာပုံစံပင် ဖြစ်သည်။ ၁၉၉၄ ခုနှစ်တွင် ဂျာမနီနိုင်ငံ ဟမ်းဘတ်တက္ကသိုလ်၌ပြုလုပ် သည့်ပြိုင်ပွဲတစ်ခုတွင် ကက်စ်ပါစကီးတို့ဖော်ထုတ်ထားသော တန်ပြန်ဗိုင်းရပ်စ်ဆော့ဖ်ဝဲက အခြားဆော့ဖ်ဝဲများထက် ဗိုင်းရပ်စ်တွေ့ရှိမှုနှင့် ကာကွယ်မှုတွင်ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိခဲ့ရာ နိုင်ငံတကာအသိအမှတ်ပြုမှုကို စတင်ရရှိခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ကက်စ်ပါစကီးနှင့်လုပ်ဖော်ကိုင်ဖက်များက သီးခြားကုမ္ပဏီတစ်ခုတည်ထောင်ရန်ဆုံးဖြတ်ခဲ့ကြပြီး Kaspersky Lab ကိုပူးပေါင်းတည်ထောင်ခဲ့ကြသည်။ ကုမ္ပဏီအား ၎င်း၏ ဇနီးဟောင်းနာတာလီယာကက်စ်ပါစကီးက ဆယ်နှစ်ကြာ စီမံခန့်ခွဲခဲ့သည်။ ယူဂျင်းကက်စ်ပါစကီးက မှုသုတေသနလုပ်ငန်းများကို ဦးဆောင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်နိုဝင်ဘာတွင် အမေရိကန်ရှယ်ယာရှင်တစ်ဦးနှင့် အငြင်းပွားမှုဖြစ်ပေါ်ပြီးနောက်၎င်းတို့၏ တန်ပြန်ဗိုင်းရပ်စ်ဆော့ဖ်ဝဲအား Kaspersky Anti-Virus ဟုအမည်ပြောင်းလဲခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ယူဂျင်းကက်စ်ပါစကီးသည် ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် ဖြစ်လာပြီး ၂၀၁၀ပြည့်နှစ်တွင် SC Magazine Europe က ကက်စ်ပါစကီးအားအကောင်းဆုံးအမှုဆောင်အရာရှိချုပ်ဆုချီးမြှင့်ခဲ့သည်။

ကက်စ်ပါစကီးသည် ဇနီးဟောင်း နာတာလီယာနှင့် သားနှစ်ဦးထွန်းကားထားသည်။

—Ref: Wikipedia

## နောက်ကျောဖုံး - နော်ဝေးလူသတ်သမားအား ရုံးတင်မည် မှ



ယင်းနောက် ဘရီဗစ်သည် ရဲအရာရှိတစ်ဦးကဲ့သို့ဟန်ဆောင်၍ ရေကန်အလယ်ရှိအူတိုးယာကျွန်းပေါ်မှ လက်ရှိအာဏာရလေဘာပါတီလူငယ်များ နွေရာသီစခန်းချရာသို့သွားရောက်ကာ စုဝေးနေသောလူငယ်များအား စတင်ပစ်ခတ်ခဲ့ကြောင်း သိရသည်။ ယင်းပစ်ခတ်မှုကြောင့် လူငယ် ၈၆ ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။

ကျွန်းပေါ်တွင် တစ်နာရီခန့်ပစ်ခတ်ပြီးမှ အထူးရဲတပ်ဖွဲ့များရောက်ရှိလာခဲ့ရာ လူသတ်သမားက လက်နက်ချအဖမ်းခံခဲ့သည်။ အခြားဖြစ်ရပ်များတွင် ယင်းသို့လူအစုလိုက်အပြုံလိုက် ပစ်သတ်သူများသည် မိမိကိုယ်မိမိ အဆုံးစီရင်ခြင်း(သို့မဟုတ်) ရဲတပ်ဖွဲ့ဝင်များက ၎င်းအား ပစ်သတ်စေရန်ပြုမူကြလေ့ရှိသော်လည်း ယခုလူသတ်သမား ဘရီဗစ်မှာ တမင်တကာ အဖမ်းခံခဲ့ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

"မသက်ာသူကို ဇွန်လ ၂၅ ရက်မှာရုံးထုတ်ပါမယ်။ သူ့ကိုယာယီထိန်းသိမ်းထားဖို့တရားသူကြီးတစ်ဦးကပြောကြားပါလိမ့်မယ်"ဟု အော်စလိုရဲမင်းကြီး ဗီနန်ခရန်ဟီယန်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အော်စလိုအစိုးရခရိုင်တွင် ဗုံးခွဲမှုနှင့် လူငယ်များ စခန်းချရာနေရာတွင် ပစ်ခတ်ခဲ့ခြင်းကို ၎င်း၏အမှုသည်က ဝန်ခံခဲ့ကြောင်း ရှေ့နေ ဂီယာလစ်ပီစတက်က ပြောကြားသည်။ သို့သော် ၎င်းတွင် အပြစ်ရှိသည်ဆိုခြင်းကိုမူ အမှုသည်က ငြင်းဆိုခဲ့ကြောင်း ရှေ့နေကပြောသည်။

"သူဟာနိုင်ငံရေးအရတက်ကြွပြီး ပုံမှန်နိုင်ငံရေးနည်းနာတွေနဲ့မအောင်မြင်နိုင်ဘူးဆိုတာ သူ့ဟာသူတွေ့ရှိပြီး အကြမ်းဖက်မှုကို အားကိုးလိုက်တာပါ"ဟု ရှေ့နေက TV2 သတင်းဌာနအားပြောကြားသည်။ ၎င်းအမှုသည်၏ ဆေးစစ်ဆေးမှုကို စောင့်နေကြောင်း ရှေ့နေကဆက်လက်ပြောကြားသည်။

'လူမဆန်သော်လည်း လိုအပ်သည်'ဟု မိမိယူဆသောလုပ်ရပ်များအတွက် ရှင်းပြရန် အခွင့်အရေးရှိကြောင်း ၃၂ နှစ် အရွယ်လူသတ်သမားက ပြောသည်ဟု ၎င်း၏ရှေ့နေအားကိုးကား၍ ရိုက်တာသတင်းတွင် ဖော်ပြသည်။


—Ref: AFP/Reuters

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# ဂျာမန် ဒုတိယအဓိပတိနှင့် စီးပွားရေးဝန်ကြီး ဖိလစ်ရိုဆလာပြောပြသော ဗီယက်နမ်လူမျိုး ဂျာမနီနိုင်ငံသားဖြစ်ရခြင်းအဓိပ္ပာယ်

**ကျော်မျိုး**

ဂျာမနီစီးပွားရေးဝန်ကြီး ဖိလစ်ရိုဆလာဟာ ဟစ်တလာကြီးစိုးစဉ်ကာလတွေတုန်းက 'မြင့်မြတ်တဲ့အာရိယန်နွယ်ဝင်တို့ ရှင်သန်ရာ'သမုတ်ခံရဖူးတဲ့ ဂျာမနီမြေပေါ်မှာမှတ်သားလောက်စရာထူးဆန်းတဲ့ပုဂ္ဂိုလ်တစ်ဦးဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ မစ္စတာဖိလစ်ရိုဆလာဟာ ကိုးလသားအရွယ် မိဘမဲ့ ဗီယက်နမ်ကလေးငယ်စစ်စစ်တစ်ဦးဘဝကနေ မွေးစားဖခင်က ဂျာမနီကိုခေါ်လာပြီး မွေးစားခဲ့ရာက ကြီးပြင်းလာတဲ့ ဗီယက်နမ်လူမျိုး ဂျာမန်အစိုးရအဖွဲ့ဝင်တစ်ဦးဖြစ်နေလို့ပါပဲ။ ဒါကြောင့် ဝန်ကြီးရိုဆလာဟာ ဂျပန်သွေးတစ်ဝက်ပါတဲ့ ဖရန့်စစ်ဖူယားမား၊ အာဖရိကန်သွေးပါတဲ့ ကန်သမ္မတအိုဘားမားတို့ထက် ပိုမိုထူးခြားတဲ့၊ သက်ဆိုင်ရာ နိုင်ငံနယ်ပယ်မှာ အောင်မြင်တဲ့ လူမျိုးခြားစစ်စစ်တစ်ဦးပဲဖြစ်ပါတော့တယ်။ ဂျာမန်စပိုင်းဂဲလ်မီဒီယာဟာ ဒါကြောင့်ပဲ ဂျာမနီ ဒုတိယအဓိပတိလည်းဖြစ်သူ ဝန်ကြီးရိုဆလာနဲ့ သူ့ရဲ့ဘဝနောက်ခံအကြောင်း၊ လူမျိုးရေးခွဲခြားမှုတွေအကြောင်း၊ ဂျာမန်လူမျိုးဖြစ်လာရခြင်းရဲ့ အဓိပ္ပာယ်တွေအကြောင်းကို နှိုက်နှိုက်ချွတ်ချွတ်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ ယခု ဖော်ပြပေးလိုက်တာကတော့ ဝန်ကြီးနဲ့ စပိုင်းဂဲလ်တို့ရဲ့ တွေ့ဆုံမေးမြန်းမှုများမှ စိတ်ဝင်စားဖွယ်ရာ ကောက်နုတ်ချက်များပဲဖြစ်ပါတယ်။ မေးမြန်းသူတွေကတော့ စပိုင်းဂဲလ်မှ ဖဲလ်ဒင်ကီရာချန်နဲ့ ရေညယ်ဖစ်စတာတို့ပါပဲ။



**ဝန်ကြီးဟာ ဗီယက်နမ်မှာ မွေးခဲ့ပြီး အသက်ကိုးလအရွယ်မှာ ဂျာမန်လူမျိုးမိဘတွေရဲ့ မွေးစားခြင်းခံခဲ့ရတယ်။ အခြား ဂျာမန်ကလေးတွေနဲ့ ကိုယ်ဘယ်လိုကွာခြားနေတယ်ဆိုတာကို ဝန်ကြီးသတိပြုမိတာ ဘယ်အချိန်လောက်ကပါလဲ။**

ကျွန်တော့်အသက်လေး၊ ငါးနှစ်အရွယ်လောက်မှာ အဖေက မှန်ရှေ့ကိုခေါ်ပြီး သူနဲ့အတူ ရပ်ခိုင်းခဲ့တယ်။ သူကပြောတယ်။ "သား ကိုယ့်ကိုယ်ကိုယ်ကြည့်စမ်း။ ပြီးရင် အဖေ့ကိုကြည့်။ တို့မတူကြဘူးနော်။ ဒါပေမဲ့ ဘာတွေပဲဖြစ်ဖြစ်၊ လူတွေဘယ်လိုပဲပြောပြော အဖေတို့က သားအဖပဲနော်"တဲ့။

**ဝန်ကြီးရဲ့ပုံပန်းကြောင့်ကလေးဘဝတုန်းက အလှောင်ခံရဖူးလား။**

ဟင့်အင်း။ တစ်ခါမှကိုမဖြစ်ဖူးဘူး။ တစ်ခါတလေဆို ကျွန်တော်ဟာပျောက်ဆုံးနေတဲ့ဗီယက်နမ်မင်းသားလေးတစ်ပါးအဖြစ်တောင် အိပ်မက်ဖူးတယ်။ ဒီအတွေးနဲ့ ကျွန်တော် ဖြေသိမ့်တယ်။ တချို့အချိန်ကျတော့လည်း ဗီယက်နမ်မှာတော်ဝင်မင်းသားတွေရှိ၊ မရှိ ကျွန်တော်မေးတတ်တယ်။ အဖေက အဲဒီမှာ အရင်ကတော့ ဧကရာဇ်ဘုရင်တစ်ပါးရှိခဲ့ဖူးတယ်။ ဒါပေမဲ့ အခုတော့ မရှိတော့ဘူးတဲ့။ အဲဒီအချိန်က ၁၉၈၀ ပတ်ဝန်းကျင်လောက်ဖြစ်မယ်။ (ဗီယက်နမ်)မှာ ကွန်မြူနစ်တွေ အာဏာရနေပြီဖြစ်တဲ့အချိန်တွေပါပဲ။

**ဝန်ကြီးရဲ့ ပုံပန်းသဏ္ဌာန်ကြောင့် ဆယ်ကျော်သက်ဘဝတုန်းကတစ်နေ့မှာ ဂျာမနီရဲ့ ဒုတိယအဓိပတိတစ်ဦးဖြစ်လာမယ်လို့ စိတ်ကူးကြည့်ခဲ့ဖူးပါသလား။**

ဆယ်ကျော်သက်တစ်ယောက်က စိတ်ကူးယဉ်တာ ဒုတိယ အဓိပတိတစ်ဦးဖြစ်ဖို့တဲ့လား။ ကျွန်တော်တွေးမိတာကတော့ ဂျာမန်နိုင်ငံသားတွေဟာ ကျွန်တော်နဲ့ သာမန် ဂျာမန်လူမျိုးတစ်ယောက်နဲ့ ပုံပန်းသဏ္ဌာန်မတူတဲ့အချက်ကို သိပ်ပြီး သည်းခံ၊ လက်သင့်ခံတတ်ကြတာပဲ။ ပြည်ပမှာတော့ ဘယ်အချိန်ဖြစ်ဖြစ် အဲဒါက အာရုံစိုက်စရာဖြစ်နေတတ်တယ်။ မကြာသေးမီကပဲ အဓိပတိ (အင်ဂျလာမာကယ်)နဲ့အတူ ဝါရှင်တန်ကို ကျွန်တော်ရောက်သွားတော့ ကျွန်တော်တို့ကို အိမ်ဖြူတော်မှာ လက်ခံတွေ့ဆုံချိန်မှာ သမ္မတအိုဘားမားကလည်း ကျွန်တော့်ရဲ့ နိုင်ငံရေးဘဝအကြောင်း သိချင်နေခဲ့တယ်လေ။

**ဝန်ကြီးဟာ (ဂျာမနီရဲ့) လွတ်လပ်သောဒီမိုကရက်တစ်ပါတီ (FDP)ရဲ့ ဥက္ကဋ္ဌဖြစ်လာတော့ ဗီယက်နမ်နိုင်ငံဘက်က တုံ့ပြန်မှုရှိခဲ့သလား။ ဝန်ကြီးတို့ပါတီက အဓိပတိမာကယ်ရဲ့ ညွန့်ပေါင်းအဖွဲ့ဖြစ်သလို ဝန်ကြီးကလည်း ဂျာမနီရဲ့ ဒုတိယအဓိပတိဖြစ်လာတာဆိုတော့လေ။**

ဗီယက်နမ်အပါအဝင် အစိုးရများစွာဆီက ဂုဏ်ယူဝမ်းမြောက်ကြောင်း ချီးကျူးတာတွေရခဲ့ပါတယ်။ ကျွန်တော့်ကိုသိပ်ပျော်ရွှင်စေခဲ့တာပေါ့။ ဒါပေမဲ့ အဲဒီအချက်က ကျွန်တော့်ရဲ့ ဗီယက်နမ်လူမျိုးဖြစ်ခြင်း နောက်ခံအခြေအနေနဲ့ မပတ်သက်ပါဘူး။

**ဗီယက်နမ်က ပြည်သူတွေကရော ဖိလစ်ရိုဆလာအတွက်ဂုဏ်ယူကြသေးလား။**

ဗီယက်နမ်ကမ္ဘာလှည့်ခရီးသည်တင်ဘတ်စ်ကားတွေကတော့ ကျွန်တော်တို့ ဝန်ကြီးဌာနရှေ့ခဏခဏလာရပ်တတ်တယ်။ ဗီယက်နမ်လူမျိုးတွေအတွက်တော့ အဲဒါဟာ တစ်ခုခုထူးခြားနေမှာပေါ့။ ဂျာမနီက ကောက်ယူမွေးစားခံရတဲ့လူတစ်ယောက် ဗီယက်နမ်အစိုးရထဲမှာပါနေရင်လည်း ကျွန်တော်တို့ဆီက ဂျာမန်တွေအတွက် စိတ်ဝင်စားစရာဖြစ်နေမှာပဲလေ။

**ဝန်ကြီးရဲ့ (မွေးစား)အဖေဟာ ဗီယက်နမ်အကြောင်းရော ဝန်ကြီးကို အများကြီးပြောပြဖြစ်ဖူးလား။**

ကျွန်တော့်အဖေဟာ ဂျာမန်စစ်တပ်မှာ ရဟတ်ယာဉ်ပိုင်းလော့အဖြစ်အလုပ်လုပ်ဖူးတော့ ဗီယက်နမ်လူမျိုးတွေ အများကြီးတွေ့ဖူးပါတယ်။ ၁၉၇၀ နှစ်များမှာတော့ သူဟာ အမေရိကန်ကို လေ့ကျင့်ရေးအတွက် မကြာခဏသွားခဲ့ရဖူးတယ်။ အဲဒီမှာ တောင်ဗီယက်နမ်စစ်တပ်က ပိုင်းလော့တွေကိုလည်း လေ့ကျင့်ပေးနေတယ်။ ဗီယက်နမ်စစ်ပွဲဟာ သူ့ဘဝမှာ နေရာအများကြီးယူခဲ့ပါတယ်။ သူ့ခေတ်က မျိုးဆက်လိုပေါ့လေ။ အဲဒီတုန်းက သူ့မှာ ရွေးစရာနှစ်ခုကြုံခဲ့ပါတယ်။ စစ်ကိုဆန့်ကျင်တဲ့နည်းနဲ့ ကူညီမလားဆိုတာပေါ့။ သူက ဒုတိယလမ်းကိုရွေးခဲ့ပြီး ဗီယက်နမ်ကကလေးတစ်ယောက်ဖြစ်တဲ့ ကျွန်တော့်ကို မွေးစားဖြစ်ခဲ့ပါတယ်။

**အခုဆိုရင် ဗီယက်နမ်စစ်ပွဲ အကြောင်း ရုပ်ရှင်တွေ ဝန်ကြီးကြည့်မိတော့ ဘယ်ဘက်မှာနေပါသလဲ။**

ဘယ်ဘက်ကမှ မနေပါဘူး။ အိုလီဗာစတုန်းရိုက်တဲ့ Platoon လို (ဗီယက်နမ်စစ်နောက်ခံ)ရုပ်ရှင်တွေထဲမှာတော့ အကောင်းနဲ့ အဆိုးကြားမှာ ကွဲကွဲပြားပြားဖြစ်နေတာမျိုးတွေမရှိဘူး။ ဒီတော့ ကျွန်တော်လည်း တစ်ဖက်ဖက်မှာ ရပ်တည်ဖို့ တွန်းအားပေးတာမျိုး မခံစားရပါဘူး။

**ဝန်ကြီးဟာ ဗီယက်နမ်စကားသင်ဖို့ရော ကြိုးစားဖူးပါသလား။**

ဟင့်အင်း။ ကျွန်တော့်မှာ အဲဒီလိုလုပ်ဖို့ အကြောင်းပြချက်တစ်ခါမှ မရှိခဲ့ဖူးပါဘူး။

**ဝန်ကြီးအနေနဲ့ ဂျာမန်လူမျိုးတစ်ယောက်လိုသွင်ပြင်ရှိဖို့ရော ဆန္ဒဖြစ်ဖူးပါသလား။**

ဟင့်အင်း။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ဂျာမန်ပဲလေ။ ကျွန်တော် အမြဲ ကိုယ့်ကိုယ်ကိုယ် ဂျာမန်လူမျိုးတစ်ဦးလို့ပဲ ခံစားမိတယ်။ ကျွန်တော် ငယ်စဉ်က ဟမ်းဘုဂ်မြို့က ဟားဘုဂ်ခရိုင်မှာ ကက်သလစ်အခြေခံပညာကျောင်းတက်ရတော့ အဲဒီမှာ စပိန်နဲ့ အီတလီကျောင်းသားတွေ အများကြီးတွေ့ရတယ်။ ပထမဆုံးနေ့မှာ ကျောင်းကပြန်လာတော့ အဖေ့ဆီသွားပြီး ကျွန်တော်မေးခဲ့တယ်။ "အဖေရေ၊ သားတို့အတန်းထဲမှာ နိုင်ငံခြားသားတွေ အများကြီးပဲ"လို့ဆိုတော့ အဖေက အကျယ်ကြီးရယ်ပါလေရော။

**ဂျာမနီနိုင်ငံဟာ နိုင်ငံခြားသားတွေအတွက် နွေးထွေးတဲ့ တိုင်းပြည်တစ်ခုပဲလား။**

ဟုတ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း (လူမျိုးခြားသွေးဖြစ်လို့ဆိုပြီး) မကောင်းတဲ့အတွေ့အကြုံတွေ မကြုံခဲ့ရဖူးပါဘူး။

**ဝန်ကြီးရဲ့ ဂျာမနီအပေါ် အကောင်းမြင်မှုဟာ ဝန်ကြီးကိုယ်တိုင်က သေချာထိန်းကွပ်စောင့်ရှောက်ခံရတဲ့ ပတ်ဝန်းကျင်မှာ ကြီးပြင်းလာတာနဲ့ လည်းဆိုင်မှာပါ။ ဥပမာ-ဘာလင်မြို့တော်ရဲ့ နယူးကိုလန်ခရိုင်က ခက်ခက်ခဲခဲဘဝမှာ နေနေရတဲ့ တူရကီလူမျိုး ကလေးတစ်ဦးဆီမှာတော့ ဂျာမနီအပေါ်မှာ (ဝန်ကြီးနဲ့မတူတဲ့) ကွဲပြားတဲ့ အမြင်မျိုးရှိဖို့များပါတယ်။**

ဘယ်သူကမှတော့ ကျွန်တော့်ရဲ့ မိဘအမွေအနှစ် (အသွင်အပြင်)ကို မလှောင်ပြောင်ခဲ့ဖူးပါဘူး။ ဒါပေမဲ့ တူရကီလူငယ်လေးတွေကတော့ တစ်ခါတလေမှာ သူတို့ဟာ မတူကွဲပြားကြတယ်ဆိုပြီး အပြောခံရလို့ စိတ်ကသိကအောက်ဖြစ်နေကြတယ်။ အဲဒါဟာ မမျှတသလို၊ အန္တရာယ်လည်း ရှိပါတယ်။ တစ်စုံတစ်ယောက်ကို အစကတည်းက သူဟာ ဒီလူ့အဖွဲ့အစည်းဝင်တစ်ဦးပါရယ်လို့ မပြောကြရင် ဘယ်နှယ့်လုပ်မလဲ။ သူ့ကို မင်းက ငါတို့နဲ့မတူဘူးလို့ ခွဲခြားတာ ခံလိုက်ရရင်လေ။

**ဂျာမနီအရှေ့ပိုင်းက နာဇီလက်သစ်ဝါဒီတွေက ဗီယက်နမ်လူမျိုးတွေကို ဘာကြောင့် စော်ကားတဲ့ပုံစံနဲ့ 'ဖီဂျီသား'တွေလို့ ခေါ်ဝေါ်နေကြတာပါလဲ။**

ဗီယက်နမ်တွေကို ဖီဂျီတွေလို့ခေါ်တာ ပထဝီအနေအထားအရရော လုံးဝအဓိပ္ပာယ်မဲ့ပါတယ်။ ဖီဂျီကျွန်းစုဆိုတာ ဗီယက်နမ်ကနေ မိုင်ထောင်နဲ့ချီ ဝေးတာပဲ။

**ဝန်ကြီးဟာ ဂျာမန်တစ်ဦးဖြစ်ရတာကို ဂုဏ်ယူမိပါသလား။**

တကယ်ပဲ ကျွန်တော်ဂုဏ်ယူပါတယ်။ ဒါပေမဲ့ ဒီဝါကျကို လက်ယာစွန်း(နာဇီဝါဒီလက်သစ်) တွေက ယူပြောပြီးကြပြီ။ ဒီစကားကို အလွန်အကျွံသုံးစွဲဖို့ မလိုအပ်ပါဘူး။

**ဂျာမနီနိုင်ငံမှာ အစ္စလာမ်တွေရော ပါဝင်နေပါသလား။**

ဒီတိုင်းပြည်မှာ မွတ်ဆလင်လေးသန်းရှိတယ်။ သူတို့ကလည်း တိုင်းပြည်ကို ကူညီပံ့ဖော်နေကြတယ်။ ဒီတော့ ဟုတ်ပါတယ်။ ဂျာမနီမှာ အစ္စလာမ်ဘာသာဝင်တွေလည်း ပါဝင်နေပါတယ်။

**ဝန်ကြီးဟာ ဗီယက်နမ်ကို (ဂျာမနီမှာ) ၃၃ နှစ်ကြာနေပြီးမှ ဘာကြောင့် ပထမဆုံးအနေနဲ့ ကိုယ့်မွေးရပ်နိုင်ငံအဖြစ် သွားလည်ဖြစ်ခဲ့တာပါလဲ။**

ကျွန်တော်က ရိုးရိုးပဲပြောရရင် အဲဒီကိုသွားဖို့ ဆန္ဒမရှိခဲ့တာပါ။ ဘာကြောင့်လဲဆိုတော့ ဗီယက်နမ်ဆိုတာ ကျွန်တော့်အတွက် ဘာမှထူးခြားမနေဘူး။ ကိုယ့်မှာ ဘာမှချို့တဲ့မနေဘူးဆိုရင် တစ်ခုခုကိုရှာစရာမလိုဘူးလေ။ အဆုံးမှာတော့ ဇနီးက ကျွန်တော့်ကိုပြောလို့ သွားလည်ဖြစ်ခဲ့တယ်။ သူက "တို့တွေ တစ်နေ့ကျရင် ကလေးယူဖြစ်မှာ။ ကလေးတွေကိုလည်း ရှင့်ကို မွေးခဲ့တဲ့နိုင်ငံဟာ ဘယ်လိုဆိုတာပြောပြချင်တယ်"ဆိုလို့ပါ။

**ဝန်ကြီးကို မွေးခဲ့တဲ့ ဗီယက်နမ်မိဘအရင်းတွေနဲ့ပတ်သက်လို့ရော ဘာများ သိထားပါသေးလဲ။**

ဟင့်အင်း။ မိဘမဲ့ဘဝမှာ ကျွန်တော့်ကို မွေးစားစောင့်ရှောက်ခဲ့တဲ့ သီလရှင်တွေက ကလေးပေါင်းသုံးထောင်ကျော်ကို ပြုစုစောင့်ရှောက်ခဲ့ကြတာပါ။ သူတို့ဟာ မိဘမဲ့ကလေးတွေအတွက် နာမည်နဲ့ မျိုးရိုးစဉ်ဆက်အမည်တွေကို ပုံစံစာရွက်တွေထဲ ဖြည့်သွင်းထားတတ်ကြတယ်။ ကျွန်တော့်မိဘအရင်းတွေနဲ့ပတ်သက်လို့ အဲဒီအတွက် စာရွက်စာတမ်းတွေထဲမှာ ဘာသဲလွန်စမှာမရှိပါဘူး။

**ဝန်ကြီးဟာ မိဘအရင်းတွေကို ကိုယ်တိုင်ရှာဖွေကြည့်ဖို့ရောတွေးမိဖူးပါသလား။**

ဟင့်အင်း။ မတွေးမိခဲ့ဘူး။ ကျွန်တော့်အတွက် ကျွန်တော့် (ဂျာမန်)အဖေဟာ အဖေပဲလေ။ အရာရာဟာ သူ့အတိုင်းပဲကောင်းပါတယ်။ ကျွန်တော့်မှာ ဘာမှ မပြည့်စုံတာမရှိပါဘူး။

**ဝန်ကြီးရဲ့ မိဘရင်းတွေကိုပြန်တွေ့မိရင် ဘဝမှာ ရှုပ်ထွေးသွားမှာကို တွေးကြောက်မိလို့များလား။**

ကျွန်တော့် အဖေရင်းက ဘယ်သူဆိုတာ ကိုယ့်ကိုယ်ကိုယ် တစ်ခါမှ မမေးခဲ့ဖူးဘူး။ ကျွန်တော့်အဖေဟာ အဖေရင်းပါပဲ။ ပြီးပြီပေါ့။

**ဝန်ကြီးဟာ ဂျာမနီမှာရှိတဲ့ နိုင်ငံခြားသားတွေအတွက် စံပြပုဂ္ဂိုလ် role model တစ်ဦးပဲလား။**

လူအများကတော့ကျွန်တော့်ကို အားကျစရာ စံပြလို့မြင်ကြတယ်။ ကျွန်တော် ဝန်ကြီးဖြစ်ခါစအချိန်မှာပဲ စားသောက်ဆိုင် တစ်ဆိုင်မှာလုပ်တဲ့အစည်းအဝေးတစ်ဆိုင်ထဲမှာ လူမည်းတစ်ယောက်က ကျွန်တော့် နားကပ်လာပြီး ပြောတယ်။ သူက ပွဲတွေအတွက် အစားအသောက်သွင်းတဲ့ကုမ္ပဏီတစ်ခုမှာလုပ်တာပါ။ သူ ဘာပြောသလဲဆိုတော့ "ကျုပ်တို့ထဲက တစ်ယောက်က ဒီလိုထိပ်တန်းရောက်တာ အံ့သြစရာပဲလို့ ကျုပ်ထင်တယ်"တဲ့။

**သူ့စကားကြောင့် ဝန်ကြီး ပီတိဖြစ်မိပါသလား။**

ဟုတ်ကဲ့။ ဘာကြောင့်လဲဆိုတော့ အဲဒီစကားက ရိုးသားပြီး နှလုံးသားထဲက လာတာမို့လို့ပါ။

*—Ref: 'I used to Dream I was a Vietnamese Prince' Interview with Economics Minister Rosler, Spiegel: 19 July, 2011*

7DAY NEWS JOURNAL

# Entertainment

Vol.10, No.19 · JULY 28, 2011



Photo-May Grace's Facebook

## ကွဲပြားတဲ့ဇာတ်ရုပ်တွေကိုပဲ သရုပ်ဆောင်ချင်တဲ့ မေဂရေ့စ်ပယ်ရီ

အေးသူစံ

**ရန်ကုန်၊ ဇူလိုင် ၂၂**

ဘန်ကောက်တွင် ဂျေဒိုးနတ်မုန့်ကြော်ငြာရိုက်ကူးခဲ့သော မေဂရေ့စ်ပယ်ရီသည် သရုပ်ဆောင်အလုပ်ကိုလည်း တစ်စိုက်မတ်မတ်ဝါသနာပါပြီးသူမ အမှန်တကယ် သရုပ်ဆောင်လိုသောပုံစံမှာ ပြင်ပက မေဂရေ့စ်ပယ်ရီနှင့် လုံးဝကွဲပြားသွားသော ဇာတ်ကောင်မျိုးဖြစ်ကြောင်း သူမသရုပ်ဆောင်လိုသည့် ဇာတ်ကောင်စရိုက်ကိုပြောသည်။

"အနုပညာကို အရမ်းကိုဝါသနာပါတဲ့အတွက် ကြိုးစားပါတယ်။ ကိုယ်ဝါသနာပါမှန်း သေချာတောင်မသိခဲ့ရပေမယ့် အခု တကယ်လုပ်ခွင့်ရလာတော့ သရုပ်ဆောင်တာကို တော်တော်ဝါသနာကြီးမှန်း အခုမှသိတယ်။ သမီးတတ်နိုင်သလောက်ကြိုးစားနိုင်သလောက်ကြိုးစားသွားမှာပါ။ သမီးသရုပ်အဆောင်ချင်ဆုံး ကာရိုက်တာက အပြင်က မေဂရေ့စ်ပယ်ရီနဲ့လုံးဝမတူဘဲ ကွဲပြားခြားနားသွားတဲ့ဇာတ်ကောင်မျိုးကို ရိုက်ကူးချင်ပါတယ်" ဟု သူမကပြောပြသည်။

မြန်မာ-ဩစတြေးလျ ကပြားသူလေး မေဂရေ့စ်က မြန်မာစကားကို ရေလည်အောင် မပြောတတ်သော်လည်း ပရိသတ်များနှင့်တွေ့ဆုံလာပါက အတတ်နိုင်ဆုံး ပရိသတ်အထင်အမြင်မလွဲစေရန် ဆက်ဆံပြောဆိုမည့် အကြောင်းကို "သမီးက မြန်မာစကားသိပ်မပြောတတ်ပေမယ့် ပရိသတ်တွေအထင်အမြင်မလွဲအောင်တော့ ကြိုးစားပါ့မယ်။ နောက်ပြီး သမီးက ပရိသတ်တွေ အများကြီးအားပေးနေတဲ့ Celebrity မဟုတ်သေးပါဘူး။ ဒါပေမဲ့ လူမှုဆက်ဆံရေးကိုလည်း သမီးတဖြည်းဖြည်း ကြိုးစားပြီးသင်သွားမှာပါ။ အားလုံးကို ခင်ပါတယ်" ဟု ဖြေကြားခဲ့သည်။


ဘန်ကောက်ခရီးစဉ်တွင် ကြော်ငြာရိုက်ကူးရင်းဖြင့် ပတ္တရားကမ်းခြေတွင် Bungee Jumping ကစားနည်းကို ဝင်ရောက်ကစားမည်ဖြစ်ပြီး ယင်းကစားနည်းမှာ အမြင့်ကြောက်သော သူမအတွက် စိန်ခေါ်မှုတစ်ခုသဖွယ်ဖြစ်နေကြောင်းလည်း ပြောသည်။ "အဲဒီ ကစားနည်းက အရမ်း စိတ်လှုပ်ရှားဖို့ကောင်းတယ်။ ခြေထောက်ကိုကြိုးနဲ့ချည်ပြီးတော့ အမြင့်ကြီးကနေ ခုန်ချတာလေ။ တစ်ချိန်တည်းမှာပဲ အရမ်းလည်း ခုန်ချင်သလို အရမ်းလည်းစိတ်လှုပ်ရှားနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ သမီးက အမြင့်ကိုအရမ်းကြောက်တယ်။ ဒါပေမဲ့ အဲဒီလိုခုန်ပြီးတော့ အမြင့်ကနေ စီးမိုးပြီးကြည့်ချင်တာကြောင့်ပါ။ ကမ်းခြေမှာ နေရောင်လည်း သွားခံမယ်။ အခု သမီးအသားက အရမ်းဖြူနေလို့ပါ" ဟု မေဂရေ့စ်က ပြောပြပါသည်။

## ဘရတ်ပစ်နှင့် ဂျိုလီဇနီးမောင်နှံကို အကျဉ်းသားများနှင့်တူသည်ဟု မတ်ဒေမွန်ဆို

**လော့စ်အိန်ဂျလိစ်၊ ဇူလိုင် - ၂၀**

အမေရိကန်သရုပ်ဆောင် မင်းသား မတ်ဒေမွန်က ၎င်းသည် နာမည်ကျော်ဟောလိဝုဒ်စုံတွဲဖြစ်သော ဘရတ်ပစ်နှင့် အန်ဂျလီနာဂျိုလီတို့ကို အကျဉ်းကျနေသူများနှင့် တူသည်ဟုခံစားမိပြီး စိတ်မကောင်းဖြစ်မိကြောင်း ရုပ်သံအင်တာဗျူးတစ်ခု၌ ပြောကြားလိုက်သည်။ မတ်ဒေမွန်သည် ဂျာမန်ရုပ်သံ Tele 5 နှင့်အင်တာဗျူးတစ်ခု၌ "ကျွန်တော့်မှာ အကျဉ်းသားတွေနဲ့တူတဲ့ မိတ်ဆွေတချို့ရှိပါတယ်။ ဥပမာဆိုရင် ဘရတ်ပစ်နဲ့ အန်ဂျလီနာဂျိုလီတို့လိုပေါ့။ သူတို့ဟာ တချို့နေရာတွေကို အလွယ်မသွားနိုင်ပါဘူး။ တကယ်လို့ သူတို့အပြင်ထွက်လမ်းလျှောက်လိုက်တာနဲ့ အဲဒါဟာ နိုင်ငံတကာသတင်းဖြစ်ရပ်တစ်ခုလို ဖြစ်သွားပါတော့တယ်" ဟုပြောသည်။

၎င်းက ပရိသတ်စိတ်ဝင်စားမှုနည်းသော ၎င်း၏ဘဝနှင့် နှိုင်းယှဉ်၍လည်း "ကျွန်တော်ကတော့ ကံကောင်းပါတယ်။ ကျွန်တော့်



မှာ သရုပ်ဆောင်ဘဝနဲ့ရော အပြင်လူဘဝနဲ့ပါ အကောင်းဆုံးလောကနှစ်ခုရှိပါတယ်။ အိမ်ရှေ့တံခါးကနေ အပြင်ထွက်လိုက်တာနဲ့ ကိုယ့်ကို ကာကွယ်ပေးဖို့ အစောင့်တပ်သားတွေ မလိုအပ်ပါဘူး" ဟုပြောသည်။

မတ်ဒေမွန်သည် ၎င်း၏ အိမ်ထောင်ဖက်အဖြစ် သရုပ်ဆောင်မဟုတ်သောမိန်းမသားဖြစ်သည့် လူစီယာနာနှင့် လက်ထပ်ထားသူဖြစ်သည်။ ထို့ကြောင့် ၎င်းက ဘရတ်ပစ်၊ ဂျိုလီတို့စုံတွဲနှင့်မတူဘဲ ၎င်းတို့စုံတွဲမှာ လူအများ အာရုံစိုက်ခံရမှုနည်းကြောင်း ထို့အပြင် သရုပ်ဆောင်များကိုစိတ်မဝင်စားတတ်သော နယူးယောက်မြို့တွင် နေထိုင်ခြင်းသည်လည်း အချက်တစ်ချက် အပါအဝင် ဖြစ်နိုင်ကြောင်း နှိုင်းယှဉ်ပြောဆိုခဲ့သည်။

—Ref: AP


## Big Bang

ကိုရီးယားအကယ်ဒမီက ဦးစီးပြုလုပ်သော ပရိသတ်အကြိုက်ဆုံး ဂီတအဖွဲ့၁၅ဖွဲ့ကို မဲပေးရွေးချယ်ခဲ့ရာ တောင်ကိုရီးယားနိုင်ငံ၏ အကျော်ကြားဆုံးဂီတအဖွဲ့ဖြစ်သော Big Bangအဖွဲ့က ၁၉၃၉၉၉မဲဖြင့် နံပါတ်(၄)နေရာ ရှိတ်ခဲ့သည်။



## ဘရောင်းတက္ကသိုလ်မှာ ကျောင်းပြန်တက်မယ့် အမ်မာဝပ်ဆင်

**လန်ဒန်၊ ဇူလိုင် - ၁၉**



ဟယ်ရီပေါ်တာ ဇာတ်ကားများ၏ သရုပ်ဆောင်မင်းသမီး အမ်မာဝပ်ဆင်သည်သူမ၏ပညာရေးဆုံးခန်းတိုင်ရန်အတွက် အမေရိကန်ရှိ ဘရောင်းတက္ကသိုလ်သို့ပြန်လည်တက်ရောက်မည်ဖြစ်သည်။ အသက် ၂၁ နှစ်အရွယ်ရှိ အဆိုပါ ဗြိတိသျှမင်းသမီးသည် ယခုနှစ်အစောပိုင်းက တက္ကသိုလ်မှ ခေတ္တနုတ်ထွက်ကာ ဟယ်ရီပေါ်တာ ဇာတ်ကားများ၏ နောက်ဆုံးကား Harry Potter and the Deathly Hallows: Part II နှင့် အခြားသရုပ်ဆောင်အလုပ်များ လုပ်ဆောင်ရန် အချိန်ပေးခဲ့ရသည်။

သူမ၏ ကျောင်းပညာရေးနှင့် ပတ်သက်၍ အမ်မာဝပ်ဆင်က "ကျွန်မဟာ ဘရောင်းတက္ကသိုလ်က ကျောင်းသူတစ်ဦးဖြစ်နေဆဲပါပဲ။ တတိယနှစ်ကို တော့ အောက်စဖို့ဒ်မှာ တက်မှာပါ။ ပြီးရင်တော့ ဘရောင်းတက္ကသိုလ်ကို ပြန်ပြီးနောက်ဆုံးနှစ်ကိုပြီးအောင်ဆက်တက်မှာပါ" ဟု ပြောသည်။

အမ်မာဝပ်ဆင်ပါဝင်သော ဟယ်ရီပေါ်တာ နောက်ဆုံးကားသည် ပြီးခဲ့သည့်အပတ်အထိ ဝင်ငွေ အကောင်းဆုံးရုပ်ရှင်ကားများစာရင်းတွင် ကန်ဒေါ်လာ ၁၆၈ ဒသမ ၅၅ သန်းဖြင့် ထိပ်တန်း၌ ရပ်တည်နိုင်ခဲ့သည်။

—Ref: AFP

7DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# တောအုပ်တစ်အုပ်၊ ရွာနှစ်ရွာနဲ့ပဋိပက္ခ


ဓာတ်ပုံ - ဆာတိုရီ

**ရန်ကုန် - ဇူလိုင်၁၆**

တောအုပ်တစ်ခုကြောင့်ရွာနှစ်ရွာကြားအချိန်ကာလများစွာကြာအောင် ဖြစ်တည်လာခဲ့သော ပဋိပက္ခကို ဇာတ်အိမ်တည်ထားသော ပဋိပက္ခအမည်ရဇာတ်ကားတစ်ကားကို ဆာတိုရီဗီဒီယို ထုတ်လုပ်ရေးကပြင်ဦးလွင်အနီးရှိ ရွာတစ်ရွာတွင် သွားရောက်ရိုက်ကူးခဲ့သည်။

ရဲတိုက်၊ ဝိုင်းစုခိုင်သိန်း၊ ရန်အောင်၊တင်မောင်ဆန်းမင်းဝင်း၊ သားညီတို့ အဓိကပါဝင်ထားသော ထိုဇာတ်ကားကို ဆာတိုရီဗီဒီယို ထုတ်လုပ်ရေးကဇာတ်လမ်းဇာတ်ညွှန်းရေးထားပြီးဒါရိုက်တာကြည်ဖြူသျှင်က ရိုက်ကူးပေးထားသည်။ ရှမ်းရွာနှစ်ရွာ၏ကြားတွင်တည်ရှိနေသောတောအုပ်လေးကိုသူပိုင်သည် ငါပိုင်သည်လုရင်းအစပြုခဲ့သောပဋိပက္ခမှာ အချိန်ကြာလာသည်အထိပြေလည်သွားခြင်းမရှိဘဲ ပိုလို့သာတင်းမာလာပြီး တောအုပ်အတွင်း မည်သူမှဖြတ်သန်းသွားလာခွင့်မရှိဘဲဖြတ်သန်းသွားလာသူကို ပစ်သတ်နိုင်ကြောင်းနှစ်ရွာကသဘောတူခဲ့ကြသည်။ ထို ရှမ်းရွာနှစ်ရွာမှကလေးငယ်များကို ပညာသင်ပေးရန်ရောက်လာသူ ဆရာမလေးနှင့်သာမန်လူကဲ့သို့ ဉာဏ်ရည်မဖွံ့ဖြိုးသောရှမ်းကောင်လေးတစ်ယောက်တို့က ထိုပဋိပက္ခကိုပြေလည်အောင် ကြိုးပမ်းကြပုံကို လှပသောရှုမျှော်ခင်းများဖြင့် ထည့်သွင်းရိုက်ကူးထားသည်။

ထိုဇာတ်ကားကိုပြင်ဦးလွင်မြို့အနီးရှိဖွဲ့သင်းဆိုသည့်ရွာအနီးတစ်ဝိုက်တွင်ရိုက်ကူးခဲ့သည်။

## အ နု ပ ညာ သ တ င် း တို မျာ း

**အေးသူစံ**

■ဒါရိုက်တာ သားညီရိုက်ကူးပြီး ဟစ်ဟော့ပ်လောကမှ ဟစ်ဟော့ပ်အဆိုတော်အများစုပါဝင်သရုပ်ဆောင်ထားသော‘ကိုယ့်သမိုင်းကိုယ်ရေးကြသူများ’ဒီဗီဒီဇာတ်ကားကိုဩဂုတ်လ ၁၂ရက်နေ့တွင် တော်ဝင်စင်တာရှိရုပ်ရှင်ရုံ၌စတင်ပြသမည်ဖြစ်သည်။ နေမင်းနှင့် အေးမြတ်သူတို့ အဓိကသရုပ်ဆောင်ထားပြီး ဒါရိုက်တာသီဟကျော်စိုးရိုက်ကူးထားသော‘ဂျက်မ’ဒီဗီဒီဇာတ်ကားကိုဇူလိုင်လ ၂၂ရက်နေ့မှစ၍ Top Royal၊နဝဒေးနှင့်မဟာမြိုင်တို့တွင်ရုံတင်ပြသနေပြီဖြစ်သည်။ ရန်အောင်၊စိုင်းစိုင်းခမ်းလှိုင်၊ထွန်းအိန္ဒြာဗို၊မယ်လိုဒီတို့သရုပ်ဆောင်ထားသော‘အသဲတံခါးများ ဟစိဟစိ’ဒီဗီဒီဇာတ်ကားကိုဩဂုတ်လ ၂၆ ရက်နေ့မှစတင်၍ တော်ဝင်ပလာဇာရှိရုပ်ရှင်ရုံတွင် ပြသမည်ဖြစ်သည်။

■မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကတစ်ဦးဖြစ်သူ ဒါရိုက်တာဦးမြင့်စိုး(ဝ/သ)သည် ဇူလိုင်လ ၂၁ ရက်နေ့ညနေက နေအိမ်တွင်ကွယ်လွန်ခဲ့ပြီး ဇူလိုင်လ ၂၃ရက်နေ့တွင် သင်္ဂြိုဟ်ခဲ့ကြောင်းသိရသည်။ ဒါရိုက်တာဦးမြင့်စိုး (ဝ/သ)သည်ကွယ်လွန်ချိန်တွင် အသက်၅၉နှစ်ရှိပြီဖြစ်ပြီး ၄င်းရိုက်ကူးခဲ့သော ‘ကံငါးပါးမှောက်ငရဲရောက်’ အကျိုးပြုဇာတ်လမ်းမှာ ပရိသတ်များအားပေးမှုရရှိခဲ့သော လက်ရာတစ်ခုလည်းဖြစ်သည်။









# ဖြူဖြူကျော်သိန်းအတွက် သီချင်းရေးပေးနေတဲ့ Ar.T

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင် ၂၂**



ယခုလကုန်တွင် ပြုလုပ်မည့် Hip Hop Orchestra ဖျော်ဖြေပွဲတွင် 'ချစ်တယ်ပြောချင်လို့' သီချင်းကို တီးဝိုင်းနှင့် သီဆိုတင်ဆက်ရန် စီစဉ်ထားသည့် Ar.T က ဖြူဖြူကျော်သိန်းအတွက် သီချင်းတစ်ပုဒ်ရေးပေးဖြစ်နေကြောင်း ပြောသည်။

"မဖြူဖြူကျော်သိန်းအတွက် သီချင်းရေးပေးနေတယ်။ ကျွန်တော်နဲ့မဖြူတို့ စတိတ်ရှိုးတစ်ခုမှာတွေ့တော့ ကျွန်တော်က မဖြူကိုနှုတ်ဆက်လိုက်တယ်။ မဖြူက ကျွန်တော့်ကို ကတာအရမ်းကောင်းတယ်။ သူ MRTV 4 မှာ ကြည့်ရတယ်တဲ့။ အဲဒီလိုနဲ့ စကားပြောဖြစ်ကြရင်းနဲ့ အစ်မကို ကျွန်တော်သီချင်းရေးပေးချင်တယ်လို့ပြောတော့ မဖြူကလည်း လိုလိုချင်ချင်ပဲ သီချင်းကို ခပ်ဆန်းဆန်းလေးလို ချင်တယ်။ ရေးပြီးလာပြပေးပါ ပြောတော့ အခု ကျွန်တော်ရေးပေးနေပါတယ်။ မဖြူအတွက်ကျတော့ အရမ်းကြီးလည်းလူငယ်မဆန်တဲ့၊ အခုခေတ်စားနေတဲ့ အီလက်ထရိုပေ့ါပ်နဲ့ R&B ရောထားတဲ့ပုံစံမျိုးလေးရေးပေးဖို့စဉ်းစားထားတယ်" ဟု ၎င်းကပြောသည်။

တစ်ကိုယ်တော်ခွေအတွက်လည်း သီချင်းများ စုဆောင်းနေပြီး သီချင်းဟောင်းတစ်ပုဒ်ပြန်ထည့်ထားသည်ဟု ပြောသည့် Ar T က ယခုအချိန်တွင် ပြည်တွင်း၌ ခေတ်စားလာနေသော အီလက်ထရိုပေ့ါပ်ဂီတရေစီးကြောင်းနှင့် ပတ်သက်ပြီး စတင်လုပ်ကိုင်သူတစ်ဦးအနေဖြင့် သူ၏အမြင်ကိုလည်း ယခုကဲ့သို့ ပြောသည်။

"အီလက်ထရိုတွေစလုပ်ခါစ လွန်ခဲ့တဲ့တစ်နှစ်ခွဲကျော်လောက်ကဆို ဘယ်သူမှမကြိုက်ဘူး။ အခု ပေါက်နေတဲ့ To Da Floor သီချင်း စလုပ်ခါစအချိန်ပေ့ါ။ ကျွန်တော် စလုပ်တာကိုတောင် ဒါက ကလပ်မြူးဇစ်ဖြစ်နေတယ်။ ငါတို့နိုင်ငံမှာ လက်မခံသေးဘူး။ မလုပ်ရဲသေးဘူးဆိုပြီး တားကြတယ်။ ပေ့ါပ်ကို အီလက်ထရိုနဲ့ စမ်းလုပ်တာက ဘယ်သူမှသိပ်မလုပ်ကြသေးဘူးလေ။ အဲဒီသီချင်းကို အင်တာနက်ပေါ်တင်လိုက်တော့ နိုင်ငံခြားရောက်နေတဲ့ မြန်မာတွေကကြိုက်ကြတယ်။ ပြည်ပမှာက ဘရစ်တနေးတို့၊ လေဒီဂါဂါတို့က ဒီဂီတကို အများကြီးလုပ်နေပြီ။ အခု ဒီ To Da Floor ကတစ်နှစ်ကျော်မှပေါက်တယ်။ ကိုယ်က သီချင်းရေးတဲ့သူဆိုတော့ ဂီတအားလုံးကိုစိတ်ဝင်စားလို့ လိုင်းသစ်လေးကို ဖောက်ကြည့်လိုက်တာပါ" ဟု ပြောကြားသည်။ ယခုနောက်ပိုင်းတော့ အီလက်ထရိုပေ့ါပ်ကိုပဲ ပုံစံပြောင်းရေးရန်စဉ်းစားထားကြောင်း၊ နီနီခင်ဇော်၊ စန္ဒီမြင့်လွင်၊ သဇင်တို့အတွက် တေးသီချင်းများရေးပေးနေပြီး သန္တာဗိုနှင့် စုံတွဲသီချင်းတစ်ပုဒ်၊ အနဂ္ဂနှင့် သီချင်းတစ်ပုဒ်တို့ စီစဉ်သီဆိုနေကြောင်း ၎င်းက ပြောကြားသွားသည်။

# အချစ်ဂုရုမဟုတ်ဘူးလို့ ဝန်ခံလိုက်တဲ့ ဂျက်စတင်တင်းဘားလိတ်ခ်

**လော့စ်အန်ဂျလိစ်၊ ဇူလိုင် – ၁၉**

နာမည်ကျော် အဆိုတော်ဂျက်စတင်တင်းဘားလိတ်ခ်က ၎င်းသည် ဘရစ်တနေးစပီးယားမှ ဂျက်ဆီကာဘီယယ်အထိ အချောအလှ နာမည်ကြီး အမျိုးသမီးများနှင့် လက်တွဲဖူးသော်လည်း ၎င်းသည် အချစ်ဂုရုတစ်ပါးမဟုတ်ကြောင်း ဝန်ခံပြောကြားလိုက်သည် ။ အသက် ၃၀ အရွယ်ရှိ အဆိုတော် သရုပ်ဆောင်ဂျက်စတင်က "ကျွန်တော်ဟာ ဘယ်သူ့ကိုမှ ချစ်ရေးချစ်ရာ အကြံဉာဏ်မပေးတတ်ပါဘူး" ဟု People မဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

ပြီးခဲ့သည့် မတ်လကမှဂျက်ဆီကာဘီယယ်နှင့် လမ်းခွဲပြီဟု ကြေညာခဲ့သည့် ဂျက်စတင်တင်းဘားလိတ်ခ်သည် မကြာမီက ချစ်သူသစ် ကယ်လ်ဆေးဒီဆန်းတစ်နှင့်လက်တွဲနေကြောင်းသိရသည်။ တင်းဘားလိတ်ခ်သည် ယခုအခါနိုဝင်ဘာလတွင်ဝါရှင်တန်၌ ပြုလုပ်မည့် ဒီဆန်းတစ်၏ ကပွဲသို့ တက်ရောက်ရန် ပြင်ဆင်ထားကြောင်း People သို့ပြောကြားသည်။

—Ref: People



# မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို ရေးမူမပျက် ပြန်လည်ပြုပြင်မည်

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင် ၂၂**

ရန်ကုန်မြို့၊ ဝက်ပါလမ်းရှိ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို ယခုနှစ်ပွင့်လင်းရာသီကာလတွင် ရှေးမူမပျက်ပြန်လည်ပြုပြင်ထိန်းသိမ်းမည်ဖြစ်ကြောင်း အဆိုပါပြတိုက်၏ တာဝန်ရှိသူတစ်ဦးက ပြော သည်။

"ဒီအဆောက်အဦကြီးကို ပြန်ပြင်တာကို ရုပ်ရှင်လောကသားတွေကမကြိုက်ဘူး။ ရှေးဟောင်း အဆောက်အအုံအဖြစ်နဲ့ပဲရှိစေချင်တယ်။ ရုပ်ရှင်ရဲ့သက်တမ်းကိုလည်း ပြသရာရောက်တဲ့အတွက်ကြောင့်ပါ။ ဒါကြောင့် ရှေးဟောင်းအဆောက်အအုံကိုပဲ မိုးဒဏ်လေဒဏ်ခံနိုင်အောင်၊ အတွင်းကိုလည်း ခေတ်မီလာအောင် ဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်။ ပြတိုက်အတွင်းက ပစ္စည်းကိရိယာတွေကို ထိန်းသိမ်းတဲ့အပိုင်းအတွက်ပြတိုက်ကော်မတီတစ်ရပ်ကိုဖွဲ့ထားပါတယ်။ ဒီပြတိုက်ကြီး ပြင်ဆင်ပြီးသွားရင်တော့ ဘယ်လိုအပိုင်းတွေကို တိုးချဲ့ပြသကြမလဲဆိုတာ အားလုံးဝိုင်းဝန်းစဉ်းစားနေပါတယ်။ ပြည်ထောင်စုဝန်ကြီးလာတုန်းက ပြတိုက်ဆိုတာ ဝင်လာတာနဲ့ မှတ်သားစရာရှိရမယ်။ မှတ်သားစရာကျန်ရမယ်။ ပြတိုက်ကို သာမန်ကြည့်သွားပြီး သာမန်ပြန်ထွက်သွားတာမျိုးကတော့မဟုတ်သေးဘူးပေ့ါလို့မှာခဲ့တာလည်း ရှိပါတယ်" ဟုပြတိုက်ပြင်ဆင်မှုနှင့်ပတ်သက်ပြီး ရုပ်ရှင်အစည်းအရုံးမှတာဝန် ရှိသူတစ်ဦးကပြောသည်။



**မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်အား တွေ့ရစဉ်**

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို ၁၉၉၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြတိုက်တွင် မြန်မာ့ရုပ်ရှင်ခေတ်ဦးမှ ကင်မရာ၊ ကူးဆေးစက်၊ ပြစက်၊ အသံ ဖမ်းစက်စသည့် စက်မှုပိုင်းဆိုင် ရာရုပ်ရှင်စက်ပစ္စည်းများ၊ ရှေး ခေတ်ရုပ်ရှင်ဇာတ်ဝင်ခန်းဓာတ်ပုံ များ၊ စာရွက်စာတမ်းများ စသည့် ရုပ်ရှင်လုပ်ငန်းနှင့်သက်ဆိုင်သောပစ္စည်းများကိုပြသထားသည်။ စနေနှင့်တနင်္ဂနွေနေ့များတွင် နေ့စဉ်မနက်ကိုးနာရီခွဲမှ ညနေသုံး နာရီအထိ ဖွင့်လှစ်ပြသထားပြီး နိုင်ငံခြားသားအချို့လည်း စိတ်ဝင်တစား လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်နှင့် ရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမဆောင်တို့ကို ပြန်လည် ပြုပြင်ရန် ကာလတန်ဖိုး ကျပ်သိန်းထောင်ချီကုန်ကျဖွယ်ရှိနေပြီး ယင်းအတွက် ရန်ပုံငွေရှာဖွေရန်ဗီဒီယိုဇာတ်ကားရှစ်ကား ရိုက်ကူးထားပြီး ခြောက်ကားကို လေလံတင်ရောင်းချရငွေကျပ်သိန်းခြောက်ရာကျော်ရရှိပြီးဖြစ်ကြောင်းသိရသည်။

# TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Harry Potter and Deathly Hallows: PartII | Warner Bros: | ၁၆၉,၁၈၉,၀၀၀ | ၁ |
| ၂။ | Transformers3: Dark of the Moon | Paramount Pic: | ၃၀၂,၈၇၉,၀၀၀ | ၃ |
| ၃။ | Horrible Bosses | New Line Chinema & Warner Bros: | ၆၀,၁၄၉,၆၀၀ | ၂ |
| ၄။ | The Zookeeper Class | Columbia Tristar | ၄၂,၃၈၃,၀၀၀ | ၂ |
| ၅။ | Car 2 | Walt Disney | ၁၆၅,၃၉၀,၀၀၀ | ၄ |
| ၆။ | Winnie the Pooh | Walt Disney | ၇,၈၅၇,၀၈၀ | ၁ |
| ၇။ | Bad Teacher | Sony Pictures | ၈၈,၄၅၇,၆၀၀ | ၄ |
| ၈။ | Larry Crowne | Universal Pic: | ၃၁,၇၁၉,၆၀၀ | ၃ |
| ၉။ | Super 8 | Paramount Pic: | ၁၂၂,၂၈၇,၀၀၀ | ၆ |
| ၁၀။ | Midnight in Paris | Sony Pictures | ၄၁,၇၇၈,၇၀၀ | ၉ |

# Movie Review

## The Whistleblower




ကက်သီသည် အမေရိကန်ရဲအရာရှိတစ်ဦးဖြစ်ပြီး ဘော့စနီးယားစစ်ပွဲအပြီးတွင် ဘော့စနီးယားနိုင်ငံသို့သွား၍ ငြိမ်းချမ်းရေးထိန်းသိမ်းသူ (Peackeeper) အဖြစ်တာဝန်ထမ်းဆောင်နေသည်။ စစ်ကြောင့် ပျက်စီးသွားသော နိုင်ငံအား ပြန် လည်ထူထောင်ရာတွင် အချို့မှာ စေတနာမမှန်ကြဘဲ ကန်ထရိုက်လုပ်ငန်း လုပ်ကိုင်သူများနှင့် နိုင်ငံတကာ သံတမန်များ၊ အရာရှိများကြားတွင် လာဘ်စားမှုများ၊ လိင်မှုလုပ်ငန်းများ၊ လူကုန်ကူးမှုများဖြစ်ပေါ်နေသည်ကိုကက်သီတစ်ယောက်တွေ့ရှိရသောအခါ အမှန်တရားကို ဖော်ထုတ်ရန်ကြိုးစားသည်။ သို့သော်တစ်ဖက်တွင်လည်း သူမအတွက် အသက်အန္တရာယ်ရှိနေသေးရာ. . . ။

တကယ့်အဖြစ်အပျက်ကို အခြေခံ၍ ရိုက်ကူးထားသောဇာတ်ကားတွင် အကယ်ဒမီမင်းသမီး Rachel Weisz, Vanessa Redgrave, David Strathairn, Monica Bellucci တို့ဝင်သရုပ် ဆောင်ထားပြီး ဒါရိုက်တာ Larissa Kondracki ကရိုက်ကူးထားသည်။ Samuel Goldwyn Films ကဩဂုတ်လ ၅ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports

7 DAY NEWS JOURNAL

Vol.10, No.19 • JULY 28, 2011

## UPT အသင်း ပထမဆုံး ဖူဆယ်လိဂ်၏ ရာသီဝက်ချန်ပီယံဖြစ်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇူလိုင် - ၂၀**

ယခုနှစ်တွင် စတင်ကျင်းပသည့် MFF တိုက်ဂါးဖူဆယ်လိဂ်ပြိုင်ပွဲ၊ ပထမအကျော့နောက်ဆုံးပွဲစဉ်များအပြီး UPT အသင်းက ရမှတ် ၁၈ မှတ်ဖြင့် ရာသီဝက်ချန်ပီယံအဖြစ်ရပ်တည်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ယင်းပြိုင်ပွဲ၏ ပထမအကျော့ပွဲစဉ် ၇ ပွဲအပြီးတွင် UPT၊ Royal Land၊ ACE၊ ရန်ကုန်စီးတီး၊ ရခိုင်ယူနိုက်တက်၊ သမ္မတအသင်းများ အစဉ်လိုက်ရပ်တည်လျက်ရှိပြီး ၎င်းတို့နောက်တွင် USM နှင့် Best Friends အသင်းနှစ်သင်းမှာ ရမှတ်တစ်မှတ်စီသာရရှိထားပြီး အမှတ်ပေးဇယားအောက်ဆုံး၌ရပ်တည်နေသည်။

အမျိုးသားအားကစားပြိုင် ပွဲရုံ-၂၊ လှိုင်မြို့နယ်၌ ကျင်းပပြုလုပ်သည့် အဆိုပါပြိုင်ပွဲ၏ ဒုတိ ယအကျော့ပွဲစဉ်များကို ဇူလိုင်လ ၂၈ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။

## အကြီးတန်းဆုကြေးစားကစားသမားများ ဂေါက်သီးအသင်းဝင်ခွင့် လက်ရည်စစ်ပြိုင်ပွဲ ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇူလိုင် - ၂၀**

မြန်မာအကြီးတန်းဆုကြေးစားသမားများ ဂေါက်သီးအသင်း (Myanmar Senior Professional Golfers Association) ဝင်ခွင့်ကတ်ရရှိရန် လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲများကို ရန်ကုန်နှင့်မန္တလေးမြို့များတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်သည် အသက် ၅၀ ပြည့် ဂေါက်သီးရိုက်အားကစားသမားများပါဝင်မည့် မြန်မာစီနီယာပီဂျီအေအသင်းအဖွဲ့ကို ၂၀၁၁ ဇူလိုင်လအတွင်း စတင်ဖွဲ့စည်းခဲ့သည်။ အသင်းဝင်ရောက်လိုသည့် အားကစားသမားများအတွက် လက်ရည်စစ်ပွဲများကို လာမည့်ဩဂုတ်လ ၁၀ ရက်နှင့် ၁၁ ရက်တွင်ရွှေမန်းတောင်ဂေါက်ကလပ်(မန္တလေး)၌လည်းကောင်း၊ ဩဂုတ်လ ၂၆ ရက်နှင့် ၂၉ ရက်တွင် ရန်ကုန်ဂေါက်ကလပ်(ရန်ကုန်)၌လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

"မြန်မာပီဂျီအေမှာ ကတ်ကိုင်ထားတဲ့ အသင်းဝင်တွေကတော့ အသက် ၅၀ ပြည့်ရင် အလိုအလျောက် စီနီယာပီဂျီအေအသင်းဝင်ဖြစ်ပါတယ်။ ကျန်တဲ့ အသက်၅၀ပြည့်မှာ ဂေါက်သီးကိုချစ်မြတ်နိုးပြီး ဂေါက်သီးကို ကျွမ်းကျင်ရိုက်နိုင်တဲ့သူတွေကို ကြိုဆိုတဲ့အနေနဲ့ လက်ရည်စစ်ပွဲတွေ လုပ်ပေးရခြင်းဖြစ်ပါတယ်"ဟုမြန်မာစီနီယာပီဂျီအေ အတွင်းရေးမှူးဦးချမ်းဟန်ကပြောသည်။

လက်ရည်စစ်အောင်မြင်သည့်သူများကို စီနီယာပီဂျီအေကတ် ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့်မန္တလေးပွဲတွင်မအောင်မြင်သည့်အားကစားသမားများအနေဖြင့်လည်း ရန်ကုန်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်ခွင့်ရှိကြောင်း ၎င်းကဆက်ပြောသည်။

စီနီယာပြိုင်ပွဲ အနေဖြင့်လည်း ဩဂုတ်လကုန်ပိုင်းတွင် ပန်းလှိုင်ဂေါက်ကွင်း(ရန်ကုန်)နှင့် စက်တင်ဘာလဆန်း၌ ရေတံခွန်တောင်ဂေါက်ကွင်း(မန္တလေး)တို့၌ ကျင်းပရန်စီစဉ်ထားပြီး စီနီယာအင်တာနေရှင်နယ်ပြိုင်ပွဲတစ်ခုကိုလည်း လာမည့် ဒီဇင်ဘာလတွင် ကျင်းပရန် ရည်ရွယ်ထားကြောင်းဦးချမ်းဟန်ကပြောသည်။

## ယူ ၁၆ လက်ရွေးစင် ဘောလုံးသမားများ ဆက်လက်စခန်းသွင်း လေ့ကျင့်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇူလိုင် - ၂၃**

အာဆီယံယူ-၁၆ ဘောလုံးပြိုင်ပွဲတွင်တတိယရရှိခဲ့သည့် မြန်မာလူငယ်အသင်းမှ ကစားသမားများကိုမည်သည့်ကလပ်မှ ခေါ်ယူခွင့်ပြုမည်မဟုတ်ဘဲ လာမည့်နိုင်ငံတကာပြိုင်ပွဲများအတွက် စခန်းသွင်းလေ့ကျင့်သွားမည် ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားသည်။

"ဘယ်ကလပ်ကိုမှ ၁၅ နှစ်၊ ၁၆ နှစ်အောက် ကလေးတွေကို မပေးနိုင်ပါဘူး။ နောက်ပိုင်းမတားပါဘူး။ ၁၇ နှစ်ကျော်လို့ ကစားသမားက လိဂ် level ကစားနိုင်လို့ ခေါ်မယ်ဆိုရင် တားမထားပါဘူး။ ပေးမယ်။ သို့သော် လတ်တလော မပေးနိုင်သေးဘူး။ မပေးနိုင်ဘူးဆိုတာက အကြောင်းရှိပါတယ်။ ကလေးတွေကို စနစ်တကျထရိန်နင်၊ ပြုစုပျိုးထောင်ပေးဖို့ အချိန်တစ်ခုလိုနေသေးတယ်" ဟုတတိယဆုရ မြန်မာလူငယ်အသင်းနှင့် ယခုလ ၂၃ ရက်က ဘောလုံးအဖွဲ့ခန်းမတွင် တွေ့ဆုံခဲ့သည့် အခမ်းအနား၌ ဦးဇော်ဇော်က ပြောကြားခဲ့သည်။

ယခင်က သက်တမ်းအလိုက်ပြိုင်ပွဲများတွင် အသက်မှန်ကန်မှုမရှိခဲ့သည့်အတွက် ယခုခါးစည်းခံနေရကြောင်း၊ နောက်ပိုင်းလေးငါးနှစ်ကာလတွင် အတတ်နိုင်ဆုံး အသက်မှန်ကန်မှု ဖြစ်အောင်လုပ်ဆောင်နေကြောင်း၊

စာ(၅၁)သို့

★★★အားကစားကြယ်ပွင့်★★★




## အာရှဂုဏ်မြှင့်တင်ခဲ့တဲ့ ဆာမူရိုင်းမလေးများ

ကိုထိုက်

နာဒေရှီကို Nadeshiko (ကြက်သွေးရောင်ပန်း) လို့ အမည်ရတဲ့ ဂျပန်အမျိုးသမီးဘောလုံးအသင်းဟာ ပြီးခဲ့တဲ့ဇူလိုင် ၁၇ မှာပြုလုပ်ခဲ့တဲ့ ဖီဖာအမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ အမေရိကန်အသင်းကို နှစ်ဂိုးစီသရေကျကာ အချိန်ပိုကစားပြီးနောက် ပင်နယ်တီအဆုံးအဖြတ်မှာ ၃-၁ ဂိုးနဲ့ အနိုင်ရကာ အာရှရဲ့ ပထမဆုံးသော အမျိုးသမီးကမ္ဘာ့ဖလားချန်ပီယံအသင်းဖြစ်လာခဲ့ပါတော့တယ်။ ဒါ့ကြောင့် ပြီးခဲ့တဲ့မတ်လက ငလျင်နဲ့ဆူနာမီဒဏ်အပြင်းအထန်ခံစားခဲ့ရတဲ့ ဂျပန်နိုင်ငံအတွက် အရှုံးမပေးဘဲ ကြံ့ကြံ့ခံရင်ဆိုင်တတ်တဲ့ပုံရိပ်ကို ဂျပန်အမျိုးသမီးဘောလုံးအသင်းက ပြန်လည်ရယူပေးချင်ခဲ့တာပဲ ဖြစ်ပါတယ်။

**ဂျပန်အမျိုးသမီးဘောလုံးသမိုင်း**

ဂျပန်မှာ အမျိုးသမီးဘောလုံးလောကဟာ ၁၉၇၀ နှစ်များကပဲစတင်ခဲ့တာပါ။ ထိုစဉ်က ပြည်တွင်းမှာ အမျိုးသမီးအသင်းတွေ၊ လိဂ်ပြိုင်ပွဲတွေဒေသအလိုက် ပေါ်ပေါက်လာခဲ့ပြီးနောက် ၁၉၈၀ မှာတော့ ပထမဆုံးသော ဂျပန်နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးဘောလုံးချန်ပီယံရှစ်ပြိုင်ပွဲကို စတင်ကျင်းပကာ ဂျပန်အမျိုးသမီး လက်ရွေးစင်အသင်းကို ဖွဲ့စည်းပြီး ပထမဆုံးနိုင်ငံတကာပွဲအဖြစ် ဟောင်ကောင်အမျိုးသမီးလက်ရွေးစင်အသင်းနဲ့ ကစားခဲ့ပါတယ်။ ဂျပန်အမျိုးသမီးလက်ရွေးစင်အသင်းဟာ ၁၉၉၁ မှာတော့ တရုတ်နိုင်ငံမှာကျင်းပတဲ့ ဖီဖာအမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲမှာ စတင်ပါဝင်နိုင်ခဲ့ပါတယ်။

စာ(၅၁)သို့

7DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

၂၀၁၁ မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့ပြိုင်ပွဲအတွက် အပြောင်းအရွှေ့ကာလပြီးဆုံးချိန်တွင် ပြိုင်ပွဲဝင်အသင်းအများစု၏လှုပ်ရှားမှုမှာ အနည်းငယ်သာ ရှိခဲ့သော်လည်း ပြည်တွင်းကစားသမားများနှင့်သာ ယှဉ်ပြိုင်နေသော ဇွဲကပင်ယူနိုက်တက်အသင်းက နိုင်ငံခြားသားကစားသမားများကို စတင်ခေါ်ယူခဲ့သည်။ ထို့ကြောင့် ကမ္ဘောဇအသင်းတစ်သင်းသာ ပြည်တွင်းကစားသမားများဖြင့် ဆက်လက်ရပ်တည်လျက်ရှိသည်။

# မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့အတွက် ပြင်ဆင်နေမှုများ

ဖိုလ်ဖိုလ်ဝင်း


ဓာတ်ပုံ - အောင်အောင်

ပြီးခဲ့သည့်နှစ် ပြိုင်ပွဲတွင် အမှတ်ပေးဇယားအောက်ဆုံး၌ ရပ်တည်ခဲ့ပြီး ယခုနှစ် ပထမအကျော့ ပြီးဆုံးချိန်တွင်လည်း နိုင်ပွဲမရရှိသေးသည့်ဇွဲကပင်အသင်းသည် ဘရာဇီး၊ နိုင်ဂျီးရီးယား၊ ကင်မရွန်းနှင့် အိုင်ဗရီကို့စ်နိုင်ငံများမှ ကစားသမားတစ်ဦးစီ (စုစုပေါင်းလေးဦး)အား စာချုပ်ကခေါ်ယူခဲ့သည်။ ထို့အပြင် မျိုးမြင့်အောင်(ကမ္ဘောဇ)၊ ဟိန်းဇာထွန်း၊ ကျော်ဇေယျာ၊ ပြည့်ဖြိုးဦး(ဂိုး)ACEတို့ကို စာချုပ်ဖြင့် ခေါ်ယူခဲ့ပြီး ကိုကိုနိုင်နှင့် မိုးဇွန်အောင်(ရန်ကုန်)တို့ကိုလည်းအငှားခေါ်ယူခဲ့သည်။

ကမ္ဘောဇအသင်းသည် အပြောင်းအရွှေ့ကာလ နောက်ဆုံးရက် (ဇူလိုင် ၁၇)တွင် ဉဿာအသင်းမှ ရန်ကုန်အသင်းသို့ အငှားလာရောက်ကစားနေသော လက်ရွေးစင်တိုက်စစ်မှူး မိုင်အိုက်နိုင်အပါအဝင် ဇော်ဇော်(မနောမြေ)၊ ဝိုင်းချစ်အောင်(ရန်ကုန်)၊ နေလင်းထက်(ဆောက်သမ်းမြန်မာ)တို့ကို ခေါ်ယူနိုင်ခဲ့သည်။

ပထမအကျော့အပြီးတွင် အမှတ်ပေးဇယားထိပ်မှဦးဆောင်ထားသော ရန်ကုန်ယူနိုက်တက်အသင်း၊ ဆောက်သမ်း မြန်မာတို့မှာ ကစားသမားအသစ်ခေါ်ယူမှုမရှိခဲ့ဘဲ ရလဒ်များ ကျဆင်းနေသည့် လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် ဌာနပြန်သွားသည့် အောင်ကျော်မိုးနှင့် ဇွဲကပင်အသင်းမှဂိုးသမားဇော်ဇော်နိုင်တို့ကို စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။

ရက္ခပူရအသင်းအနေဖြင့် ဂါနာတိုက်စစ်မှူး ဂျိုးဇက်တူတူအားထပ်မံအားဖြည့်ခေါ်ယူခဲ့ပြီး မနောမြေအသင်းမှာမူ ပြည်တွင်းအားကစားသမားသုံးဦးသာထပ်မံခေါ်ယူခဲ့သည်။

အမှတ်ပေးဇယား ဒုတိယနေရာယူထားသည့် ဇေယျာရွှေမြေအသင်းသည် ပထမအကျော့အပြီး၌အသင်းနှင့်လမ်းခွဲခဲ့သည့် တိုက်စစ်မှူးဗစ်တာနှင့် ကွင်းလယ်လူ ဒီယေဂိုတို့နေရာတွင် ဘော့စနီးယားတိုက်စစ်မှူး စတူးပစ်နှင့် ဘရာဇီးကွင်းလယ်လူ ဒါဆေးလ်ဗားတို့ကို စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ခဲ့သည်။

ယခုနှစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ငွေကြေးမြောက်မြားစွာ သုံးစွဲထားသော နေပြည်တော်အသင်းသည် နည်းပြချုပ် ချောင်တေးယောင်နှင့် ကိုရီးယားကစားသမားနှစ်ဦးအားစာချုပ်ဖျက်သိမ်းခဲ့ပြီး နည်းစနစ်အကြံပေးဖြစ်သူ ဦးမျိုးလှိုင်ဝင်းအား နည်းပြချုပ်အဖြစ်ခန့်အပ်ခဲ့သည်။ ထို့အပြင် ACE အသင်းမှ တောင်ကိုရီးယားနောက်ခံလူ ကင်ဝန်ဂျင်းနှင့် ဂါနာကွင်းလယ်လူ ဂျိုနသန်တို့ကိုပြန်လည်ခေါ်ယူခဲ့သည်။

မကွေးအသင်းသည် ဒဏ်ရာရရှိနေသည့် နောက်ခံကစားသမား မန်ဆာနေရာတွင် အစားထိုးနိုင်ရန် လက်ဘနွန်ကစားသမားရာမေ့စ်ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီး ဉဿာယူနိုက်တက်အသင်းမှာ ကမ္ဘောဇကွင်းလယ်ကစားသမား သူရိန်ထွန်းနှင့် အောင်မြင့်ထွန်း(ဇေယျာရွှေမြေ)တို့ကိုခေါ်ယူနိုင်ခဲ့သည်။ ပထမအကျော့အပြီးတွင် ရှုံးပွဲမရှိစံချိန်ရယူထားသည့် ရောဝတီယူနိုက်တက်အသင်းသည် ဇွဲကပင်ကစားသမား နန္ဒာလင်းကျော်ချစ်ကို ခေါ်ယူနိုင်ခဲ့ကြောင်းသိရသည်။

ကစားသမားသစ် ခေါ်ယူခဲ့ခြင်းမရှိသောဆောက်သမ်းမြန်မာအသင်းသည် အသင်းမှ ပြည်ပကစားသမားလေးဦးအနက်မိုဟာမက်ရာဇက်နှင့်မူဆာဒေါ့ကာနှစ်ဦးကို စာချုပ်ဖျက်သိမ်းခဲ့သည်။

၂၀၁၁ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ပြီးဆုံးချိန်တွင် အမှတ်ပေးဇယားထိပ်ဆုံး၌ ရပ်တည်နေသောအသင်း သုံးသင်း၏ အမှတ်ကွာဟမှုမှာ ကျဉ်းမြောင်းနေပြီး ချန်ပီယံအသင်းအတွက် မှန်းဆနိုင်ရန် မလွယ်ကူသေးပေ။ သို့သော် ချန်ပီယံဆုအတွက် ရန်ကုန်၊ ဇေယျာရွှေမြေ၊ ရောဝတီ စသည့်ထိပ်ဆုံး သုံးသင်းထဲမှသာ ဆွတ်ခူးနိုင်ရန် အလားအလာရှိနေသည်။ ရလဒ်များ ကျဆင်းနေသော အမှတ်ပေး ၂နှစ်ဆက် ချန်ပီယံ ရတနာပုံအသင်းမှာမူ ဒုတိယအကျော့တွင် အမှတ်ပေးဇယားထိပ်ပိုင်းသို့ ရောက်ရှိရန်သာ မျှော်လင့်နိုင်ပြီး ချန်ပီယံဆုကို ကာကွယ်ရန်မှာမူ ဝေးကွာနေပြီဖြစ်သည်။ ထို့ကြောင့် ယခုနှစ် မြန်မာနေရှင်နယ်လိဂ် ချန်ပီယံအသင်းသစ်အားတွေ့မြင်ရတော့မည်ဖြစ်သည်။

လာမည့် ဩဂုတ်လ ၁ ရက်တွင် ပြန်လည်စတင်မည့် အဆိုပါပြိုင်ပွဲ၏ ဒုတိယအကျော့ပွဲစဉ်များကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မုံရွာမြို့များတွင်သာမက နေပြည်တော် (ပေါင်းလောင်းကွင်း)၌ပါ အိမ်ကွင်းအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

## စာ(၅၀) - အားကစားကြယ်ပွင့် မှ

ဒါပေမဲ့ အုပ်စုအဆင့်နဲ့သာ ကျနပ်ခဲ့ရပြီး ၂၀၀၀ ပြည့်နှစ် အိုလံပစ်ပွဲမှာ ခြေစစ်ပွဲမအောင်ခဲ့တဲ့အတွက် အကျိုးဆက်အနေနဲ့ပြည်တွင်းအမျိုးသမီးလိဂ်ပြိုင်ပွဲကနေ အသင်းများစွာ နုတ်ထွက်သွားကြပြီး ဘောလုံးလောက အကျပ်အတည်းရောက်ခဲ့ရပါတယ်။ ဒါပေမဲ့ ၂၀၀၂ ခုနှစ်မှာ အီဂျီယူ အေဒါက ဂျပန်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်လာပြီးနောက် ၂၀၀၄ အိုလံပစ်အတွက် အမျိုးသမီးလက်ရွေးစင်အသင်းကိုပြန်လည်တည်ဆောက်ခဲ့ပါတယ်။ ဒီနောက်မှာတော့ အသင်းဟာ ပြန်လည်တိုးတက်လာခဲ့ပြီး ပြည်တွင်းအမျိုးသမီး လိဂ်ပြိုင်ပွဲအယ်လ်လိဂ်ဟာလည်းဖွံ့ဖြိုးလာခဲ့ပါတော့တယ်။ ဂျပန်ဘောလုံးအဖွဲ့ချုပ်ဟာအမျိုးသမီးလက်ရွေးစင်အသင်းကို ပြည်တွင်းမှာ အားပေးမှုပိုများလာအောင် ကြိုးစားတဲ့အနေနဲ့အသင်းအတွက် ချစ်စနိုးခေါ်တဲ့ nick name ပေးဖို့ ၂၀၀၄ ဇူလိုင်မှာ ပြိုင်ပွဲတစ်ခုကျင်းပကာ တင်သွင်းတဲ့အမည်ပေါင်း ၂,၇၀၀ မှဂျပန်ဒဏ္ဍာရီ အမျိုးသမီး "ဟာမာတိုနာဒေရှီကို" ရဲ့အမည်က ရယူထားတဲ့ "နာဒေရှီကို၊ ကြက်သွေးရောင်ပန်း" ဆိုတဲ့ အမည်ကိုရွေးချယ်ဖြစ်ခဲ့တာဖြစ်ပါတယ်။

**၂၀၁၁ အမျိုးသမီး ကမ္ဘာ့ဖလား နှင့်ဂျပန်အသင်း**

ဂျပန်အသင်းဟာ ငလျင်ကြောင့်ပြည်တွင်းလိဂ်ပြိုင်ပွဲတွေ မကျင်းပနိုင်ခဲ့သလို ဓာတ်အားပေးစနစ်တွေ ပျက်ခဲ့တာမို့ လေ့ကျင့်ရေးမှာလည်း ညဘက်မလုပ်နိုင်ခဲ့ဘဲ နေ့ဘက်တွေမှာပဲ ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ရပါတယ်။ ဂျပန်အသင်းရဲ့ ကစားသမားအများစုဟာ အသက် ၂၈ နှစ်အောက် ကစားသမား အများစုဖြစ်ပြီး အသက်အကြီးဆုံးအဖြစ် ဂိုးသမား နိုဇိုမီယာမာဂို (၃၆ နှစ်) တစ်ဦးသာ ဖြစ်ကာ အငယ်ဆုံးမှာရှေ့တန်းမှာ မာနာအီဝါဘူချီ ၁၈နှစ်ဖြစ်ပါတယ်။ ကျန်ကစားသမားအားလုံးကတော့ ပြိုင်ပွဲရဲ့အကောင်းဆုံးဆုနဲ့ ဂိုးသွင်းအများဆုံးဆုရ ဟိုမာရီဆာဝါ (၃၂ နှစ်)ကလွဲရင် အသက် ၂၀ ကနေအကြီးဆုံး ၂၈ နှစ်အထိပဲ ရှိခဲ့ကြပါတယ်။ ဒါ့အပြင် ဂျပန်အသင်းဟာဂျာမနီ၊ အမေရိကန်နဲ့ ပြင်သစ်တို့မှာ သွားရောက်ကစားနေတဲ့ကစားသမားလေးဦးပါဝင်ခဲ့ပြီး အတွေ့အကြုံရှိ ပြည်တွင်းကစားသမားလူကြီး လူငယ်အများစုနဲ့ ပေါင်းစပ်ဖွဲ့စည်းခဲ့တာပါ။ ဂျပန်အသင်းကို နည်းပြနိုရီယိုဆာဆာကီကလည်း ဘေဂျင်းအိုလံပစ်မှာ စတုတ္ထရခဲ့ပြီးနောက် အသင်းကိုပြိုင်ဘက်ရဲ့ကစားဟန်အလိုက် တုံ့ပြန်ကစားတတ်အောင် အာရုံပြုသင်ကြားပေးခဲ့ပြီး မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်ကစားသမားတွေကို အချိုးညီညီပေါင်းစပ်နိုင်ခဲ့လို့ အောင်မြင်ခဲ့ရတာလို့ဆိုထားပါတယ်။

အသင်းကပ္ပတိန် ဟိုမာရီဆာဝါကလည်း လက်ရွေးစင်အသင်းမှာ ပါဝင်ခဲ့တာ ၁၈ နှစ်ရှိခဲ့ပေမယ့် ကမ္ဘာ့ဖလားမှာ လူငယ်ကစားသမားတွေ အရန်ကစားသမားတွေရဲ့ အစွမ်းက အောင်မြင်မှုအတွက် အရေးပါခဲ့တယ်လို့ဆိုပါတယ်။ တကယ်တော့ မတ် ၁၁ ငလျင်နဲ့ ဆူနာမီဒဏ်ကြောင့် ဂျပန်ရဲ့အမျိုးသားလိဂ်ဖြစ်တဲ့ဂျေလိဂ်ထိခိုက်ခဲ့ရသလို အမျိုးသမီးလိဂ်ပြိုင်ပွဲဟာလည်း အလုပ်တစ်ဖက်၊ ကျောင်းတစ်ဖက်နဲ့ ကစားနေတဲ့ အပျော်တမ်းကစားသမားအများစုဖြစ်တာမို့ ပုံမှန်လေ့ကျင့်ရေးနဲ့ပွဲကစားရေးအတွက် အချိန်လုံလောက်စွာ မရခဲ့ပါဘူး။ ဂျပန်ဘောလုံးအဖွဲ့ချုပ်ရဲ့ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဆာဘူရိုကာဝါဘူချီကလည်း မကြာမီက အင်တာဗျူးတစ်ခုမှာ ယခင်ကဆိုဂျပန်အမျိုးသမီးဘောလုံးသမားတွေဟာ လက်ရွေးစင်အသင်းမှာ ပါဝင်နေရလို့ အချိန်ပြည့်အလုပ်မလုပ်နိုင်ဘဲ ဝင်ငွေအတွက် ကြုံရာကျပန်းအလုပ်တချို့ လုပ်ကာ ရပ်တည်ခဲ့ရကြောင်း နောက်ပိုင်းမှ ဘောလုံးအဖွဲ့ချုပ်က ရန်ပုံငွေခွဲဝေပေးမှုကြောင့် လေ့ကျင့်စရိတ်ရကာ အဆင်ပြေခဲ့ရကြောင်း အမှတ်တရ ပြောပါတယ်။

ဒါ့ကြောင့် နိဂုံးချုပ်ရရင်တော့ ၂၀၁၁ဖီဖာအမျိုးသမီးကမ္ဘာ့ဖလားမှာဂျပန်အမျိုးသမီးအသင်းအောင်ပွဲခံခဲ့ခြင်းဟာ ပြင်းပြင်းထန်ထန်လေ့ကျင့်မှုနဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်စိတ်ပြင်းထန်စွာနဲ့ ကြိုးစားကစားခဲ့မှုတို့က အောင်မြင်မှုအတွက်သော့ချက်ဖြစ်ခဲ့ရတယ်လို့ ဆိုချင်ပါတယ်။

## မြန်မာအသင်း နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက် ဝေဝါး

ဖိုလ်ဖိုလ်ဝင်း

**ရန်ကုန်၊ ဇူလိုင်-၂၃**

ကမ္ဘာ့ဖလားခြေစစ်ပွဲအာရှဇုန် ဒုတိယအဆင့် ပထမအကျော့ပွဲစဉ်တွင်အိုမန်အသင်းအား (အဝေးကွင်း)တွင် ၂-၀ ဖြင့် ရှုံးနိမ့်ခဲ့သောကြောင့်မြန်မာဘောလုံးအသင်း၏ နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက်မှာ နည်းပါးသွားရပြီဖြစ်သည်။

မြန်မာအသင်းသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၆၀ မြင့်မားသည့်အာရှအဆင့် အိုမန်အသင်းအား ရလဒ်ဆိုးရွားစွာ မရှုံးနိမ့်ခဲ့သည့်အတွက်(အိမ်ကွင်း)တွင် ယှဉ်ပြိုင်ရမည့် ပွဲစဉ်သည် အသက်ဝင်နေဦးမည်ဖြစ်သည်။ သို့သော်မြန်မာအသင်း နောက်တစ်ဆင့်သို့တက်ရောက်ရန်အတွက်မူ (အိမ်ကွင်း)တွင် သုံးဂိုးပြတ်အနိုင်ရရှိရန်လိုအပ်နေသည်။

မြန်မာနှင့် အိုမန်(ဒုတိယအကျော့)ပွဲစဉ်အဖြစ် ဇူလိုင် ၂၈ ရက် ညနေသုံးနာရီခွဲအချိန်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## စာ(၅၀) - ယူ ၁၆ လက်ရွေးစင် ဘောလုံးသမားများ ဆက်လက်စခန်းသွင်း လေ့ကျင့်မည် မှ

ယခုအသင်းအနေဖြင့် တတိယဆုသာ ဆွတ်ခူးနိုင်ခဲ့သော်လည်း အသက်မှန်မှန်ကန်ကန်ဖြင့် ယှဉ်ပြိုင်ကာ ယခုအဆင့်ရောက်ခဲ့ခြင်းအပေါ် ကျေနပ်ကြောင်း ဆက်လက်ကြိုးစားရန်လိုအပ်ကြောင်း ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌကပြောသည်။

အာဆီယံယူ-၁၆ ဘောလုံးပြိုင်ပွဲဝင် မြန်မာယူ-၁၆ အသင်းတွင်မန္တလေးဘောလုံးအကယ်ဒမီမှကစားသမား ၇ ဦး၊ အား/ကာ သိပ္ပံ(မန္တလေး)မှ ၆ ဦး၊ အား/ကာ သိပ္ပံ (ရန်ကုန်)မှ ၂ ဦး၊ ရတနာပုံအကယ်ဒမီ ၃ ဦးပါဝင်ပြီး ထပ်မံ၍ ကစားသမား ၄ ဦးဖြည့်တင်းကာလာမည့် အာရှဘောလုံးအဖွဲ့ချုပ်ယူ-၁၆ ခြေစစ်ပွဲအတွက် စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

လာမည့်စက်တင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် ၎င်းခြေစစ်ပွဲအုပ်စု (G) တွင် မြန်မာအသင်းသည် ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဟောင်ကောင်၊ ဂူအမ်အသင်းများနှင့် ကျရောက်လျက်ရှိသည်။

7DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011



## မိုနာကို ဒိုင်းမွန်းလိဂ် မီတာ ၁၀၀ တွင် အူစိန်ဘော့ အနိုင်ရရှိ

**မိုနာကို၊ ဇူလိုင် - ၂၃**

အိုလံပစ်နှင့် ကမ္ဘာ့မီတာ ၁၀၀ ချန်ပီယံ အူစိန်ဘော့သည် ဇူလိုင် ၂၂ ရက်က ကျင်းပခဲ့သော မိုနာကိုဒိုင်းမွန်းလိဂ် အပြေးပြိုင်ပွဲ မီတာ ၁၀၀ ပွဲစဉ်တွင် တစ်နိုင်ငံတည်းသား နတ်စတာကာတာအားကျော်ဖြတ်ကာ စံချိန် ၉ ဒသမ ၈၈ စက္ကန့်ဖြင့် အနိုင်ရရှိသွားသည်။ အူစိန်ဘော့အတွက် ယခုစံချိန်မှာ ယခုနှစ်ပြိုင်ပွဲရာသီတွင် ၎င်း၏ အမြင့်ဆုံးရရှိသော မီတာ ၁၀၀ စံချိန်ဖြစ်ခဲ့သည်။ ဒုတိယနေရာမှ နတ်စတာကာတာမှာ ၉ ဒသမ ၉၀ စက္ကန့်ဖြင့်လည်းကောင်း၊ တတိယနေရာမှ အမေရိကန်အပြေးသမားမိုက်ကယ်ရော်ဂျာမှာ ၉ ဒသမ ၉၆ စက္ကန့်ဖြင့်လည်းကောင်း အသီးသီးပန်းဝင်ခဲ့သည်။

မိုနာကိုတွင် ပထမရခဲ့သည့်အတွက် အူစိန်ဘော့က "ပြိုင်ပွဲရဲ့ နောက်ဆုံးမီတာ ၆၀ အကွာအဝေးမှာ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်သိသိသာသာ တိုးတက်ခဲ့ပါတယ်။ ကျွန်တော်ဟာ လေ့ကျင့်ရေးကိုပြင်းပြင်းထန်ထန်လုပ်ထားခဲ့ပြီးလန်ဒန် ၂၀၁၂အိုလံပစ်ရာသီအမီ အဆင့်သင့်ဖြစ်အောင်ကြိုးစားမှာပါ" ဟု ပြောသည်။


အူစိန်ဘော့သည် ၂၀၀၉ ဘာလင်ကမ္ဘာ့ချန်ပီယံရှစ်ပြေးခုန်ပစ်ပွဲတွင် မီတာ ၁၀၀ ၌ ၉ ဒသမ ၅၈ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်တင်ထားခဲ့ပြီး လာမည့်ဩဂုတ်လတွင် တောင်ကိုရီးယားနိုင်ငံ ဒေဂူမြို့၌ ကျင်းပမည့် ၂၀၁၁ ကမ္ဘာ့ချန်ပီယံရှစ်ပြေးခုန်ပစ်ပွဲတွင် ချန်ပီယံဆုကာကွယ်ရမည်ဖြစ်သည်။

*—Ref: Reuters*

## ကန်နိုင်ငံခြားရေးဝန်ကြီး ကမ္ဘာ့ဖလားလောင်းကြေးရှုံး

**ဘာလီ၊ ဇူလိုင် - ၂၃**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် ပြီးခဲ့သည့် အမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အမေရိကန်အသင်းက ဂျပန်အသင်းအား ရှုံးခဲ့၍ ဝမ်းနည်းမိသော်လည်း ဂျပန်၏အောင်မြင်မှုကိုဂုဏ်ယူကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့်လည်း လောင်းကြေးထပ်ရာတွင် ရှုံးနိမ့်ခဲ့၍ ရှုံးကြေးအဖြစ် ပန်းသီး



များပေးအပ်ခဲ့ကြောင်း ပြောကြားလိုက်သည်။ ဝန်ကြီးကလင်တန်သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် အာရှလုံခြုံရေး ကွန်ဖရင့်သို့တက်ရောက်ရန် ရှိကြောင်းသိရသည်။

သူမက ဂျပန်အသင်း၏ အောင်မြင်မှုကို ချီးကျူးခဲ့ပြီး "ပွဲရလဒ်ကြောင့်မပျော်ရွှင်ခဲ့ရပေမယ့် ဂျပန်အမျိုးသမီးအသင်းကိုကျွန်မတို့လေးစားသဘောကျခဲ့ပါတယ်" ဟုဆိုသည်။ ကန်နိုင်ငံခြားရေးဝန်ကြီးသည်ဗိုလ်လုပွဲတွင်အမေရိကန်နှင့်ဂျပန်တွေ့ဆုံခဲ့ရာ၌ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့် အမေရိကန်ဘက်မှ ပန်းသီးများလောင်းကြေးထပ်ခဲ့ပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီးက သစ်တော်သီးများလောင်းကြေးထပ်ခဲ့သည်။ ယခုအခါ အမေရိကန်အသင်း ရှုံးနိမ့်သွားခဲ့၍ မစ္စကလင်တန်သည် လောင်းကြေးအဖြစ်အရသာကောင်းမွန်သော နယူးယောက်ပန်းသီးများကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးအားပေးအပ်ခဲ့သည်။

*—Ref: AP*

## ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် စေတနာ့ဝန်ထမ်း လျှောက်ထားသူ ၉ ၀၀၀ ကျော်ရှိ

**ဝါဆော၊ ဇူလိုင် - ၂၃**

ယူကရိန်းနှင့် ပိုလန်နိုင်ငံတို့တွင် လာမည့် ၂၀၁၂၌ကျင်းပမည့်ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲအတွက် နိုင်ငံပေါင်း ၇၁ နိုင်ငံမှ စေတနာ့ဝန်ထမ်းလုပ်ရန် လျှောက်ထားသူပေါင်း၉,၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်းပိုလန်မီဒီယာများ၏ဖော်ပြချက်အရသိရသည်။

ပြိုင်ပွဲအတွက် စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်မည့်သူများသည်ပြိုင်ပွဲကျင်းပရာမြို့များ၌ အာဏာပိုင်များက ပေးအပ်သော ကျရာတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ပြီး ၎င်းတို့




ကိုအိမ်ရှင်နိုင်ငံများနှင့် ယူအီးအက်ဖ်အေတို့က ရွေးချယ်သွားမည်ဖြစ်သည်။ စေတနာ့ဝန်ထမ်းများသည် အားကစားကွင်းများ၊ ပြိုင်ပွဲဝင်အသင်းများ၏ တည်းခိုရာဟိုတယ်များ၊ ကွင်းများအပြင် ဘက်ပရိသတ်ဇုန်ဟုခေါ်သော ဘောလုံးပွဲတိုက်ရိုက် ထုတ်လွှင့်ပြသရာနေရာများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲကို ၂၀၁၂ ဇွန် ၈ ရက်မှ ဇူလိုင် ၁ ရက်အထိ ပိုလန်နိုင်ငံ၏မြို့လေးမြို့ဖြစ်သော ဝါဆော၊ ဒန့်စ်၊ ဝရိုကလောနှင့် ပိုဇနန်တို့တွင်လည်းကောင်း၊ ယူကရိန်းမြို့များဖြစ်သော ကီယက်ဗ်၊ လာဗော့၊ ဒိုးနက်စ်နှင့် ကာဘော့ဗ်မြို့များတွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

*—Ref: Eurosport*



7DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# ယွမ်ငွေမှစတင်၍ စီးပွားရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် အိုင်အမ်အက်ဖ်က တရုတ်အား တိုက်တွန်း



**ဝါရှင်တန်၊ ဇူလိုင် - ၂၁**


ရေရှည်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို ကျားကန်နိုင်ရန်အတွက် အောက်ခြေသိမ်း ဘဏ္ဍာရေးစနစ်ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က တရုတ်နိုင်ငံအား တိုက်တွန်းလိုက်ပြီး တန်ဖိုးချထားသည့် ယွမ်ငွေကို အထိန်းအချုပ်ကင်းမဲ့စေခြင်းဖြင့် စတင်သင့်ကြောင်း ပြောကြားသည်။

တရုတ်နိုင်ငံက လက်ရှိကျင့်သုံးနေသည့် ဈေးကွက်အခြေပြု ပြောင်းလဲမှုများကို IMF က ချီးကျူးပြောဆိုခဲ့သည်။ သို့သော် တရုတ်နိုင်ငံသည် နိုင်ငံခြားတင်ပို့မှုအားပြုခြင်းစနစ်မှ ပြည်တွင်းစားသုံးမှု အခြေပြုပုံစံသို့ ပြောင်းလဲရန်မှာရှုပ်ထွေးသည့် ပြန်လည်ထိန်းညှိခြင်း အစီအစဉ်ကို စတင်ဖော်ဆောင်ရမည်ဖြစ်သည်။

ယင်းသို့လုပ်ဆောင်မှသာ မိသားစုများ၏ဝင်ငွေတိုးတက်လာနိုင်ပြီး နိုင်ငံ၏ ဝန်ဆောင်မှုလုပ်ငန်းများကို ထူထောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင်ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေးစနစ်တွင်လည်း တရုတ်နိုင်ငံ၏ အခန်းကဏ္ဍကို ပြန်လည်ခိုင်မာစေမည်ဖြစ်ကြောင်း IMF ကထုတ်ပြန်သည်။

တရုတ်စီးပွားရေးပြန်လည်တည်ငြိမ်မှုမှာ ကမ္ဘာကြီးအတွက် အရေးပါလာကြောင်းတရုတ်နိုင်ငံ၏ စီးပွားရေးအပေါ် အသစ်ထုတ်ပြန်သည့် အစီရင်ခံစာ တစ်စောင်တွင် IMF ကဖော်ပြသည်။ တန်ဖိုးမြှင့်ထားသော ယွမ်ငွေဖြစ်ပေါ်ရေးမှာ ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှုအတွက် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း IMF ၏ တရုတ်နိုင်ငံဆိုင်ရာ အထူးအဖွဲ့အကြီးအကဲ နိုင်ဂျယ်ချော့က သတင်းထောက်များအား ပြောကြားသည်။

ယွမ်ငွေမှာ သိသိသာသာ တန်ဖိုးနိမ့်ကျနေကြောင်း၊ ယမန်နှစ်အတွင်း ကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် ၅ ဒသမ ၅ ရာခိုင်နှုန်း တန်ဖိုးတက်လာခဲ့သော်လည်း အခြားကမ္ဘာ့ငွေကြေးများနှင့် နှိုင်းယှဉ်ပါက ယွမ်ငွေတန်ဖိုး ကျဆင်းလာကြောင်း IMF အစီရင်ခံစာတွင် ဖော်ပြသည်။ *—Ref: AFP*




## တရားမဝင် အင်ဒိုနီးရှားလုပ်သား ၄၆ ဦး လှေနစ်မြုပ်ရာတွင် မလေးရှားရဲတပ်ဖွဲ့ ကယ်တင်

**ကွာလာလမ်ပူ၊ ဇူလိုင် - ၂၀**

မလေးရှားအာဏာပိုင်များသည် အင်ဒိုနီးရှားမှ ရွှေ့ပြောင်းလုပ်သား ၄၆ ဦးကိုနိုင်ငံတောင်ပိုင်း ဂျိုဟိုးပြည်နယ် ပင်လယ်ကမ်းရိုးတန်းတွင် လှေနစ်မြုပ်ရာမှ ကယ်ဆယ်ခဲ့ရကြောင်း သတင်းထုတ်ပြန်လိုက်သည်။ အဆိုပါအင်ဒိုနီးရှားလုပ်သားများသည် တရားဝင်အလုပ်လုပ်ခွင့်စာရွက်စာတမ်းများမပါဘဲခိုးဝင်လာကြသူများဖြစ်ပြီး အင်ဒိုနီးရှားဘက်သို့ပြန်ဝင်ရန်အချိန်တွင် ပင်လယ်ပြင်၌ လှေနစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားလုပ်သားများ သည်စက်လှေအင်ဂျင်ပျက်ကာ လှေနစ်မြုပ်လုနီးဖြစ်ပြီးနောက် ၎င်းတို့ကိုကယ်ဆယ်ရန်မလေးရှား ရေတပ်ကဆယ်နာရီကြာရှာဖွေခဲ့ရသည်။

မလေးရေတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကလည်း "ရာသီဥတုကသိပ်မကောင်းဘဲ ရေပြင်ကလည်း လှိုင်းထန်နေခဲ့ပါတယ်။ အင်ဒိုနီးရှားလုပ်သားတွေကို ကျွန်တော်တို့ရှာတွေ့ချိန်မှာ သူတို့ဟာအားနည်းပြီး ကြောက်လန့်နေကြပါတယ်" ဟု ပြောသည်။ အဆိုပါ လုပ်သားအဖွဲ့သည် ဘာသာရေးပွဲတော်နေ့တွင်အင်ဒိုနီးရှားနိုင်ငံရှိ ဘာတမ်မြို့သို့ ဦးတည်ထွက်ခွာခဲ့သည်ဟုယုံကြည်ရပြီး စက်လှေကပ္ပတိန်မှာ လွတ်မြောက်သွားခဲ့ရာ လုပ်သား ၄၆ ဦးကိုသာ ဖမ်းမိခဲ့ခြင်းဖြစ်သည်။ *—Ref: Xinhua*






7DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011

# မားဒေါ့၏ အယ်ဒီတာဟောင်းအား အလုပ်ခန့်အပ်ခဲ့ခြင်းအတွက် နောင်တရမိကြောင်း ဗြိတိန်ဝန်ကြီးချုပ်ပြော

**လန်ဒန်၊ ဇူလိုင် - ၂၁**

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည်ဗြိတိန်နိုင်ငံတွင်ဖြစ်ပေါ်နေသည့် ဖုန်းခိုးနားထောင်ခြင်း ပြဿနာနှင့် ပတ်သက်၍ နောင်တရမိကြောင်းကို လူသိရှင်ကြားဝန်ခံပြောကြားရာတွင် ယခုမှပြန်တွေးကြည့်လျှင် ၎င်းအနေဖြင့် သည်းခြေကြိုက်သတင်းများ ဖော်ပြသည့် သတင်းစာတစ်စောင်၏ အယ်ဒီတာဟောင်းတစ်ဦးအား ၎င်း၏ မီဒီယာအကြီးအကဲအဖြစ် မခန့်အပ်သင့်ကြောင်းဆိုသည်။


News of the World **အယ်ဒီတာဟောင်း အန်ဒီကိုလ်ဆန်**

မီဒီယာသူဌေးကြီး ရူးပက်မားဒေ့ါ၏ ဗြိတိန်နိုင်ငံခရီးစဉ် အဆုံးသတ်ချိန်မှာပင် ကင်မရွန်းကအရေးပေါ်ပါလီမန် အစည်းအဝေးတွင် ကြေညာချက်ထုတ်ပြန်ပြီး News of the World အယ်ဒီတာဟောင်း အန်ဒီကိုလ်ဆန်အား အလုပ်ခန့်ရန် ၎င်း၏ မူလဆုံးဖြတ်ချက်ကို ကာကွယ်ခဲ့သည်။


**ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း**

ယင်းပြဿနာကိုရင်ဆိုင်ရန် အာဖရိက ခရီးစဉ်အား တစ်ရက်လျှော့၍ ပြန်လာခဲ့ရပြီး ဖိအားများရင်ဆိုင်နေရသောကွန်ဆာဗေးတစ်ပါတီခေါင်းဆောင်က ဖြစ်ပေါ်လာမည့်ပြဿနာများကိုသာ ကြိုတင်ခန့်မှန်းနိုင်ခဲ့ပါက ယင်းအယ်ဒီတာအား အလုပ်ခန့်ခဲ့လိမ့်မည်မဟုတ်ဟု ပြောကြားသည်။

"ဖြစ်ပျက်လာတာတွေကို ပြန်တွေးကြည့်လိုက်မယ်ဆိုရင် ကျွန်တော်ကလည်းသူ့ကို အလုပ်မခန့်သင့်ခဲ့သလို သူကလည်း အလုပ်ကို လက်မခံသင့်ပါဘူး" ဟူ၍ ပြောကြားခဲ့ရာ အတိုက်အခံပါလီမန်အမတ်များက လှောင်ပြောင်ခဲ့ကြသည်။

"ရှင်သန်နေထိုင်ရင်းနဲ့ သင်ယူလေ့လာရပါတယ်။ ခင်ဗျားတို့ ရောကျွန်တော့်ကို ယုံပါ။ ကျွန်တော်သင်ခန်းစာရသွားပါပြီ" ဟု ကင်မရွန်းက ဆက်လက်ပြောကြားသည်။

အယ်ဒီတာဟောင်းကိုလ်ဆန်သည် ဝန်ကြီးချုပ်ရုံးဆက်သွယ်ရေးဒါရိုက်တာအဖြစ်မှ ဇန်နဝါရီလက နုတ်ထွက်ခဲ့သည်။ ၎င်းမှာ ဖုန်းခိုးနားထောင်ခြင်းနှင့် သတင်းရရန် ရဲကိုလာဘ်ထိုးခြင်းအတွက်ဇူလိုင် ၈ ရက်တွင် အဖမ်းခံခဲ့ရသော်လည်း မဟုတ်တာမလုပ်ခဲ့ပါဟု ငြင်းဆိုထားသည်။

*—Ref: AFP*

# ပါကစတန်နိုင်ငံတွင် ပထမဦးဆုံးအမျိုးသမီး နိုင်ငံခြားရေးဝန်ကြီး ခန့်အပ်

**အစ္စလာမာဘတ်၊ ဇူလိုင် - ၂၀**

အိန္ဒိယနိုင်ငံနှင့် အရေးကြီးသောဆွေးနွေးမှုများပြုလုပ်ရန် ရက်သတ္တပတ်အနည်းငယ်အလိုမှာပင် ပါကစ္စတန်နိုင်ငံက ပထမဆုံးနှင့် အငယ်ဆုံး အမျိုးသမီးနိုင်ငံခြားရေးဝန်ကြီး တစ်ဦးအား ခန့်အပ်လိုက်သည်။



မစ္စဟီနာရက်ဘာနီခါ (၃၄ နှစ်)သည် နိုင်ငံခြားရေးဝန်ကြီးအဖြစ်အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပနေသည့် ထိပ်သီးဆွေးနွေးပွဲ၌ တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ဂျေချီ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်တို့နှင့်တွေ့ဆုံဆွေးနွေးမည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးဌာနကပြောကြားသည်။ ယခုနှစ်အစောပိုင်းတွင်စတင်ခဲ့သည့် အိန္ဒိယ-ပါကစ္စတန် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်ပြုလုပ်ရေးသဘောတူညီချက်အရလည်း မစ္စဟီနာရက်ဘာနီခါသည် အိန္ဒိယနိုင်ငံသို့သွားရောက်၍ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်၊အမ်၊ခရစ်ရှနနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် အလည်အပတ်ရောက်ရှိနေသည့် မစ္စကလင်တန်ကလည်း ၂၀၀၈ ခုနှစ်မွမ်ဘိုင်းတိုက်ခိုက်မှုနောက်ပိုင်း ရပ်နားထားခဲ့သည့် နှစ်နိုင်ငံကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ခြင်းကိုကြိုဆိုခဲ့သည်။ မစ္စဟီနာရက်ဘာနီခါသည် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ကိုးလကြာလုပ်ကိုင်ခဲ့သူဖြစ်သည်။

*—Ref: Reuters*

# ဗြိတိန်အမျိုးသမီးတစ်ဦး မန်ဟတ်တန်ကျွန်းကိုပတ် ရေကူးစံချိန်တင်

**လန်ဒန်၊ ဇူလိုင် - ၁၈**

ဗြိတိန်နိုင်ငံမှ အမျိုးသမီးတစ်ဦးသည် နယူးယောက်ရှိမန်ဟတ်တန်ကျွန်းကိုပတ်၍ လိပ်ပြာကူးနည်းဖြင့် ရေကူးကာ အမြန်ဆုံးကူးဖြတ်နိုင်သူအဖြစ် ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့ကြောင်းသိရသည်။ ဗြိတိန်ရှိလိုင်ဆက်ဆတာရှိုင်းယားနယ် လော့ဘိုရိုမြို့မှ အသက် ၄၇ နှစ်အရွယ်ရှိ အဆိုပါဒေါက်တာဂျူလီဘရတ်ရှောဟုခေါ်သူ အမျိုးသမီးသည် မန်ဟတ်တန်ကျွန်းပတ်လည်ရေပြင်ခရီး ၂၈ ဒသမ ၅ မိုင်ကို ၉ နာရီ ၂၈ မိနစ် ၃၇ စက္ကန့်ဖြင့် ကူးဖြတ်ကာ အမြန်ဆုံးစံချိန်တင်ခဲ့ခြင်းဖြစ်သည်။

သူမသည် ယခင် ၂၀၀၄ ခုနှစ်ကလည်း ထိုကျွန်းကိုပတ်၍ ရေကူးကာစံချိန်သစ်တင်ရန် ကြိုးပမ်းခဲ့သော်လည်းမုန်တိုင်းကြောင့်ပျက်ပြယ်ခဲ့ရသည်။ ဒေါက်တာ ဘရတ်ရှောသည် ရေကူးခြင်းဖြင့် ကမ္ဘာ့စံချိန် ၂၀ ကိုရယူထားသူဖြစ်ပြီး အသက် ၁၅ နှစ်အရွယ်ကပင် အင်္ဂလိပ်ရေလက်ကြားအား ဖြတ်ကျော် ရေကူးခဲ့သူဖြစ်သည်။

*—Ref: BBC*




# အီဂျစ်ဝန်ကြီးချုပ်အား အာဏာပိုမိုအပ်နှင်းသင့်သည်ဟု နျူစွမ်းအင်အကြီးအကဲဟောင်း ပြောကြား

**ကိုင်ရို၊ ဇူလိုင် - ၂၀**

အီဂျစ်စစ်ဘက်အုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးအတွေ့အကြုံသိသိသာသာနည်းပါးကြောင်းနှင့် နိုင်ငံ၏ ဝန်ကြီးချုပ်အားပိုမို၍ လုပ်ပိုင်ခွင့်အာဏာအပ်နှင်းသင့်ကြောင်း အီဂျစ်သမ္မတဖြစ်လာနိုင်ဖွယ်ရှိသောကုလသမဂ္ဂနျူစွမ်းအင် အေဂျင်စီအကြီးအကဲဟောင်း မိုဟာမက်အယ်ဘာရာဒီကပြောကြားသည်။

အီဂျစ်နိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများ နှေးကွေးနေကြောင်းကန့်ကွက်ဆန္ဒပြမှုများ ထပ်မံဖြစ်ပေါ်လာပြီးနောက် ဝန်ကြီးအဖွဲ့ကို အပြောင်းအလဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အီဂျစ်ဝန်ကြီးချုပ်အက်ဆန်ရှာရက်ဖ်က ကြေညာခဲ့သည်။

ယခင်ရက်သတ္တပတ်အတွင်း ဆန္ဒပြသူများက တာရာရင်ပြင်တွင်ထပ်မံစုဝေး၍ ဟိုစနီမူဘာရက်အစိုးရအဖွဲ့ဝင်ဟောင်းများအားတရားဥပဒေအရ အရေးယူမှုတွင် နှေးကွေးနေကြောင်းဆန္ဒပြကြသည်။ အတိုက်အခံခေါင်းဆောင်များကလည်း လက်ရှိအစိုးရအဖွဲ့တွင် မူဘာရက်၏ အမျိုးသားဒီမိုကရက်တစ်ပါတီအဖွဲ့ဝင်ဟောင်းများ ပါဝင်နေကြောင်းနှင့် အချို့လူများ၏ နောက်ခံရာဇဝင်ကိုလည်း သေချာစွာစစ်ဆေးခြင်း မရှိကြောင်းပြောသည်။

ဝန်ကြီးချုပ်အား အာဏာပိုမိုအပ်နှင်းသင့်ကြောင်း သမ္မတရွေးကောက်ပွဲဝင်ရောက်ဖွယ်ရှိသည့် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် မစ္စတာအယ်ဘာရာဒီက အီဂျစ်သတင်းစာ အယ်မာစရီအယ်ယောင်သို့ပြောကြားပြီးလက်နက်ကိုင်တပ်ဖွဲ့ထိပ်သီးကောင်စီသည်နိုင်ငံရေးအတွေ့အကြုံလုံလုံလောက်လောက် မရှိကြောင်း ပြောကြားသည်။

ပါလီမန်ရွေးကောက်ပွဲများကိုစက်တင်ဘာလတွင် ကျင်းပမည့်အစား နိုဝင်ဘာလသို့ ရွှေ့ဆိုင်းလိုက်ကြောင်း စစ်ဘက်ကောင်စီက ယခင်ရက်သတ္တပတ်အတွင်းကြေညာခဲ့သည်။

*—Ref: UPI*

7DAY NEWS JOURNAL
Vol.10, No.19 • JULY 28, 2011



# အာဖရိက မိုးခေါင်ရေရှားမှုအပေါ် ဥရောပ၏ တုံ့ပြန်မှုနှေးခြင်းအတွက် Oxfam အဖွဲ့က ပြစ်တင်ပြောကြား

**နိုင်ရိုဘီ၊ ဇူလိုင် - ၂၁**

အာဖရိက ဦးချိုဒေသတွင် တစ်နေ့တခြား ဆိုးဝါးလာသော မိုးခေါင်ရေရှားမှုနှင့် စားနပ်ရိက္ခာ ပြတ်လပ်မှုအား နိုင်ငံတကာ အကူအညီကန်ဒေါ်လာသန်း၈၀၀ ခန့် လိုအပ်လျက်ရှိသော်လည်း ဥရောပအစိုးရများက သိသိကြီး နှင့်လျစ်လျူရှုနေကြောင်း ဗြိတိသျှ လူမှုရေးအဖွဲ့ Oxfam ကစွပ်စွဲ ပြောကြားလိုက်သည်။



ဆိုမာလီယာ၊ ကင်ညာနှင့် အီသီယိုးပီးယားဒေသအချို့တွင် ကြုံတွေ့နေသည့် လူသားဘေးဒုက္ခကြီးကို ရှောင်လွှဲနိုင်ရန် ခန့်မှန်းခြေအားဖြင့် ကန်ဒေါ်လာ တစ်ဘီလီယံခန့် လိုအပ်သော်လည်း ကန်ဒေါ်လာ သန်း ၂၀၀ သာစုဆောင်းနိုင်သေးကြောင်း ဗြိတိသျှကယ်ဆယ်ရေးအဖွဲ့က ပြောသည်။

"လူအမြောက်အမြားအသက်ဆုံးရှုံးတာကို ရှောင်လွှဲဖို့ဆိုရင် ကျွန်တော်တို့အချိန်ဖြုန်းလို့မရပါဘူး။ ကျွန်တော်တို့မျက်စိရှေ့မှာဖြစ်နေတဲ့ ဘေးဒုက္ခကို ရပ်ကြည့်နေလို့မရပါဘူး" ဟု Oxfam အဖွဲ့ ဒေသဆိုင်ရာ ဒါရိုက်တာဖရန်အီကွိဇာက ပြောကြားသည်။

ကုလသမဂ္ဂကလည်း ဆိုမာလီယာတောင်ပိုင်း ဒေသအချို့တွင် ငတ်မွတ်ခေါင်းပါးမှုကြုံတွေ့နေရသည်ဟု ကြေညာခဲ့သည်။ ဆိုမာလီယာတောင်ပိုင်းဒေသ အများအပြားအား အစ္စလာမ်မစ်စစ်သွေးကြွအဖွဲ့ အယ်လ်ရှာဘတ်က ထိန်းချုပ်ထားပြီး ၎င်းတို့သည်ကုလသမဂ္ဂ ကျောထောက်နောက်ခံပေးထားသည့် ဆိုမာလီယာအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေကြသည်။ မိုးခေါင်ရေရှားမှုကြောင့် လူ ၁၀ သန်းခန့် ထိခိုက်လျက်ရှိပြီး အရေးပေါ် အကူအညီလိုအပ်နေသည်။

*—Ref: Reuters*

## ဂီနီယာသမ္မတ လုပ်ကြံခံရပြီးနောက် ဝန်ကြီးချုပ်က အရေးပေါ်အစည်းအဝေးခေါ်ယူ

**ကွန်နက်ကရီ၊ ဇူလိုင် - ၁၉**

ဂီနီယာဝန်ကြီးချုပ် မိုဟာမက်ဆာအစ်ဖိုဖန်နာသည် သမ္မတ အယ်လ်ဖာကွန်ဒီ၏ နေအိမ်ကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အစိုးရအဖွဲ့အရေးပေါ် အစည်းအဝေးကို ဇူလိုင် ၁၉ ရက်ကခေါ်ယူခဲ့ကြောင်းသိရသည်။ ဆင်ဟွာသတင်း၏အဆိုအရ ဝန်ကြီးချုပ်ဖိုဖန်နာသည် အစည်းအဝေးတွင် အစိုးရတာဝန်ရှိသူများနှင့်တွေ့ဆုံကာ တိုက်ခိုက်မှုအကြောင်းရှင်းပြခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုမှာ ယမန်နှစ် သမ္မတရွေးကောက်ပွဲအပြီး လအနည်းငယ်အကြာတွင် ဖြစ်ပေါ်ခဲ့သော အာဏာသိမ်းရန်ကြံစည်မှုပင်ဖြစ်ကြောင်းဆိုသည်။

အစည်းအဝေးသို့နိုင်ငံ၏ယာယီပါလီမန်ကိုခေါ်ယူကျင်းပနေသော အသွင်ကူးပြောင်းရေး အမျိုးသားကောင်စီဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ၊ နိုင်ငံတော်တရားရုံး၏ ပထမဥက္ကဋ္ဌ၊ စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ဥက္ကဋ္ဌ၊ စစ်တပ်အကြီးအကဲနှင့် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့ပါဝင်ကြောင်းသိရသည်။ ဂီနီယာသမ္မတကွန်ဒီသည် ပြီးခဲ့သော နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲတွင် ရွေးကောက်ခံခဲ့ရပြီးဒီဇင်ဘာ ၂၂ရက်တွင် သမ္မတတာဝန်စတင်ရယူခဲ့သည်။

၎င်းသည် ၂၀၀၈ ဒီဇင်ဘာတွင်သမ္မတလန်ဆာနာကွန်တီ သေဆုံးပြီးနောက်ကာလကြာရှည်စွာစစ်တပ်ကအာဏာသိမ်းယူထားမှုအပြီး ပထမဆုံးရွေးကောက်ပွဲ အနိုင်ရ သမ္မတဖြစ်လာသည်။ သမ္မတကွန်ဒီသည် မြို့တော်ကွန်နက်ကရီရှိ ၎င်း၏နေအိမ်တွင် ဇူလိုင် ၁၉ ရက်က သူပုန်များ၏ လက်နက်ကြီးနှင့် ပစ်ခတ်မှုများခံခဲ့ရပြီး အသက်ရှင်ကျန်ရစ်ခဲ့သူဖြစ်သည်။

*—Ref: Xinhua*



7 DAY NEWS JOURNAL

# International

Vol.10, No.19 • JULY 28, 2011

**Interview**



**ဂျာမန် ဒုတိယအဓိပတိနှင့် စီးပွားရေးဝန်ကြီး ဖိလစ်ရိုဆလာပြောပြသော ဗီယက်နမ်လူမျိုး ဂျာမနီနိုင်ငံသား ဖြစ်ရခြင်းအဓိပ္ပာယ်**

စာ- ၄၆

**News Analysis**




**အာဖရိက ဦးချိုဒေသမှ ဒုဗ္ဘိက္ခန္တရကာစ်**

စာ- ၃၆

# နော်ဝေးလူသတ်သမားအား ရုံးတင်မည်






**အော်စလို၊ ဇူလိုင် - ၂၅**

နော်ဝေးနိုင်ငံ အော်စလိုမြို့တွင် အစိုးရရုံးများအား ဗုံးခွဲတိုက်ခိုက်၍ ကျွန်းတစ်ကျွန်းပေါ်၌ လူအမြောက်အမြားအား သတ်ဖြတ်ခဲ့သည်ဟုဝန်ခံထားသူ အန်ဒါးစ်ဘေရင်းဘရီဗစ်အား ဇူလိုင်လ ၂၅ ရက်တွင် ပထမဦးဆုံးအကြိမ် တရားရုံး၌ ရုံးထုတ်လာမည်ဖြစ်ကြောင်းသိရသည်။ သို့သော် ၎င်းအား တရားဝင်စွဲချက်တင်ရေးမှာမူ ရက်သတ္တပေါင်းများစွာကြာမြင့်နိုင်သေးကြောင်း အေအက်ဖ်ပီသတင်းတွင်ဖော်ပြသည်။

မြို့တော်အော်စလိုနှင့် အနီးတစ်ဝိုက်တွင်ပြုလုပ်ခဲ့သော တိုက်ခိုက်မှုများကြောင့် အနည်းဆုံး လူ ၉၃ ဦးသေဆုံးခဲ့ပြီး ၁၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ ဇူလိုင်လ ၂၂ ရက် ဒေသစံတော်ချိန် သုံးနာရီခွဲခန့်တွင် ဓာတ်မြေဩဇာများဖြင့် ပြုလုပ်ထားသည့် ဗုံးတင်ဆောင်ထားသော ဗင်ကားတစ်စီး ဝန်ကြီးချုပ်ဂျန်းစတိုလင်ဘာ့ဂ်၏ ရုံးအပြင်ဘက်၌ ပေါက်ကွဲခဲ့ရာ ခုနစ်ဦးသေဆုံးခဲ့သည်။

အော်စလိုမြို့တွင်ဗုံးခွဲပြီးနောက် ဘရီဗစ်သည် အော်စလိုမြို့အနောက်မြောက် ဘက် ၂၈ မိုင်အကွာရှိရေကန်ကြီးဆီသို့ ကားမောင်းသွားသည်။

စာ(၄၅)သို့



## တရုတ်ကျည်ဆန်ရထားတိုက်မှု ၃၅ ဦး သေဆုံးခဲ့ခြင်းအတွက် ဝန်ကြီးဌာနတောင်းပန်

**ဝမ်ဇူး၊ ဇူလိုင် - ၂၅**

ဇီကျန်းခရိုင်အရှေ့ပိုင်းတွင် ဖြစ်ပွားခဲ့သော ရထားနှစ်စီးတိုက်မိခဲ့ခြင်းအတွက် တရုတ်မီးရထားဝန်ကြီးဌာနအရာရှိကြီးတစ်ဦးက ခရီးသည်အားလုံးကို တောင်းပန်စကားပြောကြားလိုက်ကြောင်း သိရသည်။ ရထားချင်းတိုက်မိ၍ ၃၅ ဦး သေဆုံးပြီး ၁၉၂ ဦး ဒဏ်ရာရရှိခဲ့သည်။



ဇူလိုင်လ ၂၄ရက် ညကပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် တရုတ်မီးရထားဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဝမ်ယောင်ပင်းက သေဆုံးသူများနှင့် ကျန်ရစ်သူမိသားစုများအတွက်လည်း ဝမ်းနည်းကြေကွဲကြောင်းပြောကြားခဲ့သည်။

ဇီကျန်းခရိုင် ဝမ်ဇူးမြို့အနီး ညရှစ်နာရီခွဲအချိန်တွင်ဖြစ်ပေါ်ခဲ့သည့် မတော်တဆမှုတွင် တံတားပေါ်၌ ရပ်တန့်နေသောရထား D3115 အား ကျည်ဆန်ရထား D301ကနောက်မှဝင်တိုက်ခဲ့သည်။ ကျည်ဆန်ရထား၏ ပထမတွဲလေးတွဲမှာ တံတားပေါ်မှ မြေပြင်ပေါ်သို့ပြုတ်ကျသွားခဲ့ပြီး အတိုက်ခံရသောရထား၏ နောက်တွဲနှစ်တွဲမှာလမ်းချော်သွားခဲ့သည်။

အတိုက်ခံရသောရထားမှာ မိုးကြိုးပစ်ခံရခြင်းကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ခဲ့ပြီး ရပ်နားချိန်အတွင်း အခင်းဖြစ်ပေါ်ခဲ့ကြောင်း ကနဦး စုံစမ်းစစ်ဆေးမှုများကဖော်ပြသည်။

စာ(၄၅)သို့

## အမေရိကန်ငွေကြေးများ တာလီဘန်များလက်ထဲ ရောက်ရှိသွား

**ဝါရှင်တန်၊ ဇူလိုင် - ၂၅**

အာဖဂန်နစ္စတန်နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ရန် သီးသန့်ဖယ်ထားသော အမေရိကန်အစိုးရ၏ ရန်ပုံငွေများသည် ကန်ဒေါ်လာ ၂ ဒသမ ၁၆ ဘီလီယံမှာ သယ်ယူပို့ဆောင်ရေးကန်ထရိုက်လုပ်ငန်းမှတစ်ဆင့် တာလီဘန်များလက်ထဲသို့ ရောက်ရှိသွားကြောင်း ဝါရှင်တန်ပို့စ်သတင်းစာကဖော်ပြသည်။

စစ်ဘက်ဦးဆောင်သည့် တစ်နှစ်ကြာစုံစမ်းစစ်ဆေးမှုရလဒ်များကိုကိုးကား၍ သတင်းစာကဖော်ပြရာ၌ ယင်းပြဿနာကိုဖြေရှင်းရေး အမေရိကန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့၏ ကြိုးပမ်းမှုမှာ နှေးကွေးကြောင်းနှင့် ပါဝင်ပတ်သက်သည့် ကုန်တင်ကားကုမ္ပဏီများမှာ အမေရိကန်၏ငွေပေးချေမှုစာရင်းထဲတွင်ပါဝင်နေဆဲဖြစ်ကြောင်း ဖော်ပြသည်။ ထို့အပြင် ယင်းကန်ထရိုက်များကို ပင်တဂွန်က မတ်လအတွင်း ထပ်မံ၍ ခြောက်လသက်တမ်းတိုးခဲ့ကြောင်း သတင်းစာတွင် ဖော်ပြသည်။

စာ(၄၅)သို့

